ကန့်သတ်

# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# (၁၆)ကြိမ်မြောက်ပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

ကန့်သတ်

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၂ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၂ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| (၆) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၇ |
| | (က) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ | |
| | (၁) **“သိန္နီမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် သံကူကွန်ကရစ် (RC)(၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာကို ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိသည့် Glory Lotus Company Limited အား မည်သို့အရေးယူမည်နှင့် Black List အဖြစ်သတ်မှတ်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၇ |
| | (၂) **“သိန္နီမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် Mya Thin Kyu Company Limited မှ ဓာတ်အားခ တောင်းခံခြင်းကိစ္စ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၁၀ |

( ခ) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကွမ်းလုံမြို့ပေါ်ရှိ မြေသံလွင်ပန်းခြံအား မြို့အင်္ဂါရပ်နှင့်လျော်ညီအောင် သန့်ရှင်းသာယာလှပပြီး အပန်းဖြေ အနားယူနိုင်မည့် ပန်းခြံတစ်ခြံအဖြစ် အဆင့်မြှင့်တင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃

( ဂ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် သမဝါယမအသင်း မည်မျှဖွဲ့စည်းပြီးကြောင်းနှင့် ကုန်ထုတ်/ ဝန်ဆောင်/ ကုန်သွယ်မှုလုပ်ငန်းများ စီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅

(၂) **"ရှမ်းပြည်နယ်တွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း/ ခွဲ ဖွဲ့စည်းမှုနှင့် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကူညီဆောင်ရွက်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈

(ဃ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စုတွင် လျှပ်စစ်ဓာတ်အားလိုင်းရရှိသည့် ဝမ်လွမ်းမှတစ်ဆင့် ကောင်းကန်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂

(၂) **"ကျိုင်းတုံမြို့နယ်ရှိ နောင်တုံကန် ကန်ပတ်လမ်းအား နိုင်လွန်ကတ္တရာ (AC)လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။** ၂၆

( င) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် AH-2 လမ်းမကြီးပေါ်ရှိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်မျဉ်းတွင် ရှမ်းပြည်နယ် အထိမ်းအမှတ် ကွန်ကရစ်မုခ်ဦး တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉

( စ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်၏ အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၁

(ဆ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးနည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းရန်ကိစ္စ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၅

၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၃၈

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၄၅

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၄၅

၁၀။ ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေ စာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၄၅

၁၁။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၄၉

၁၂။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၅၀

**( ခ)   (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅၂

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၅၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၅၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၅၄

(က) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်းရှိ အစားအသောက်များ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းစေရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့သောအစီအမံများ ဆောင်ရွက်ထားရှိသည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၅

( ခ) ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **“ပင်းတယမြို့နယ်၊ ရှားပြားကျေးရွာအုပ်စု၊ ရှားပြားကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၀

( ဂ) ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **“ကျောက်မဲမြို့အတွင်းရှိ အဓိကလမ်းဖြစ်သော ပင်လုံလမ်းနှင့် အောင်ဆန်းလမ်းမကြီးအား ကတ္တရာကွန်ကရစ်လမ်း (AC Overlay) ခင်းပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၁

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **“ရှမ်းပြည်နယ်ရှိ မြို့နယ်များတွင် ငမြောင်တောင်ပိုးနှင့် အခြားဖျက်ပိုးများကျရောက်၍ သီးနှံများ ပျက်စီးမှု၊ ဆုံးရှုံးသည့်တန်ဖိုးနှင့် ကာကွယ်နှိမ်နင်းရမည့် ပညာပေးအစီအစဉ်များ စီမံဆောင်ရွက်ပေးမှု”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၄

( င) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် ဆက်စပ်ပြီး မီးရှို့ဖျက်ဆီးခံခဲ့ရသော လိုင်စင်ရှိ ယာဉ်များ၏ ယာဉ်ပိုင်ရှင်များအား တရားမနစ်နာမှုဥပဒေ (Tort of Law)အရ ကူညီကုစားပေးမည့် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၈

( စ) ဦးစိုင်းစံထွန်း၊ ကွန့်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ကွန်ဟိန်းမြို့နယ်အတွင်း ဌာနအသီးသီးမှကောက်ခံရရှိသော အခွန်အရပ်ရပ်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၁

(ဆ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ မြို့ရေးယာနယ်နိမိတ်နှင့် စည်ပင်သာယာရေးနယ်နိမိတ် တိုးချဲ့သတ်မှတ်နိုင်ရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၅

( ဇ) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မဘိမ်းမြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စုအတွင်း အရှည်(၂) မိုင်ခန့်ရှိသော ကန်လမ်း (ကုန်ထုတ်လမ်း)အား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၉

(ဈ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်း အသေးစား လျှပ်စစ်ဓာတ်အား စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၁

(ည) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“သီပေါမြို့နယ်တွင် ပေ(၁၀၀×၂၀၀)ရှိ မိုးလုံလေလုံ အားကစားရုံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၉

(၅) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်ကြီးမြို့အား စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော မြို့တော်ဖြစ်စေရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးတို့အတွက် မည်သည့်အစီအမံများ ဆောင်ရွက်နေသည်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၂

(၆) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၉၉

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၀၂

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၀၄

## ( ဂ) (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၅

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၀၆

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၀၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း– ၁၀၉

(က) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ၏ **"ရပ်စောက်မြို့နယ်ရှိ တိုးနီ၊ ဥတ္တံ့တား အ.မ.က နှင့် ဆက်စပ်သေ အ.ထ.က ကျောင်းတို့တွင် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၉

(ခ) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကွမ်းလုံမြို့၊ ဝန်ထမ်းရပ်ကွက်အတွင်း (၅.၈၀) ဧကခန့် ရှိသော စော်ဘွားကန်အား တူးဖော်ပြုပြင်ခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁

(ဂ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းကိုင် မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် ပြန်လည်အစားထိုးခန့်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၄

(ဃ) ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်တွင် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝါးဘိုးဝါးပျိုးပင်များ နေရာအနှံ့ စိုက်ပျိုးနိုင်စေရန် ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် မြို့နယ်များသို့ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၁၆

(င) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ခမ်းမြို့နယ်အတွက် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၃

(စ) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆီဆိုင်မြို့နယ်တွင် ဖြတ်သန်းသွားသည့် National Grid Line မှ (၂၊ ၅၊ ၁၀)မိုင်အတွင်းရှိ လွယ်မွန်း၊ လွယ်တော်နှင့် ထီဗွာကျေးရွာများတွင် လျှပ်စစ်မီးလင်းရေး"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၂၅

(ဆ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် ၁၂၈
အမှတ်(၂)၏**"ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၌ နေ့စားလပေးပညာရေးဝန်ထမ်းခန့်ထားနိုင်ရေး စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ၁၃၀
**"မိုင်းဖြတ်မြို့နယ်၊ တောညကျေးရွာအုပ်စုရှိ ကျေးရွာ (၇)ရွာမှ ဒေသခံပြည်သူများဖောက်လုပ်ထားသော မြေသားလမ်းအရှည် (၁၅၈၄၀)ပေအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၁၃၂
**"ပြည်ထောင်စုနှင့် သက်ဆိုင်သော မေးခွန်းများ မေးမြန်းလာပါက ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်း၍ တိကျရှင်းလင်းစွာ ဖြေဆိုနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ပင်းတယ၊ ရွာငံ၊ ကလော၊ ရပ်စောက်နှင့် တောင်ကြီးမြို့နယ်များရှိ ကားလမ်းမများပေါ်တွင် နွားများပိတ်ဆို့၍ ကြန့်ကြာမှုများမဖြစ်ပေါ်စေရေးအတွက် နွားပိုင်ရှင်များနှင့် နွားကျောင်းသားများ စည်းကမ်းရှိစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၅

(၂) **"ရှမ်းပြည်နယ်ရှိ အစိုးရရုံးများမှ အငြိမ်းစားယူသွားသော ဝန်ထမ်းများကို အဆိုပါရုံးများတွင် ဆက်လက်တာဝန်ပေးထားခြင်း ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၆

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၃၇

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၁၅၂

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ မည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၅၄

**(ဃ) (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၅၅

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၅၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၅၆

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၅၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း– ၁၅၈

(က) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မိုင်းဆတ်မြို့နယ်၊ စတိုးကျေးရွာအုပ်စု၊ မယ်ကြုတ်(၁)၊ (၂)နှင့် (၃)ကျေးရွာများအတွက် မယ်ကြုတ်– တာချီလိတ် ကားလမ်းနှင့် နားယောင်းလမ်းဆုံထိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၈

( ခ) ဦးခွန်ဒီဝေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများတွင် ဆရာ/ ဆရာမအင်အား လုံလောက်မှုမရှိဘဲ လစ်လပ်နေသည့် ကိစ္စ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၀

( ဂ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၈၁.၇၅၅)သန်း ဖြင့်လျာထားသော တောင်ကြီးမြို့လယ်၊ ခုံးကျော်တံတား တည်ဆောက်မည့် အစီအစဉ် ရှိ/ မရှိ (သို့မဟုတ်) အခြား လုပ်ငန်းပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆၃

(ဃ) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"လင်းခေးမြို့နယ်ရှိ ဒါးဆိပ်- နောင်လုံ- ဝမ်စစ်- ဟိုက်ပွေ့ကျေးရွာအုပ်စုချင်းဆက် ကျောက်ချော လမ်း(၁၁)မိုင်အနက် (၁)မိုင်ခန့်အား ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၆၉

( င) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် လုပ်ငန်းပြီးစီးမှု အခြေအနေအလိုက် အရစ်ကျငွေ တောင်းခံသည့်အခါတိုင်း သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက် ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန်ကိစ္စ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၇၂

( စ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ **"နမ့်စန်မြို့နယ်၊ ပြည်သူ့ဆေးရုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်နယ်ရုံး မှတစ်ဆင့် ရုံးချုပ်သို့ တင်ပြဆောင်ရွက်ပေးမည့်အစီအစဉ် များအား သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၅

(ဆ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ကွန်ဟိန်းမြို့နယ်၊ နမ့်ပါမန်း–ဝမ်တုံကျေးရွာချင်းဆက် မြေသားလမ်း (၈)မိုင်အနက် ကျန်လမ်းပိုင်း (၅)မိုင်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၇၉

(ဇ) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လဲချားမြို့နယ်၊ ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ပန်ကျေးရွာရှိ နောင်ကားအခြေခံပညာမူလတန်းလွန်ကျောင်းအား အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းအဆောက်အအုံသစ်ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၁

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၈၃

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၉၇

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၉၉

**( င ) (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၀၀

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၀၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း– ၂၀၃

(က) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **“ရှမ်းပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစု ဆောင်ရွက်နေမှုနှင့် မှတ်ပုံတင်မရှိသည့် ပြည်သူများကို အချိန်မီ မှတ်ပုံတင်ရရှိအောင် မည်သို့စီမံဆောင်ရွက်ပေးမည်”** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၄

(ခ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ကျိုင်းတုံမြို့နယ်အတွင်းရှိ ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာန/အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ အသုံးပြုလိုခြင်း မရှိ၍ အသီးသီး ပြန်လည်စွန့်လွှတ် အပ်နှံခဲ့ကြသည့် နိုင်ငံပိုင်မြေ (State Land)”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၅

(၂) **“မြန်မာ့မီးရထားမှ စွန့်လွှတ်သည့် ကျိုင်းတုံ– တောင်ကြီး ကားလမ်းမဘေး၊ ကျိုင်းတုံတက္ကသိုလ်ရှေ့ရှိ ဧရိယာ (၄၂.၄၂)ဧကပေါ်တွင် အဝေးပြေး ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ရန် မြေနေရာအား ခွဲဝေချထားပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၆

(ဂ) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ကွန်ဟိန်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) မ– ၁၊ ကျိုင်းလွန်းကျောင်းနှင့် အခြေခံပညာမူလ တန်းလွန် နမ့်တွတ်ကျောင်း (၃)ကျောင်းအား အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၁

(၂) **“ကွန်ဟိန်းမြို့နယ်၊ လိုက်ကမ်ကျေးရွာအုပ်စု၊ ကုန်းပေါင်း ကျေးရွာရှိ မူလွန်နမ့်တွတ်ကျောင်းအတွက် စာသင်ဆောင် ချထားပေးမည့် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၂

(ဃ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကွန်ဟိန်းမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စုအတွင်းရှိ ပန်လုံ–နားကန် ကျေးရွာချင်းဆက် မြေသားလမ်း (၄)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၅

( င) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုးဖြင့် ဒုက္ခရောက်နေကြရသည့် ပြည်သူများအား အစိုးရမှ ကူညီဆောင်ရွက်ပေးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၈

( စ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာလမ်း (၆)လမ်းအတွက် Box Culvert များ တည်ဆောက်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၁

(၆) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ကြက်မွေးမြူရေး ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၂၄

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၄၉

**( စ) (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၅၀

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၅၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၅၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း– ၂၅၃

(က) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"မိုင်းရှူးမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၌ နှစ်ထပ် (RC) (၁၀၀'×၃၀') ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၅၄

( ခ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်တွင် တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိရေး ဆောင်ရွက်နေမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅၆

( ဂ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပိုင်ရှင်ရှိ/ ပိုင်ရှင်မဲ့ ခွေးနှင့်ကြောင်တို့အား ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရန်နှင့် မျိုးပွားမှုထိန်းချုပ်ရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅၉

(၂) **"ရွာငံမြို့နယ်၊ နန်းခုံကျေးရွာအုပ်စု၊ နန်းခုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ အဆင့်တိုးမြှင့်ပေးနိုင်ရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၀

(ဃ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ကျေးရွာချင်းဆက်လမ်းများအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း (၆)ခု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁)ခုနှင့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၁)ခုတို့အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၄

( င) ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖယ်ခုံမြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ကွမ်လုံကွင်းပြင်၊ ဦးပိုင်အမှတ် ၁၉ နှင့် ၃၇ တွင် မြေစာရင်း (ပုံစံ-၇)များ မမှန်မကန်ထုတ်ပေးထားမှုတို့အား ပြန်လည်စိစစ် အရေးယူဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၆၉

( စ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ခမ်းမြို့နယ်၊ နမ့်ဆရီးနှင့် မန်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၅)ရွာမှ နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားသော မြေသားလမ်း (၁/၀)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇၈

(ဆ) ဒေါ်နန်းခင်ထားရီ၊ သီနီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သီနီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုရှိ မျောရိုက်၊ ကျောက်ဖြည့်ဆည်အား အလျား ၇၀ပေ× အမြင့် ၅ ပေ× တူးမြောင်း အလျား ၂၀၀ ပေခန့်ရှိသော ဖိုင်မောင့်ရေလွှဲဆည်အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၈၀

( ဇ) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လဲချားနှင့် နမ့်စန် မြို့နယ်ချင်းဆက်လမ်းဖြစ်သည့် လဲချား- ပုံတိုက်-နားမန်း- နမ့်စန်မြေသားလမ်း (၂၈) မိုင်ခန့်အနက် ကျန်လမ်းပိုင်း (၂၁)မိုင် ကျော်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၈၃

(၂) **"လဲချားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးအတွက် မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၈၆

(၃) **"လဲချားမြို့နယ်၊ အမှတ်(၄) ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းအဆောက်အအုံသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၈၈

(၆) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတစ်ရပ်တင်သွင်းခြင်း။ ၂၉၀

(၇) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၉၄

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင္မမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။ ၂၉၇

– ဆုံးဖြတ်ချက်များ ၂၉၈

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
# ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၁၇ ရက်
# [အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၆)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၇)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၂.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇- ၉- ၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၃) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၄) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၆)ရက်။

(၅) ဦးကျော်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၆)ရက်။

(၆) ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၆)ရက်။

(၇) ဦးခွန်ထွန်းလူ(ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၆)ရက်။

(၈) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၆)ရက်။

(၉) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၁၀) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၁၁) ဦးစိုင်းလုံ၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၆)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး လိုရာကောင်းကျိုး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေ။ ပြည်သူများ၏ ဆန္ဒနှင့်ဘဝ၊ ပြည်သူတို့၏ လိုလားချက်များနှင့် အသံများကို နက်ရှိုင်းစွာ သိရှိအောင် ကြိုးစားကြပြီး ပြည်သူ့ကိုယ်စားလှယ်များပီပီ ဖွဲ့ရှိရှိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယခု ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ဆောင်ရွက်ဖို့ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတ်မှတ်ရက်အတွင်း ပေးပို့ထားတဲ့ အဆို(၃)ခုနဲ့ ကြယ်ပွင့်ပြမေးခွန်း၊ စုစုပေါင်း (၆၃)ခုရှိပြီး အသင့်ဖြစ်သော အဆိုများနှင့် မေးခွန်းများကို တင်သွင်းခြင်း၊ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ပြည်နယ်လွှတ်တော်က နှစ်စဉ်မဖြစ်မနေ ဆောင်ရွက် ပေးရမဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေကြမ်း နှင့် ရှမ်းပြည်နယ်၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းကို ဦးစားပေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းမှာ ပါဝင်မဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်းပြီး (၁၄)ကြိမ်မြောက်ပုံမှန်စည်းအဝေးနှင့် အထူးအစည်းအဝေး(၁/၂၀၁၉)မှာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီက နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ တင်သွင်းမဲ့ ရှမ်းပြည်နယ်၏ အဆိုပါဥပဒေကြမ်း (၂)ခုနှင့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထံလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်း(၂)ခုအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်ပြချက်ဖြင့် လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူဆောင်ရွက်သွားဖို့ ရှိပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သော ဥပဒေကြမ်း(၆)ခုအနက် ဥပဒေပြုရေးဆိုင်ရာကော်မတီက လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတော့ ဥပဒေကြမ်းများကို ယခုအစည်းအဝေးမှာ အတည်ပြုနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဥပဒေကြမ်းကို စိစစ်ရာမှာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး၊ သက်ဆိုင်ရာ ဌာနတို့နှင့် ညှိနှိုင်းအစည်းအဝေးခေါ်ယူပြီး လိုအပ်သလို

ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းတို့ကို ဦးစွာဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ပြီးတဲ့အခါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်အတူ ပြင်ဆင်ချက်ပါကန့်လန့်ဖြတ်ဇယား ရေးဆွဲပြုလုပ်ပြီး ပြင်ဆင်ချက်(၁)ချက်ချင်းအလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ နှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ဇယားကို ဖော်ပြတဲ့အခါမှာ ဥပဒေကြမ်း ရေးဆွဲသည့်ကိုယ်စားလှယ်၏ မူလပြဋ္ဌာန်းချက်ပါစာတိုင်နဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီ (သို့မဟုတ်) အခြားလွှတ်တော်ကိုယ်စားလှယ်၏ ပြင်ဆင်ချက်ပါစာတိုင် (၂)ခုသာ နှိုင်းယှဉ် ဖော်ပြရမှာဖြစ်ပါတယ်။ ဒါမှသာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ ရှင်းလင်းလွယ်ကူမှာဖြစ်ကြောင်း အထူးပြု ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် (သို့မဟုတ်) ရေးရာကော်မတီများသို့ လိပ်မူပြီး ပေးပို့တိုင်ကြားလာမှုနှင့်စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုများ (သို့မဟုတ်) အဖွဲ့အစည်းများနှင့် တွေ့ဆုံလိုပါက ရှမ်းပြည်နယ်လွှတ်တော်ထံ ဦးစွာတင်ပြဖို့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြား၍ အစိုးရ၏ အစီအမံဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်(၃)ရပ်ကို ဆောင်ရွက်တဲ့အခါမှာ ပထမ တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်(Legislation)၊ ဒီမိုကရေစီစံနှုန်းနှင့်အညီ ကိုက်ညီတဲ့ ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လိုအပ်ပါတယ်။ ဒုတိယတာဝန်ဖြစ်တဲ့ စောင့်ကြည့်ထိန်းညှိခြင်း (Oversight)ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရမှာ ဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်များနဲ့ လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်တဲ့ ပုံစံမျိုးမဖြစ်စေဖို့ လိုအပ်ပါတယ်။ တတိယတာဝန်ဖြစ်တဲ့ ကိုယ်စားပြုခြင်း (Representation)ကို ဆောင်ရွက်တဲ့အခါမှာလည်းပဲ မိမိတို့ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက်သာမက ပြည်နယ်တစ်ခုလုံးအတွက်ပါ လွှမ်းခြုံပြီး ပြည်နယ်တစ်ရပ်လုံး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ကြတဲ့ ကိုယ်စားလှယ်များဖြစ်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းတာဝန် ပေးအပ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေးနှင့်စပ်လျဥ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါ အစီရင်ခံစာ Soft Copy တစ်ခုကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာသည့်အခါ ဥပဒေပြုရေးမှာ တာဝန်ရှိတဲ့ မိမိလွှတ်တော်ကိုယ်စားလှယ်များလည်းပဲ သိရှိဖို့ လိုအပ်မှာ

ဖြစ်ပါတယ်။ ဒါကြောင့် ယင်းအစီရင်ခံစာပါ Soft Copy ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဒီအစည်းအဝေးမှာ ဖြန့်ဝေပေးထားပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသအချို့တွေမှာ ယနေ့အချိန်အခါတွင် ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်တွေ ရှိနေပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများဟာ ရေ၊ မြေ သဘာဝမတူကွဲပြားသော ဒေသတွေမှာ မတူကွဲပြားသော ပြည်ထောင်စုတိုင်းရင်းသားအဖြစ် စုပေါင်းနေထိုင်လျက်ရှိပါတယ်။ မတူကွဲပြားသော်လည်း ရေးအစဉ်အဆက် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများဟာ ချစ်ခင်ရင်းနှီးစွာနဲ့ အေးချမ်းစွာ နေထိုင်လိုကြပါတယ်။ ထိုသို့ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းသော အသိုက်အမြုံဖြစ်အောင် တည်ဆောက်ရေးဟာ ယနေ့ဒီအချိန်အခါမှာ အရေးကြီးဆုံး မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များက ကျရာအခန်းကဏ္ဍကနေပြီးတော့မှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းပြောကြားရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျေးဇူးတင်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာနံနက်ခင်းပါ။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ် ရှင်။ ကျွန်မ ပထမဦးစွာ မေးမြန်းမဲ့ မေးခွန်းကတော့ သိန္နီမြို့နယ်စီမံကိန်းဦးစီးရုံးအတွင်း ဝန်ထမ်းအိမ်ရာကို Glory Lotus Co.,Ltd မှ ဆောင်ရွက်နေခြင်းနှင့်စပ်လျဥ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်စီမံကိန်းဦးစီးရုံးတွင် သံကူကွန်ကရစ် (RC)(၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် (၃၄.၁၀၀) သန်းဖြင့် Glory Lotus Co.,Ltd မှ တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ပါတယ်။

(၁၅-၇-၂၀၁၉) ရက်နေ့တွင် သိန္နီမြို့နယ် တည်ဆောက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီတို့က သိန္နီမြို့နယ်အတွင်း ဆောက်လုပ်လျက်ရှိသော စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ **၇၅** ရာခိုင်နှုန်းခန့်သာ တည်ဆောက်ပြီးစီးသည်ကို တွေ့ရှိရပါတယ်။

Glory Lotus Company က အလုပ်ရပ်နားထားသည်မှာ (၁)လကျော်ကြာပြီဖြစ်ကြောင်း၊ အဆက်အသွယ်လုပ်နေသော်လည်း ဖုန်းကိုင်ချင်တဲ့အချိန်မှာ ကိုင်ပြီးတော့ ဖုန်းမကိုင်ချင်တဲ့အချိန် မကိုင်ပါဘူး။ အဆက်အသွယ်ရပါက ပြန်လာလုပ်မည်ဟု ဖြေဆိုခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ စာချုပ်ပါ စည်းကမ်းချက်အရ (၁၀-၆-၂၀၁၉)ရက်နေ့တွင် လုပ်ငန်းပြီးစီးရမည်ဟု ချုပ်ဆိုထားသည်ကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် သဘောတူစာချုပ်ပါအတိုင်း လုပ်ငန်းပြီးစီးမှုမရှိသည့်အပြင် ပြီးစီးအောင် ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့် Glory Lotus Company Limited အား မည်ကဲ့သို့ အရေးယူမည်နည်းနှင့် Black List အဖြစ်သတ်မှတ်ရန် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်း စသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့

သိန္နီမြို့နယ်စီမံကိန်းဦးစီးဌာနတွင် သံကူကွန်ကရစ် (RC)(၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ **ဆောက်လုပ်ရေးလုပ်ငန်းမှာ ၇၅** ရာခိုင်နှုန်းခန့်သာ တည်ဆောက်ပြီးစီးသည်ကို တွေ့ရှိပြီး အလုပ်ရပ်နားထားခဲ့သည်မှာ (၁)လကျော်ကြာမြင့်ပြီဖြစ်ရာ စာချုပ်ပါစည်းကမ်းချက်အရ (၁၀-၆-၂၀၁၉)ရက်နေ့တွင် လုပ်ငန်းပြီးစီးရမည်ဟု ချုပ်ဆိုထားသည်ကို တွေ့ရှိရသော ကြောင့် အဆိုပါသဘောတူစာချုပ်အတိုင်း လုပ်ငန်းပြီးစီးမှုမရှိသည့်အပြင် ပြီးစီးအောင် ဆက်လက်ဆောက်လုပ်ခြင်း မရှိသည့် Glory Lotus Company Limited အား မည်ကဲ့သို့ အရေးယူမည်နည်းနှင့် Black List အဖြစ် သတ်မှတ်ရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်စီမံကိန်းဦးစီးရုံး သံကူကွန်ကရစ် (RC)(၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ **ဆောက်လုပ်ရေးကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင်** Glory Lotus Company Limitedမှ တင်ဒါအောင်မြင်ပြီး တည်ဆောက်ရေး လုပ်ငန်းများကို (၁၀-၁၂-၂၀၁၈) ရက်နေ့တွင် နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆို၍ (၁၀-၆-၂၀၁၉) ရက်နေ့၌ အဆောက်အဦအား အပ်နှံရန် စာချုပ်တွင် သဘောတူညီခဲ့ပါတယ်။ စာချုပ် အပိုဒ်(၄)အရ သတ်မှတ်ရက်အမီ ပြီးစီးခြင်းမရှိ ပါက ကျော်လွန်သည့်ရက်အတွက်တစ်ရက်လျှင် ကျန်ရှိလုပ်ငန်းတန်ဖိုး၏ ၀.၀၁ ရာခိုင်နှုန်းကို လုပ်ငန်းပြီးမြောက်မှု အာမခံ(Performance Guarantee) မှ ဒဏ်ကြေးအဖြစ် ပြန်လည် ပေးသွင်းစေရန် သဘောတူထားရှိပြီး ဖြစ်ပါတယ်။ (၂၉-၈-၂၀၁၉)ရက်နေ့အထိ ဆောက်လုပ် ရေးလုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းမှာ ၉၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် နောက်ကျပြီးစီးမှု လုပ်ငန်းများအတွက် ဒဏ်ကြေးတစ်ရက်လျှင် ကျန်ရှိလုပ်ငန်းတန်ဖိုး၏ ၀.၀၁ ရာခိုင်နှုန်း ဖြတ်တောက်အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် (Glory Lotus Company Limited)အနေဖြင့် ဆောက်လုပ်မှု အရည်အသွေးထိခိုက်မှု တစ်စုံတစ်ရာဖြစ်ပေါ်ခြင်းမရှိဘဲ ဆောက်လုပ်ပြီးစီးရမည့်ရက် ကျော်လွန်ခြင်းအားလည်း စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်း အတိုင်း ဒဏ်ကြေးငွေ ပေးသွင်းစေမည် ဖြစ်ပါသဖြင့် Glory Lotus Company Limited အား Black List အဖြစ် သတ်မှတ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယ မေးခွန်းအနေနဲ့ သိန္နီမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေတဲ့ Mya Thin Kyu Company Limited မှ ဓာတ်အားခ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ် ရှင်။

သိန္နီမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို Mya Thin Kyu Company Limited မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ရှင်။ Mya Thin Kyu Company မှ ဝန်ထမ်းများဟာ မီတာကို လစဉ်ပုံမှန်ဖတ်ယူကောက်ခံခြင်းမရှိဘဲ ခန့်မှန်းဖြင့်သာ လစဉ်ဓာတ်အားခ တောင်းခံလျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့် ယူနစ်အကြွေးကျန်မှုများ အများအပြားဖြစ်သည့်အပြင် ယူနစ်ပို ဓာတ်အားအသုံးပြုခ ပိုမိုကောက်ခံထားပြီး မီတာထိန်းသိမ်းခကိုသာ ကောက်ခံတဲ့ အိမ်များ ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစ၍ နိုင်ငံတော်မှ မီတာခများကို တိုးမြှင့်ကောက်ခံမည်ကို အားလုံး အသိပင်ဖြစ်ပါတယ်။ သို့ပါသောကြောင့် မီတာခနှုန်းသစ် စတင်ကောက်ခံလျှင် ယခုနှုန်းထားထက်ပင် ပိုမိုပေးသွင်းရမှာ ဖြစ်ပါတယ်။

တိုးမြှင့်ကောက်ခံမည့် မီတာခနှုန်းထားအသစ်နှင့်ပတ်သက်၍လည်း အကြံပြုတင်ပြလိုပါတယ်။ ယခင်ကောက်ခံလျက်ရှိသော ၁ ယူနစ်မှ ၁၀၀ ယူနစ်အထိကို (၃၅)ကျပ်၊ ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်ထိကို (၄၀)ကျပ်၊ ၂၀၁ ယူနစ်မှ အထက်ကို (၅၀)ကျပ်ဖြင့် ကောက်ခံခဲ့ပါတယ်။ နောက်တိုးမြှင့်ကောက်ခံမည့် မီတာခနှုန်းထားမှာလည်း (၇)လွှာသတ်မှတ်ပြီးတော့မှ ကောက်ခံနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ယူနစ်အပြောင်းအလဲမရှိဘဲနှင့် ကောက်ခံသင့်ပါကြောင်းကိုလည်း ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။

သိန္နီမြို့နယ်အတွင်းရှိ မီတာခကို ပိုမိုကောက်ခံသည့်အိမ် အများအပြားရှိသည့်အနက် ကျွန်မရဲ့ ရပ်ကွက်အတွင်းမှာရှိတဲ့ အိမ်(၃)အိမ်ကို ဥပမာထားပြီးတော့ တင်ပြရလျှင်–

(၁) ဒေါ်စန်းစိန် အိမ်မှာဆိုရင် June လမှာ ကောက်ခံသည့်နှုန်းထားဟာ (၅,၆၈၀)ကျပ်ပဲ ရှိပြီးတော့ July လမှာ (၇၉,၁၀၀)ကျပ်၊

(၂) ဦးခွန်မဟာဝမ်း အိမ်မှာကျတော့ June လမှာ (၆,၀၀၀)ကျပ် ပတ်ဝန်းကျင်မှာ ကောက်ခံပြီးတော့ July လမှာ (၁၅၀,၄၀၀)ကျပ်

(၃) ဒေါ်ခမ်းမိုင် June လမှာ (၄,၄၀၀)ကျပ်မှ July တွင် (၂၆၉,၆၅၀)ကျပ်ဆိုပြီးတော့မှ တိုးမြှင့်ကောက်ခံထားသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့မှာ သိန္နီမြို့နေ ပြည်သူလူထု (၃၉)ဦးက လက်မှတ်ရေးထိုး၍ ဤကိစ္စနှင့် ပတ်သက်ပြီး လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် ကျွန်မဆီကို စာတင်ပြလာခြင်းဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ -

(က) ဝန်ထုပ်ဝန်ပိုးဖြစ်၍ နစ်နာသူများကို မည်ကဲ့သို့ ကုစားပေးမည်နည်း။

( ခ) တာဝန်ဝတ္တရားပျက်ကွက်သည့် ကုမ္ပဏီဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူမည်နည်း။

( ဂ) တာဝန်ယူမှု တာဝန်ခံမှုမရှိသည့် မြသင်းကြူကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်း။

(ဃ) နောက်နောင် ဤကဲ့သို့ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်နည်း စသည့်မေးခွန်းများကို သိရှိလိုပါသဖြင့် နစ်နာသော ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးမှ ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများကို Mya Thin Kyu Company Limited မှ တာဝန်ယူဆောင်ရွက်နေပြီး ကုမ္ပဏီဝန်ထမ်းများသည် မီတာလစဉ်ပုံမှန်ဖတ်၍ ကောက်ခံခြင်းမရှိဘဲ ခန့်မှန်းဖြင့်သာ တောင်းခံလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပြီး ယူနစ်အကြွေးကျန်မှု အများအပြား ဖြစ်သည့်အပြင် ယူနစ်ပိုဓာတ်အားအသုံးပြုခ ပိုမိုကောက်ခံထားပြီး မီတာထိန်းသိမ်းခသာ ကောက်ခံနေသည့် အိမ်များကိုလည်းတွေ့ရှိရသဖြင့် ဓာတ်အားတောင်းခံခြင်းကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) ဝန်ထုပ်ဝန်ပိုးဖြစ်၍ နစ်နာသူများကို မည်ကဲ့သို့ ကုစားပေးမည်နည်း။

( ခ) တာဝန်ဝတ္တရား ပျက်ကွက်သည့် ကုမ္ပဏီဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူမည်နည်း။

( ဂ) တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့် မြသင်းကြူ ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်း။

(ဃ) နောက်နောင် ဤကဲ့သို့ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်မည်နည်းဆိုတဲ့ မေးခွန်းကို ကျွန်တော်ကနေ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(က)**ဖြစ်တဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ နစ်နာသူကို မည်ကဲ့သို့ ကုစားပေးမည်နည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ သိန္နီမြို့နယ်တွင် မီးသုံးသူများ၏ ၆/၂၀၁၉ လ သုံးစွဲယူနစ် မှားယွင်းဖတ်ရှုမိခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ အိမ်ရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများညှိနှိုင်းပြီး အိမ်ရှင်များ၏ ဓာတ်အားခများကို တစ်ယူနစ်လျှင် **၅၀** ကျပ်နှုန်း ပေးဆောင်ရမည်ဖြစ်သော်လည်းပဲ **၄၀** ကျပ်နှုန်းဖြင့် ပေးဆောင်စေခဲ့ပြီး လိုအပ်သည့် ဓာတ်အားခကို မြသင်းကြူကုမ္ပဏီမှ စိုက်ထုတ်ပေးဆောင်ခဲ့ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ မီးသုံးစွဲသူအိမ်ရှင်များ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်အတွက် အနည်းဆုံး(၃)လ အရစ်ကျခွဲပြီးတော့ ပေးဆောင်စေခဲ့ခြင်း ဖြစ်ပါတယ်။

**မေးခွန်း(ခ)**ဖြစ်တဲ့ တာဝန်ဝတ္တရားပျက်ကွက်တဲ့ ကုမ္ပဏီဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူမည်နည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကုမ္ပဏီဝန်ထမ်းများကို ဌာန၏ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ မီတာဖတ်စာရေး တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီး မီတာဖတ်ရှုရန် ပျက်ကွက်ခဲ့သည့် မီတာဖတ်စာရေး(၂)ဦးအား စစ်ဆေးအရေးယူပြီးတော့ ချက်ခြင်းအလုပ်မှ ထုတ်ပယ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

**မေးခွန်း(ဂ)** တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသည့် မြသင်းကြူကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်နည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မီတာစာရေးများကို ကြပ်မတ်စစ်ဆေးရန်နှင့် မီတာဖတ်ရှုခြင်း လုပ်ငန်းများအပေါ်မှာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အားနည်းတဲ့အတွက်ကြောင့် ကုမ္ပဏီကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ၅. ၇. ၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၈၅၉/ထွေ-၁/ရှမ်း-မ/၂၀၁၉ဖြင့် သတိပေး စာထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

မေးခွန်း(ဃ) နောက်နောင် ဤကဲ့သို့ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်နည်းဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ နောင်တွင်ယခုကဲ့သို့ မီတာပုံမှန် ဖတ်ရှုရန် ပျက်ကွက်သည့် ဖြစ်စဉ်မျိုး မဖြစ်ပေါ်အောင် မြသင်းကြူကုမ္ပဏီမှ ထပ်မံခန့်ထားသည့် ဝန်ထမ်းအသစ်များကို လူ့စွမ်းအားအရင်းအမြစ်ဌာန၊ (Human Resources) HR ဌာနမှ လေ့ကျင့်သင်ကြားပေးခြင်း၊ ဌာန၏ စည်းမျဉ်းစည်းကမ်းနှင့် မီတာဖတ်စာရေး တာဝန်ဝတ္တရားများကို ရှင်းလင်းချပြပြီး ကုမ္ပဏီအထွေထွေမန်နေဂျာမှ ဦးဆောင်ပြီး သိန္နီမြို့၏ မီတာဖတ်ရှုခြင်းလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ထွန်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွမ်းလုံမြို့ပေါ်ရှိ မြသံလွင်ပန်းခြံအား အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ ကွမ်းလုံမြို့ပေါ်ရှိ မြသံလွင်ပန်းခြံသည် သိန္နီ၊ ကွမ်းလုံ၊ ချင်းရွှေဟော်ကားလမ်းဘေးတွင် တည်ရှိပါတယ်။ ဧရိယာအကျယ်အဝန်းမှာ (၁.၉၃၉)ဧကရှိပါတယ်။ မြို့အင်္ဂါရပ်နှင့်လျော်ညီအောင် သန့်ရှင်းသာယာလှပပြီး အပန်းဖြေအနားယူနိုင်မည့်ပန်းခြံတစ်ခြံအဖြစ် မရှိမဖြစ်လိုအပ်သည်မှာ အားလုံးအသိပင် ဖြစ်ပါတယ်။ မြို့နယ်တိုင်းတွင် သင့်တင့်လျောက်ပတ်သည့် ပန်းခြံများရှိကြပါတယ်။ ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးဌာန၏ ဝင်ငွေကောက်ခံရမှုမှာ ကျပ် ၇၇.၈၅၂ သန်းရှိ၍ ဝင်ငွေနည်းသော မြို့တစ်မြို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကွမ်းလုံမြို့နယ်တွင် နာမည်ကျော်ကြားသော သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်ကို မကြာမီတည်ဆောက်မည်ဖြစ်ရာ နိုင်ငံတော်အကြီးအကဲများ မကြာခဏ လာရောက်နိုင်ခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် အရေးကြီးပုဂ္ဂိုလ်များမှာ ကွမ်းလုံမြို့ကို ဖြတ်၍ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့

ဒေသဖွံ့ဖြိုးရေး၊ နယ်မြေလုံခြုံရေးစသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် ရှိခြင်း၊ ပန်းခြံအဆင့်မြှင့်တင်ရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ ဝင်ငွေဖြင့် ဆောင်ရွက်ရန် မတတ်နိုင်ခြင်းတို့ကြောင့် အောက်ပါမေးခွန်းများ မေးမြန်းခြင်း ဖြစ်ပါတယ်–

(၁) မြသံလွင်ပန်းခြံကို အဆင့်မြှင့်တင်ရေး လုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၂) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်နည်း။

(၃) အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းစသည်တို့ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ ကွမ်းလုံမြို့ပေါ်ရှိ ဧရိယာအကျယ်အဝန်း (၁.၉၃၉)ဧကရှိသော မြသံလွင်ပန်းခြံအား မြို့အင်္ဂါရပ်နှင့် လျော်ညီအောင် သန့်ရှင်းသာယာလှပပြီး အပန်းဖြေအနားယူနိုင်မည့် ပန်းခြံတစ်ခြံအဖြစ် အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍–

(က) မြသံလွင်ပန်းခြံကို အဆင့်မြှင့်တင်ရေး လုပ်ငန်းအားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။

( ခ) ရှိပါကမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်နည်း။

( ဂ) မရှိပါက အဘယ်ကြောင့်နည်း မေးခွန်းနဲ့ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်–

ကွမ်းလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကွမ်းလုံမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပေါင်းစပ်ညှိနှိုင်း၍ မြသံလွင်ပန်းခြံ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။

ကွမ်းလုံမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၉- ၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ် ၈၀.၇၃ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၄၀.၃၆၅ သန်းနှင့် သာမန်အသုံးစရိတ်လျာထားချက်မှာ ကျပ် ၄.၃၃၆ သန်း ဖြစ်ပါတယ်။ ကွမ်းလုံမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် မြသံလွင်ပန်းခြံအတွင်း ကွန်ကရစ်အုတ်ခုံများပြုလုပ်ခြင်းနှင့်ကွန်ကရစ် လျှောက်လမ်းများခင်းခြင်း (၃၀၀'×၆'×၃") ခန့်မှန်းကုန်ကျငွေ ကျပ်(၂.၀၃၆)သန်းအား ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။

ကွမ်းလုံမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြသံလွင်ပန်းခြံ အဆင့်မြှင့်တင်ရေးအတွက် ကျန်လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှု မရှိပါသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဦးစားပေးထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီနေ့ မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမဝါယမအသင်းများကို အဆင့်ဆင့်မည်မျှဖွဲ့စည်းပြီးကြောင်းနှင့် ကုန်ထုတ်/ ဝန်ဆောင်/ ကုန်သွယ်မှုလုပ်ငန်းများ မည်သို့ စီမံဆောင်ရွက်နေကြောင်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမဝါယမအသင်းများကို အဆင့်ဆင့်မည်မျှ ဖွဲ့စည်းထားပြီးကြောင်းနှင့် ကုန်ထုတ်/ဝန်ဆောင်/ ကုန်သွယ်မှုလုပ်ငန်းများမည်သို့ စီမံဆောင်ရွက်နေကြောင်း သိလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်စိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ (၃၁.၇.၂၀၁၉) ရက်နေ့အထိ ကုန်ထုတ်လုပ်မှု သမဝါယမ အသင်းပေါင်း (၁၄၆၉)သင်း၊ ဝန်ဆောင်မှု သမဝါယမအသင်း(၅၂၈)သင်းနှင့်ကုန်သွယ်မှုသမဝါယမ အသင်းပေါင်း(၂၂၀)သင်း ရှိပြီး၊ စုစုပေါင်း သမဝါယမအသင်းပေါင်း (၂၂၁၇)သင်း ရှိပါကြောင်း၊ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး China EXIM Bank ချေးငွေဖြင့် မြို့နယ် (၃၁)မြို့နယ်မှာ အသင်းပေါင်း (၇၆၄) သင်း၊ အသင်းသား (၄၉၄၅၂)ဦးအတွက် ပုံပိုးချေးငွေပေါင်း ကျပ် ၁၀,၁၇၂.၄၈၃ သန်း ထုတ်ချေးထားပြီး ဖြစ်ပါတယ်။ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းဖြင့် လုပ်တဲ့ မြို့နယ် (၈) မြို့နယ်မှာ အသင်း (၅၃)သင်း၊ အသင်းသား(၇၁၄)ဦး၊ မြေဧက (၃၂၈၀.၃၆)ဧက ပြုပြင်ရန် အတွက် ပံ့ပိုးချေးငွေ ကျပ် ၈၀၄.၄၇၂ သန်း ထုတ်ချေးထားပြီးဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

သွင်းအားစုအနေဖြင့် မြို့နယ် (၇)မြို့နယ်အတွင်းမှာ အသင်း ပေါင်း(၉၈)သင်း၊ အသင်းသား(၂၈၇၄)ဦး၊ သွင်းအားစု (၂၃၇၀)အိတ်နှင့် ပိုးသတ်ဆေးပေါင်း (၄၆၃)ဗူး၊ တန်ဖိုးအားဖြင့် ကျပ် ၇၂၆.၀၉၉၅၆၃ သန်း ပံ့ပိုးရောင်းချပေးပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လယ်ယာဝန်ဆောင်မှု သမဝါယမ အသင်းများအနေဖြင့် မြို့နယ် (၅)မြို့နယ်မှာ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်း (၆)သင်း၊ အသင်းသား(၁၇၇)ဦး၊

ပွဲပိုးချေးငွေကျပ် ကျပ် ၄၅.၈၄ သန်းကို ပွဲပိုးထုတ်ချေးဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း (Hire Purchase) လုပ်ငန်း အနေဖြင့်လည်း မြို့နယ် (၃၆)မြို့နယ်မှာ အသင်း (၇၃၄)သင်း၊ အသင်းသားပေါင်း (၄၇၄၃)ဦး၊ စက်ပစ္စည်းကိရိယာ စီးရေ (၅၃၈၅)စီး၊ တန်ဖိုးအားဖြင့် ကျပ် ၁၉,ဝ၉၇.၃၅၃ သန်းအား ပွဲပိုး ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဝန်ဆောင်မှုကဏ္ဍအနေဖြင့် ငွေစုငွေချေးလုပ်ငန်းကို မြို့နယ် (၄၃)မြို့နယ်မှာ အသင်း (၄၂၆)သင်း၊ အသင်းသား (၆ဝ၈ဝ၈)ဦး၊ ထုတ်ချေးငွေ ကျပ် ၃,၃၇၆.၁၅၈ သန်းဖြင့် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး စျေးသမဝါယမလုပ်ငန်းများ ကိုလည်း မြို့နယ် (၃၄)မြို့နယ်၊ အသင်း(၄၃)သင်း၊ အသင်းသား (၆၂၇၆)ဦး ထုတ်ချေးငွေ ကျပ် ၉,၇၅၅.၃၇၇ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တည်းခိုခန်းလုပ်ငန်းများကို မြို့နယ် (၁ဝ)မြို့နယ်မှာ အသင်း (၁၆)သင်းမှ ဆောင်ရွက်လျက် ရှိပြီးတော့ ၂ဝ၁၈– ၂ဝ၁၉ ဩဂုတ်လကုန်အထိ ဝင်ငွေကျပ်သန်းပေါင်း ၂၁၉.၂၃ဝ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆေးပေးခန်းလုပ်ငန်းကို မြို့နယ်(၅)မြို့နယ်၊ အသင်း(၆)သင်းမှ ဆောင်ရွက်လျက်ရှိပြီး ၂ဝ၁၈–၂ဝ၁၉ ဩဂုတ်လကုန်အထိ ဝင်ငွေကျပ် **၇၄.၉၉၁** သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို မြို့နယ် (၅)မြို့နယ်၊ အသင်း (၆)သင်းမှ ဆောင်ရွက်လျက်ရှိပြီး ၂ဝ၁၈– ၂ဝ၁၉ ဩဂုတ်လကုန်အထိ ဝင်ငွေကျပ်သန်းပေါင်း ၅၈.၁ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုလုပ်ငန်းအနေဖြင့် မူဆယ်မြို့နယ်စိန့်ဖေယျာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်အနေနဲ့ ပြည်ပပို့ကုန်လုပ်ငန်း ဆောင်ရွက်လျက်ရှိပြီးတော့ ၂ဝ၁၈–၂ဝ၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လ စီမံကိန်းလျာထားချက် အမေရိကန်ဒေါ်လာ ကျပ် ၈.၄ သန်းဖြစ်ပြီးတော့ အကောင်အထည်ဖော်နိုင်မှုဟာ ကျပ် ၁၄.၆၂ဝ သန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂ဝ၁၈–၂ဝ၁၉ ဘဏ္ဍာနှစ်အတွက် စီမံကိန်းလျာထားချက် အမေရိကန်ဒေါ်လာ ကျပ် ၁၅.၄ဝဝ သန်း အကောင်အထည်ဖော်ရန် ရည်မှန်းထားပြီး၊ ၂ဝ၁၉ ခုနှစ် ဩဂုတ်လကုန်အထိ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၉.၉၄၈ သန်း ရာခိုင်နှုန်းအားဖြင့် (၆၅%) အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ သမဝါယမ အသင်းများမှ အမှတ်တရပစ္စည်းအရောင်းဆိုင် (Cash Memo) နိုင်ငံတော်ဝင်ငွေ (State Income) အဖြစ် ကျပ် (၁၁၀,၀၀၀)ပေးသွင်းရန် ရည်မှန်းထားပြီး ဩဂုတ်လကုန်ထိမှာတော့ ကျပ် ၃၀,၃၀၀ ပေးသွင်းပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရောင်းဝယ်ရေးလုပ်ငန်းအတွက်အသေးစားအရင်းအနှီးချေးငွေကိုမြို့နယ်(၂၆)မြို့နယ်၊ အသင်းပေါင်း (၅၄)သင်းမှာ ထုတ်ချေးငွေ ကျပ် ၄၄၆၁.၁၄၂ သန်း ထုတ်ချေးထားပြီး၊ ဝယ်/ ရောင်းလုပ်ငန်း(ကုန်သွယ်မှု) ဆောင်ရွက်လျက်ရှိသည့် မြို့နယ် (၃၄)မြို့နယ်နှင့် အသင်းပေါင်း (၁၇၆)သင်းမှ ငွေကျပ် ၂၇၂၄.၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သမဝါယမ၏ ဆောင်ရွက်နေမှုအခြေအနေကို လေးစားစွာဖြင့် ပြန်လည် ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယ မေးခွန်းအနေဖြင့် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်တွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း/အသင်းခွဲ မည်မျှဖွဲ့စည်းပြီးကြောင်းနှင့် မိခင်နှင့်ကလေးများ၊ မိဘများ၏ကျန်းမာရေး နှင့်လူမှုရေးဆိုင်ရာ ကူညီဆောင်ရွက်မှုများကို မည်မျှထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိကို အများပြည်သူများသိရှိနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ရှမ်းပြည်နယ်တွင် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း/ အသင်းခွဲ မည်မျှဖွဲ့စည်းပြီးကြောင်းနှင့် မိခင်နှင့် ကလေးများ၊ မိဘများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီဆောင်ရွက်မှုများ မည်မျှထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိဆိုတဲ့ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေဟာ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၄)ဖြင့် (၁၀-၁၂-၂၀၁၈) ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း အဆိုပါဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းလိုအပ်သဖြင့် လုပ်ထုံးလုပ်နည်း(မူကြမ်း)ကို အသင်း(ဗဟို)မှ ရေးဆွဲပြုစုကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ (၂၂-၂-၂၀၁၉) ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ ဝန်ကြီးဌာနမှ ဆက်လက်စိစစ်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၁၂-၄-၂၀၁၉) ရက်နေ့တွင် ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခဲ့ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စိစစ်ကာ (၂၇-၆-၂၀၁၉)ရက်နေ့မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် ပြန်ကြားခဲ့သဖြင့် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြု ပြန်ကြားချက်နှင့်အညီ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လိုက်နာပြင်ဆင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ (၁၆-၈-၂၀၁၉)ရက်နေ့တွင် ပေးပို့တင်ပြကာ ဝန်ကြီးဌာနမှစိစစ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၂၆-၈-၂၀၁၉)ရက်နေ့မှာ ထပ်မံပေးပို့ခဲ့ပြီး သဘောထားမှတ်ချက် တောင်းခံထားဆဲဖြစ်ပါတယ်။

၂၀၁၈ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပါ ဥပဒေပုဒ်မ ၃၆ (ခ)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အတည်ပြု ထုတ်ပြန်ပြီးပါက ပြည်နယ်/ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း/ အသင်းခွဲများ ယခင်မူလအရေအတွက်အတိုင်း ရှိနေပြီး အလုပ်အမှုဆောင်သာလျှင် အသစ်ပြန်လည်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ လက်ရှိတွင် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေပါ ဥပဒေပုဒ်မ ၃၄ ၌ "ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် ဤဥပဒေအရ သက်ဆိုင်ရာ အဖွဲ့အစည်း ဖွဲ့စည်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်"ဟု ဖော်ပြပါရှိသဖြင့် လက်ရှိဖွဲ့စည်းထားသော အသင်း/ အဖွဲ့တို့ဟာ သက်ဆိုင်ရာ အဖွဲ့အစည်း ဖွဲ့စည်းပြီးသည်အထိ ဥပဒေအရ ဆက်လက်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းထားသော အသင်း/ အဖွဲ့များမှာ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ၁ ဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ၁၃ ဖွဲ့၊

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ၅၅ သင်း၊ ရပ်ကွက်/ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ ၁၆၉၃ ခု ဖွဲ့စည်းထားပြီးဖြစ်သော်လည်း (မိုင်းလား၊ မိုင်းမော၊ ပန်ဝိုင်၊ ပန်ဆန်း/ ပန်ခမ်း၊ နားဖန်း)စသည့် (၅)မြို့နယ်မှာ အခြေအနေအရ လှုပ်ရှား ဆောင်ရွက်နိုင်မှုမရှိသဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၅၀) သင်းသာ လှုပ်ရှားဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် မက်မန်းခရိုင်နှင့် မက်မန်းမြို့နယ်အသင်းများသည် ၂၀၁၉ ခုနှစ်မှ စတင်၍ လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။ အသင်းခွဲအနေဖြင့် (၁၆၉၃)ခု ဖွဲ့စည်းထားပြီးဖြစ်သော်လည်း (၁၅၁၁)ခုသာ လှုပ်ရှားဆောင်ရွက်နိုင်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တပ်မတော်နှင့် ပြည်သူပြည်သား တို့က ညီညွတ်သော စွမ်းပကားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှု အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မိခင်နှင့် ကလေးများ၊ မိခင်နှင့် ကလေးများ၏ မိသားစုများ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံတော်အစိုးရမှ ဥပဒေအမှတ် (၂၁/၉၀)ကို ထုတ်ပြန်ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလ(၃၀) ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တာ ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ရည်ရွယ်ချက်နှင့် နှစ်စဉ်ချမှတ် ပေးသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေမှာ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် မိခင်နှင့် ကလေး သေနှုန်းကျဆင်းရေးကို အထောက်အကူပြုရန် ရှမ်းပြည်နယ်၌ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်း (၁၃)ခန်းနှင့် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ (၁) ခု ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်/ ခရိုင်/ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် ပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ၊ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများတွင် ပါဝင်

ဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီမှ ကြီးကြပ်ပြီး ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်အတွင်း အသက် (၃၀-၄၉)ကြား အိမ်ထောင်ရှင် အမျိုးသမီးများအား သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စမ်းသပ်ရှာဖွေကုသခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ ပါတယ်။ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမမှာ (၅)ကြိမ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်မှာ (၂)ကြိမ်၊ ညောင်ရွှေမြို့နယ်မှာ (၄)ကြိမ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်မှာ (၅)ကြိမ်၊ လဲချားမြို့နယ်မှာ (၁)ကြိမ်၊ ကျောက်မဲမြို့နယ်မှာ (၂)ကြိမ်၊ ဆီဆိုင်မြို့နယ်မှာ (၁)ကြိမ်၊ မူဆယ်မြို့နယ်မှာ (၂)ကြိမ်၊ တာချီလိတ်မြို့နယ်မှာ (၂)ကြိမ်၊ ဖယ်ခုံမြို့နယ်မှာ (၂)ကြိမ်၊ လောက်ကိုင်မြို့နယ်မှာ (၂)ကြိမ်၊ လင်းခေးမြို့နယ်မှာ (၂)ကြိမ်၊ စုစုပေါင်း (၃၀)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်မှု တွင် အမျိုးသမီး(၁၁၃၄၂)ဦးအား စစ်ဆေးခဲ့ပြီး အကြိုအဆင့် တွေ့ရှိသူ(၃၇၈)ဦး၊ သားအိမ်ခေါင်း ရောင်ရမ်းသူ (၁၆၀၅) ဦး၊ သားအိမ်ခေါင်းအရည် စစ်ဆေးခံရသူ (၁၃) ဦး၊ အသားစစစ်ဆေး ခံရသူ (၇၄)ဦး၊ အဖြူဆင်းသူ (၇၆) ဦး တွေ့ရှိခဲ့ပါတယ်။ အကြိုအဆင့်တွေ့ရှိသူအား အပူပေး ကုထုံး (Cold Coagulator )ဖြင့် ကုသပေးခဲ့ပြီး သားအိမ်ခေါင်း ရောင်ရမ်းသူ၊ သားအိမ်ခေါင်း အရည် စစ်ဆေးခံရသူ၊ အဖြူဆင်းသူများအား သောက်ဆေးနှင့် သားအိမ်ခေါင်းထည့်ဆေးများ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ အသားစ စစ်ဆေးခံရသူများအနက် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှာ ဆေးရုံ တက်ရောက် ကုသနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ် အစီအစဉ်ဖြင့် နမ္မတူမြို့နယ်၊ သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ တောင်ကြီးမြို့နယ်၊ မူဆယ် မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ လင်းခေးမြို့နယ်တို့မှ (၃၆)ကြိမ် ဆောင်ရွက်ခဲ့ရာ အမျိုးသမီး (၁၃၅၉) ဦးအား စစ်ဆေးခဲ့ပြီး အကြိုအဆင့်တွေ့ရှိသူ (၇၆) ဦး၊ သားအိမ်ခေါင်းရောင်ရမ်းသူ (၂၃၅) ဦး၊ အသားစစစ်ဆေးခံရသူ (၂) ဦး တွေ့ရှိခဲ့ပါတယ်။

ပညာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပေါင်းသင်းဆက်ဆံရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသင်းပိုင် မူကြိုကျောင်းများကို ရှမ်းပြည်နယ်မှာ ဖွင့်လှစ်လေ့ကျင့်ပျိုးထောင် ပေးခဲ့ပါတယ်။ အသင်းပိုင် မူကြိုကျောင်း (၂၁)ကျောင်းမှာ အသက်(၃)နှစ်မှ (၅)နှစ်အတွင်းရှိ ကျောင်းသား/ ကျောင်းသူ ကျား(၄၄၃)ဦးနှင့် မ(၄၅၇)ဦးတို့ကို ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးအကြောင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးအကြောင်း၊ အာဟာရ

အုပ်စု(၃)အုပ်စုအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် မူလတန်းအဆင့် ကလေးများအား အာဟာရကြက်ဥပြုတ်များ ကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူမှုရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ပြည်နယ်/ ခရိုင်/ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ကွင်းဆင်းပြီး မွေးရာပါ ချို့ယွင်းချက်ရှိသူများနှင့် မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အိုများအား အာဟာရများ၊ ထောက်ပံ့ငွေများပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စုမှာရှိတဲ့ လျှပ်စစ်ဓာတ်အားလိုင်းရရှိနေတဲ့ ဝမ်လွမ်းကျေးရွာမှတစ်ဆင့် ကောင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စုမှာ အရင်တုန်းက နမ့်ဝုတ်ချောင်းပေါ်မှာ (၁၉၉၄) ခုနှစ်လောက်တုန်းက နမ့်ဝုတ်ရေအား လျှပ်စစ် ထုတ်လွှတ်တဲ့ စက်ရုံကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ပြီးစီးတဲ့အခါမှာ မိုင်းခွန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာများအားလုံး တစ်ရွာမကျန် လုပ်အားပေးဆောင်ရွက်ခဲ့ကြရပါတယ်။ ဓာတ်အားထုတ်လွှတ်ရေးစက်ရုံ တည်ဆောက်ပြီးသည့်အခါ အဲ့ဒီကျေးရွာတွေကို ပထမဓာတ်အားဖြန့်ဖြူးပေးခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းတွေကြောင့် ဖြန့်ဖြူးပေးတဲ့နေရာမှာ အခြားအရေးကြီးသည့် နေရာတွေကို ဓာတ်အားဖြန့်ဖြူးပေးဖို့ လိုတယ်ဆိုပြီးတော့ ဓာတ်အားလုံလောက်မှု မရှိတဲ့အတွက် ပထမပေးထားတဲ့ ကျေးရွာများတွေကို ဓာတ်အား ဖြန့်ဖြူးနေမှုကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ စပြီးတော့ မိုင်းခွန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာများ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်၍ ဓာတ်အားလိုင်းများ သွယ်တန်းမှုနှင့် ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းများကို အပြီးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ (National Grid) မဟာဓာတ်အားလိုင်း ဖြန့်ဖြူးရာ ဓာတ်အားခွဲစက်ရုံတစ်ရုံကိုလည်း ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် အကုန်အတွက် အပြီးတည်ဆောက်ရန် သတ်မှတ်ပေးပြီးတော့ ယခုအခါ ဆောက်လုပ်မှုအတော်အတန်ပြီးစီး နေသည်ကို တွေ့ရပါတယ်။ (၂၄-၄-၂၀၁၉) ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ မိုင်းခွန်ကျေးရွာအုပ်စု ပြည်သူလူထုနှင့် တွေ့ဆုံပွဲမှာ မိုင်းခွန်ကျေးရွာအုပ်စု၊ တစ်အုပ်စုလုံးကို တတ်နိုင်သမျှ ဓာတ်အားဖြန့်ဖြူးပေး မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ကျွန်တော်ကိုင်တိုင်လည်း (၁၆-၈-၂၀၁၉)ရက်နေ့မှာ ဒေသခံတိုင်းရင်းသား မဲဆန္ဒရှင်နှင့် တွေ့ဆုံတဲ့အခါမှာ မဲဆန္ဒရှင် တိုင်းရင်းသားများ အထက်ပါ ကျေးရွာများမှာ လျှပ်စစ်မီးရရှိရေးအတွက် တောင်းခံခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းခွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှာ ယခင်ရေအား လျှပ်စစ်လုပ်တုန်းက လျှပ်စစ်မီးလင်းရေးကို အင်တိုက်အားတိုက် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီးတော့ အဆင်ပြေလာတာ ဖြစ်ပါတယ်။ အဲ့ဒီရွာတွေကို လျှပ်စစ်မီးပေးတဲ့ အခါမှာ ယနေ့ သူတို့က မရတဲ့အတွက် စိတ်မကောင်းဖြစ်နေကြပါတယ်။ မူလအားဖြင့် ဝမ်လွမ်းကျေးရွာကို လျှပ်စစ်ဓာတ်အားလိုင်း ရောက်ရှိနေပြီးမှ ဒီရွာတွေ ကျန်ခဲ့တာ တွေ့ရပါတယ်။ ဝမ်အင်ကျေးရွာကို ဝမ်လွမ်းကျေးရွာမှတစ်ဆင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးလို့ရပေမဲ့ တစ်ချို့ရွာတွေမှာ ကျန်ခဲ့ပါတယ်။ ကောင်းကန်ရွာတွေ ကျန်ခဲ့ပါ တယ်။ ဒီလိုဝမ်လွမ်းကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်း ရောက်ရှိပေမဲ့ ကျန်ခဲ့တဲ့ ဒီရွာတွေဟာ မီးသွယ်တန်းရေး ရန်ပုံငွေတွေမပါဘူးဆိုပြီးတော့ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးဖို့ အစီအစဉ် မရှိဘူးဆိုပြီး သိရတဲ့အတွက် သူတို့ကျေးရွာတွေမှာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်တုန်း ကလည်းပါသေးတယ်။ ပါပြီးတော့ အဲ့ဒီတုန်းကပေးတယ်။ ပြန်ဖြုတ်သွားတယ်။ အခုတစ်ခါ ထပ်ပြီးတော့ မရတဲ့အတွက် အင်မတန်မှ စိတ်မကောင်း ဖြစ်နေကြပါတယ်။ ဒါကြောင့် အခြားရွာတွေမီးရသလို အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကောင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ လွတ်ကျန်ခဲ့တဲ့ ရွာတွေမှာ ရွာသားများ စိတ်မကောင်း ဖြစ်နေကြတာ တွေ့ရှိရ ပါတယ်။

ဒါကြောင့် ကောင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အား သွယ်တန်းပေးခြင်းနှင့် ဖြန့်ဖြူးပေးခြင်း အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ်

ရှိပါက အနီးဆုံးဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ တင်ပြမှုကို ပိုပြီးတော့ ရှင်းလင်းအမြင်ကျယ်မဲ့ ပါဝါပွိုင့်ဖြင့် ထပ်ပြီးတော့ တင်ပြခွင့်ပြုပါ ခင်ဗျား။

ဒါကတော့ အထက်မှာ တင်ပြခဲ့တဲ့ တည်ဆောက်ပြီးဖြစ်တဲ့ 230 ကေဗွီ ကျိုင်းတုံနဲ့ မိုင်းပျဉ်းကြားအဖွဲ့ စက်ရုံတွေကို Drone တွေနဲ့ ရိုက်ထားတဲ့ ပုံတွေ ဖြစ်ပါတယ်။ ရှမ်း (အရှေ့)၊ တိုင်းရင်းသားပြည်သူလူထုတွေ အင်မတန်မှ တောင့်တခဲ့တဲ့၊ အိပ်မက်တောင် မမက်ဖူးတဲ့ (National Grid) မဟာဓာတ်အားလိုင်းဟာလည်း တောအထပ်ထပ်၊ တောင်အသွယ်သွယ် ကျော်ဖြတ်ပြီးတော့ ကြာမြင့်သည်မှာ ကျွန်တော်တို့ ရှမ်း(အရှေ့)ကို ရောက်ရှိလာပါတော့တယ်။ ဒီအတွက် ကျိုင်းတုံမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားလိုင်း ဖြန့်ဖြူးပေးရေးအတွက် Transformer များ ကြိုးပျောက်လည်း သွယ်တန်းမှုဖြစ်နေပါတယ်။ ဒါကတော့ ကျွန်တော် ခုနက တင်ပြခဲ့တဲ့ ကောင်းကန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ လျှပ်စစ်မီးရှိတဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးပြီး ဆောင်ရွက်စေတဲ့ လမ်းကြောင်းတန်ဖိုး ဖြစ်ပါတယ်။ အောက်ပုံက လမ်းကြောင်းက အဝေးကဆိုတော့ သိပ်ပြီး မမြင်ရပါဘူး။ ကျိုင်းတုံကနေ ဝမ်အင်းကို သွားတဲ့ (၆)မိုင် အပေါ်က ကျွန်တော်တင်ပြတဲ့ လျှပ်စစ်သွယ်တန်းမှုပြမြေပုံ ဖြစ်ပါတယ်။ အဲ့ဒီပုံကို ပြန်ချိတ်ကြည့်ရင် လေးထောင့်ကွက်ကလေးနဲ့ အဝါအကွက်ကလေးက ရေအားလျှပ်စစ် လုပ်ခဲ့ပါတယ်။ နောက်နမ့်ဝုတ်ရေအားလျှပ်စစ် လုပ်နေတဲ့အချိန်တွေမှာ ရွာတွေအားလုံး လုပ်အားပေးခဲ့ရပြီး လျှပ်စစ်ဓာတ်အား ခဏရပြီးတော့ ပြန်ဖြတ်သွားပါတယ်။ နောက်တစ်ခါ ထပ်ပြီးတော့ လျှပ်စစ်ဓာတ်အား သွယ်ပြီးဆိုပြီးတော့ နောက်ကျွန်တော် အခု အမဲနဲ့ ပြထားတဲ့ ရွာတွေမှာ လျှပ်စစ်ဓာတ်အား ရောက်နေပေမယ့် အဝါကွက်ရဲ့ ရွာတွေက ကျန်နေခဲ့ပါတယ်။ အချို့က လည်း စိတ်မကောင်းဘဲ ဖြစ်နေပါတယ်။ ကျွန်တော်တို့ (၂၄)ရက်နေ့ လျှပ်စစ်ဝန်ကြီးနဲ့ တွေ့တဲ့အခါမှာလည်း ပြောပါတယ်။ ဒါဟာ ပြည်သူလူထု တွေ့ဆုံပွဲမှာ တင်ပြခြင်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ လျှပ်စစ်သွယ်တန်းမှုဟာ ထင်သလောက် မလွယ်ပါဘူး။ အဲ့ပေါ်မှာ တွေ့တဲ့အတိုင်း သက်စွန့်ဆံဖျား လုပ်ရပါတယ်။ မိုင်ပေါင်းရာနဲ့ချီပြီးတော့ တောအထပ်ထပ်၊ တောင်အသွယ်သွယ် ဖြတ်ပြီးတော့ လုပ်ဆောင်ခဲ့ရတဲ့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ လျှပ်စစ်ဝန်ထမ်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့ ပြည်သူလူထုရဲ့ ကိုယ်စား အထူးဂုဏ်ပြု ကျေးဇူးတင်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း(National Electrification Project–NEP) နဲ့ ဝမ်အင်၊ ဝမ်လွမ်း၊ ဝမ်အွိုက်၊ ပှေဟိ၊ ဟိုနား၊ ပန်လီကျေးရွာ စုစုပေါင်း(၆)ရွာမှာ ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၎င်းကျေးရွာများ၌ ၄၀၀ ဗို့လိုင်းများ တည်ဆောက်ခြင်း ဝိန်းကျောက်ကျေးရွာမှာ ၁၁ ကေဗွီလိုင်း၊ ထရန်စဖော်မာ ၄၀၀ ဗို့လိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းကျေးရွာ(၇)ရွာမှာ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင်းခွန်ကျေးရွာအုပ်စုရှိ သာယာကုန်းကျေးရွာ၊ အာခါဒေးကျေးရွာများတွင် ၁၁ ကေဗွီလိုင်း၊ ထရန်စဖော်မာ ၄၀၀ ဗို့လိုင်းတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပန်လီကျေးရွာအတွက် ထပ်မံလိုအပ်သော ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု လျှပ်စစ်ဓာတ်အားလိုင်းရှိသည့် ဝမ်လွမ်းကျေးရွာမှတစ်ဆင့် ကောင်းကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးရန်အတွက် အောက်ပါတန်းစီစာရင်းအတိုင်း မြေပြင်ကွင်းဆင်းစစ်ဆေးပြီးတော့ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် ဆောင်ရွက်နိုင်ရေး လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်–

တန်းစီစာရင်းဇယားအနေနဲ့ ရှင်းလင်းတင်ပြရမယ်ဆိုလျှင်

၁။ ဝမ်ကြိမ်ကျေးရွာ ၁၁ ကေဗွီလိုင်း ၀.၈ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၁ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၁၀၁.၀၀ သန်း၊

၂။ ကောင်းကန်ကျေးရွာ ၁၁ ကေဗွီလိုင်း ၁.၁ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁ လုံး၊ ၄၀၀ ဗို့အားလိုင်း ၁ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၁၁၆.၀၀ သန်း၊

၃။ ဝမ်ကန်ကျေးရွာ ၁၁ ကေဗွီလိုင်း ၀.၈ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၁ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၁၀၁.၀၀ သန်း၊

၄။ ဝမ်လင်ကျေးရွာ ၁၁ ကေဗွီလိုင်း ၀.၅ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၀.၇ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၇၂.၅၀ သန်း၊

၅။ နမ်ကျင်းထက်ကျေးရွာ ၁၁ ကေဗွီလိုင်း ၁.၂ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၀.၇ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၁၀၇.၅ သန်း၊

၆။ ကောင်းစံထက်ကျေးရွာ ၁၁ကေဗွီလိုင်း ၁မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၀.၃ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၇၉.၅ သန်း၊

၇။ တော်ဖာကျေးရွာ ၁၁ ကေဗွီလိုင်း ၀.၆ မိုင် ထရန်စဖော်မာ ၁၀၀ ကေဗွီ ၁လုံး၊ ၄၀၀ ဗို့အားလိုင်း ၀.၃ မိုင်၊ ခန့်မှန်းကုန်ကျငွေကျပ် ၅၉.၅ သန်း ကုန်ကျသွားမှာ ဖြစ်ပါတယ်။

ဘဏ္ဍာငွေရရှိမှုပေါ် မူတည်ပြီးတော့ တန်းစီဇယားအလိုက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ ဝဏ္ဏစိုးက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ ကျိုင်းတုံမြို့နယ်၏ အထင်ကရနေရာ၊ မြို့ကျက်သရေဆောင်ဖြစ်သည့် နောင်တုံကန်ပတ်လမ်း၊ အမှတ်(၅) ရပ်ကွက်မှာရှိတဲ့ ကန်ပတ်လမ်းကို နိုင်လွန်ကတ္တရာလမ်း (ACလမ်း) ခင်းပေးဖို့အတွက် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကို ပါဝါပွိုင့်ဖြင့် ပူးတွဲတင်ပြခွင့်ပြုပါ ခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ မြို့တော်ဖြစ်သည့် ကျိုင်းတုံမြို့နယ်ဟာ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ရုံးစိုက်ရာ ဒေသတစ်ခုဖြစ်ပြီး၊ ပြည်တွင်း/ ပြည်ပခရီးသွားပြည်သူများ မကြာခဏလာရောက်လည်ပတ်ချင်သည့် ထူးခြားတဲ့ သွင်ပြင်လက္ခဏာ ရှိပါတယ်။ မြို့နယ် အတွင်းမှာလည်း ရှမ်း၊ အာခါ၊ လားဟူ၊ ဝ၊ ပလောင်၊ အင်း လူမျိုးအများစုနှင့် အခြား တိုင်းရင်းသားများ စုစည်းနေထိုင်ကြတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျိုင်းတုံမြို့နယ်ကို နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ၆.၂.၂၀၁၉ ရက်နေ့ခရီးစဉ်မှာ မြို့၏ အထင်ကရ အထိမ်းအမှတ်နေရာတစ်ခုဖြစ်သည့် နောင်တုံကန်နှင့် ပတ်သက်ပြီးတော့ ပြည်တွင်း/ ပြည်ပခရီးသွားများ မကြာခဏလာရောက်လည်ပတ်ကြသည့် နေရာဖြစ်ပြီး နွေရာသီ၌ နောင်တုံကန်အတွင်းမှာ ရေခမ်းခြောက်ခြင်း၊ ရေဝင်ရောက်မှု နည်းခြင်းတို့ကြောင့် ငါးများ တစ်နှစ်တစ်ကြိမ် သေကျေပြီးတော့ မြို့လူထုမှာ အနံ့အသက်များ ဆိုးရွားစွာ ခံခဲ့ကြရပါတယ်။ အဲ့ဒီလို အခက်အခဲတွေရှိတဲ့အတွက် နောင်တုံကန်ရေဝင်/ ရေထွက် ကောင်းမွန်စေရေးအတွက် မြို့မိ/ မြို့ဖ တစ်ဦးကနေပြီးတော့ တင်ပြခဲ့တဲ့အတွက် ပေ(၉၂၀၀) ရှိတဲ့ ရေမြောင်းကို ဆောင်ရွက်ပေးပါရန် မြို့မိ/ မြို့ဖတို့က တင်ပြခဲ့ပါတယ်။ အဲ့ဒီတင်ပြချက်အရပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နောင်တုံကန် ရေဝင်/ ရေထွက် ကောင်းမွန်စေရေးအတွက် ရန်ပုံငွေခွဲဝေချထားပေးမည်ဟု ကြားသိရတဲ့အတွက် မြို့သူ/ မြို့သားများမှ ဥက္ကဋ္ဌကြီး အပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ကျေးဇူးတင်ကြောင်း ပဏာမအဆင့် ပြောကြားပေးပို့မှာကြားလာပါသဖြင့် ဤမေးခွန်း မေးမြန်းခြင်းနှင့်အတူ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်သည့် ကျိုင်းတုံမြို့နှင့် မြို့၏ ကျက်သရေဆောင် နောင်တုံကန်မှာ ညောင်ရွှေနဲ့ အင်းလေးခွဲခြားလို့ မရသလို ကျွန်တော်တို့ နောင်တုံကန်လည်း ခွဲခြားလို့ မရပါဘူး။ နောင်တုံကန်ပတ်ဝန်းကျင်တွင် ရောင်းချသည့် ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ ကျိုင်းတုံမြို့ကို လာရောက်လာပတ်သည့် ပြည်တွင်း/ ပြည်ပဧည့်သည်တွေ နေ့လည်စာ၊ ညစာများ စားသုံးကြသလို အထင်ကရပုဂ္ဂိုလ်ကြီးများ လာရောက်လည်ပတ်ကြ၊ ကြည့်ရှုကြ၊ အပန်းဖြေကြ မကြာခဏ ရှိတတ်ကြပါတယ်။ နောက် အမှတ်တရဓာတ်ပုံများလည်း ရိုက်ကြပါတယ်။ နောင်တုံကန်ပတ်လမ်းတစ်လျှောက်၌ နံနက်ပိုင်း၊ ညနေပိုင်းတွေမှာ ဒေသခံပြည်သူများမှကျန်းမာရေးအရ လမ်းလျှောက် အားကစား ပြုလုပ်ကြခြင်း၊ မိသားစုများအလိုက် အနားယူအပန်းဖြေကြပါတယ်။

ကျိုင်းတုံမြို့နယ်၏ အထင်ကရနေရာ၊ မြို့ကျက်သရေဆောင် နောင်တုံကန် ကန်ပတ်လမ်း၏ လက်ရှိလမ်းအနေအထားမှာ ပျက်စီးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ဖို့ လိုအပ်ပါတယ်။ လိုအပ်နေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နောင်တုံကန် ကန်ပတ်လမ်းအား နိုင်လွန်ကတ္တရာလမ်း (AC)လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားပေးရေး ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက အနီးဆုံးဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၏ အထက်ကရနေရာ၊ မြို့ကျက်သရေဆောင် နောင်တုံကန် ကန်ပတ်လမ်း၏ လက်ရှိလမ်းအနေအထားမှာ ပျက်စီးမှုများရှိနေကာ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသဖြင့် ၂၀၁၉ –၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နောင်တုံကန်ပတ်လမ်းအား နိုင်လွန်ကတ္တရာ (AC)လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်–

ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ နောင်တုံကန်ပတ်လမ်း (ကတ္တရာလမ်း)အား နိုင်လွန်ကတ္တရာ(AC)လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန် တွက်ချက်မှုအရ နိုင်လွန်ကတ္တရာ(AC)လမ်း (၆၃၀၀'×၃၀'×၆") ခန့်မှန်းကုန်ကျငွေ ကျပ် ၁,၂၄၆.၇၀ သန်းနှင့် ကွန်ကရစ်ရေမြောင်းနှစ်ဖက်ပြုလုပ်ခြင်းမှာ (၆၃၀၀'×၃'×၅') ခန့်မှန်းကုန်ကျငွေ ကျပ် ၆၀၂ သန်းဖြစ်၍ စုစုပေါင်းငွေကျပ် ၁,၈၄၈.၇၀ သန်း ကုန်ကျမည်ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၁၉– ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ဌာနဝင်ငွေအရ လမ်းတံတား တည်ဆောက်ရေးအတွက် ငွေကျပ် ၁၆၈.၈၀ သန်း၊ လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း အတွက်မှာ ငွေကျပ် ၁၄၀.၄၅ သန်း၊ ရေပေးရေး တိုးချဲ့/အသစ်အတွက်ငွေကျပ် ၄၄.၅ သန်း၊ ရေပေးရေးမွမ်းမံ ပြင်ဆင်ခြင်းအတွက် ငွေကျပ် ၁၅ သန်း၊ အခြားလုပ်ငန်းအတွက် ငွေကျပ် ၂၁၉.၃၅ သန်းဖြင့် စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်ငွေ ကျပ် ၅၈၈.၁ သန်းဖြင့် လုပ်ငန်းပေါင်း(၅၉)ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လျာထားရေးဆွဲထားပြီး ဖြစ်သဖြင့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ နောင်တုံကန်ပတ်လမ်း (ကတ္တရာလမ်း)အား နိုင်လွန်ကတ္တရာ (AC)လမ်းအဖြစ် လတ်တလောအခြေအနေတွင် ဆောင်ရွက်

ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတင်ပြခွင့်နှင့်အတူ တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ ယနေ့လက်ဝယ်မှာ ပေးထားပါတယ်။ ၂၀၁၉-၂၀၂၀ ပြည်နယ်ဘဏ္ဍာငွေစာအုပ်မှာ ဖော်ပြထားပါတယ်။ (၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ လုပ်ငန်းစီမံချက် (၃)တွင် ပါဝင်သော Clean and Green City ဆောင်ရွက်ရန် မြို့နယ်(၁၂)မြို့တွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ခေါင်းစဉ်တွေမှာ ဖော်ပြထားပါသောကြောင့် ကျွန်တော်တို့ ကျိုင်းတုံဟာလည်း တစ်မြို့အပါအဝင်ဖြစ်နေပါသဖြင့် ၎င်း Clean and Green City ထဲမှာ ဆောင်ရွက်ရန် အဆိုပြုလျာထားသော ကျပ်သန်း ၇,၀၀၀ ထဲမှ ထိုက်သင့်သော ဘဏ္ဍာငွေကို ဒီ(AC)လမ်းခင်းခြင်း လုပ်ငန်းတွင် ခွဲဝေသုံးစွဲရန် ကိစ္စကိုလည်း တစ်ဆက်တစ်စပ်တည်း ပြုလုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ကျွန်တော်တို့ Tourism ခရီးသွားလုပ်ငန်း မြှင့်တင်ဖို့အတွက် ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(ရှေ့) မြို့ကြီး (၁၂)မြို့မှာ ကျိုင်းတုံဟာ လျာထားတဲ့အထဲမှာ ပါပါတယ်။ အဲ့ကနေပြီးတော့ ၂၀၁၉- ၂၀၂၀ ဘတ်ဂျက်မှာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ အားလုံး Cabinet မှာ ညှိနှိုင်းဆောင်ရွက်ပြီးတော့ ထိုက်သင့်သည့် အတိုင်းအတာနဲ့ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထည့်သွင်းပြီးတော့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် AH-2 လမ်းမကြီးပေါ်ရှိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်မျဉ်း

တွင် ရှမ်းပြည်နယ်အထိမ်းအမှတ် ကွန်ကရစ်မုခ်ဦးတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပဲခူး၊ ကရင်၊ မွန်၊ တနင်္သာရီ လေ့လာရေးခရီးစဉ်ကို ၁၄.၆.၂၀၁၉ မှ ၁၉.၆.၂၀၁၉ ရက်နေ့အထိ သွားရောက်ခဲ့ပါတယ်။ အဲ့ဒီလိုသွားရောက်လေ့လာတဲ့နေရာမှာ ၁၇.၆.၂၀၁၉ ရက်နေ့ နံနက် (၁၀:၃၀)ခန့်နာရီအချိန်မှာ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ကို ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီမှာ ဘာတွေ့ရလည်းဆိုတော့ အဲ့မှာရှိတဲ့ အဝေးပြေးလမ်းမကြီးပေါ်မှာ မြန်မာ၊ မွန်၊ အင်္ဂလိပ် (၃)ဘာသာဖြင့် ရေးသားထားတဲ့ မွန်ပြည်နယ်မှ ကြိုဆိုပါ၏ဟု ဆိုပြီး မွန်ပြည်နယ်အထိမ်းအမှတ် ရွှေဟင်္သာငှက်ရုပ်ပါပြီး ကြိုဆိုနှုတ်ခွန်းဆက် ကွန်ကရစ်မုခ်ဦးကို လှပထင်ရှားစွာ တွေ့မြင်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို ပါဝါပွိုင့်ဖြင့် အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးနယ်စပ် ကွန်ကရစ်မုခ်ဦး ရောက်ခဲ့စဉ်က လွှတ်တော်ကိုယ်စားလှယ်များ ကားပေါ်ကနေဆင်းပြီးတော့ မှတ်တမ်းဓာတ်ပုံများ ရိုက်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ပုံကိုသေချာကြည့်မယ်ဆိုရင် မုဒ်ဦးရဲ့အလယ်မှာ မြန်မာဘာသာဖြင့် မွန်ပြည်နယ်မှ ကြိုဆိုပါ၏ဟု ရေးသားထားတဲ့ စံနှုန်းကိုတွေ့ရရုံသာမက ဘေးနှစ်ဖက်မှာလည်း မွန်ဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ထပ်မံရေးသားထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့ဒီလေ့လာရေးခရီးစဉ်အပြန် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ် နမ့်ပန်တက်ကျေးရွာမှာ ခရီးတစ်ထောက်နားခဲ့ပါတယ်။ လေ့လာစုံစမ်းချက်အရ ယခင်က မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်မှာ ကျောက်တိုင်တစ်ခု စိုက်ထူခဲ့ပြီးကြောင်း၊ ယခုအခါ လမ်းတိုးချဲ့ပြုပြင်နေတာကြောင့် ကျောက်တိုင်မတွေ့တာဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် AH-2 လမ်းမကြီးပေါ်ရှိ မန္တလေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်မျဉ်းတွင် ရှမ်းပြည်နယ်အထိမ်းအမှတ် ဥပမာ– ကိန္နရီ၊ ကိန္နရာမောင်နှံ (သို့မဟုတ်) ရှမ်းအိုးစည် အမှတ်အသားပါသော ရှမ်းပြည်နယ်မှ ကြိုဆိုပါ၏ ဆိုပြီး မြန်မာ၊ ရှမ်း၊ အင်္ဂလိပ် (၃)ဘာသာဖြင့် ရေးသားထားသော ကြိုဆိုနှုတ်ခွန်းဆက်ကွန်ကရစ်မုခ်ဦးတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့် နည်းဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် မေးမြန်းထားတဲ့ မိတ္ထီလာ – တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်း AH–2 လမ်းမကြီးပေါ်ရှိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ကို ပိုင်းခြားထားသော နယ်စပ်မျဉ်းကို ခွပြီးတော့ ရှမ်းပြည်နယ်အထိမ်းအမှတ် ရှမ်းပြည်နယ်မှ ကြိုဆိုပါ၏ဟူသော နှုတ်ခွန်းဆက် ကွန်ကရစ်မုခ်ဦးတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းမှာ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ–တာချီလိတ် လမ်း AH–2 ပေါ်မှာရှိတဲ့ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ နယ်စပ်တွင် နယ်ခြားဆိုင်းဘုတ် စိုက်ထူဖို့အတွက် လမ်းဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာဌာနများမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ကွင်းဆင်းစစ်ဆေး၍ နေရာရွေးချယ်ခြင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ စိုက်ထူမည့် နယ်ခြားဆိုင်းဘုတ်၏ ဗိသုကာဒီဇိုင်းပုံစံ၊ Structure Design ပုံစံနှင့် ဆိုင်းဘုတ်တွင်ရေးမည့် စာသားများပါဝင်တဲ့ အဆိုပြုပုံစံ ၃ ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီး တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူ၍ လာမည့်ပွင့်လင်းကာလများမှာ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်၏ အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ကို ပထဝီအနေ အထားအရ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဖြင့် ခွဲခြားထားပြီး မြန်မာနိုင်ငံ၏ အကျယ်အဝန်းဆုံး ပြည်နယ်ဖြစ်ခြင်းအပြင် တိုင်းရင်းသားမျိုးနွယ်စု၊ စုပေါင်းနေထိုင်လျက်ရှိ ပါတယ်။ ဒေသတစ်ခုဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စု/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေခွဲဝေချထားခြင်းအပြင် အဆိုပါရန်ပုံငွေများကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းများ၏ စိတ်စေတနာသည် အဓိကကျပါတယ်။ **“ဝန်ထမ်း ကောင်းမှ နိုင်ငံကောင်းမည်”**ဟူသော ဆောင်ပုဒ်အတိုင်း အချို့ဒေသများတွင် တာဝန်ထမ်း ဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသည် ကျွန်တော်တို့လို လွှတ်တော်ကိုယ်စားလှယ်များ နှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ကျေပွန်ကာ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသည်မှာ ငြင်းပယ်၍ မရနိုင်ပါ။ တိုင်းဒေသကြီး/ ပြည်နယ်အချို့၌ အဆိုပါ နိုင်ငံ့ဝန်ထမ်းများအား နှစ်စဉ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိ အားကျမိခဲ့ပါတယ်။ ထို့ကြောင့် ထုတ်ပြန် ထားသော ဥပဒေ အသက်ဝင်စေရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့် တာဝန်ရှိ သည့်အပြင် ရှမ်းပြည်နယ်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေနှင့်အညီ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းရဲ့ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်

လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ၃-၉-၂၀၁၄ ရက်နေ့မှာ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်-၃ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၃-၁၁-၂၀၁၅ ရက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ ပြည်နယ်၏ အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရန်၊ ပြည်နယ်၏အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သူများအား စံနမူနာအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုခြင်းအားဖြင့် ပြည်နယ်အကျိုးသယ်ပိုးဆောင်ရွက်လိုသူများ ပိုမိုများပြားလာစေရန်၊ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ် သားကောင်း၊ သမီးကောင်းများ ပြည်နယ်အတွင်းမှ ပိုမိုပေါ်ထွန်းလာစေရန် ဖြစ်ပါတယ်။ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၄ မှာ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ထားပါတယ်။ ဥပဒေရဲ့ အခန်း(၅) ပုဒ်မ ၁၇ အရ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် အစိုးရအဖွဲ့အစည်းများမှ အစိုးရဝန်ထမ်းများအတွက် အထက်အဆင့်ဆင့်မှ သက်ဆိုင်ရာ တရားလွှတ်တော်တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ် သို့မဟုတ် စာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြပြီး စိစစ်၍ စိစစ်ရေးကော်မတီသို့ ပေးပို့ရမည်ဖြစ်ပါတယ်။ တပ်မတော်သားများအတွက် သက်ဆိုင်ရာ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးတို့က သက်ဆိုင်ရာ တပ်မမှူး သို့မဟုတ် တိုင်းမှူးထံ ထောက်ခံတင်ပြပြီး သက်ဆိုင်ရာ တပ်မမှူး သို့မဟုတ် တိုင်းမှူးက ထပ်မံစိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စိစစ်ရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်၊ ပြင်ပပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီက ထောက်ခံချက်နှင့်အတူ ခရိုင်စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး ခရိုင်စီမံခန့်ခွဲရေးကော်မတီက ထပ်မံစိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စိစစ်ရေးအဖွဲ့သို့ တင်ပြရမှာ ဖြစ်ပါတယ်။ စိစစ်ရေးကော်မတီသည် မိမိရရှိသော စိစစ်ထောက်ခံချက်များကို သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ ကိစ္စရပ်တစ်ခုချင်းအလိုက် တင်ပြရမှာ ဖြစ်ပါတယ်။ အခန်း(၂) နည်းဥပဒေ အပိုဒ် ၄ တွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ရွေးချယ်ရေးဆိုင်ရာ စည်းကမ်းချက်များကို ထူးချွန်ဆုအလိုက် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါတယ်-

| | | |
|---|---|---|
| (က) | စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု | ၁၄ ချက် |
| ( ခ) | လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာထူးချွန်ဆု | ၁၁ ချက် |
| ( ဂ) | စက်မှုစီးပွားထူးချွန်ဆု | ၁၅ ချက် |
| (ဃ) | စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု | ၁၁ ချက် |
| ( င) | မွေးမြူရေးထူးချွန်ဆု | ၁၃ ချက် |
| ( စ) | သဘာဝထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု | ၁၁ ချက် |
| (ဆ) | ပညာရေးဆိုင်ရာထူးချွန်ဆု | ၁၄ ချက် |
| ( ဇ) | ကျန်းမာရေးဆိုင်ရာထူးချွန်ဆု | ၁၀ ချက် |
| (ဈ) | လူမှုရေးဆိုင်ရာထူးချွန်ဆု | ၉ ချက် |
| (ည) | ဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု | ၇ ချက် |
| ( ဋ) | သုတေသနဆိုင်ရာထူးချွန်ဆု | ၁၁ ချက် |

အခန်း(၃) နည်းဥပဒေ အပိုဒ် ၅ အရ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှံခြင်း ခံထိုက်သည့်ပုဂ္ဂိုလ်အား ၎င်းဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုထိုက်သည့် အချက်အလက်များကို အဆင့်ဆင့်သော အကြီးအမှူးများ၏ ထောက်ခံချက်များနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ နှစ်စဉ် ဒီဇင်ဘာလ (၁၀)ရက်နေ့ထက် နောက်မကျစေဘဲ တင်ပြရပါမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနများမှလည်း စိစစ်၍ နှစ်စဉ်ဒီဇင်ဘာလ (၂၀)ရက်ထက် နောက်မကျစေဘဲ စိစစ်ရေးကော်မတီသို့ ပေးပို့တင်ပြရမှာ ဖြစ်ပါတယ်။ အခန်း(၄) နည်းဥပဒေ အပိုဒ် ၇ အရ စိစစ်ရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး နှစ်စဉ် ဒီဇင်ဘာလ (၃၁)ရက်နေ့ထက် နောက်မကျစေဘဲ ဝန်ကြီးချုပ်ထံတင်ပြရမည် ဖြစ်ပါတယ်။

အခန်း(၆) နည်းဥပဒေ အပိုဒ် ၁၀ အရ ဆုရရှိသူများ အမည်စာရင်းကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် နှစ်စဉ် ဇန်နဝါရီလ (၁၅)ရက်မှာ ကြေညာချက်ထုတ်ပြန်ရမည် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်နေ့ အခမ်းအနားများမှာ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှ စတင်ချီးမြှင့်ပေးအပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ (၄)နှစ်တာ

ကာလအတွင်း စီမံထူးချွန်ဆု (၁၂)ဆု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု (၄၄)ဆု၊ စီးပွားထူးချွန်ဆု(၁၈)ဆု၊ စိုက်ပျိုးထူးချွန်ဆု (၁၀)ဆု၊ မွေးမြူထူးချွန်ဆု (၁၀)ဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးထူးချွန်ဆု (၂)ဆု၊ လူမှုထူးချွန်ဆု (၂၈)ဆု၊ ပညာရေး ထူးချွန်ဆု (၁)ဆု၊ ကျန်းမာရေးထူးချွန်ဆု (၅)ဆု၊ သာသနာရေးထူးချွန်ဆု (၅)ဆု၊ သုတေသန ထူးချွန်ဆု (၃)ဆု၊ စုစုပေါင်း (၄)နှစ်တာကာလအတွင်းမှာ (၁၃၈)ဆု ချီးမြှင့်ပေးအပ်ခဲ့ပြီး ဖြစ်ပါ တယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း ဆုရရှိသူများကို ဂုဏ်ထူး ဆောင်လက်မှတ်၊ ဆုတံဆိပ်များနှင့်အတူ ပထမအဆင့် ငွေကျပ် ၅ သိန်း၊ ဒုတိယအဆင့် ငွေကျပ် ၃ သိန်း၊ တတိယအဆင့် ငွေကျပ် ၂ သိန်းစီဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ချီးမြှင့်ငွေများနှင့်အတူ ဆုတံဆိပ်များကို ပထမအဆင့် (ရွှေချိန် ၈ ပဲ)၊ ဒုတိယအဆင့် (ရွှေချိန် ၆ ပဲ)၊ တတိယအဆင့် (ရွှေချိန် ၄ ပဲ)စီဖြင့် ဆောင်ရွက်၍ ချီးမြှင့်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သူ များအား လာမည့် ၂၀၂၀ ပြည့်နှစ်၊ ရှမ်းပြည်နယ်နေ့အခမ်းအနားမှာလည်း ဆုချီးမြှင့်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးနည်းဥပဒေနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ယခင် အစိုးရသက်တမ်းမှာ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ (၆)နှစ်တာကာလကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ယခုအချိန် အထိ နည်းဥပဒေ ထွက်ရှိနိုင်ခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့ပြီး လုပ်ငန်း ဆောင်တာများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်တွင် စည်ပင်သာယာရေးနည်းဥပဒေ မရှိသေးတဲ့အတွက် အမိန့်ညွှန်ကြားချက်များဖြင့်သာ လုပ်ငန်း

ဆောင်တာများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါတယ်။ အဲ့လိုအမိန့်ညွှန်ကြား ချက်တွေနဲ့ လုပ်ကိုင်ခဲ့တဲ့အတွက် ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးလုပ်ငန်း ဆောင်တာတွေမှာ တပြေးညီမှုမရှိခြင်း၊ ဘက်ညီမျှမှုမရှိခြင်းတို့ တွေ့ရှိရပါတယ်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ရှမ်းပြည်နယ်လွှတ်တော်တွင်း၌ ကျင်းပပြုလုပ်သော လူထုကြားနာပွဲ တွင်လည်း ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ စည်ပင်သာယာ နည်းဥပဒေအမြန်ဆုံး ထွက်ရှိရေး တိုက်တွန်းပြောဆိုခဲ့သည်ကို သိရှိရပါတယ်။

သို့ဖြစ်ပါ၍ သိရှိမေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးနည်းဥပဒေအား ယခုလွှတ်တော်သက်တမ်း ကာလအတွင်း ရေးဆွဲပြဋ္ဌာန်းကျင့်သုံးသွားရန် အစီအစဉ် ရှိ/ မရှိ နှင့် မည်သည့်အခက်အခဲများကြောင့် နည်းဥပဒေ ထွက်ရှိရန် နှောင့်နှေးကြန့်ကြာနေရပါ သနည်း၊ အစရှိသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုခဲ့ပြီး(၆)နှစ် ကြာမြင့်သည်အထိ နည်းဥပဒေထွက်ရှိခြင်းမရှိသည့် ကိစ္စနှင့် ပတ်သက်၍-

(က) ရှမ်းပြည်နယ်စည်ပင်သာယာရေး နည်းဥပဒေအား ယခုလွှတ်တော် သက်တမ်း ကာလအတွင်း ရေးဆွဲပြဋ္ဌာန်းကျင့်သုံးသွားရန် အစီအစဉ် ရှိ/ မရှိ။

( ခ) မည်သည့်အခက်အခဲများကြောင့် နည်းဥပဒေ ထွက်ရှိရန် နှောင့်နှေးကြန့်ကြာ နေရပါသနည်းဆိုသည်နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်-

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်( ၁၀/၂၀၁၃ )ကို ၂၀၁၃ ခုနှစ်၊အောက်တိုဘာလ (၁၅)ရက်နေ့တွင် ရှမ်းပြည်နယ် လွှတ်တော်မှ ပြဋ္ဌာန်းခဲ့ပြီးနောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်းကမ်း

များ (၂၄)မျိုးကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃- ၁/ ၂၀၁၆)၊ ဆုံးဖြတ်ချက် အပိုဒ် ၄ (၁-၅) ဖြင့် အတည်ပြု ချက်အရ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထို့နောက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသည့် “ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်၊ ၁၀)အား ပြန်လည်သုံးသပ် ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တိုက်တွန်းခြင်း” အဆိုအား လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် နည်းဥပဒေရေးဆွဲရေး ကော်မတီ ဖွဲ့စည်းခဲ့ပြီး နည်းဥပဒေရေးဆွဲရေးကော်မတီမှ နည်းဥပဒေ( မူကြမ်း)(၂၃)ခုအား ပြုစု၍ ဥပဒေပိုင်းဆိုင်ရာ စိစစ်ပေးနိုင်ပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက် တင်ပြခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြင်ဆင်အကြံပြုချက်များ၊ သဘောထားမှတ်ချက် များအား ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှပေးပို့လာရာတွင် နည်းဥပဒေအား စိစစ်ရာ၌မူရင်းစည်ပင် သာယာရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ ပြင်ဆင်ဖြည့်စွက် အတည်ပြုပြီးမှသာ စည်ပင်သာယာရေးနည်းဥပဒေများကို ဆက်လက်ရေးဆွဲဆောင်ရွက်ခြင်းက ပိုမိုသင့်မြတ် မည်ဟု သဘောထားပြန်ကြားထားပါကြောင်းနှင့် အကြံပြုချက်(၁၂)ချက်အား ဆက်လက် ပေးပို့လာပါတယ်။

အထက်ပါ တင်ပြခဲ့သည့် နည်းဥပဒေ(၂၃)ခုအနက် စည်ပင်သာယာရေးကော်မတီ ဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေနှင့် စည်ပင်သာယာရေးကော်မတီဝင်များ၏ လုပ်ငန်း တာဝန်ဆိုင်ရာနည်းဥပဒေ (၂)ခုမှာ နည်းဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင်များနှင့် အသေးစိတ် ပြန်လည်ညှိနှိုင်းစိစစ်ရန် လိုအပ်နေပါသဖြင့် ခေတ္တဆိုင်းငံ့ခဲ့ပြီး ကျန်ရှိသော နည်းဥပဒေ (၂၁)ခုကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စိစစ်အကြံပြုချက်များအတိုင်း ပြင်ဆင် ဆောင်ရွက်ခဲ့ပြီးနောက် နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစီအစဉ် (၇)နှင့် (၉)ကို တစ်ဆက်တည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ယင်းဥပဒေ(မူကြမ်း)(၂)ခုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို နှစ်စဉ်ရေးဆွဲ၍ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြလျက်ရှိပါတယ်။ ယနေ့ အစည်းအဝေးမှာ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား တင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအား ပြည်ထောင်စုမှ သတ်မှတ်ပေးတဲ့ ဘောင်အတွင်း ဝင်အောင်ရေးဆွဲပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ အတည်ပြုချက်နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား ၁၇-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပပြု လုပ်ခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရေးဆိုင်ရာ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး (၃/၂၀၁၉) ၌ တင်ပြအတည်ပြုခဲ့ ပါတယ်။ ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေး (၃/၂၀၁၉) မှ အတည်ပြုခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေ **ကျပ် ၄၅.၃၀၅ ဘီလီယံ**နှင့် ငွေလုံးငွေရင်းရငွေ **ကျပ် ၀.၀၂၀ သန်း**၊ စုစုပေါင်းရငွေ **ကျပ် ၄၅.၃၀၅ ဘီလီယံ**ဖြစ်ပြီး သာမန်အသုံးစရိတ်ငွေ**ကျပ် ၁၀၇.၈၄၉ ဘီလီယံ**၊ ငွေလုံးငွေရင်းအသုံးစရိတ် **ကျပ် ၁၈၈.၁၄၅ ဘီလီယံ**၊ စုစုပေါင်းအသုံးစရိတ် **ကျပ် ၂၉၅.၉၉၅ ဘီလီယံ** ဖြစ်တဲ့အတွက် လိုငွေ **ကျပ် ၂၅၀.၆၈၉ ဘီလီယံ** ဖြစ်ပေါ်ပါတယ်။

ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး (၃/၂၀၁၉)က အတည်ပြုထားတဲ့ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ ဘတ်ဂျက်လိုငွေ အတွက် ထောက်ပံ့ငွေ အပါအဝင် ရငွေအပိုင်းတွင် အခွန်အကောက်ရငွေ ကျပ် ၃၄.၃၃ ဘီလီယံ၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၂.၂၅၅ ဘီလီယံ၊ အခြားသာမန်ရငွေ ကျပ် ၂၃.၆၁၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၂၀ သန်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၅,၀၀၀.၀၀၀ ၊ ဘတ်ဂျက်လိုငွေအတွက် ပြည်ထောင်စုထောက်ပံ့ ငွေမှရငွေ ကျပ် ၂၅၀.၆၈၉ ဘီလီယံနှင့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် အရေးပေါ်ရန်ပုံငွေ ကျပ်သန်း ၁,၀၀၀.၀၀၀ ချထားပေးခဲ့သည့်အတွက် စုစုပေါင်းရငွေ ကျပ် ၂၉၅.၉၉၅ ဘီလီယံ ရရှိမှာ ဖြစ်ပါတယ်။ အသုံးစရိတ်အပိုင်းတွင် သာမန်အသုံးစရိတ် ကျပ် ၁၀၇.၈၄၉ ဘီလီယံနဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၈၈.၁၄၅ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၉၅.၉၉၅ ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။ Power Point slide (7) မှ (13) အထိကို အသေးစိတ် တင်ပြခြင်းမပြုဘဲ Power Point slide (14) **သာမန်အသုံးစရိတ်**တွင် လစာနှင့်စရိတ် ချီးမြှင့်ငွေ ပါဝင်မှုရာခိုင်နှုန်း **၃၆.၇၈ %**၊ ထောက်ပံ့ငွေအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း **၄.၆၄ %** နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း **၅၈.၅၉ %** သုံးစွဲရန် လျာထားပြီး Power Point slide (16) မှာ **ငွေလုံးငွေရင်း အသုံးစရိတ်တွင်** ဆောက်လုပ်ရေးလုပ်ငန်း (ဒေသဖွံ့ဖြိုးရေးအပါအဝင်) ပါဝင်မှုရာခိုင်နှုန်း **၉၇.၃၁ %**၊ စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ် ပါဝင်မှုရာခိုင်နှုန်း **၂.၀၁ %**၊ အခြားငွေစာရင်းခေါင်းစဉ်အတွက် ပါဝင်မှုရာခိုင်နှုန်း **၀.၆၉ %** စသဖြင့် အသီးသီးလျာထားပါတယ်။ ယခုအစည်းအဝေးမှာ အဲဒီစာရင်းတွေအပေါ် အခြေခံပြီး

တော့ ရေးဆွဲထားတဲ့ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ယခုတင်ပြထားတဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းကို အခန်း (၃)ခန်း၊ အပိုင်း (၅)ပိုင်းနဲ့ ဇယား (၈)ခုဖြင့် ရေးဆွဲ ထားပါတယ်။ အပိုင်း(၁) "အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်"၊ အပိုင်း(၂) "ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ အခန်း(၁) ရငွေများနှင့် သုံးငွေများ၊ အခန်း(၂) ငွေချေးယူခြင်း၊ အခန်း(၃) ပြည်ပအကူအညီရယူခြင်း"၊ အပိုင်း(၃) "ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ"၊ အပိုင်း(၄) "စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများ"၊ အပိုင်း(၅)"အရေးပေါ် ရန်ပုံငွေ"ဟူ၍ ဥပဒေအား ပိုင်းခြားရေးဆွဲထားပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထူးခြားမှုအနေဖြင့် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်း စစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များနှင့် စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် အရ/ အသုံး ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များ နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက်သာလျှင်ဆောင်ရွက် ခွင့်ရှိပြီး အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ကြောင်း ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ဖော်ပြပါရှိကြောင်း တင်ပြအပ်ပါတယ်။ ဇယား (၁)နဲ့ (၂) မှာ ဗဟိုအဖွဲ့အစည်း (၅)ခုရဲ့ ရငွေ **ကျပ် ၂၀,၈၉၃.၇၅၉ သန်း**၊ သုံးငွေ **ကျပ် ၅၉,၁၁၆.၉၉၇ သန်း**၊ ဇယား(၃)အစမှာ အခွန်ရငွေ **ကျပ် ၃,၄၃၃. ၉၅၇ သန်း**၊ ဇယား(၃)အဆုံးမှာ ဦးစီးဌာန(၁၉)ခုရဲ့ ရငွေ **ကျပ် ၂၅၂,၄၄၃.၂၀၂ သန်း**၊ ဇယား (၄) မှာ ဦးစီးဌာန (၁၉) ခုနှင့် ကုန်တင်ကုန်ချကော်မတီရုံး၏သုံးငွေ **ကျပ် ၁၇၄,၆၃၃.၇၀၈ သန်း**၊ ဇယား(၅)နှင့် (၆)မှာ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း(၁)ခုရဲ့ ရငွေ **ကျပ်သန်း ၃၀.၀၀၀**၊ သုံးငွေ **ကျပ် ၃၆,၁၀၅.၀၀၀ သန်း**၊ ဇယား(၇)နှင့်(၈) မှာ စည်ပင်သာယာရေး

အဖွဲ့များရဲ့ရငွေ **ကျပ် ၁၉,၁၉၄.၅၄၇ သန်း၊** သုံးငွေ **ကျပ် ၂၆,၁၃၉.၇၆၁ သန်း** စသဖြင့် အသီးသီးထည့်သွင်းရေးဆွဲထားပါတယ်။

၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပေါ် အခြေပြုရေးဆွဲထားတဲ့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂- ၉ / ၂၀၁၉)မှ အတည်ပြုပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးမှ ဆက်လက်ပြီးတော့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဆက်လက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးမှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အခု တင်သွင်းမဲ့ ရှမ်းပြည်နယ်၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ ကြမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့စာအုပ် (၄)အုပ်ရှိပါတယ်။

ပထမစာအုပ်ကတော့ “ရှမ်းပြည်နယ်၏ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်း”စာအုပ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ် ဝန်ကြီးချုပ်လက်မှတ်ရေးထိုး ထုတ်ပြန်မှာဖြစ်ပြီး ကျန်စာအုပ်တွေဖြစ်တဲ့ နောက်ဆက်တွဲ (၁)(၂)(၃)ကို ဒေသန္တရစီမံကိန်းဥပဒေကြမ်းစာအုပ်အတွက် အထောက်အကူပြုတဲ့ စာအုပ်တွေ ဖြစ်ပြီး စုစုပေါင်း စာအုပ်(၄)အုပ် ဖြန့်ဝေထားတာ ဖြစ်ပါတယ်။

ပထမဦးစွာ “ရှမ်းပြည်နယ်၏ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ ကြမ်း”မှာ ပါဝင်တဲ့ အဓိကကျတဲ့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တင်ပြသွားပါမယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)ကို (နှစ်အလိုက်ဈေးနှုန်းများ) အရ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်း တန်ဖိုး ကျပ် ၆၀၆၆ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းမှာ ကျပ် ကျပ် ၆၇၂၀ ဘီလီယံ ရရှိရန်နှင့် ၁၀.၈ ရာခိုင်နှုန်း တိုးတက်ပြောင်းလဲဖို့ ရည်မှန်းထားတာ ဖြစ်ပါတယ်။

၂၀၁၅– ၂၀၁၆ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းတန်ဖိုး ကျပ် ၅၂၈၂ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်းတွင် ကျပ် ၅၅၈၉ ဘီလီယံ ရရှိရန်နှင့် တိုးတက်မှုနှုန်း ၅.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပြီး လူတစ်ဦးချင်းစီရဲ့ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို ကျပ် ၁,၀၄၅,၄၇၀ (ဆယ်သိန်းလေးသောင်းငါးထောင်လေးရာခုနှစ်ဆယ်ကျပ်) ဖြစ်ပေါ်ဖို့ ရည်မှန်းထားပါတယ်။ မြေယာအသုံးချမှု အခြေအနေများအနေနဲ့ အသားတင် စိုက်ပျိုးမြေ ၇.၉ ရာခိုင်နှုန်း၊ ပလပ်ထားသည့်မြေ ၁.၂ ရာခိုင်နှုန်း၊ စိုက်ပျိုးနိုင်သော မြေရိုင်း ၁၂.၃ ရာခိုင်နှုန်း၊ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောမြေ ၂၅.၅ ရာခိုင်နှုန်း၊ စိုက်ပျိုးခြင်း မပြုနိုင်သောမြေ ၂၇.၀ ရာခိုင်နှုန်း၊ အခြားမြေ ၂၆.၁ ရာခိုင်နှုန်း ဖြစ်ပေါ်ပြောင်းလဲဖို့ ရည်မှန်းထားပါတယ်။ စီးပွားရေးကဏ္ဍကြီးတွေအနေနဲ့ လယ်ယာကဏ္ဍကြီးကို ၁.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို ၇.၈ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးကို ၈.၀ ရာခိုင်နှုန်း အသီးသီး တိုးတက်စေဖို့လည်း ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရဲ့ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)ရဲ့ တိုးတက်မှုနှုန်းများအနေနဲ့ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ၅.၁ ရာခိုင်နှုန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၂.၉ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၂.၄ ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၁.၂ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၄.၁ ရာခိုင်နှုန်း အသီးသီးတိုးတက်စေဖို့ ရည်မှန်းထားပါတယ်။

ဆက်လက်ပြီး နောက်ဆက်တွဲ (၁)မှာပါတဲ့ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကို တင်ပြပေးပါမယ်။ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်ကတော့ “ရှမ်းပြည်နယ် အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်စေရမည်” ဖြစ်ပြီး

မူဝါဒတွေအနေနဲ့

(၁) ပြည်နယ်အတွင်းနယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊

(၂) ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီးပွားရေးအခြေခံကောင်းများရရှိရေး၊

(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးရှိစွာ ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်အသုံးပြုရေး၊

(၄) ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်စေရေးတို့ဖြစ်ပါတယ်။

ရည်မှန်းချက်ကတော့

(၁) ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၂) ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊

(၃) အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီရန်၊

(၄) ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်စေရန်၊

(၅) သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊

(၆) ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိ စေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်ဆိုပြီး သတ်မှတ်ရည်မှန်း ထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ(၁) စာအုပ်မှာ အသေးစိတ်ဖော်ပြထားပါတယ်။ နောက်ဆက်တွဲ(၂)မှာတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများအနေနဲ့ ကျပ် ၄၁.၉ ဘီလီယံ၊ ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ ကျပ် ၃.၃ ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေနဲ့ ၁.၈ ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျပ် ၁.၈ ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ကျပ် ၁.၁ ဘီလီယံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနအနေနဲ့ ကျပ် ၃၆.၁ ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျပ် ၃.၈ ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့ ကျပ် ၁.၀ ဘီလီယံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အနေနဲ့ ကျပ် ၂၄.၃ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျပ် ၈၀.၉ ဘီလီယံနှင့် စည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ ကျပ် ၁၆.၅ ဘီလီယံ၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၈၈.၁ ဘီလီယံကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ရင်းနှီးမြှုပ်နှံဖို့ လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နဲ့ အချို့သောကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပြီး၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြဋ္ဌာန်းပြီးချိန်မှာ သက်ဆိုင်ရာ မြို့နယ်စီမံကိန်း ဦးစီးရုံးများရဲ့ ကြော်ငြာသင်ပုန်းများမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မဲ့ လုပ်ငန်းတွေနှင့်အတူ အသိပေးကြော်ငြာပေးထားမှာ ဖြစ်ပါကြောင်းလည်းထည့်သွင်းပြောကြားလိုပါတယ်။

နောက်ဆက်တွဲ(၃)မှာ ရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပါတယ်။

ရှမ်းပြည်နယ်ရဲ့ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းတွေကို လယ်ယာကဏ္ဍမှာ ၀.၆ ရာခိုင်နှုန်း၊ သားငါးကဏ္ဍမှာ ၅.၀ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှာ(–) ၁၉.၇ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍမှာ ၃.၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍမှာ ၆.၈ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ ၇.၃ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍမှာ ၁၀.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍမှာ ၇.၁ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍမှာ ၇.၇ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍမှာ ၇.၆ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှာ ၃.၀ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍမှာ ၁၁.၆ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍမှာ ၇.၈ ရာခိုင်နှုန်း အသီးသီးတိုးတက်ရရှိဖို့ ရည်မှန်းထားပါတယ်။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ ဖော်ပြပါ ရှမ်းပြည်နယ် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားပြု တင်သွင်းအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရှမ်းပြည်နယ် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း(၂)ခုအား လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၁၉ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ဆွေးနွေးမည့် အချက်ကိုဖော်ပြ၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၂၀ ရက်(သောကြာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ဆွေးနွေးမည့် အချက်ကိုဖော်ပြ၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်ထွဏ်းက အဆိုတစ်ရပ်အား

လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များကျင်းပ နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်း ရေးဆွဲရေး”** အဆိုဖြစ်ပါတယ်။ ယခု ဦးအောင်ထွဏ်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်သွင်းမည့် အဆိုကတော့ “ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင်ရန်နှင့် ရိုးရာဓလေ့ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး” အဆို တစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် မြန်မာ နိုင်ငံဧရိယာ၏ (၂၃%) ရှိသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် အကျယ်ဆုံး ပြည်နယ်ဖြစ်သည့်အပြင် လူဦးရေအားဖြင့် (၅၂)သိန်းကျော်ရှိပြီး လူမျိုးစုပေါင်း(၃၃)မျိုး မှီတင်း နေထိုင်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါ တိုင်းရင်းသားလူမျိုးများသည် ကိုယ်ပိုင်စကား၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများရှိကြပြီး အခါအားလျော်စွာ ဖော်ထုတ် လုပ်ဆောင်လျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည် ဟူ၍ လည်းကောင်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၈) တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း(၂) ရည်ရွယ်ချက် ပုဒ်မ ၃(ဂ)တွင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုရိုးရာ ဓလေ့ ထုံးတမ်း အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက် ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဟူ၍ လည်းကောင်း ရည်ရွယ်ချက်ပါရှိပါတယ်။ အခန်း(၃)

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ ဥပဒေပုဒ်မ ၄(က)တွင် တိုင်းရင်းသား လူမျိုးများသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် မဆန့်ကျင်လျှင် မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ၊ သာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။ ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီသက်ဆိုင်ရာ လူမျိုးစုများကလည်း မိမိတို့တတ်နိုင်သည့် ရန်ပုံငွေပေါ်မူတည်ပြီး တစ်ချို့က နှစ်စဉ်၊ တစ်ချို့ကရံဖန်ရံခါ ကျင်းပ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော် (ပီမိုင်တိုင်း)၊ ပအိုဝ်း တိုင်းရင်းသားများ၏ အမျိုးသားနေ့၊ အင်းတိုင်းရင်းသားများ ဆုံဆည်းရာနေ့၊ ဓနု တိုင်းရင်းသားများ၏ ဆုံဆည်းရာနေ့၊ တအာင်း(ပလောင်) တိုင်းရင်းသားများ၏ (ဆငီလံက်နီး)ခေါ် နှစ်သစ်ကူးနေ့နှင့် နှစ်စဉ်ဩဂုတ်လ (၃၀)ရက်နေ့ရောက်တိုင်း တအာင်း စာပေနေ့ဟူ၍လည်းကောင်း ကျင်းပကြပါတယ်။ အခြားသော ညီနောင်တိုင်းရင်းသားများ ဖြစ်သည့် ဝ၊ လားဟူ၊ အာခါ၊ ကယန်းစသည်များဟာလည်းပဲ နှစ်စဉ်ကျင်းပဆောင်ရွက်နေ တာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုကျင်းပခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ရရှိစေခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်လာပြီး နိုင်ငံတော်ကို ကာကွယ်လိုသည့်စိတ်ပြင်းပြလာခြင်းစတဲ့ ဝံသာနုရက္ခိတတရားများ ပိုမိုကိန်းအောင်းလာစေမှာ ဖြစ်ပါတယ်။

ဒီလိုကျင်းပနိုင်ရေးအတွက် နိုင်ငံတော်မှ ငွေကြေးပံ့ပိုးကူညီရန် တာဝန်ရှိပါတယ်။ ဥပဒေအရလည်း ကူညီရမည်ဟု ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ သို့သော် လက်ရှိအခြေအနေမှာ နိုင်ငံတော်က ငွေကြေးတစ်စုံတစ်ရာ ပံ့ပိုးကူညီပေးခြင်းမရှိတာကို တွေ့ရှိရပါတယ်။ တစ်ချို့ နေရာတွေမှာအခုလို ရိုးရာပွဲတော် လုပ်ဖို့အတွက်တောင် အစိုးရဌာနများထံ ခွင့်ပြုချက် တောင် တောင်းရပါသေးတယ်။ နောက်ပြီး တိုင်းရင်းသားများရဲ့ စာပေ၊ ယဉ်ကျေးမှုကော်မတီ အသင်းအဖွဲ့မှတ်ပုံတင်ရာမှာလည်း ပြည်ထဲရေးဝန်ကြီးဌာနကို ငွေကျပ်(၅)သိန်းတောင် သွင်းရပါသေးတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၅ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၈) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက် သည့် ဥပဒေပုဒ်မ ၁၃ တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည်

သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်” ဟု အတိအလင်း ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါတယ်။

၎င်းဥပဒေအရ တစ်ချို့သော ပြည်နယ်အစိုးရသည် ၎င်းတို့ပြည်နယ်ရှိတိုင်းရင်းသားလူမျိုးများအတွက် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထား သုံးစွဲခွင့်ပြုထားတာကို တွေ့ရှိရပါတယ်။ ဥပမာလေ့လာရေးခရီးစဉ်တွင် အတွေ့အကြုံအရ မွန်ပြည်နယ်လွှတ်တော်သည် မွန်ပြည်နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားများအတွက် လူမျိုးတစ်မျိုးလျှင် တစ်နှစ်လျှင် ကျပ်သိန်း(၁၀၀၀)နှစ်စဉ်သုံးစွဲရန် လျာထားတင်ပြပြီး အစိုးရအဖွဲ့မှလည်း နှစ်စဉ်ခွင့်ပြုထားကြောင်း တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့လည်း ရံဖန်ရံခါ အချို့သော တိုင်းရင်းသားများအတွက် ပွဲလမ်းသဘင်ကျင်းပရန် **Budget** အနည်းအကျဉ်းခွဲဝေပေးကြောင်း သိရှိရပါတယ်။ ဒါကလည်း တိုင်းရင်းသားအားလုံးအတွက် လွှမ်းခြုံမှုမရှိသေးတာကို တွေ့ရှိရပါတယ်။ သိရှိတဲ့လူမျိုးကတောင်းဆိုပြီး ရခဲ့သလို မသိရှိလို့ မတောင်းဆိုတဲ့လူမျိုးတွေကလည်း မရခဲ့တာတွေရှိနေပါတယ်။ ဒါကြောင့် လူမျိုးစုများ၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်သက်ဆိုင်သော ပွဲလမ်းသဘင်များ၊ ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူမျိုးစုအနည်းအများပေါ် မူတည်ပြီး မျှတသောအချိုးဖြင့် ထောက်ပံ့နိုင်ရန် ထိုက်သင့်သည့် ရန်ပုံငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းပေးရေးအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ **“ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင်**

**နှစ်စဉ်ထည့်သွင်းရေးဆွဲရေး”** အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအောင်ထွဏ်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးအောင်ထွဏ်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။

နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(ဒုတိယနေ့)မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်**

**၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၁၈ ရက်**

**[ ဗုဒ္ဓဟူးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၈၆%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏

ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈-၉-၂၀၁၉) ရက်နေ့ (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၃) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၇)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်းကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ကြွရောက်ချီးမြှင့်ပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်အတွင်းရှိ အစားအသောက်များ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းစေရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့သောအစီအမံများ ဆောင်ရွက်ထားရှိသည် ဆိုတဲ့ခေါင်းစဉ်နဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုကဏ္ဍသို့ရောက်ရှိရန် မူဝါဒချမှတ်ထားပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံလူဦးရေ သုံးပုံနှစ်ပုံခန့်သည် စိုက်ပျိုးရေးကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားအားလုံးသည် ဆန်စပါးကိုသာ အဓိကထား စားသုံးမှီဝဲနေကြပါတယ်။

ရှေးဘိုးဘေးဘီဘင် လက်ထက်တုန်းက စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာကိုသာ အသုံးပြုစိုက်ပျိုးကြတဲ့အတွက် ဆန်စပါး၊ အသီးအနှံ၊ အရွက်များသည် (Organic) စစ်စစ်ဖြစ်ကြသဖြင့် ရှေးလူကြီးများသည် အနာရောဂါကင်းရှင်းပြီး အသက်ရှည်ရှည် သက်တမ်းစေ့နေထိုင်ခဲ့ကြတာကို တွေ့ရှိရပါတယ်။

နောက်ပိုင်းမှာတော့ တိုးပွားလာတဲ့ လူဦးရေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ (Supply and Demand) မျှတဖို့အတွက်ရော၊ စီးပွားရေးတွက်ချေကိုက်ဖို့အတွက်ရော တောင်သူလယ်သမားတွေဟာ သဘာဝမြေသြဇာကို အားမထားတော့ဘဲ လွယ်လွယ်ဝယ်လို့လဲရ၊ လွယ်လွယ်သုံးနိုင်တဲ့ ဓာတုဆေးတွေ၊ ဓာတ်မြေသြဇာတွေကိုဝယ်ယူပြီး တွင်တွင်ကျယ်ကျယ်သုံးစွဲလာတာကို တွေ့ရှိရပါတယ်။ အသီးအနှံတွေ၊ အရွက်တွေ၊ အပွင့်တွေ မြန်မြန်ဆန်ဆန်နဲ့ ကြီးထွားလာအောင် ဓာတ်မြေသြဇာ၊ ဓာတုဆေးတွေကို သုံးလာကြတာကို တွေ့လာရပါတယ်။ ဥပမာ– အသီးသီးတဲ့ သရက်ကိုင်းတစ်ကိုင်းကိုဖောက်ပြီး ဆေးတစ်မျိုးထည့်လိုက်တာနဲ့

တစ်ပတ်အတွင်း အဲ့ဒီအကိုင်းက သရက်သီးတွေဟာ တစ်ခြားအကိုင်းက အသီးတွေထက် ပိုကြီးလာတာ တွေ့ရပါတယ်။ အဲ့ဒီအပေါက်တွေထဲ အဝါရည်ဆေးတစ်မျိုး ထည့်လိုက်တာနဲ့ အဲဒီအကိုင်းတစ်ခုလုံး အသီးတွေဟာ ဝင်းဝါပြီးမှည့်လာတာ တွေ့ရပါတယ်။ တစ်ခြား အကိုင်းက အသီးတွေတော့ သေးငယ်တုန်းပဲ ရှိပါသေးတယ်။ အလားတူ ဖရဲသီးတွေချိုအောင် ဆေးထိုးတာ၊ ငှက်ပျောသီးတွေ မြန်မြန်မှည့်လာအောင် ဆေးတွေစိမ်တာ၊ ပဲသီးတွေပိုရှည် လာအောင် ဆေးတွေစိမ်တာတွေ လုပ်လာကြပါတယ်။ အခြားသော စားသုံးသီးနှံတွေ ဘယ်ဟာမှ ဓာတုဆေးကင်းလွတ်တာ မရှိသလောက်ဖြစ်နေပါတယ်။ အစွမ်းကုန် ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ ဆန်စပါးတွေတောင် ဓာတုဆေး မလွတ်ကင်းပါဘူး။ တောင်သူလယ်သမားတွေ ပလိုင်းထဲ ပုလဲဓာတ်မြေဩဇာထည့်ပြီး စပါးခင်းထဲမှာ ကြဲပက် နေကြတာကို TV ကြည့်သူတိုင်း နေ့တိုင်းတွေ့မြင်ကြမှာ ဖြစ်ပါတယ်။

အသီးအနှံတွေပဲ ဓာတုဆေးတွေသုံးသလားဆိုရင်မကပါဘူး၊ မွေးမြူရေးဝက်တွေ အသားတိုးအောင် (ကယ်ဗိုဇစ်) ဆိုတဲ့ ဝက်အသားတိုးဆေးတွေ၊ ကြက်တွေဆိုရင် (၄၅)ရက် ထဲနဲ့ (၃/ ၄)ပိဿာ ကြီးလာအောင် ဆေးတွေကျွေးနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားအားလုံး နေ့စဉ်စားသုံးနေကြတဲ့ ဆန်တွေ၊ အသီးအနှံတွေ၊ အသားငါးတွေဟာ ဓာတုဆေးတွေမလွတ်ကင်းကြပါဘူး။ ကျွန်တော်တို့နေ့စဉ် ဝယ်ယူ စားသောက်နေကြတဲ့ အစားအစာတွေဟာ သေဆေးကို နေ့စဉ်ဝယ်စားနေကြရသလို ဖြစ်နေပါတယ်။ ဒါကြောင့် အဲဒီအစားအစာထဲမှာပါတဲ့ ဓာတုဓာတ်ကြွင်းတွေကြောင့် နောက်ပိုင်း လူတွေဟာ အနာရောဂါထူပြောခြင်း၊ မကြားဖူးတဲ့ရောဂါဆန်းတွေ စွဲကပ်ပြီး အသက်တိုလာကြပါတယ်။ လူတန်းစေ့မနေနိုင်ခြင်းစသည်များကို တွေ့ရှိရပါတယ်။ စီးပွားရေး သမားတွေကလည်း ဓာတ်မြေဩဇာတွေ၊ ဓာတုဆေးတွေကို TV မှာရော၊ ရေဒီယို၊ ဂျာနယ် တွေမှာပါ တွင်တွင်ကျယ်ကျယ် ကြော်ငြာလာတာ တွေ့ရပါတယ်။ မမြင်ချင်အဆုံး ကားလမ်း တစ်လျှောက် ဓာတ်တိုင်တွေမှာရော၊ သစ်ပင်ပါမကျန် ကြော်ငြာကပ်လာတာတွေ့ရပါတယ်။ စီးပွားရေးသမားတွေ ချမ်းသာသထက် ချမ်းသာလာပြီး လူတွေကတော့ အသက်တိုသထက် တိုလာပါတယ်။

တောင်သူလယ်သမားတွေလည်း ဓာတ်မြေဩဇာတွေ၊ ဓာတုဆေးတွေမသုံးရင် ကိုယ်ကိုယ်တိုင်လည်း ခေတ်မမီသလိုခံစားရပြီး အပြိုင်အဆိုင် ဝယ်ယူသုံးစွဲလာတာ တွေ့ရ ပါတယ်။ ဒီနေရာမှာ ကြားဖြတ်အနေနဲ့ ဗဟုသုတစာတမ်းလေးတစ်ခု တင်ပြခွင့်ပြုပါ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် (တနင်္လာနေ့)ထုတ် Daily Eleven သတင်းစာ ခေါင်းစီးပိုင်းမှာပါတဲ့ “ရန်ကုန်ဆေးရုံသစ်ကြီးသို့ တက်ရောက်ကုသသော အဆိပ်သင့်လူနာ တစ်နှစ်ထက်တစ်နှစ်

ပိုများလာပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးကြောင့်ဖြစ်သော ဓာတုအဆိပ်သင့် လူနာအများဆုံးဖြစ်” ဆိုတဲ့ခေါင်းစဉ်နဲ့ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ အကြောင်းအရာကတော့ ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးသို့ တက်ရောက်လာသော အဆိပ်သင့်လူနာ တစ်နှစ်ထက်တစ်နှစ်ပိုများလာပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အဆိပ်သင့်မှုကြောင့်ဖြစ်သော ဓာတုအဆိပ်သင့်မှုနှင့် လူနာအများဆုံးဖြစ်နေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးနှင့် ဆေးသုတေသနဦးစီးဌာနမှ ပူးပေါင်းပြုလုပ်သည့် သုတေသနစာတမ်းအရ သိရှိရပါတယ်။ ၂၀၁၁ ခုနှစ်၊ ဆေးရုံတက်လူနာ၏ ၈.၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွေမှာတော့ ၁၄.၈ ရာခိုင်နှုန်းအထိ များပြားလာကြောင်း၊ စာတမ်းလေ့လာတဲ့ ငါးနှစ်အတွင်းမှာ တွေ့ရှိချက်အရ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်အတွင်း လူငယ်တွေမှာ အဖြစ်များပြီး၊ အလုပ်လုပ်တဲ့ အရွယ်ဖြစ်တဲ့ ၂၆ နှစ်ကနေ ၄၀ နှစ်အတွင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး၊ အမျိုးသမီးတွေမှာ ပိုမိုဖြစ်ပွားတာ တွေ့ရှိရကြောင်း၊ ဆေးသုတေသနဦးစီးဌာနက ထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။ အဆိပ်သင့်လူနာများအနက် ဓာတုအဆိပ်သင့်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုများလာပြီး ၂၀၁၆ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်းအထိ တိုးလာကြောင်းနှင့် ဓာတုအဆိပ်သင့်မှုများတွင် ပိုးသတ်ဆေးအဆိပ်သင့်မှု အများဆုံးဖြစ်ပြီး၊ ကြွက်သတ်ဆေးအဆိပ်သင့်မှု၊ အိမ်တွင်းသုံးဓာတုပစ္စည်းများဖြစ်သည့် အစွန်းချွတ်ဆေး၊ လက်သည်းဖျက်ဆေး၊ ဆပ်ပြာရည် စသည်တို့နှင့် အဆိပ်သင့်မှုများလည်း များပြားလာကြောင်း သုတေသနပြုလုပ်ချက်အရ သိရှိရပါသည်ဆိုတဲ့ စာတမ်းကို လေ့လာဖတ်ရှုရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်မြေဩဇာတွေ၊ ဓာတုဆေးတွေ မပေါ်ခင်တုန်းက သဘာဝမြေဩဇာဖြစ်တဲ့ မြေဆွေး၊ တိရစ္ဆာန်အညစ်အကြေးတွေ သုံးခဲ့ပါတယ်။ ပိုးသတ်ဆေးဆိုရင်လည်း တမာပိုးသတ်ဆေးဆိုတာ သုံးခဲ့ပါတယ်။ အဲဒီသဘာဝ မြေဩဇာတွေ၊ သဘာဝပိုးသတ်ဆေးတွေကို တွင်တွင်ကျယ်ကျယ် ပြန်လည်အသုံးပြုလာအောင် သက်ဆိုင်ရာအစိုးရက အားကြိုးမာန်တက် ပြန်လည်ဖော်ဆောင်ပေးဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အဲ့ဒီသဘာဝမြေဩဇာတွေ၊ သဘာဝပိုးသတ်ဆေးဟာ အန္တရာယ်လည်းကင်းသလို ပြုလုပ်ရန်လည်း အင်မတန် လွယ်ကူပါတယ်။

ကျွန်တော်တို့ နမ့်ဆန်မှာ “ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်း” က ဂျာမနီနိုင်ငံ GIZ အဖွဲ့နဲ့ဆက်သွယ်ပြီး သဘာဝမြေဩဇာပြုလုပ်ခြင်း (တီကောင်မွေးမြူခြင်း)၊ သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်း နည်းစနစ်များကို လာရောက်သင်ကြားပေးခဲ့ပါတယ်။ နမ့်ဆန်နယ်မှ ထွက်ရှိတဲ့ လက်ဖက်နဲ့ အသီးအနှံများဟာ ဓာတုကင်းလွတ်တဲ့

(Organic) အသီးအနှံတွေဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒီအတွက်လည်း နယ်သာလန်နိုင်ငံက (Certificate)လက်မှတ်ထုတ်ပေးထားတာရှိပါတယ်။ ဒါကြောင့် နမ့်ဆန်ကထွက်တဲ့ လက်ဖက်တွေကို စိတ်ချယုံကြည်စွာနဲ့ အသုံးပြုနိုင်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါ ကျွန်တော်တင်ပြချက်အရ ကျွန်တော်တို့ နိုင်ငံသားတွေဟာ အစားအသောက်မှာ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းဝေးစေရေးအတွက် အစားအသောက်များစစ်ဆေးရေး၊ ဓာတ်မြေဩဇာများ၊ ဓာတုဆေးများအစား သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရေးအတွက် အစိုးရမှ မည်ကဲ့သို့သော အစီအမံများ ဆောင်ရွက်ထားရှိသည်ကို သိလိုပါ၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ အစားအသောက်မှာ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းစေရေးအတွက် အစားအသောက်များစစ်ဆေးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ဓာတုဆေးများအစား သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့သော အစီအမံများ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အစားအသောက်များ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်နယ်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးမှုပြုရန် ထုတ်ကုန်လုံခြုံစိတ်ချရမှုကော်မတီကို ဖွဲ့စည်းထားရှိပြီး ကုန်စည်နှင့် ဝန်ဆောင်မှုများကို စစ်ဆေးလျက်ရှိပါတယ်။ ပြည်နယ်အတွင်း ရောင်းချနေသော ကုန်စည်များ လုံခြုံစိတ်ချရမှုအတွက် စားသုံးသူကာကွယ်ရေးဥပဒေအရ ထည့်သွင်းဖော်ပြသင့်သော ကုန်အညွှန်းအမှတ်အသား ပါဝင်မှုရှိ/ မရှိ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်ဖြင့် ရောင်းချနေခြင်း ရှိ/ မရှိ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ/ မရှိ၊

စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီးရောင်းချနေခြင်း ရှိ/ မရှိနှင့် ရက်လွန်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေသည်ကို စစ်ဆေး တွေ့ရှိပါက သတိပေးခြင်း၊ တားမြစ်ခြင်း၊ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့ကို ပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဆေးများအစား သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် "အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ဖန်တီး ဖော်ဆောင်နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲကို ပင်းတယမြို့နယ်၊ ပေါစံသီး ကျေးရွာ၌ ၈- ၅- ၂၁၁၉ မှ ၉- ၅- ၂၀၁၉ ရက်နေ့အထိ ပြုလုပ်ခဲ့ခြင်း၊ "ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် ဓာတုဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲမှုမှသည် ဈေးကွက်ဆီသို့" အလုပ်ရုံဆွေးနွေးပွဲကို လဲချားမြို့နယ်တွင် ၆- ၈- ၂၀၁၉ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ခြင်း၊ "ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့် ကောင်းများရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့တွင် ၂၂- ၈- ၂၀၁၉ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများမှ ဓာတုဓာတ်မြေဩဇာနှင့် ဓာတုဆေးများအစား သဘာဝမြေဩဇာ၊ သဘာဝ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနည်းများကို စာတွေ့လက်တွေ့ ပို့ချပေးခဲ့ပါတယ်။ ဓာတု ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကြောင့် စားသုံးသူများ ဘေးအန္တရာယ်များရှိနိုင် သောကြောင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး၍ စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ၂၀၁၇- ၂၀၁၈ ခုနှစ်တွင် ဘက်စုံအဆင့်မြှင့်နည်းပညာသုံး စံပြကျေးရွာ တစ်ခရိုင်လျှင် (၁)ရွာ၊ တစ်မြို့နယ်လျှင် (၁)ရွာ၊ ပေါင်း(၆၂)ရွာမှ အစပြု၍ ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် တစ်ခရိုင်လျှင် (၂)ရွာ၊ တစ်မြို့နယ်လျှင် (၁)ရွာ၊ ပေါင်း(၇၄)ရွာနှင့် ၂၀၁၉- ၂၀၂၀ ခုနှစ်တွင် တစ်ခရိုင်လျှင် (၂)ရွာ၊ တစ်မြို့နယ်လျှင် (၁)ရွာ၊ ပေါင်း(၇၄)ရွာ၊ စုစုပေါင်း(၂၁၀) ရွာအား ဆောင်ရွက်လျက်ရှိပါတယ်။

ဘက်စုံအဆင့်မြှင့် နည်းပညာသုံး စံပြကျေးရွာများတွင် ဓာတုလျှော့ချသုံးစွဲရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချရေး၊ တောင်သူများ ဝင်ငွေတိုးတက်စေရေးနှင့် လူမှုဘဝ သာယာဝပြောရေးကို ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဓာတုမြေဩဇာနှင့် ဓာတု ပိုးသတ်ဆေးများလျှော့ချ၍ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ အသုံးပြုသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာလည်း အစားအစာ ဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး၊ အရည်အသွေးကောင်းမွန်သော သီးနှံများထုတ်လုပ်ရေးနှင့် လုပ်သား

များ၏ကျန်းမာရေး/ လူမှုဘဝသာယာဝပြောရေးတို့ပင် ဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ဖြင့် စိုက်ပျိုးထုတ်လုပ်ရန် သီးနှံ (၁၅)မျိုး သတ်မှတ်၍ စံချိန်စံညွှန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှာ တောင်သူများ၏ ခြံများမှ သီးနှံ(၁၈)မျိုးတွင် GAP အသိအမှတ်ပြုလက်မှတ်များရရှိပြီး ဖြစ်ပါတယ်။ မြန်မာ GAP (Myan-GAP)သည် အာဆီယံ GAP အပေါ်တွင်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး စံနှုန်းကိုက်ညီမှု ၉၈.၉% တူညီသဖြင့် Myan-GAP ရရှိသော သီးနှံများအား ASEAN ဒေသတွင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါတယ်။ မြေဆီလွှာထက်သန်ကောင်းမွန်ရေးနှင့် ဓာတုမြေသြဇာ လျှော့ချသုံးစွဲရေးအတွက် သစ်စိမ်းမြေသြဇာများ စိုက်ပျိုးအသုံးပြုခြင်း၊ သဘာဝမြေသြဇာများဖြန့်ဝေပေးခြင်း၊ သဘာဝမြေသြဇာမြေဆွေးများ ပြုလုပ်သုံးစွဲခြင်း၊ နည်းပညာများပေးခြင်း၊ သရုပ်ပြခြင်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရှားပြားကျေးရွာအုပ်စု၊ ရှားပြားကျေးရွာသည် တောင်ရိုးတိုင်းရင်းသားအများစု နေထိုင်တဲ့ရွာဖြစ်ပြီး ရှမ်းပြည်နယ်တွင် ၂၀၁၀ ခုနှစ်၌ တောင်ရိုးတိုင်းရင်းသားလူဦးရေ ၄၈၀၀၀ ဦးကျော် ရှိရာမှ ယခုအခါ ၁၀ နှစ်အတွင်း ၅၁၀၀၀ ဦးကျော်အထိ တိုးတက်လာတဲ့ ဒေသခံတိုင်းရင်းသားများ ဖြစ်ပါတယ်။ ရှားပြားကျေးရွာတွင် အိမ်ခြေ ၂၂၅ အိမ်၊ အိမ်ထောင်စု ၂၃၂ စု၊ လူဦးရေ ၉၂၇ ဦးရှိပြီး၊ ကျွန်တော်တို့

နိုင်ငံတော်ရဲ့ ကျေးရွာလျှပ်စစ်မီးလင်းရေးကို NEP စီမံကိန်းဖြင့် ဆောင်ရွက်နေတဲ့ ပင်းတယမြို့နယ်၊ အင်းပလက်ကျေးရွာနှင့်လည်း ၂ မိုင်လောက်ပဲ ကွာဝေးပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ အဆိုပါ ရှားပြားကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာနေပြည်သူများမှလည်း တင်ပြလာတဲ့အတွက် ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၈၊ ၉၉၊ ၁၀၅ အရ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းရှဲန်တစ်လုံ ဖြစ်ပါတယ်။ ရွှေညောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရှားပြားကျေးရွာအုပ်စု၊ ရှားပြားကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ရှားပြားကျေးရွာအုပ်စု၊ ရှားပြားကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမနီချေးငွေဖြင့် ဆောင်ရွက်မည့် KfW စီမံကိန်းတွင် ၁၁ ကေဗွီဓာတ်အားလိုင်း (၁.၉)မိုင်နှင့် ၁၁/ ၀.၄ ကေဗွီ ၁၀၀ကေဗွီအေ ထရန်စဖော်မာ (၂)လုံး တည်ဆောက်ခြင်းလုပ်ငန်းတို့အား ထည့်သွင်းလျာထား တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို

တက်ရောက်လာတဲ့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ကျောက်မဲမြို့တွင်းရှိ အဓိက(Main) လမ်းဖြစ်သော ပင်လုံလမ်းနှင့် အောင်ဆန်းလမ်းမကြီးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကတ္တရာကွန်ကရစ်(AC Overlay)လမ်းခင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါသည် ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့အတွင်းရှိ အဓိက (Main) လမ်းဖြစ်သော ပင်လုံလမ်းနှင့် အောင်ဆန်းလမ်းမကြီးသည် ရိုးရိုးကတ္တရာလမ်းအဖြစ် တည်ရှိနေပြီး နှစ်စဉ်ပြုပြင်နေရသည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ကျောက်မဲမြို့သည် ခရိုင်မြို့ဖြစ်သည့်အားလျော်စွာ မြို့တွင်းလမ်းမကြီးများသည် အခြားမြို့နယ်များနှင့် နှိုင်းယှဉ်လျှင် အလွန်ပင်နောက်ကျ ကျန်ခဲ့သည်ကိုလည်း တွေ့ရှိနိုင်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးဘတ်ဂျက်နှင့် ဖြည့်ဆည်းပေးနိုင်ခြင်းလည်းမရှိပါဘူး။ အစိုးရဘတ်ဂျက်နဲ့ ချထားပေးတဲ့ ဥပမာ– လားရှိုး၊ တောင်ကြီး၊ နောင်ချို၊ သီပေါ၊ တာချီလိတ်မြို့စသည့် မြို့တွင်းလမ်းများရှိ လမ်းများကို ကတ္တရာကွန်ကရစ် (AC Overlay) ခင်းခြင်းများအား လေ့လာတွေ့ရှိရပါတယ်။

ကျောက်မဲမြို့တွင်း နေထိုင်သော ပြည်သူများ၊ ရပ်မိရပ်ဖများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် လူမှုရေးအဖွဲ့များကလည်း ကျောက်မဲမြို့၏ အဓိကကျသော (Main) လမ်းဖြစ်သည့် ပင်လုံလမ်းနှင့်အောင်ဆန်းလမ်းမကြီးအား ကတ္တရာကွန်ကရစ် (AC Overlay) ခင်းပေးနိုင်ရန် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်ရုံးသို့ အကြိမ်ကြိမ်လာရောက် ညှိနှိုင်းဆွေးနွေးတောင်းဆိုမှုများ ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးများခရီးစဉ်၊ ကျောက်မဲမြို့၊ ဝါဆိုကျောင်းတိုက်၌ ၄–၇–၂၀၁၉ ရက်နေ့တွင် ပြုလုပ်သော One Stop Shop တွင်လည်း မြို့မိ/ မြို့ဖများ၊ စည်ပင်သာယာရေးကော်မတီတို့မှ တောင်းဆိုမှုများရှိခဲ့သည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း သိရှိရပြီးဖြစ်ပါတယ်။ ထိုခရီးစဉ်တွင် ဝန်ကြီးချုပ်၏ ဖြေကြားမှုတွင်လည်း သက်ဆိုင်ရာဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပေါင်းစပ်၍ လွှတ်တော်သို့ မေးခွန်းမေးမြန်းရန် ဖြေကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၏ အဓိက(Main) လမ်းဖြစ်သော ပင်လုံလမ်းနှင့် အောင်ဆန်းလမ်းမကြီးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကတ္တရာ

ကွန်ကရစ် (AC Overlay) လမ်းခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင်းရှိ အဓိက( Main ) လမ်းဖြစ်သော ပင်လုံလမ်းနှင့် အောင်ဆန်းလမ်းမကြီးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကတ္တရာကွန်ကရစ်(AC Overlay) လမ်းခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ် ၅၉၄.၅ သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၃၀၆.၂၇ သန်းဖြစ်ပါတယ်။ ကျောက်မဲမြို့တွင်းရှိ အဓိက(Main) လမ်းဖြစ်သော ပင်လုံလမ်း၏ စုစုပေါင်းလမ်းအရှည်မှာ ၂ မိုင် ၄.၂ဖာလုံရှိပြီး အောင်ဆန်းလမ်း၏ စုစုပေါင်းအရှည်မှာ ၁ မိုင် ၆ဖာလုံရှိပါတယ်။ ပင်လုံလမ်း၊ ပြည်ထောင်စုလမ်းမကြီးမှ မြို့တွင်းရွှေဖီဦးလမ်းဆုံထိ (၁.၈၅) မိုင်၊(၉၈၀၀')အား ကတ္တရာကွန်ကရစ်(AC Overlay) ခင်းမည်ဆိုပါက ဆက်စပ်လုပ်ငန်းများ ဖြစ်သော လမ်းချဲ့ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ Box Culvert များ တည်ဆောက်ခြင်း၊ လမ်းဘေးရေမြောင်းနှင့် ပလက်ဖောင်းတည်ဆောက်ခြင်း၊ ပင်လုံလမ်းကတ္တရာကွန်ကရစ် (AC Overlay) ခင်းခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေကျပ်( ၁၈၂၇.၆၄ ) သန်းနှင့် အောင်ဆန်းလမ်း (၁/၆) မိုင် (၉၂၀၀') အား ကတ္တရာကွန်ကရစ်(AC Overlay) ခင်းမည်ဆိုပါက ဆက်စပ်လုပ်ငန်းများဖြစ်သော လမ်းချဲ့ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ Box Culvert များ တည်ဆောက်ခြင်း၊ လမ်းဘေးရေမြောင်းနှင့် ပလက်ဖောင်းတည်ဆောက်ခြင်း၊ အောင်ဆန်းလမ်း ကတ္တရာကွန်ကရစ် (AC Overlay)ခင်းခြင်း လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၁,၀၀၇.၆ သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၂,၈၃၅.၂၄ သန်း ကုန်ကျမည်ဖြစ်ပါကြောင်းနှင့် ဌာနရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါသောကြောင့်

ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မည်သည့်မြို့နယ်များတွင် ငမြောင်တောင်ပိုးနှင့် အခြားဖျက်ပိုးများကျရောက်၍ မည်သည့်သီးနှံများပျက်စီးပြီး ဆုံးရှုံးသည့်တန်ဖိုးနှင့် မည်သို့ကာကွယ်နှိမ်နှင်းရမည့် ပညာပေးအစီအစဉ်များကို မည်သို့စီမံဆောင်ရွက်ပေးနေကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အများပြည်သူ သိရှိရန်အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း မည်သည့်မြို့နယ်များတွင် ငမြောင်တောင်ပိုးနှင့် အခြားဖျက်ပိုးများ ကျရောက်၍ မည်သည့်သီးနှံများပျက်စီးပြီး ဆုံးရှုံးသည့်တန်ဖိုးနှင့် မည်သို့ကာကွယ်နှိမ်နှင်းရမည့် ပညာပေးအစီအစဉ်များကို မည်သို့စီမံဆောင်ရွက်ပေးနေကြောင်း သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်အနေနဲ့ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံတင်ပြအပ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ၂၀၁၉ ခုနှစ် မိုးရာသီတွင် ရှမ်းပြည်နယ်အတွင်း မြို့နယ်များတွင် ၂၀– ၈– ၂၀၁၉ ရက်နေ့အထိ အစေ့ထုတ်ပြောင်း စိုက်ပျိုးနိုင်တဲ့ ကေပေါင်းဟာ ၆၄၆၇၄၀ ကေ ရှိပြီးတော့ ဒီကေထဲမှာ ၇၁၅၆၅. ၄၆ ကေ အပေါ်မှာ 'ဖော' လို့ခေါ်တဲ့ ငမြှောင်တောင်ဖျက်ပိုး ကျရောက်ခဲ့တာဖြစ်ပါတယ်။ ဒီကျရောက်ခဲ့တဲ့ ကေတွေ အပေါ်မှာ ကေ ၂၇၁၆. ၇၄ ကေ ထိခိုက်မှုရှိခဲ့သော်လည်း အချိန်မီ နှိမ်နင်းနိုင်ခဲ့တဲ့အတွက် ပျက်စီးဆုံးရှုံးမှုမရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒီလို 'ဖော'ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ခရိုင်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ မြို့နယ် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ကျေးရွာကြီးကြပ်ကွပ်ကွဲရေးအဖွဲ့ဆိုပြီး အဆင့်ဆင့်ကို ၁၁– ၆– ၂၀၁၉ ရက်စွဲပါစာအမှတ်– ၇၆၅၇/ ၆– ၆၃၃/ အစရ (ရှမ်း)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုများအပြင် ပိုးမကျရောက်မီမှာ ကြိုတင် ကာကွယ်ဆောင်ရွက်မှုများအနေနဲ့ ၇–၂–၂၀၁၉ မှ ၁၂–၂–၂၀၁၉ ရက်နေ့အထိ ကျင်းပပြု လုပ်သော ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ ပြခန်းများတွင် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပညာပေးလုပ်ငန်းများ၊ သတိပေးနှိုးဆော်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီးတော့ အသိပညာ ပေးမှုများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ၁၃– ၃– ၂၀၁၉ ရက်နေ့မှ ၂၂– ၃– ၂၀၁၉ ရက်နေ့ထိ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများကို CABI (Center of Agriculture and Bioscience International)၊ သီးနှံကာကွယ်ရေးရုံးချုပ်မှ ပညာရှင်များနှင့် ပြည်နယ်မှ ပညာရှင်များပူးပေါင်း၍ ဝန်ထမ်းများအား (TOT) ဆရာဖြစ်သင်တန်းများ ပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တောင်သူများထိခိုက်ဆုံးရှုံးမှုမရှိစေရန် ရည်ရွယ်၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာသီမတိုင်မီ အစေ့ထုတ်ပြောင်း အများဆုံးစိုက်ပျိုးသော သိန္နီမြို့ တွင် 'ဖော' ငမြှောင်တောင် ကြိုတင်ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် GAP အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ၂၁– ၄– ၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူး ချုပ်များ တက်ရောက်ထောက်ပံ့ပေးအပ်နိုင်ခဲ့တာ ရှိပါတယ်။

ဒ့ါအပြင် တောင်သူများကို ၃-၄-၂၀၁၉ ရက်နေ့တွင် ပထမအကြိမ်နှင့် ၄-၅-၂၀၁၉ ရက်နေ့တွင် ဒုတိယအကြိမ် အသိပညာပေးခြင်းလုပ်ငန်းများအား ချယ်ရီ FM မှတစ်ဆင့် နှိုးဆော်အသိပေးခြင်းများကို အကြိမ်ကြိမ် ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းများလည်း ရှိပါတယ်။ ဒ့ါအပြင် တောင်သူများကို ပညာပေးသင်တန်းတွေ၊ ဆွေးနွေးပွဲတွေ ဆောင်ရွက်မှုအခြေအနေနဲ့ တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲစတဲ့ ဒီနေရာဌာနတွေမှာ သင်တန်းသားပေါင်း (၃၃၈၂၈) ဦးကို ငမြောင်တောင်ပိုးနဲ့ပတ်သက်ပြီးတော့ သရုပ်ပြပညာပေးခြင်း၊ ဆွေးနွေးပွဲများ ဆောင်ရွက်ထားပေးနိုင်ခဲ့ခြင်းများ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒီလိုပိုးကျရောက်ခြင်းမှာပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ 'ဖော' ငမြောင်တောင်ဖျက်ပိုးများကို ထိရောက်စွာ ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ဖို့အတွက် ငွေကျပ် ၇၀,၅၉၀,၀၀၀/- (ကျပ် ခုနစ်ဆယ်သန်း ငါးသိန်းကိုးသောင်းတိတိ) တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်အသီးသီးကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ထောက်ပံ့ခဲ့တဲ့ ပစ္စည်းအမျိုးအစားများကတော့ တမာကြိတ်ဖတ်၊ တမာအဆီ၊ တမာဆေး၊ ဆေးဖျန်းပုံး၊ ဆေးဖျန်းဝတ်စုံ၊ ပိုးသတ်ဆေးအမျိုးမျိုး၊ နဂျီစေလွှတ်ခြင်း၊ ကွန်ပေါင်းမြေသြဇာ၊ ယူရီးယားမြေသြဇာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့ စသည်ဖြင့် တန်ဖိုးငွေအားဖြင့် ငွေကျပ် ၇၀,၅၉၀,၀၀၀/- တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ဌာနအနေဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဒ့ါအပြင် ရွာငံမြို့မှာလည်း တောင်သူများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးမြှင့်တင်ရေး အစီအစဉ်အရ သဘာဝဘေးအန္တရာယ်ကြောင့် ထောက်ပံ့ပွဲများကိုလည်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များက ပြောင်းစတင်မစိုက်ပျိုးမီမှစ၍ ပြောင်းစိုက်ပျိုးစဉ်ကာလတစ်လျှောက် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်းများ၊ တောင်သူတွေ့ဆုံပွဲများ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် သက်ဆိုင်ရာဝန်ကြီးများ၊ ပြည်နယ်ကြီးကြပ် ကွပ်ကဲရေးအဖွဲ့များနဲ့ မြို့နယ်များအထိ သွားရောက်ပြီးတော့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ စောစောကတော့ ရပ်စောက်၊ ဆီဆိုင်၊ ဖယ်ခုံ၊ ပင်လောင်းမြို့နယ်တွေမှာ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါတွေကတော့ တောင်ကြီး၊ ကလောမြို့နယ်တွေမှာ ထောက်ပံ့ပေးအပ်ခဲ့တဲ့ ပစ္စည်းတွေဖြစ်ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးသုံးပစ္စည်းများ ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီများမှလည်း 'ဖော' ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေးအတွက် ပိုးသတ်ဆေးများ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိရာ Golden Key (မြင်းကျားကုမ္ပဏီ)မှလည်း Drone ကောင်းကင်ဆေးဖျန်းစက်ဖြင့် 'ဖော' ငမြှောင်တောင်ပိုးကျရောက်နေသော ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပိုးသတ်ဆေးနှင့် ဆေးဖျန်းခ(အခမဲ့) ဝန်ဆောင်မှုဖြင့် ထောက်ပံ့ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ Drone တွေနဲ့ သက်ဆိုင်ရာ တောင်ကြီး၊ ကလော၊ နောက်ပြီးတော့ ဝန်ကြီးချုပ်ခရီးစဉ်မှာ နောင်ချို၊ သီပေါ စတဲ့နေရာတွေမှာလည်း Drone နဲ့ ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြသနိုင်ခဲ့ပါတယ်။

Drone (ကောင်းကင်ဆေးဖျန်းစက်)ဖြင့် ဆေးဖျန်းခြင်းအားဖြင့် အချိန်ကုန်သက်သာခြင်း၊ ဆေးကိုင်တွယ်သုံးစွဲသူတွင် အဆိပ်သင့်မှုအန္တရာယ်မရှိနိုင်ခြင်း၊ ဆေးဖျန်းမည့်နေရာအတိအကျဖျန်းနိုင်ခြင်း၊ အချိန်တိုအတွင်းကေများစွာ (၈ မိနစ်လျှင် ၁ ကေ) ဖျန်းနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း၊ ဆေးဖျန်းမည့်အနေအထား လိုအပ်သလိုပြောင်းလဲနိုင်ခြင်း (အပင်နှင့်နီးကပ်စွာ ပျံသန်းခြင်းဖြင့် လေအားဖြင့် အပင်ပေါ်သို့ ဆေးထိရောက်စေခြင်း)၊ ဆေးဖျန်းလုပ်သားခ စျေးနှုန်းထက်သက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်းတင်ပြလိုပါတယ်။ စက်ကိရိယာဖြစ်သည့်အတွက် ကျွမ်းကျင်စွာကိုင်တွယ် သုံးစွဲတတ်စေရန် လိုအပ်ခြင်းနှင့်အပိုပစ္စည်း၊ဘက်ထရီများ အပိုဆောင်ထားရခြင်းစသော အားနည်းချက်အနည်းငယ်ရှိသော်လည်း ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုသူများ၏ အန္တရာယ်ရှိမှုကို လျော့ချနိုင်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှုအခက်အခဲကို ဖြေရှင်းပေးနိုင်ခြင်း၊ စိုက်ကေများများတွင် ဖျက်ပိုး/ရောဂါ တစ်ပြိုင်နက်တည်းကျရောက်ပါက ကာကွယ်နှိမ်နင်းရန်ခက်ခဲသော အခြေအနေများကို လျင်မြန်စွာ ဖြေရှင်းနိုင်ခြင်း၊ အပင်မြင့်မားသော အချိန်တွင်လည်း အလွယ်တကူဖျန်းနိုင်ခြင်းစသည်တို့ကြောင့် Drone ဖြင့် ဆေးဖျန်းခြင်းလုပ်ငန်းကိုဆောင်ရွက် သင့်ပါကြောင်း လေးစားစွာ အသိပေးတင်ပြလိုပါတယ်။

ဒါ့အပြင် ဟော်မုန်း (ဖယ်ရိုမုန်း) ထောင်ချောက်အသုံးပြု၍ 'ဖော' ငမြှောင်တောင်ကျရောက်မှု စစ်တမ်းကောက်ယူခြင်းကို ပြည်နယ်တွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်ခဲ့ခြင်းဖြင့် ပိုးကျရောက်မှု ကြိုတင်ကင်းထောက်ခန့်မှန်းနိုင်ပြီး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သဖြင့် ပိုးကျရောက်ဖျက်စီးမှုကို လျော့ကျစေနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥကပ်ပါးနဂျီများ အစေ့ထုတ်ပြောင်း စိုက်ခင်းအတွင်း လွှတ်ပေးခြင်းဖြင့် 'ဖော' ငမြှောင်တောင်အပါအဝင် လိပ်ပြာဖလံများ၏ ဥများကို ကပ်ပါးပြု ဖျက်ဆီးသဖြင့် ဖျက်ပိုးကျရောက်မှုကို ကာကွယ်နှိမ်နင်းခြင်းကို တောင်ကြီး၊ ဟိုပုံး၊ ပင်းတယ၊ လားရှိုး၊ နောင်ချို၊

ကျောက်မဲ၊ မိုးမိတ်မြို့နယ်များတွင် ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားလေးကို တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ရွေ့လျားစုပေါင်းဆေးဖျန်းအဖွဲ့များ ဖွဲ့စည်း၍ ဖွဲ့စည်းထားတဲ့ ခရိုင်အလိုက် ရွေ့လျားစုပေါင်းဆေးဖျန်းအဖွဲ့ (Mobile Team)များမှ ပိုးကျရောက်သောဒေသများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် 'ဖော'ငမြှောင်တောင် ကျရောက်ခဲ့သော်လည်း ထိခိုက်မှုသာရှိပြီး ပျက်စီးမှုမရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ 'ဖော' ငမြှောင်တောင်အပါအဝင် သီးနှံဖျက်ပိုး/ရောဂါ ကျရောက်မှုကြောင့် တောင်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ချယ်ရီ FM မှ စိုက်ပျိုးရာသီအလိုက် ထုတ်လွှင့်ပညာပေးခြင်း၊ ဖျက်ပိုးကင်းထောက်စစ်ဆေးခြင်း၊ နည်းပညာပေးခြင်း၊ ဆွေးနွေးခြင်းများ၊ လိုအပ်သော ထောက်ပံ့မှုများပေးနိုင်ရေးနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် လတ်တလော ဖြစ်ပွားနေသော တိုက်ပွဲများနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံ၏ ကျော်ကြားထင်ရှားသော ဂုတ်တွင်းလမ်း (ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ) ဂုတ်တွင်းတံတားသည် မိုင်းခွဲဖျက်ဆီးခံခဲ့ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နေ့မနား၊ ညမနား စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဘေလီတံတားကို ၅ ရက်တာအတွင်း အပြီးဆောက်လုပ်ပြီးစီး၍ အသုံးပြုနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ တိုက်ပွဲများဖြစ်ပွားသောကြောင့် ပြည်သူလူထု၏ နေအိမ်အဆောက်အဦများ ပျက်စီးခြင်း၊ ခရီးသွားပြည်သူများ အသက်ဆုံးရှုံးရခြင်း၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခံရခြင်း၊ တံတားများ မိုင်းခွဲခံရခြင်းများ ဖြစ်ပေါ်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ (မှတ်တမ်းဓာတ်ပုံများအား Power Point ဖြင့် ရှင်းလင်းတင်ပြသွားပါသည်။)

သိန္နီမြို့နယ်တွင် တံတား(၂)စင်း၊ ကွမ်းလုံမြို့နယ်တွင် တံတား(၁)စင်း၊ မိုင်းခွဲဖျက်ဆီးခံခဲ့ရပါတယ်။ တပ်မတော်မှ တံတားထိုးတင့်ကားဖြင့် ယာယီသံဘောင်ဘေလီတံတား ထိုးပေးခြင်းကြောင့် လမ်းကြောင်းပိတ်ဆို့ခြင်းမရှိဘဲ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့သောကြောင့် ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။

အခု ကျွန်မတင်ပြတဲ့အတိုင်း ဩဂုတ်လ ၃၀ ရက်နေ့တွင် သိန္နီမြို့နယ်၊ မိုင်းလီကျေးရွာနှင့်ပန်ဖတ်ကျေးရွာအကြားတွင် ခရီးသည်တင်ယာဉ်မှန်လုံ (၁)စီး၊ Wish (၁)စီး၊ Hi-Jet (၁)စီးနှင့် ဈေးသည်ဆိုင်ကယ် (၁)စီး မီးရှို့ခံရပြီး၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ နမ့်ကွတ်ရွာအတက်တွင် ကုန်တင်(၁၂)ဘီး ယာဉ်(၁)စီးနှင့် စက်တင်ဘာလ ၃ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ နမ့်ကွတ်ရွာအတက်တွင် ကုန်တင်ယာဉ် (၁၂)ဘီးယာဉ် (၄)စီး၊ AD Van အိမ်စီးကား (၁)စီး၊ Hi-Jet (၁)စီး၊ အံစာတုံးသံပိတ် Box ကား (၁)စီး အသီးသီးမီးရှို့ခံခဲ့ရသည်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ကျွန်မတင်ပြခဲ့တဲ့ မီးရှို့ဖျက်ဆီး ခံခဲ့ရတဲ့ယာဉ်အစီးရေဟာ အတိအကျဖြစ်တယ်လို့ မဆိုနိုင်ပါဘူး။

ဒါကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရတဲ့ယာဉ်များဟာ လိုင်စင်ရှိယာဉ်များ ရှိသလို၊ လိုင်စင်မဲ့ယာဉ်များလည်းပါသည်ဟု သိရှိရပါတယ်။ လိုင်စင်မဲ့ယာဉ်များကို မဆိုလိုသော်လည်း နိုင်ငံတော်ထံတွင် ပရီမီယံကြေးသွင်းထားခြင်း၊ အခွန်ဆောင်ထားခြင်း၊ တရားဝင်မှတ်ပုံတင်ထားခြင်းနှင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များရှိသော ယာဉ်ပိုင်ရှင်များဟာ နိုင်ငံသားများဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုအစိုးရအနေဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအနေဖြင့်လည်းကောင်း၊ တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့တို့ကြားဖြစ်ပွားသည့် တိုက်ပွဲနှင့်ဆက်စပ်ပြီး မီးရှို့ဖျက်ဆီးခံရသည့် မော်တော်ယာဉ်တွေကို တရားမနစ်နာမှုဥပဒေ (Law of Tort)အရ မည်ကဲ့သို့ ကူညီကုစားပေးမည့် အစီအစဉ် ရှိ/ မရှိ၊ ရှိသည်ဆိုပါက မည်ကဲ့သို့ ကူညီကုစားပေးမည်နည်း။ အစီအစဉ် မရှိဆိုပါက အဘယ်ကြောင့်နည်း စသည်တို့ကို သိရှိလိုပါသဖြင့် နစ်နာသူယာဉ်ပိုင်ရှင်များနှင့် ထိခိုက်နစ်နာသူ ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့တို့ကြား လတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့်ဆက်စပ်ပြီး မီးရှို့ဖျက်ဆီးခံခဲ့ရသော လိုင်စင်ရှိယာဉ်များမှာ နိုင်ငံတော်တွင် ပရီမီယံကြေးသွင်းထားခြင်း၊ အခွန်ဆောင်ထားခြင်း၊ တရားဝင်မှတ်ပုံတင်ထားခြင်းနှင့် ပို့ဆောင် ရေးလုပ်ငန်း လိုင်စင်များရှိခြင်းတို့ကြောင့် ယာဉ်ပိုင်ရှင်များအား ပြည်ထောင်စုအစိုးရအနေဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအနေဖြင့်လည်းကောင်း တရားမနစ်နာမှုဥပဒေ (Law of Tort)အရ ကူညီကုစားပေးမည့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ ကုစားပေးမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပေးမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့တို့ကြား လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများနှင့်ဆက်စပ်ပြီး မီးရှို့ဖျက်ဆီးခံခဲ့ရသော လိုင်စင်ရှိ ယာဉ်များနှင့်ပတ်သက်၍ မြန်မာ့အာမခံလုပ်ငန်းတွင် ပရီမီယံကြေးများပေးသွင်းထားခြင်းမှာ မြန်မာ့အာမခံဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)၊ သူတစ်ပါးထိခိုက်မှုအာမခံနည်းဥပဒေပုဒ်မ ၁၅ အရ စက်တပ်ယာဉ်ပိုင်ရှင်များအနေဖြင့် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံကြေး ပေးသွင်းငွေဖြစ်ပါတယ်။ ၎င်းအာမခံထားရှိခြင်းကြောင့် ရရှိနိုင်သည့် အကာအကွယ်များမှာ စက်တပ်ယာဉ်ထိခိုက်မှုကြောင့် သေဆုံးလျှင် ကျပ်(၁၀)သိန်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ဆရာဝန်၏ ထောက်ခံချက်ပေါ်မူတည်၍ အများဆုံးကျပ်(၈)သိန်းထိပေးလျော်မည်ဖြစ်ပါတယ်။ မီးရှို့ဖျက်ဆီးခံရသော ယာဉ်များနှင့်ပတ်သက်၍ အကာအကွယ်ရယူရန်အတွက်မှာ အလုံးစုံ မော်တော်ယာဉ် အာမခံထားရှိပြီး အပိုအကာအကွယ်အဖြစ် War Risk Cover (စစ်နှင့် စစ်အသွင်အကာအကွယ်) ယူထားမှသာလျှင် ပေးလျော်မည်ဖြစ်ပါကြောင်းနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်အတွင်း ဌာနအသီးသီးမှ ကောက်ခံရရှိသော အခွန်အရပ်ရပ်နှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွန်ဟိန်းမြို့နယ်အတွင်းမှ ဌာနအသီးသီး၏ အခွန်အရပ်ရပ်နှင့်ဆိုင်သော စည်ပင်အခွန်အရပ်ရပ်၊ အမြတ်တော်ခွန်၊ လမ်းတံတားခွန်၊ အိမ်ခွန်၊ ရေခွန်၊ မြေခွန်၊ ယစ်မျိုးခွန်၊ ခဘတ်သတ္တုခွန်များ စတဲ့အခွန်အမျိုးမျိုးကို ကောက်ခံလျက်ရှိပါတယ်။ ထိုသို့ ကောက်ခံသည့်အခွန်အမျိုးမျိုးမှ မည်သည့်ဌာနမှ မည်သို့ကောက်ခံသည်၊ မည်သို့ ပြန်လည်သုံးစွဲသည်၊ မည်သည့်ဌာနများသို့ ပြန်လည်၍ပေးသွင်းသည် စသည်များကို ပွင့်လင်းမြင်သာစွာ ပြည်သူလူထုအား ချပြခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

သာဓကအနေဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ အခွန်အရပ်ရပ်ဆိုင်ရာ လေလံတင်ဒါ ခေါ်ယူရောင်းချပြီး၊ ရရှိငွေများအပေါ်မှ နှစ်စဉ်ပြန်လည်သုံးစွဲသည်များကို ပွင့်လင်းမြင်သာစွာချပြသကဲ့သို့ ပြည်သူလူထုမှ အခွန်များထည့်ဝင်ရန် သဘောပေါက်နားလည်လာသည်များရှိသော်လည်း၊ အခြားဌာနများမှ အခွန်မည်သည့်နှုန်းထားဖြင့် ကောက်ခံနေသည်၊ ရရှိသည့်အခွန်မည်မျှရှိသည်၊ မည်သို့ပြန်လည်သုံးစွဲသည်၊ မည်သည့်အဖွဲ့အစည်းဌာနများသို့ ပြန်လည်ပေးသွင်းသည်များကို ပွင့်လင်းမြင်သာစွာ ချပြခြင်းမရှိပါ။

မြို့နယ်မှ အိမ်ဆောက်သည့် အိမ်ရှင်များထံမှ အမြတ်တော်ခွန်ပေးသွင်းရာတွင် တစ်အိမ်နှင့်တစ်အိမ် တူညီမှုမရှိခြင်းကို ပြည်သူလူထုအား နားလည်နိုင်အောင် ရှင်းပြခြင်း၊ အခွန်ဆိုင်ရာ စည်းကြပ်မှု အသိပညာပေး အခမ်းအနားပြုလုပ်ခြင်းများ မရှိသဖြင့် ပြည်သူလူထုမှ အခွန်ထည့်ဝင်ရန် တွန့်ဆုတ်လျက်ရှိသည်ကို တွေ့ရှိနေရပါတယ်။ ခဘတ်သတ္တုခွန်များမှ ကျောက်သဲများထုတ်ရာတွင် လေလံတင်ဒါကို ပွင့်လင်းမြင်သာစွာ ချပြမှုမရှိခြင်း၊ ယစ်မျိုးခွန် ကိုင်ဆောင်ထားသူ မည်မျှရှိသည်၊ ၎င်းအခွန်များကို ပြန်လည်သုံးစွဲသည်များကို ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာ ချပြမှုမရှိခြင်း စသည်တို့ကို စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မည်သည့်ဌာနမှ အခွန်အကောက် မည်မျှရရှိပါသနည်း။ ရရှိသည့် အခွန်အကောက်များအား မည်သို့ပြန်လည်သုံးစွဲ၍ မည်သည့်ဌာနအဖွဲ့အစည်းသို့ ပြန်လည် ပေးသွင်းသည်များကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား သက်ဆိုင်ရာဌာနများသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံထွန်း မေးမြန်းလာတဲ့ ကွန်ဟိန်းမြို့နယ်အတွင်းမှ ဌာနအသီးသီး၏ အခွန်အရပ်ရပ်နှင့်ဆိုင်သော စည်ပင်အခွန်အရပ်ရပ်၊ အမြတ်တော်ခွန်၊ လမ်းတံတားခွန်၊ အိမ်ခွန်၊ ရေခွန်၊ မြေခွန်၊ ယစ်မျိုးခွန်နှင့် ဓာတ်သတ္တုခွန်များစသည့် အခွန်အမျိုးမျိုးကို ကောက်ခံလျက် ရှိရာ မည်သည့်ဌာနမှ အခွန်အကောက် မည်မျှရရှိသည်နှင့် ရရှိသည့်အခွန်အကောက်များအား မည်သို့ပြန်လည်သုံးစွဲ၍ မည်သည့်ဌာနအဖွဲ့အစည်းသို့ ပြန်လည်ပေးသွင်းသည်ကို သိရှိလို ပါသည် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေး ဌာန(၅၀)နှင့် မြို့စည်ပင်သာယာရေးဌာန(၂၇)ခုရှိပြီး မြို့နယ်/ မြို့စည်ပင်သာယာရေးဌာနများ ၏နှစ်စဉ်ကောက်ခံရရှိမည့်အခွန်ရငွေများနှင့် ယင်းရငွေနှင့် ကိုက်ညီသည့် အသုံးစရိတ်များအား ဘဏ္ဍာရေးနှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်းများ ရေးဆွဲရပါတယ်။ ယင်းရသုံးမှန်းခြေငွေစာရင်း များအား ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုသည့် အခွန်ရငွေများကို သက်ဆိုင်ရာမြို့နယ်/ မြို့ အသီးသီးက ဘဏ္ဍာရေးနှစ်အတွင်း ပြည့်မီအောင်ကောက်ခံ၍ ပြည်နယ်ရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါတယ်။ ကွန်ဟိန်း မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့် သာမန် ရငွေ မူလလျာထားချက် ကျပ် ၄၀. ၈၃ သန်း၊ ပြုပြင်ပြီးလျာထားငွေ ကျပ် ၄၅. ၁၄ သန်း လျာထားပြီး (၈/၂၀၁၉)လအထိ ကျပ် ၄၅. ၀၉ သန်းဖြစ်၍ ပြုပြင်ပြီး လျာထားငွေအပေါ် (၉၉.၈၈%) ကောက်ခံရရှိပြီး ဖြစ်ပါတယ်။

ယင်းကောက်ခံရရှိသည့်ငွေများကို သက်ဆိုင်ရာ မြို့နယ်/ မြို့များရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားရှိသည့် ဘဏ်ငွေထုတ်စာရင်းသို့ ပေးသွင်းရပြီး မြို့နယ်အသီးသီး ပေးသွင်းငွေများကို ပြည်နယ်ဘဏ္ဍာရငွေအဖြစ် စာရင်းပြုစုထားရှိရပါတယ်။ ထို့နောက်

သက်ဆိုင်ရာ မြို့နယ်/ မြို့အလိုက်ရရှိသော အခွန်များနှင့်ညီမျှသော အသုံးစရိတ်များအား ဘဏ္ဍာရေးခွင့်ပြုချက်နှင့်အညီ မြို့နယ်/ မြို့များ၏ ခွင့်ပြုပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းကမ်းနှင့်အညီ ပြန်လည်သုံးစွဲပါတယ်။ တစ်နည်းအားဖြင့် စည်ပင်သာယာရေးဌာနသည် မိမိမြို့နယ်မှရရှိသည့် အခွန်ငွေများကို မိမိမြို့နယ်တွင်သာ ပြန်လည်သုံးစွဲရသည့်မူ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်/ မြို့ စည်ပင်သာယာရေးဌာနများမှ နှစ်စဉ်ကောက်ခံရရှိငွေများအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ပြည့်မီအောင် ကောက်ခံပေးသွင်းရေးကို ပြည်နယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ကွန်ဟိန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ကွန်ဟိန်းမြို့နယ်အတွင်း အခွန်အမျိုးအစား(၅)မျိုးအနက် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန် စသည့်အခွန်(၄)မျိုးကို ကောက်ခံလျက်ရှိပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် လျာထားချက် ကျပ် ၄၄.၃၆၂ သန်းအပေါ် ၃၁.၈.၂၀၁၉ ရက်နေ့အထိ ကျပ် ၅၂.၄၃၂ သန်းရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် (၁၁၈%) ကောက်ခံရရှိပြီး ဖြစ်ပါတယ်။ ယင်းသို့ ကောက်ခံရရှိသောအခွန်ငွေများကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြန်လည်သုံးစွဲလျက်ရှိပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံရရှိငွေအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါတယ်။

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်အတွင်းရှိ လေလံလမ်းတံတား ဂိတ်များအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းဂိတ်(၃)ဂိတ်၊ တံတားဂိတ်(၁)ဂိတ်၊ ပြည်နယ်လမ်းမကြီးပေါ်ရှိ လမ်းဂိတ် (၁)ဂိတ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းဂိတ်(၂) ဂိတ်၊ စုစုပေါင်း လမ်းတံတားဂိတ်(၇)ဂိတ် ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်းတံတားဂိတ်(၅)ခုအနက် ကွန်ဟိန်းမြို့နယ်ရှိ ကွန်ဟိန်းလမ်းဂိတ်နှင့် ကွန်ဟိန်းတံတားဂိတ်တို့ အပါအဝင်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော (ယာဉ်+ကုန်)နှုန်းထားများအတိုင်း လွှိုင်လင်ခရိုင် လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကောက်ခံလျက်ရှိပါတယ်။ ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာနှစ်အတွက် ကွန်ဟိန်းလမ်းဂိတ်၏ ရငွေလျာထားချက်မှာ ကျပ် ၅၇.၀၀၀ သန်းဖြစ်ပြီး၊ ၈/၂၀၁၉ လအထိ ကောက်ခံရငွေမှာ ကျပ် ၅၉.၁၈၆ သန်းဖြစ်သဖြင့် လျာထားချက်ထက် ကျပ် ၂.၁၈၆ သန်း ပိုမိုကောက်ခံရရှိပါတယ်။ ကွန်ဟိန်းလမ်းဂိတ်အတွက် နေ့စဉ်ကောက်ခံရရှိသောအခွန်ငွေများအား ဌာန၏ ပြည်ထောင်စုငွေထုတ် စာရင်းအမှတ် MD–012182 သို့ ပေးသွင်းပါတယ်။ ၎င်းဂိတ်အတွက်

နေ့စားလစာ၊ လျှပ်စစ်မီးနှင့် ခာတ်အားခ၊ ပုံနှိပ်ခနှင့် စာအုပ်စာတမ်းထုတ်ဝေစရိတ်များအတွက် အသုံးစရိတ် ကျပ် ၂၁.၆၀၄ သန်းအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ခွင့်ပြုမိန့်ဖြင့် ကျခံသုံးစွဲရပါတယ်။

၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာနှစ်အတွက် ကွန်ဟိန်းတံတားဂိတ်၏ ရငွေလျာထားချက်မှာ ကျပ် ၄၈.၀၀၀ သန်းဖြစ်ပြီး၊ ၈/၂၀၁၉လအထိ ကောက်ခံရငွေမှာ ကျပ် ၅၅.၃၈၃သန်း ဖြစ်သဖြင့် လျာထားချက်ထက် ကျပ် ၇.၃၈၃ သန်း ပိုမိုကောက်ခံရရှိပါတယ်။ ကွန်ဟိန်းတံတားဂိတ် အတွက် နေ့စဉ်ကောက်ခံရရှိသော အခွန်ငွေများအား ဌာန၏ ပြည်ထောင်စုငွေထုတ်စာရင်း အမှတ် MD-010340 သို့ ပေးသွင်းပါတယ်။ ၎င်းဂိတ်အတွက် နေ့စားလစာ၊ လျှပ်စစ်မီးနှင့် ခာတ်အားခ၊ ပုံနှိပ်ခနှင့် စာအုပ်စာတမ်းထုတ်ဝေစရိတ်များအတွက် အသုံးစရိတ် ကျပ် ၁၁.၃၆၂ သန်းအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ခွင့်ပြုမိန့်ဖြင့် ကျခံသုံးစွဲလျက်ရှိပါတယ်။

ကွန်ဟိန်းမြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်းထားသော ဆည်၊ ကန်များမရှိပါသဖြင့် ရေခွန်ကောက်ခံခြင်း မရှိပါကြောင်း တင်ပြ အပ်ပါတယ်။

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်နယ် အတွက် ယစ်မျိုးခွန်၊ မြေခွန်၊ ခာတ်သတ္တုခွန်တို့အား လျာထားချက်များသတ်မှတ်၍ ဘဏ္ဍာရေး နှစ်အလိုက် အခွန်ငွေများ ကောက်ခံလျက်ရှိပါတယ်။ ယစ်မျိုးခွန်တွင် ယစ်မျိုးလုပ်ငန်း အမျိုးအစားအလိုက် ပုံသေသတ်မှတ်ထားသော လိုင်စင်ခနှင့် လေလံဖြင့်ရောင်းချရရှိသော လိုင်စင်ခဟူ၍ (၂)မျိုးရှိပြီး ယစ်မျိုးလိုင်စင် အမျိုးအစားအပေါ်မူတည်၍ သတ်မှတ်ထားသည့် ဈေးနှုန်းကို အခွန်ထမ်းလိုင်စင်ရရှိသူမှ မြန်မာ့စီးပွားရေးဘဏ်သို့ ချလန်ဖြင့်ပေးသွင်း ဆောင်ရွက်ကာ ချလန်ဖြတ်ပိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည် ပေးပို့၍ ငွေသွင်းပြီးကြောင်း မှတ်တမ်းသွင်းရပါတယ်။ မြေခွန်ကောက်ခံရာတွင်လည်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပေးပို့လာသောပြေစာများကို အထက် မြန်မာနိုင်ငံ မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၁၂၈ အရ ခရိုင်အုပ်ချုပ်ရေးမှူးက အနည်းဆုံး ၅% မှန်/ မမှန် စစ်ဆေးပြီး ခရိုင်ရုံးတံဆိပ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ရိုက်နှိပ်ပြီး မြို့နယ် အုပ်ချုပ်ရေးမှူးများထံ ပေးပို့ရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြေခွန်ပြေစာများအား စစ်ဆေးပြီး ကျေးရွာအုပ်စုအလိုက် စည်းကြပ်သည့်အခွန်ငွေများကို သူကြီးလယ်ဂျာတွင် မှတ်သား၍ ပြေစာ များကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသို့ ထုတ်ပေး ရပါတယ်။ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ အခွန်ငွေကောက်တာဝန်ခံက

ကောက်ခံရငွေများကို ငွေသွင်းချလန်တွင် ရေးသားပြုစု၍ အခွန်ငွေကို ပေးသွင်းသူကိုယ်တိုင် ဘဏ်သို့ပေးသွင်းရပါတယ်။

ခဲတတ်သတ္တုခွန်ကောက်ခံရာတွင် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃၈(က)နှင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၃၁(၁)(၂)တို့အရ တူးဖော် ထုတ်ယူလိုသူမှ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထား ဆောင်ရွက်ရပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၁၁၄/ ၂၀၁၅)ဖြင့် ထုတ်ပြန် ထားသည့် အခွန်နှုန်းထားဖြင့် ထုတ်လုပ်သည့် ကျင်း/ အုတ် အရေအတွက်ပေါ်မူတည်၍ အခွန် တွက်ချက်ကောက်ခံလျက်ရှိရာ လုပ်ငန်းလိုင်စင်ရရှိသူမှ ချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ တိုက်ရိုက်ပေးသွင်းစေပြီး ချလန်ဖြတ်ပိုင်းသာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ ပြန်လည်ပေးပို့၍ အမှုတွဲတွင် တွဲထားရပါတယ်။

ကွန်ဟိန်းမြို့နယ်အတွင်းတွင် ၂၀၁၈–၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဩဂုတ်လကုန်အထိ အခွန် (၄)မျိုးကောက်ခံရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပြီး ကောက်ခံရရှိငွေများအား ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်–

| | | | | |
|---|---|---|---|---|
| (၁) | ယစ်မျိုးခွန် | – | ၁၂,၀၉၀,၀၀၀ | ကျပ် |
| (၂) | မြေခွန် | – | ၂,၁၅၄,၆၄၄.၂၁ | ကျပ် |
| | ကောက်ကြီးခွန် | – | ၁၃,၄၇၀.၀၀ | ကျပ် |
| | မြို့မြေခွန် | – | ၂,၁၄၁,၁၇၄.၂၁ | ကျပ် |
| (၃) | ခဲတတ်သတ္တုခွန် | – | ၂၆,၈၁၅,၁၇၅ | ကျပ် |

တို့ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ မြို့ဧရိယာနယ်နိမိတ်တိုးချဲ့သတ်မှတ်ရေးနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြ

မေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့ဟာ နမ့်စန်မြို့နယ်ကနေ (၃၂)မိုင်ခန့်အကွာအဝေးမှာ ရှိပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ခိုလမ်တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပြီး မြို့ပေါ်ရပ်ကွက် (၆)ခုနဲ့ ဖွဲ့စည်းထားတဲ့ မြို့ဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်၊ အိမ်စောင့်အစိုးရလက်ထက်မှာ ရွာငယ်လေးအဖြစ် တည်ရှိခဲ့ပြီး ၁၉၇၂ ခုနှစ်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၇-၇-၁၉၇၂ ရက်စွဲပါစာအမှတ်၊ ၁၀၅/ ၄/ စိတ် (၁)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် ကျေးရွာအုပ်စုများအဖြစ် ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၀ ခုနှစ်မှာ ပြည်ထဲရေးဝန်ကြီးဌာန၏ ရပ်ကွက် (၆)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာ (၃၈)ရွာဖြင့် ခိုလမ်မြို့နယ်ခွဲအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ မြို့နယ်ခွဲစကားရပ်အား ပယ်ဖျက်ခဲ့သောကြောင့် ခိုလမ်မြို့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ခိုလမ်မြို့အား ရပ်ကွက် (၆)ခု၊ အိမ်ခြေ (၁၇၆၇)အိမ်၊ အိမ်ထောင်စု(၁၈၂၂)စု၊ လူဦးရေ(၁၀၉၁၀)ဦးရှိပြီး ဧရိယာအကျယ်အဝန်း စတုရန်း(၁၀၃၂.၅၀) ရှိကြောင်း သိရှိရပါတယ်။

ယခုမေးမြန်းလိုတာကတော့ ခိုလမ်မြို့၏ မြို့ဧရိယာတော်တော်များများဟာ ယခင်က ကျေးရွာအုပ်စုများ နယ်နိမိတ်တွေထဲက ရပ်ကွက်များအဖြစ် ပြန်လည်ဖွဲ့စည်းပြီး မြို့နယ်နယ်နိမိတ်အဖြစ် ထားရှိခဲ့သော်လည်း နမ့်စန်- ခိုလမ်- ကွန်ဟိန်း အာဆီယံလမ်းမကြီးနှင့် မိုင်းနောင်- ဝမ်ဆင်း- ခိုလမ်- ကျိုင်းတောင်း မြို့ချင်းဆက်လမ်းမကြီးများဆုံရာ လမ်းဆုံမြို့ဖြစ်တဲ့အပြင် ရှမ်းမြောက်ဒေသ၊ ရှမ်းရှေ့ဒေသနဲ့ ရှမ်းတောင်ဒေသမှ ခရီးသွားပြည်သူများရဲ့ တစ်ထောက်နားရာ မြို့ငယ်လေးအဖြစ်ကနေ တဖြည်းဖြည်းစည်ပင်ဖွံ့ဖြိုးလာပြီး မြို့အစွန်ရပ်ကွက်အစွန်ဖျားတွေမှာ အိမ်ခြေတွေရာနဲ့ချီပြီး တိုးတက်ဖွံ့ဖြိုးလာတာကို တွေ့ရှိလာခဲ့ရပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးဖို့ ပြည်သူများထံ ကွင်းဆင်းထိတွေ့ဆောင်ရွက်စဉ်မှာ အဆိုပါတိုးချဲ့မြေနေရာများမှာ နေထိုင်တဲ့ ပြည်သူလူထုအများစုဟာ မြို့ရဲ့စည်ပင်သာယာရေးဌာနက ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ကျေးရွာအုပ်စုများရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးများမရရှိဘဲ (ဥပမာ- ရပ်ကွက်လမ်း၊ ကျေးလက်လမ်း၊ သောက်သုံးရေရရှိရေး) စသဖြင့် မရရှိဘဲ အမြဲချန်လုပ်နေသကဲ့သို့ ဖြစ်နေပါတယ်။ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေအရ ခွဲဝေဖြည့်ဆည်း

ဆောင်ရွက်ရာမှာလည်း နမ့်စန်မြို့နယ်မှာ နမ့်စန်နဲ့ ခိုလမ်မြို့ပေါ် ရပ်ကွက်ပေါင်း (၁၁)ခု၊ ကျေးရွာအုပ်စုပေါင်း (၂၀)ကျော်၊ ကျေးရွာပေါင်း (၁၉၀)ကျော်အတွက် အဓိကကျတဲ့နေရာတွေကို ဦးစားပေးဆောင်ရွက်ပေးနေရတာကြောင့် ယခုလို မြို့နယ်နိမိတ်နဲ့ စည်ပင်နယ်နိမိတ်မှာမပါတဲ့ ရပ်ကွက်အစွန်က အိမ်ခြေများကို လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ဖို့ လုံလောက်တဲ့ပမာဏမရှိ ဖြစ်နေခဲ့ပါတယ်။ လက်ရှိအနေအထားအရ မြို့ဧရိယာ နယ်နိမိတ်နဲ့ စည်ပင်သာယာရေးနယ်နိမိတ်တွေကို တိုးချဲ့တိုင်းတာသတ်မှတ်ပေးပါက ပြည်သူများအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် သတ်မှတ်ချက်တစ်ခုထဲက အပြည့်အဝ ပါဝင်ခံစားလာရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခိုလမ်မြို့ ဧရိယာနယ်နိမိတ် တိုးချဲ့သတ်မှတ်ရေးနှင့် စည်ပင်သာယာရေးနယ်နိမိတ်တိုးချဲ့သတ်မှတ်ရေး သက်ဆိုင်ရာ အစိုးရဌာနက ရန်ပုံငွေချထားတိုင်းတာဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/ မရှိကို ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ မြို့ဧရိယာနယ်နိမိတ်နှင့် စည်ပင်သာယာရေးနယ်နိမိတ် တိုးချဲ့သတ်မှတ်နိုင်ရေး သက်ဆိုင်ရာ အစိုးရဌာနက ရန်ပုံငွေချထားတိုင်းတာ ဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် ခိုလမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုလမ်မြို့အဖြစ် မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာ (၃၈)ရွာဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၂-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၂၀၀ / ၂၄ - ၆၉ / ဦး ၁ ဖြင့် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာဖြင့် မြေဧရိယာ ၃၈၉၁၂၀.၅၀ ဧကကို ခိုလမ်မြို့နယ်ခွဲအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၂ – ၅ – ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၀၀/ ၂၄– ၈၆ (၉၃၂)/ ဦး ၁ ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၆၁၁/ ၂၀၁၄)အရ မြို့နယ်ခွဲစကားရပ် အားပယ်ဖျက်ပြီး မြို့အဖြစ်သတ်မှတ်ခဲ့ပါတယ်။ လှိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၏ မြို့နယ်နိမိတ်တိုင်းတာနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေပုဒ်မ ၇ နှင့်အညီ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ တို့အား ဦးစွာခန့်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉– ၂၀၂၀ ခုနှစ်၊ မြေတိုင်းတာခြင်း လုပ်ငန်းစီမံချက်အရ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်၊ ကွင်းပေါင်း(၂၂)ကွင်း၊ မြေဧရိယာ(၁၀၃၂.၅၀) ဧကအတွက် မြေတိုင်းတာဆောင်ရွက်ရန် လုပ်အားခကုန်ကျစရိတ် ၆,၃၃၆,၀၀၀/– ကျပ်၊ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ် ၄၄၀,၀၀၀/– ကျပ်၊ နယ်ခြားမှတ်တိုင်ကုန်ကျစရိတ် ၈,၂၅၀,၀၀၀/–၊ စုစုပေါင်းကုန်ကျစရိတ် ၁၅,၄၆၆,၀၀၀/– ကျပ် ကုန်ကျမည်ဖြစ်ပါတယ်။

ခိုလမ်မြို့၏ ဖွံ့ဖြိုးတိုးတက်လာမှု၊ တိုးပွားလာသောလူဦးရေများ၊ မြို့ဖွံ့ဖြိုးရေးလုပ်ငန်း များပိုမိုဆောင်ရွက်နိုင်ရန် မြို့နယ်နိမိတ်အား တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန၊ ဒေသခံပြည်သူများ၏ သဘောထားမှတ်ချက်များ ရယူပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ဆက်လက်၍ မြို့နှင့်တစ်ဆက်တည်း အစွန်အဖျားနေရာများတွင် အိမ်ခြေများ တဖြည်းဖြည်း တိုးမြင့်လာပြီး မြို့အသွင်ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ရန်အတွက် အောက်ဖော်ပြပါ အထောက်အထားများလိုအပ်ပါတယ်–

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက် အတည်ပြုချက်။

(ခ) ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ။

(ဂ) ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်။

(ဃ) မြို့နယ်မြေပုံ။

(င) မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်မည့် နယ်နိမိတ် အညွှန်းပြ မြေပုံ။

(စ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်မည့် အလား(၄)ရပ်ပြ မြေပုံ။

(ဆ) ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်။

(ဇ) ရပ်ကွက်အလိုက်ပြမြေပုံနှင့်တစ်ရပ်ကွက်ချင်းပြမြေပုံများ။

(ဈ) Google Earth ပုံ။

(ည) မြေအမျိုးအစားအလိုက် မြေအသုံးချမှုရေိယာစာရင်း။

( ဋ) ရပ်ကွက်အလိုက် လူဦးရေအိမ်ခြေနှင့်အိမ်အမျိုးအစား အရေအတွက်ပြဇယား။

( ဌ) မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တင်ပြချက်အစီရင်ခံစာ။

( ဍ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်မည့် အမိန့်ကြော်ငြာစာ (မူကြမ်း)။

အထက်အပိုဒ်ပါအထောက်အထားများအပြင် ဒေသခံပြည်သူများမှ သဘောတူညီချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်၊ စီမံချက်များနှင့်အတူ ပြည့်စုံစွာတင်ပြလာပါက ခိုလမ်မြို့အား စည်ပင်သာယာရေးနယ်နိမိတ်တိုးချဲ့သတ်မှတ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စုအတွင်းရှိ (ကုန်ထုတ်လမ်း)အား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စု၊ ကုန်းမခံရွာသူ၊ ရွာသားများသည် ကန်လမ်းကို အမှီပြု၍ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနေရပါတယ်။ ထိုလမ်းမှ နှစ်စဉ် စပါးများသယ်ယူခြင်း၊ လယ်ယာများအတွက် ခြံတိုင်၊ ခြံဝါးများ သယ်ယူခြင်းများ လုပ်ကိုင်ဆောင်ရွက်ရပါတယ်။ အရှည်မှာ (၂)မိုင်ခန့်ရှိပါတယ်။ ထိုလမ်းမှာ မြို့နယ်စီမံကိန်းရေးဆွဲရေးတွင်လည်း ပထမဦးစားပေးလမ်းအဖြစ် ပါဝင်ပါတယ်။ သို့ပါသောကြောင့် ပြုလုပ်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးမည်ဖြစ်

ပါကြောင်း ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းဖြင့် လေးစားစွာ မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်း မြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စုအတွင်းရှိ အရှည် ၂ မိုင်ခန့်ရှိသော ကန်လမ်း (ကုန်ထုတ် လမ်း)အား ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး အဆိုပါ မဘိမ်း မြို့နယ်၊ ကုန်းမခံကျေးရွာအုပ်စုအတွင်းရှိ အရှည် ၂ မိုင်ခန့်ရှိသော ကန်လမ်း (ကုန်ထုတ် လမ်း)အား ပြုလုပ်ပေးရန် မေးမြန်းထားမှုအပေါ် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ လမ်း၏မြေပြင်အမှန်မှာ အရှည် ၄ မိုင် ၁ ဖာလုံ ရှိပါတယ်။ ဒီနေရာမှာ ဆောင်ရွက်ပေးရမဲ့ လုပ်ငန်း များကတော့ Pipe Culvert (၂)စင်း၊ Box Culvert (၁)စင်း ထည့်သွင်းဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

အဆိုပါလမ်းအရှည် ၄ မိုင် ၁ဖာလုံအား ကျေးလက်ကုန်ထုတ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၂၂.၀၀ သန်း၊ Pipe Culvert (၂)စင်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁.၈၇ သန်းနှင့် Box Culvert (၁)စင်းအတွက် ခန့်မှန်း ကုန်ကျငွေကျပ် ၆.၉ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၃၀.၇၇ သန်းခန့် ကုန်ကျမည် ဖြစ်ပြီး တောင်သူ(၁၃၀)ဦးပိုင်ဆိုင်သော စိုက်ပျိုးဧက (၆၀၂)ဧကခန့်အား အကျိုးပြုမည်ဖြစ် ပါတယ်။

အဆိုပါ ကန်လမ်း(ကုန်ထုတ်လမ်း)ကို မဘိမ်းမြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီ၏ ဦးစားပေးအစီအစဉ်အရ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ် ဘတ်ဂျက်ဖြင့် ဆောင်ရွက်နိုင်ရေး ပထမဦးစားပေး လျာထားတင်ပြခဲ့သော်လည်း ဘဏ္ဍာငွေ ရရှိမှုအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အတွင်း ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များအရ လျာထား

ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ အသေးစားလျှပ်စစ်ဓာတ်အားစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အသေးစားလျှပ်စစ်ဓာတ်အား စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော

(က) အသေးစားရေအားလျှပ်စစ်စီမံကိန်း အရေအတွက်နှင့် တည်နေရာများ။

( ခ) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံအရေအတွက်နှင့် တည်နေရာများ။

( ဂ) အခြားစွမ်းအင်နှင့်လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများအရေအတွက်နှင့် တည်နေရာများ။

(ဃ) ယင်းစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာကိစ္စရပ်များဖြစ်သည့် EIA ၊ SIA ကိစ္စရပ်များကို ပြည်သူအများ သိရှိနားလည်စေရန် ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်ခြင်း ရှိ/ မရှိ အစရှိသည့်မေးခွန်းတို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်

ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အသေးစားလျှပ်စစ်ဓာတ်အား စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော

(က) အသေးစားရေအားလျှပ်စစ်စီမံကိန်း အရေအတွက်နှင့် တည်နေရာများ။

(ခ) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံအရေအတွက်နှင့် တည်နေရာ များ။

(ဂ) အခြားစွမ်းအင်နှင့် လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အရေအတွက် နှင့်တည်နေရာများ။

(ဃ) ယင်းစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာကိစ္စရပ်များကို ပြည်သူအများ သိရှိ နားလည်စေရန် ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်ခြင်း ရှိ/ မရှိ စတဲ့ မေးခွန်း များနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(က)ဖြစ်တဲ့ အသေးစားရေအားလျှပ်စစ်စီမံကိန်း အရေအတွက်မှာ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း (၂၉)ခု၊ လုပ်ငန်းသဘောတူ (MoA) ရေးထိုးပြီး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်း (၉)ခု၊ မြေငှားရမ်းစာချုပ်လက်မှတ်ရေးထိုးပြီး ဆောင်ရွက် သည့် လုပ်ငန်း(၈)ခု၊ စုစုပေါင်းလုပ်ငန်း (၄၆)ခုရှိပြီး တည်နေရာအား နောက်ဆက်တွဲ(က)ဖြင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(ခ)ဖြစ်တဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံအရေအတွက်မှာ လုပ်ငန်းသဘောတူ (MoA) ရေးထိုးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၁)ခုရှိပြီး တည်နေရာအား နောက်ဆက်တွဲ(ခ)ဖြင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(ဂ)ဖြစ်တဲ့ နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ်စူးစမ်း လေ့လာဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာသုံး ဓာတ်အားပေးစက်ရုံ လုပ်ငန်း(၁)ခု၊ ဆိုလာပြား (နေရောင်ခြည်သုံး) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်း လုပ်ငန်းအတွက် နားလည်မှု

စာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ်စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း (၁)ခု၊ မြေအောက်အပူစွမ်းအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်သော စီမံကိန်းအတွက် နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးပြီး အသေးစိတ်စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း (၁)ခု၊ စုစုပေါင်း(၃)ခုရှိပြီး တည်နေရာအား နောက်ဆက်တွဲ(ဂ)ဖြင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(ဃ)ဖြစ်တဲ့ စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာကိစ္စရပ်များကို ပြည်သူအများသိရှိ နားလည်စေရန် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

နောက်ဆက်တွဲအနေနဲ့ ရှင်းလင်းတင်ပြရမယ်ဆိုရင် Myanmar Hydropower Development Co.,Ltd မှ ရှမ်းတောင်၊ ရပ်စောက်မြို့နယ်၊ နမ့်ကန်ချောင်း မြေရိယာ(၅၂)တွင် (၉ မဂ္ဂါဝပ်) နမ့်ကန်ချောင်း ရေအားလျှပ်စစ်ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆို ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ပါသဖြင့် သဘောတူစာချုပ် (MoA) ကို ၁၃- ၉- ၂၀၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

Myanmar Hydropower Development Co.,Ltd မှ ရှမ်းတောင်၊ ရပ်စောက်မြို့နယ်၊ မြေရိယာ(၄၀)တွင် ဇော်ဂျီမြစ်ပေါ်ရှိ (၁.၆မဂ္ဂါဝပ်) တပ်ကြီး ရေအားလျှပ်စစ်စက်ရုံ ပြန်လည် ပြင်ဆင်တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ငှားရမ်းစာချုပ်အား ၁၄-၁-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

အောင်မြင့်ရှိန်ကုမ္ပဏီမှ ရွာငံမြို့နယ်၊ ပြေသာကျေးရွာအုပ်စု၊ ဆင်ခေါင်းအင်းကျေးရွာ အနီး ပန်းလောင်ချောင်းမှ ဆုံကြီးအထိ ဆင်ခေါင်းအင်း ရေအားလျှပ်စစ်စီမံကိန်း (၂၁မဂ္ဂါဝပ်) ဆောင်ရွက်ရန်အတွက် ၂၉-၂-၂၀၁၆ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ၂၉-၈-၂၀၁၇ ရက်နေ့တွင် ပထမအကြိမ် သက်တမ်းတိုးခဲ့ပြီး ၁၉-၈-၂၀၁၉ ရက်နေ့တွင် ဒုတိယအကြိမ် သက်တမ်းတိုးခဲ့ပါတယ်။

အောင်မြင့်ရှိန်ကုမ္ပဏီမှ ရွာငံမြို့နယ်၊ ပြေသာကျေးရွာအုပ်စု၊ ဆင်ခေါင်းအင်းကျေးရွာ အနီး ပန်းလောင်ချောင်းမှ ဆုံကြီးအထိ ခနု ရေအားလျှပ်စစ်စီမံကိန်း (၈မဂ္ဂါဝပ်)ဆောင်ရွက် ရန်အတွက် ၂၉-၂-၂၀၁၆ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုး ခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ၂၉-၈-၂၀၁၇ ရက်နေ့တွင် ပထမအကြိမ်သက်တမ်းတိုးခဲ့ပြီး ၁၉-၈-၂၀၁၉ ရက်နေ့တွင် ဒုတိယအကြိမ် သက်တမ်းတိုးခဲ့ပါတယ်။

တော်ဝင်ရွှေစိန်ကုမ္ပဏီမှ ကွန်ဟိန်းမြို့နယ်၊ နားစောက်ကျေးရွာအနီး နမ့်ပန်ချောင်းတွင် (၂၆ မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ရန်အတွက် (MoU)ရေးထိုးထားတာ ရှိပါတယ်။

ဂရိတ်ဟိုက်ပါကုမ္ပဏီမှ မိုင်းရှူးမြို့နယ်၊ ဟိုက်ပါကျေးရွာအနီး နမ့်ပန်ချောင်းတွင် (၂၉ မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU) ရေးထိုးထားတာ ရှိပါတယ်။

ဆိုင်ခမ်းနော်သတ္တုတူးဖော်ရေးကုမ္ပဏီအနေနဲ့ ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလုံးကျေးရွာအုပ်စု၊ ဟိုရန့်ကျေးရွာအနီး နမ့်ပန်ချောင်းတွင် (၃၀ မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU) ရေးထိုးထားတာ ရှိပါတယ်။

Min Khit Thit Thai Non Destructive Testing Co.,Ltd တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နှင့် ရွှေညောင်အနောက်ဘက်ခြမ်း ဇီဝလောင်စာသုံး ဓါတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် (MoU) ရေးထိုးထားတာ ရှိပါတယ်။

Great Haipar Co.,Ltd မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ နားကျိုင်းကျေးရွာအနီး၊ နမ့်ပန်ချောင်းတွင်(၃၀မဂ္ဂါဝပ်) ရေအားလျှပ်စစ်ထုတ်လုပ်သောစီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခြင်းအတွက် (MoU) ရေးထိုးထားတာ ရှိပါတယ်။

MY Holding Co.,Ltd မှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နောင်ထောဝ်ကျေးရွာ၊ နမ့်ပွန်ချောင်းအတွင်း (၃၀ မဂ္ဂါဝပ်) ရေအားလျှပ်စစ်ထုတ်လုပ်ရန်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် (MoU)ရေးထိုးထားတာ ရှိပါတယ်။

ဖိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီမှ ရှမ်း(မြောက်)၊ ကုန်းကြမ်းမြို့နယ်၊ တာကုန်ကြမ်းကျေးရွာအုပ်စု၊ ရင်ဖန်ထိုကျေးရွာအနီး "ရင်ဖန်ထို" အလတ်စားရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန်အတွက် ကြွယ်ဝသောရတနာရွှေမြေသတ္တုတူးဖော်ရေးကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ(MoU)ကို ၁၃.၃.၂၀၁၃ ရက်နေ့တွင် ရေးထိုးခဲ့ပြီး ၁၉.၁.၂၀၁၇ ရက်နေ့တွင် ဖိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီသို့ အမည်ပြောင်းလဲခဲ့ပါတယ်။

ကြွယ်ဝသောရတနာရွှေမြေသတ္တု တူးဖော်ရေးကုမ္ပဏီမှ ရှမ်း(မြောက်)၊ ကုန်းကြမ်းမြို့နယ်၊ မော်ထိုက်မြို့၊ ရှင်းထန်ကျေးရွာအုပ်စု၊ နုံခန်းကျေးရွာ၊ ကျွင်းဖန်ဟော်ချောင်း

"ကျွင်းဖန်ဟော်" အသေးစားရေအားလျှပ်စစ် စီမံကိန်းဆောင်ရွက်ရန် (MoU) ရေးထိုးထားတာရှိပါတယ်။

ကိုးကန့်ဆွေလျှပ်စစ်ထုတ်လုပ်မှု ကုမ္ပဏီမှ ရှမ်းမြောက်၊ လောက်ကိုင်မြို့နယ်၊ တာရွှေထန် ကျေးရွာအုပ်စု၊ ရှီဖန်ကျေးရွာအနီးရှိ "ချားဟော်" အသေးစားရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) ကို ၄.၇.၂၀၁၃ ရက်နေ့တွင် ရေးထိုးခဲ့ပြီး ၉.၁.၂၀၁၇ ရက်နေ့တွင် သက်တမ်းပြန်လည်တိုးခဲ့ပါတယ်။

Myanmar Hydropower Development Co.,Ltd ရှမ်းမြောက်၊ နောင်ချိုမြို့နယ်၊ သပြေတိုးကျေးရွာအုပ်စု၊ ဘန့်ကွေးကျင်းရွာအနီး မြေဧရိယာ (၂၁၀)တွင် (၁၀မဂ္ဂါဝပ်) မင်းလှ ရေအားလျှပ်စစ်ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှု စာချွန်လွှာ(MoU)ကို ၂၉.၂.၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် သဘောတူစာချုပ် (MoA) ကို ၁၃.၉.၂၀၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

UNI Energy Co.,Ltd မှ ရှမ်းမြောက်၊ ကွမ်းလုံမြို့နယ်နှင့် သိန္နီမြို့နယ်အနီးရှိ နမ့်နင်း ချောင်းပေါ်တွင် (၂၂ မဂ္ဂါဝပ်) နမ့်နင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၁၄-၁၀-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး မူဆယ်ခရိုင်၊ တာမိုးညဲမြို့နယ်အတွင်းရှိ နမ့်နင်းရေအားလျှပ်စစ်စီမံကိန်း (၃၀) မဂ္ဂါဝပ်အား သဘောတူ စာချုပ် (MoA)ကို လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါတယ်။

ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ ဂယ်လောင်းချောင်းတွင် (၉.၅ မဂ္ဂါဝပ်) အမှတ်(၄) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU) ရေးထိုး ထားပါတယ်။

ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ ဂယ်လောင်းချောင်းတွင် (၇.၅ မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၉-၂-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများပြီးစီး၍ သဘောတူစာချုပ် (MoA)ကို လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါတယ်။

ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ ရေပြန်ချောင်းတွင်(၁၀မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU)ရေးထိုးထားပါတယ်။

ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ ဒိုးဂုံးချောင်းတွင်(၃၀မဂ္ဂါဝပ်) ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU)ရေးထိုးထားပါတယ်။

Fully light Trading Co.,Ltd မှ ရှမ်း(မြောက်)၊ ကျောက်မဲခရိုင်၊ မိုင်းလုံမြို့နယ်၊ နမ့်ပိုင်ချောင်းပေါ်တွင် (၂၀ မဂ္ဂါဝပ်) နမ့်ပိုင်(၁) ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် (MoU)ရေးထိုးထားပါတယ်။

Fully light Trading Co.,Ltd မှ ရှမ်း(မြောက်)၊ ကျောက်မဲခရိုင်၊ မိုင်းလုံမြို့နယ်၊ နမ့်ပိုင်ချောင်းပေါ်တွင်(၂၇ မဂ္ဂါဝပ်) နမ့်ပိုင်(၂)ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် (MoU) ရေးထိုးထားပါတယ်။

ထွန်းနှင့်သန်းကုမ္ပဏီမှ ကျောက်မဲမြို့ရှိ နမ့်စောင်ငေါင်း ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ်ကို ကြွယ်ဝသောရတနာရွှေမြေသတ္တုတူးဖော်ရေးကုမ္ပဏီ အမည်ဖြင့် ၁၄-၁-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၈-၃-၂၀၁၈ ရက်နေ့တွင် ထွန်းနှင့် သန်း ကုမ္ပဏီ အမည်ဖြင့် ပြောင်းလဲချုပ်ဆိုခဲ့ပါတယ်။

ဇိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီမှ ချင်းရွှေဟော်မြို့ရှိ ပါကျက်ဟော် ရေအားလျှပ်စစ် စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။

ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ကောင်းဆန်းကျေးရွာရှိ နမ့်ဆောင်ချောင်း ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ်ချုပ်ဆိုထား ပါတယ်။

မြသင်းကြူကုမ္ပဏီမှ လားရှိုးမြို့ရှိ နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။

YS Golden Butterfly Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ် အတွင်းရှိ နမ့်ပန်ချောင်းနှင့် နမ့်စီဟော်ချောင်းဆုံတွင် နမ့်စီးဟော်(၃၀)မဂ္ဂါဝပ် ရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် (MoU)ရေးထိုးထားပါတယ်။

High Land Road Construction Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချို မြို့နယ်အတွင်းရှိ ဂုတ်တွင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ခြင်း အတွက် (MoU)ရေးထိုးထားပါတယ်။

TMH Telecom Public Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့အနီး၊ နမ့်ခိုင်ချောင်းရှိ (၂၉.၈) မဂ္ဂါဝပ် နမ့်ခိုင်(၁) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းအတွက် (MoU)ရေးထိုးထားပါတယ်။

TMH Telecom Public Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့အနီး၊ နမ့်ခိုင်ချောင်းရှိ (၂၉.၈)မဂ္ဂါဝပ် နမ့်ခိုင်(၂) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းအတွက် (MoU)ရေးထိုးထားပါတယ်။

TMH Telecom Public Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့အနီး၊ နမ့်ခိုင်ချောင်းရှိ (၂၉.၈)မဂ္ဂါဝပ် နမ့်ခိုင်(၃) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းအတွက် (MoU)ရေးထိုးထားပါတယ်။

TMH Telecom Public Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့အနီး၊ နမ့်ခိုင်ချောင်းရှိ (၂၉.၈)မဂ္ဂါဝပ် နမ့်ခိုင်(၄) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းအတွက် (MoU)ရေးထိုးထားပါတယ်။

UNI Energy Co.,Ltd မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် နမ့်မချောင်းတွင် နမ့်မရေအားလျှပ်စစ်စီမံကိန်း (၂၅)မဂ္ဂါဝပ် အကောင်အထည်ဖော်ဆောင်ရွက် ခြင်းအတွက် (MoU)ရေးထိုးထားပါတယ်။

မဂ္ဂါမြန်မာစွမ်းအင်ကုမ္ပဏီမှ ရှမ်း(ရှေ့)၊ မိုင်းပျဉ်း၊ မိုင်းပျဉ်း-ကျိုင်းတုံကားလမ်းဘေး၊ မြေကေ(၁)ကေ နမ့်လိန်ချောင်းတွင် (၁.၅ မဂ္ဂါဝပ်) ရေအားလျှပ်စစ်ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၉-၂-၂၀၁၅ ရက်နေ့ တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများပြီးမြောက်၍ သဘာတူစာချုပ် (MoA)ကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

မဂ္ဂါမြန်မာစွမ်းအင်ကုမ္ပဏီမှ ရှမ်း(ရှေ့)၊ မိုင်းပျဉ်း၊ မိုင်းပျဉ်း- ကျိုင်းတုံ ကားလမ်းဘေး၊ မြေကေ(၃.၅)ကေ နမ့်ပိန်းချောင်းတွင် (၂ မဂ္ဂါဝပ်) ရေအားလျှပ်စစ်ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများပြီးမြောက်၍ သဘာတူစာချုပ် (MoA)ကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

Suntac Power Co.,Ltd မှ မိုင်းဆတ်မြို့နယ်နှင့် နမ့်ခုတ်မြို့နယ်ကြား၊ ရေပူစမ်းရွာ အနီး၊ နမ့်ခုတ်ချောင်း မြေကေ(၄၃)ကေတွင် နမ့်ခုတ်ချောင်း (၃၀ မဂ္ဂါဝပ်) မိုင်းဆတ်ရေအား လျှပ်စစ်စက်ရုံတည်ဆောက်ခြင်းအတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၉-၂-၂၀၁၅ ရက်နေ့ တွင်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန် သက်တမ်းတိုး စာချုပ်အား ၂၅-၃-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၁၁-၂-၂၀၁၇ရက်နေ့တွင် ထပ်မံသက်တမ်းတိုးခဲ့ပါ တယ်။

မြန်မာရေဘမွန်ဆိပ်ကမ်းနှင့် မြစ်များဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ရှမ်းရှေ့၊ တာချီလိတ်ခရိုင်၊ မယ်ဟုတ်ချောင်းပေါ်ရှိ (၂၂ မဂ္ဂါဝပ်ခန့်) မယ်ဟုတ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၄-၁၀-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများပြီးမြောက်၍ သဘာတူစာချုပ် (MoA)ကို ၁၆-၁၀-၂၀၁၈ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

Nature Current Energy Co.,Ltd မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်အတွင်းရှိ (၂၅ မဂ္ဂါဝပ်) မိုင်းယွန်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ခြင်းအတွက် (MoU)ရေးထိုးထားပါတယ်။

ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ ကျိုင်းတုံမြို့ရှိ နမ့်ဝုတ်ရေအားလျှပ်စစ်စက်ရုံနှင့်မြေငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။

ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ ကျိုင်းတုံမြို့ရှိ နမ့်လပ်ရေအားလျှပ်စစ်စက်ရုံနှင့်မြေငှားရမ်းသည့် သဘောတူစာချုပ်များ ချုပ်ဆိုထားပါတယ်။

ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ ကျိုင်းတုံမြို့နယ်၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ် (၁.၈၉) မဂ္ဂါဝပ် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် (MoA) ရေးထိုးထားပါတယ်။

ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ ကျိုင်းတုံမြို့နယ်၊ နမ့်စိုရေအားလျှပ်စစ် (၂.၅၀)မဂ္ဂါဝပ် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် (MoA) ရေးထိုးထားပါတယ်။

လွယ်ဆမ်ဆုံကုမ္ပဏီမှ ကျိုင်းတုံမြို့ရှိ မယ်ပန်ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့်သဘောတူစာချုပ် ချုပ်ဆိုထားပါတယ်။

Kyi Thein & Family Co.,Ltd မှ ကျိုင်းတုံမြို့မြောက်ဘက် နမ့်ခွန်ချောင်းပေါ်တွင် အသေးစားရေအားလျှပ်စစ်စက်ရုံ (1000KV ×3 Nos) တည်ဆောက်ရန်အတွက် (MoU) ရေးထိုးထားပါတယ်။

တိုင်းစီယမ်ထရိတ်ဒင်းကုမ္ပဏီမှ တာချီလိတ်ခရိုင်၊တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် လျှပ်စစ်မီးမရရှိသေးသော နေရာဒေသများတွင် ၃၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းလုပ်ငန်းအတွက် (MoU) ရေးထိုးထားပါတယ်။

UNI ENERGY Co.,Ltd မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ နမ့်ဆင်(၁) (၂၆.၆) မဂ္ဂါဝပ်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်း အတွက် (MoU) ရေးထိုးထားပါတယ်။

မိုင်းတုံစေတမာန်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ နမ့်ဟန်ချောင်းအတွင်း (၁၂)မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းအတွက် (MoU) ရေးထိုးထားပါတယ်။

မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီမှ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာ၊ ကျောက်လှိုင်ဂူအနီး မြေဧရိယာ (၂၅) ဧကတွင် ကျောက်မီးသွေးသုံး လျှပ်စစ် (၂၀ မဂ္ဂါဝပ်) စီမံကိန်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၅-၇-၂၀၁၄ ရက်နေ့ တွင်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် သဘောတူစာချုပ် (MoA)ကို ၁၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါတယ်။

Min Khit Thit Thai Non Destructive Testing Co.,Ltd မှ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နှင့် ရွှေညောင်အနောက်ဘက်ခြမ်း ဇီဝလောင်စာသုံး ဓာတ်အားပေး စက်ရုံ တည်ဆောက်ရန်အတွက် (MoU) ရေးထိုးထားပါတယ်။

ပြင်ဦးလွင် KKL ကုမ္ပဏီမှ လားရှိုးခရိုင်၊ နောင်ချိုမြို့နယ်၊ အုမ္မခါးကျေးရွာအတွင်း မြေအောက်အပူစွမ်းအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်သော စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်း (MoU) ရေးထိုးထားပါတယ်။

တိုင်းစီယမ်ထရိတ်ဒင်းကုမ္ပဏီမှ ရှမ်း(အရှေ့)လျှပ်စစ်ဓာတ်အားလုံလောက်စွာ အသုံးပြု နိုင်ရန် အရန်လျှပ်စစ်ဓာတ်အားအဖြစ် ၃၀ မဂ္ဂါဝပ်ရှိ ဆိုလာပြား(နေရောင်ခြည်သုံး) လျှပ်စစ် ဓာတ်အား ဆောက်လုပ်ဖြန့်ဖြူးပေးခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းအတွက် (MoU) ရေးထိုးထားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ကျွန်မ

မေးမြန်းသွားမဲ့ မေးခွန်းကတော့ သီပေါမြို့တွင် အားကစားနည်းပေါင်း (၅)နည်းနဲ့အထက် ကစားနိုင်ရန်အတွက် မိုးလုံလေလုံအဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ သီပေါမြို့ဟာ နှစ်စဉ် မြန်မာ့လက်ရွေးစင်အားကစားသမား များကို မွေးထုတ်ပေးလျက်ရှိသော သီပေါမြို့ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အားကစားကွင်းသည် လက်ရှိတွင် ဘောလုံးကွင်းသာရှိပြီး အခြားအားကစားနည်းများ ဖြစ်သည့် ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင်၊ ဂျူဒို၊ ကရာတေးစသည့် အားကစားနည်းများ ကစားဖို့ နေရာအခက်အခဲရှိနေပါတယ်။

အဆိုပါ အားကစားနည်းများထဲမှ ဘော်လီဘော အားကစားနည်းသည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သီပေါဘော်လီဘော အားကစားသမားများမှ အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆုများအပြင် ကြက်တောင်အားကစားနည်းမှလည်း မြန်မာ့လက်ရွေးစင်၊ ပြည်နယ် လက်ရွေးစင်၊ ခရိုင်လက်ရွေးစင်များကို မွေးထုတ်ပေးနိုင်သည့် ကစားနည်းဖြစ်ပါတယ်။ ခရိုင် လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်းခံရသည့် သီပေါအမျိုးသမီးကြက်တောင်အသင်းဟာ လက်ရှိတွင် ကစားစရာနေရာမရှိသဖြင့် မြို့တော်ခန်းမတွင် အကူအညီတောင်းခံပြီး ကစားနေ ကြရပါတယ်။

ယခုခေတ်တွင် အားကစားသမားများ အများအပြားစိတ်ဝင်စားလာသည့် ဂျူဒို၊ ကရာတေး အားကစားနည်းသည် လက်ရှိတွင် ပြည်နယ်လက်ရွေးစင်တစ်ဦး ပါဝင်ယှဉ်ပြိုင် ခွင့်ရနေသူတစ်ဦးရှိနေပြီး ဤအားကစားနည်း ဆက်လက်ပြန့်ပွားရေးအတွက် သင်ကြား ပို့ချပေးနိုင်မည့် သင်တန်းနေရာ အခက်အခဲရှိနေပါတယ်။

သို့ဖြစ်ပါ၍ အားကစားသမားကောင်းများ၊ မြန်မာ့လက်ရွေးစင်များ၊ ခရိုင်လက်ရွေးစင် များ၊ ပြည်နယ်လက်ရွေးစင်များ အမြောက်အမြား မွေးထုတ်ပေးနေသည့် သီပေါမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားသမားကောင်းများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရေးကို ရှေးရှုပြီး လိုအပ်သည့် အခြေခံအဆောက်အဦများ၊ နည်းပညာပိုင်းဆိုင်ရာများ၊ သင်ထောက်ကူပစ္စည်းများကို ကူညီ ပံ့ပိုးပေးရန်နှင့် ကူညီပံ့ပိုးပေးရန်တာဝန်မှာ အစိုးရရဲ့ တာဝန်တစ်ရပ်ဖြစ်သည့်အတွက် ယခု လိုအပ်လျက်ရှိသော ပေ (၁၀၀×၂၀၀)ရှိ မိုးလုံလေလုံအားကစားရုံအား လာမည့် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက မည်သည့် ဘတ်ဂျက်နှစ်တွင် ပြန်လည်ထည့်သွင်း ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါသောကြောင့် ပြည်သူ

များ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးရဲ့ သီပေါ မြို့နယ်တွင် ပေ (၁၀၀×၂၀၀)ရှိ မိုးလုံလေလုံအားကစားရုံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အားကစားကွင်း Innerfencing ကာရံခြင်း ကျပ်သန်း(၂၀.၀၀၀)ဖြင့် လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အားကစားကွင်းပွဲကြည့်စင် တည်ဆောက်ခြင်း ကျပ် ၁၄၇.၀၀၀ သန်းဖြင့် လည်းကောင်း၊ စံဖိတ်ကျေးရွာ အားကစားကွင်းဖော်ထုတ်ခြင်း ကျပ် ၁၉.၆၀၀ သန်းဖြင့်လည်းကောင်း၊ နမ့်လန်ကျေးရွာ အားကစားကွင်းဖော်ထုတ်ခြင်းနှင့် Innerfencing ကာရံခြင်းလုပ်ငန်း ကျပ် ၄၉.၀၀၀ သန်းဖြင့်လည်းကောင်း၊ ကုန်းသာ အခြေခံပညာအထက်တန်းကျောင်းခွဲ အားကစားကွင်းဖော်ထုတ်ခြင်း ကျပ် ၁၉.၆၀၀ သန်းဖြင့် ဆောင်ရွက် ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သီပေါ မြို့နယ်ဘောလုံးကွင်းကို မီတာ(၄၀၀)ပြေးလမ်းဖောက်လုပ်ခြင်း ကျပ် ၄၂.၀၀၀သန်းဖြင့် လည်းကောင်း၊ ဘော်ကြိုကျေးရွာ အားကစားကွင်းဖော်ထုတ်ခြင်း ကျပ်သန်း ၂၀.၀၀၀ ဖြင့် လည်းကောင်း လျာထားဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းအား ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလျာထားချက်၌ ထည့်သွင်းပြီး ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့အား စနစ်တကျဖွံ့ဖြိုးတိုးတက်သော မြို့တော်ဖြစ်စေရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးတို့အတွက် မည်သည့်အစီအမံများ ဆောင်ရွက်နေသည်ကို သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ဟာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ဆိုလျှင် တောင်ကြီးမြို့ရဲ့ မြို့တည် သက်တမ်းဟာ ၁၂၅ နှစ်ပြည့်ပြီလည်း ဖြစ်ပါတယ်။ ယခုလို မြို့တည်သက်တမ်း နှစ်ရာကျော်ချီတဲ့ မြို့တွေထဲမှာ မြန်မာနိုင်ငံထဲမှ ထိပ်ဆုံး(၅)မြို့ထဲတွင် စာရင်းဝင်မြို့တစ်မြို့ ဖြစ်သလို ကိုလိုနီခေတ်ကတည်းက ဆောက်ခဲ့တဲ့မြို့လည်းဖြစ်ပါတယ်။ မြို့ကို တည်ဆောက်စဉ်က အင်းနှင့် ရေကန်များကို မြေဖို့ပြီးမှ ဖန်တီးပြီးတည်ဆောက်ခဲ့ရတယ်လို့ ရေးသားထားတာကိုလည်း ကျွန်တော်တို့ ဖတ်ရှုခဲ့ရပါတယ်။ ကမ္ဘာ့အနေသင့်ဆုံးမြို့တော်အဖြစ် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် (၂)ကြိမ်တိုင်တိုင် ပညာရှင်များမှ သတ်မှတ်ခြင်းခံခဲ့ရပြီး၊ မြန်မာနိုင်ငံမှာ တောင်ကြီးမြို့ဟာ အဆိုပါ(၂)နှစ်လုံး လေထုအသန့်ရှင်းဆုံးနှင့် အနေသင့်ဆုံးမြို့အဖြစ် ဆု(၂)ကြိမ်ရရှိခြင်း၊ ကမ္ဘာကျော်တဲ့ရိုးရာ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အစရှိတဲ့ ထူးခြားတဲ့ ဝိသေသများနှင့် ပြည့်နှက်နေတဲ့ ပြည်နယ်ရဲ့မြို့တော် တောင်ကြီးမြို့ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

တောင်ကြီးမြို့ဟာ အရှေ့ဘက်ကုန်သွယ်ရေးအတွက် အဓိကအချက်အချာကျတာနှင့်အညီ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအတွက် ပတ်ဝန်းကျင်ဒေသများရဲ့ ပြည်သူများအတွက် အားထားရတဲ့မြို့လည်း ဖြစ်ပါတယ်။ ဒီဘက်နှစ်များအတွင်းမှာ မြို့ရဲ့ အခြေခံလိုအပ်ချက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လာမှုများကြောင့် မြို့တော်ရဲ့အင်္ဂါရပ်နှင့်အညီ တွေ့မြင်လာရပြီး၊ မြို့ရဲ့လိုအပ်ချက် ကျန်ရှိနေမှုများစွာကိုလည်း ဖြည့်ဆည်းပေးဖို့ စီစဉ်ဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။

ယခုလို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတဲ့ တောင်ကြီးမြို့ဟာ မြို့ပြလူနေမှုများတိုးပွားလာကာ အမျိုးသားအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများမြင့်မားလာပြီး၊ မြို့ပြ

လူဦးရေတိုးနှုန်းဟာ ရှမ်းပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်တွင် လူဦးရေတိုးနှုန်း (၀.၈၈)ရာခိုင်နှုန်း၊ ၂၀၃၀ ခုနှစ်တွင် လူဦးရေ တိုးနှုန်း (၀.၇၀)ရာခိုင်နှုန်း ခန့်မှန်းထားရှိချက်အရ သိရှိရပြီး၊ ၂၀၁၉ ခုနှစ်အထိ တောင်ကြီး မြို့ပေါ်နေလူဦးရေမှာ (၂၂၀,၀၀၀) ကျော်တာကိုတွေ့ရှိရပြီး ဒါဟာတစ်ခြားမြို့နယ်တစ်ခုလုံး မှာရှိတဲ့ လူဦးရေထက် များပြားနေတာကိုလည်း တွေ့ရှိလာရပါတယ်။ မြို့ပြလူဦးရေတိုးပွား လာတာနဲ့အမျှ အခြေခံလိုအပ်ချက်များဖြစ်တဲ့ မြေယာ၊ အဆောက်အအုံ၊ သောက်သုံးရေ လိုအပ်ချက်များ မြင့်မားလာမှာ ဖြစ်ပါတယ်။

တောင်ကြီးမြို့ဟာ ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် AH–2 လမ်းပိုင်းမှာ အဓိကအသုံးပြုနေရတာကြောင့် မြို့ကိုဖြတ်သန်းရာတွင် အတက်၊ အဆင်းလမ်းများတွင် တစ်နေ့လျှင် ပျှမ်းမျှယာဉ်အစီးရေပေါင်း (၄၈၀၀)ကျော်ရှိပြီး အနောက်မြို့ပတ်လမ်းကို အဓိကထား အသုံးပြုရတာကြောင့် (၁၂)ဘီးကားများ၊ (၂၂)ဘီး ကားများ ဖြတ်သန်းသွားလာရာတွင် လမ်းဘေး ဝဲ/ ယာရှိ နေအိမ်၊ အဆောက်အအုံများဟာ မြေပြင်ရဲ့ တုန်ခါမှုများကို သိသိသာသာ ခံစားနေကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။

မြို့ပြလူဦးရေတိုးပွားမှုများကြောင့် လိုအပ်အိမ်ရာများကို တိုးချဲ့တည်ဆောက်မှု အများဆုံးတွေ့မြင်နေရတာကလည်း အနောက်မြို့ပတ်လမ်းဖက်ရှိ ယခင်တောင်ကြီးမြို့၏ အစွန်ရပ်ကွက်များလို့ပြောတဲ့နေရာရဲ့ တောင်ကမ်းပါးယံ၊ တောင်စွန်းများတွင် အဆောက်အအုံ များတဖြည်းဖြည်းနှင့် တောင်စောင်းအလိုက် တိုးပွားလာတာကို အေးသာယာမြို့မှပင် တွေ့မြင်နေတဲ့ အခြေအနေမျိုး ဖြစ်ပေါ်လာပါတယ်။ တောင်ကြီးမြို့ရဲ့ အတက်၊ အဆင်းလမ်း များတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ များပြားလာပြီး၊ သဘာဝအရင်းအမြစ်များ ပျက်စီး ဆုံးရှုံးတဲ့ အခြေအနေများလည်း ကြုံတွေ့လာနေရပါတယ်။

တောင်ကြီးမြို့ရဲ့ အရှေ့ဘက်လမ်းမှာရှိတဲ့ တောင်ကြီးရဲ့ တောင်ခြေများတွင် အထပ်မြင့်အဆောက်အဦများ တိုးပွားလာတာကိုလည်း တွေ့မြင်လာနေရပြီး၊ ယခုလို အဆောက်အဦများအတွက် အသုံးပြုထားတဲ့ မြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မည့် စသည့်အချက်များကို ထည့်သွင်းတွက်ချက်ပြီးမှ အိမ်များဆောက်လုပ်ခဲ့လျှင် အကြောင်းမဟုတ်သော်လည်း ယခုအခါ မြင်တွေ့နေရတဲ့အခါမှာ အခြေခံတွက်ချက်မှုများ မပါဘဲ ရသည့်မြေနေရာများပေါ်တွင် ဆောက်လုပ်ထားတဲ့ အိမ်များ ပိုမိုများပြားလာတာကို တွေ့မြင် နေရပါတယ်။

မြေအောက်ရေအသုံးပြုမှု အများဆုံးမြို့များထဲတွင် ပါဝင်သည့် တောင်ကြီးမြို့ဟာ ယခုဆိုလျှင် မြို့ပေါ်ရှိ ရေတွင်း၊ ရေကန်များ တိမ်ကောလာပြီး မိုးများရွာသွန်းတဲ့အခါ ရေကို

စုပ်ယူနိုင်မည့် သဘာဝမြေများ လျော့နည်းလာခြင်းများကြောင့် ရွာချလိုက်တဲ့မိုးရေများဟာ ကျီးဖြူကန်ထဲသို့ တိုက်ရိုက်စီးဆင်းနေတဲ့ အခြေအနေမျိုးလည်း ဖြစ်ပေါ်လာနေပါတယ်။

တောင်ကြီးမြို့ဟာ မိုးရွာသွန်းမှုများသည့်အခါတိုင်းမှာ မြောင်းများမှ အမှိုက်များ ပိတ်ဆို့မှုများ၊ နဂိုမူလမြောင်းများ ကျဉ်းမြောင်းလာခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုနှစ်ပိုင်းများတွင် ရေကြီးရေလျှံခြင်းများနှင့်အတူ မြေပြို၊ မြေကျုံမှုများနှင့် လူ့အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလာတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အစောက တင်ပြခဲ့တဲ့ အခြေအနေများကြောင့် ဖြစ်ပေါ်လာမဲ့ မြေလွှာများပြတ်ရွေ့လျားခြင်း၊ မြေပြင်တုန်ခါမှုများကြောင့် ငလျင်များလှုပ်ခတ်လာမှုများ၊ မြေလွှာကြောများ ပြတ်ရွေ့လာမှုများ၊ မြေပြိုမှုများနှင့် နောက်ဆက်တွဲ ကြုံတွေ့လာခြင်းများ ဖြစ်ပေါ်လာနိုင်တယ်လို့ ပညာရှင်များက အကြံပြုထား သလိုပဲ တောင်ကြီးမြို့ရဲ့ ကြုံတွေ့လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေထဲမှာ ငလျင်ဘေးနှင့် မြေပြိုမှုဘေးများကို စီမံချက်တွင် ထည့်သွင်းအကြံပြုလာမှုများအပေါ်တွင် အထူးဂရုပြုရမည့် အခြေအနေလည်း ဖြစ်ပါတယ်။ မကြာသေးမီရက်များအတွင်းက တောင်ကြီးမြို့၊ မြို့မ ရပ်ကွက်၊ ကန်သာဘုန်းကြီးကျောင်းမှာဖြစ်ပွားခဲ့တဲ့ မြေပြတ်ရွေ့မှုနဲ့ မြေကျုံမှုများကြောင့် လည်း လူနေအိမ်များထိခိုက်ပြီးမှ ဖယ်ရှားပေးခဲ့ရတာလည်း ထင်ရှားတဲ့သာဓက တစ်ခုပဲဖြစ် ပါတယ်။

လက်ရှိတောင်ကြီးမြို့ရဲ့ အန္တရာယ်ရှိသော နေရာများမှာ လူနေအိမ်ပေါင်း (၂၀၀)ကျော် ရှိနေတယ်လို့ ကောက်ယူရတဲ့စာရင်းများအရ သိရှိရပါတယ်။ ယခုလို စနစ်မကျတဲ့ ဖွံ့ဖြိုး တိုးတက်မှုများ၊ မြေအသုံးချမှုများဟာ မြို့ပြစီမံကိန်း အကောင်အထည်ဖော်ရတဲ့ သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများ၊ လုပ်ပိုင်ခွင့်ရှိသူများမှာ တာဝန်ရှိတယ်ဆိုတာ အားလုံးသိပေမဲ့ ဒီလို အခြေအနေမျိုးမှာ မည်သူ့မှာ တာဝန်ရှိတာကို ပြောနေရမဲ့ အချိန်လည်း မဟုတ်တော့ပါဘူး။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြှင့်တင်ပေးရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခိုင်မာတဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်ရမဲ့တာဝန်ရှိသလို ပြည်သူများရဲ့ အထွေထွေလိုအပ်ချက်များကိုလည်း မျက်ခြေ မပြတ်စောင့်ကြည့်ပြီး “ပြည်သူ့အသံ၊ လွှတ်တော်အသံ” ဆိုတဲ့အတိုင်း လွှတ်တော်မှာ တင်ပြ ရခြင်းလည်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာကို ရယူထားသော အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူ့ဘဝလုံခြုံရေးနှင့် ပြည်သူ့ဘဝကောင်းကျိုးများကို လုပ်ဆောင်ရမဲ့ တာဝန်ရှိတာနဲ့ အညီ ပြည်နယ်ရဲ့မြို့တော် တောင်ကြီးမြို့အား အချိန်မီကုစားနိုင်သည့် ရေတို၊ ရေရှည်

အစီအမံများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်လာပြီးလည်း ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့အား စနစ်တကျဖွံ့ဖြိုးတိုးတက်လာသော မြို့တော်ဖြစ်စေရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးတို့အတွက် မည်သည့်အစီအမံများဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်ကြီးမြို့တော်သူ၊ မြို့တော်သားများကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့အား စနစ်တကျဖွံ့ဖြိုးတိုးတက်သော မြို့တော်ဖြစ်စေရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးတို့အတွက် မည်သည့်အစီအမံများဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်–

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့အား စနစ်တကျဖွံ့ဖြိုးတိုးတက်သော မြို့တော်ဖြစ်စေရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြို့ပြဖွံ့ဖြိုးရေးတည်ဆောက်မှုပုံစံရေးဆွဲရေးအဖွဲ့(Town Plan)အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်ရုံးမှ တောင်ကြီးမြို့သို့လာရောက်၍ လိုအပ်သည့်အချက်အလက်များတောင်းခံခြင်း၊ အကြံပြုချက်များတောင်းခံခြင်း၊ လေ့လာစိစစ်ခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ပြီး တောင်ကြီးမြို့၊ မြို့ပြဖွံ့စည်းတည်ဆောက်မှုပုံစံရေးဆွဲခြင်း အစီရင်ခံစာအား ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုပြောင်းလဲလာသော အခြေအနေများအရ တောင်ကြီးမြို့၏ လက်ရှိအနေအထားနှင့်ကိုက်ညီသော(Town Plan)တစ်ခုရရှိရေးအတွက် တောင်ကြီး Revised Plan ပြန်လည်ရေးဆွဲနိုင်ရေးနှင့် Capacity Building လုပ်ငန်းများကို ပါတွဲ၍ ဆောင်ရွက်ရန်အတွက် နိုင်ငံခြားအကူအညီပေးရေးအဖွဲ့အစည်း UK AID နှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)သို့ အကူအညီတောင်းခံထားပြီး (Town Plan) ရေးဆွဲပြီး

ပါက ကဏ္ဍာအလိုက်လုပ်ငန်းခွဲခြား၍ ဌာနများမှထိန်းသိမ်းခြင်း၊ အကောင်အထည်ဖော်ခြင်းများအား ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

တောင်ကြီးမြို့အား စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် တောင်ကြီးမြို့ သောက်သုံးရေဖူလုံရေး Public Area ဖော်ဆောင်ရေး၊ Main Drainage Plan, Solid Waste Management စသည့်အချက်များအခြေခံ၍ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် မြို့ပြလမ်းများကောင်းမွန်စေရေးအတွက် တောင်ကြီးမြို့အတွင်းရှိ အချက်အချာကျသော လမ်းများအား လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ လမ်းမီးထွန်းညှိခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံမီးပွိုင့်များ တပ်ဆင်ခြင်းစသည့်လုပ်ငန်းများအား ပထမဦးစားပေးအနေဖြင့်လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ လမ်းများကောင်းမွန်စေရေးအတွက် လမ်း၊ တံတားများ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများအား နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည် အရှေ့ဘက်ကုန်သွယ်ရေးအတွက် အဓိကအချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များသည် တောင်ကြီးမြို့တွင်း လမ်းတစ်လမ်းသာ အသုံးပြုနေရသဖြင့် ယာဉ်ကြောကြပ်တည်းမှု၊ ပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လမ်းကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် မြို့ရှောင်လမ်းအား မိတ္ထီလာ– တောင်ကြီး DOH ကားလမ်းမပေါ်ရှိ ရွှေညောင်မြို့– ရှမ်းရိုးမ မွေးမြူရေးဇုန် (အေးသာယာ– ညောင်ရွှေ– DOH ခန်းမ) ညိုမီးကျေးရွာအဝင်လမ်း (တောင်ကြီး– ကက္ကူ DOH လမ်းမ)မှ လေးမိုင်ကွေ့ (တောင်ကြီး– ဟိုပုံးDOH လမ်းမကြီး)သို့ စုစုပေါင်းလမ်းအရှည်(၁၇/ ၆.၅)မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှတာဝန်ယူ၍ ဦးစွာမြေသားလမ်းဖောက်လုပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိကကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တောင်ကြီးမြို့ပေါ်ရှိ ကုန်ခြောက်၊ သားငါးဈေးအား အဆင့်မြှင့်တောင်ကြီးရှော့ပင်းစင်တာတည်ဆောက်ခြင်းလုပ်ငန်း၊ မြို့မဈေး (အပိုင်း–၄)အပေါ်ထပ်တွင် Super Market တည်ဆောက်ရန် ငှားရမ်းခြင်း၊ ဌာနပိုင်မြေဧရိယာ (၁.၃၃)ဧကပေါ်တွင် Hotel Convention ဆောက်လုပ်ခြင်း၊ အေးသာယာမြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်းအား အဆင့်မြှင့်ယာဉ်ရပ်နားစခန်းအဖြစ် တည်ဆောက်ရေးစီမံကိန်း၊ တောင်ကြီးမြို့၊ ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်း၊ ရွှေညောင်မြို့ ပုဂ္ဂလိက

အမှိုက်သိမ်းဆည်းရေးလုပ်ငန်းတို့အား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများနှင့် (PPP ၊ BOT) စနစ်ဖြင့် လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် စွန့်ပစ်အမှိုက်မှ လောင်စာ(Fuel) ထုတ်လုပ်ရောင်းချရေးလုပ်ငန်းအတွက် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် Organic Asia Co.,Ltd တို့ ပူးပေါင်းပါဝင်သော ရွှေပြည်စံကုမ္ပဏီလီမိတက်နှင့် BOTစနစ်ဖြင့် MoA လက်မှတ်ရေးထိုးဆောင်ရွက်ပြီး ဖြစ်ပါတယ်။

လူဦးရေတိုးပွားလာသည်နှင့်အမျှ ကျူးကျော်မှုများမှာလည်း တစ်ဆက်တည်း ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါတယ်။ တောင်ကမ်းပါးယံ၊ တောင်စွန်း၊ မြေပြန့်နေရာအသီးသီးတွင် ကျူးကျော်ဆောက်လုပ် နေထိုင်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်ပြီး ရေမြောင်းများ၊ လမ်းများ၊ စနစ်တကျဆောင်ရွက်မှုမရှိဘဲ မြို့တိုးချဲ့မှု ရေရှည်အစီအမံများလည်းစနစ်တကျရေးဆွဲထားခြင်းမရှိ၍ ကျူးကျော်နေထိုင်မှု နှစ်ရှည်လများဖြစ်ပေါ်လျက်ရှိရာ ကျူးကျော်ထားသူများအား ဖယ်ရှားရေးလုပ်ငန်းများကို ရေတို၊ ရေရှည် အစီအမံများဖြင့် မြေယာဥပဒေနှင့်အညီ နှိုးဆော်စာထုတ်ခြင်း၊ ဖယ်ရှားပြောင်းရွှေ့ရေး ခေါ်ယူဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မြို့မြေသတ်မှတ်ပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားခြင်းမရှိသော မြေနေရာတွင် ကျူးကျော်သူများအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း၊ မြို့သတ်မှတ်ပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီမှ စည်ပင်သာယာရေးနယ်နိမိတ် အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိသော မြေနေရာတွင် ကျူးကျော်သူများအား စည်ပင်သာယာရေးအဖွဲ့မှ လည်းကောင်း ဖယ်ရှားရှင်းလင်းသွားမည် ဖြစ်ပါတယ်။

မြို့မြေအတွင်း နေထိုင်ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများအက်ဥပဒေ အခန်း(၂)၊ ပုဒ်မ၇၊ ၈၊ ၉ တို့နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်မှုမရှိစေရန်အတွက် မြို့မြေဧရိယာနယ်နိမိတ်အတွင်း မြေငှားဂရန်လျှောက်ထားရန် မြေစာရင်းပုံစံ(၁၀၅)ရေးကူးရာတွင် လမ်းပိတ်နေရာများအား ရေးဆွဲဆောင်ရွက်ပေးခြင်းမပြုရန်နှင့် တင်ပြလျှောက်ထားလာသော မြေနေရာများတွင် လမ်းမပါရှိဘဲ လမ်းပိတ်မြေနေရာဖြစ်ပါက မြေပိုင်ရှင်နှင့် ညှိနှိုင်းပြီး လမ်းမြေ ချန်လှပ်ထားရှိပြီးမှသာ မြေစာရင်းပုံစံ(၁၀၅)ရေးကူး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

သဘာဝအရင်းအမြစ်ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေးတို့အတွက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့်

လုပ်ငန်းအဖွဲ့(၉)ဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ၎င်းအောက်ရှိ ပြည်နယ်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းအစီအစဉ် မူကြမ်းအားရေးဆွဲ၍ အမျိုးသားအဆင့် စက်မှုစီမံကိန်းများ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီသို့ တင်ပြခဲ့ပြီး ပလပ်စတစ်အပါအဝင် အမှိုက်များစနစ်တကျသိမ်းဆည်း စွန့်ပစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များရေးဆွဲနိုင်ရန် လုပ်ငန်းအဖွဲ့အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံ၊ အလုပ်ရုံ စီမံကိန်းများတွင် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အမှိုက် စွန့်ပစ်ရန်မြေနေရာရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

မြေလွှာအကြောများပျက်စီးမှု၊ မြေပြိုမှုများမဖြစ်ပွားစေရေး၊ တောင်ကြီးမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စံပယ်လမ်း၊ ကြံ့ခိုင်ရေးလမ်းတို့တွင် တံတား(၃)စင်း ချဲ့ထွင်မြှင့်တင်တည်ဆောက်ပေးခြင်း၊ တောင်ကြီးမြို့မှ စီးဆင်းသည့် ရေများကြောင့် အေးသာယာမြို့တွင် ရေကြီးမှုမဖြစ်စေရန် နုန်းထိန်းဆည်အဝင် စစ်ကိုင်းချောင်းကို ပြန်လည် တူးဖော်ပေးခြင်း၊ ရွှေညောင်မြို့ ရေကြီးမှုမဖြစ်စေရန် ပြည်ထောင်စုလမ်းမကြီးဘေးမှ ရေမြောင်းအား စနစ်တကျတူးပြီး တံတားဖြူချောင်းနှင့် တာယောချောင်းအတွင်း စီးဆင်း စေရေး စီမံဆောင်ရွက်လျက်ရှိခြင်းနှင့် ရွှေညောင်မြို့၊ ကုန်းလှိုင်ဆည် ရေလွှတ်မြောင်းမှ ရေလျှံမှုမဖြစ်စေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

သစ်တောသစ်ပင် စိမ်းလန်းစိုပြေရေးနှင့် မြေဆီလွှာထိန်းသိမ်းမှုအနေဖြင့် မြေ တုန်ခါမှု၊ မိုးများမှုကြောင့် ပြတ်ရွေ့မြေလွှာကြောများ မထိခိုက်ရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မာရေး၊ သစ်တောသစ်ပင် စိမ်းလန်းစိုပြေရေးအတွက် တောင်ကြီးမြို့အနောက်ဘက်ခြမ်းရှိ တောင်စောင်းနေရာများ၊ ကမ်းပါးယံများ၊ ချောက်များ တွင် သစ်ပင်ပင်စိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးအတွက် တောင်ကြီး ငှက်ဘေးမဲ့တော တွင်လေကာတန်းစိုက်ပျိုးခြင်း၊ အေးသာယာမြို့ စိမ်းလန်းစိုပြေရေးအတွက် ကမ်းပါးပြို ထိန်းသိမ်းခြင်းနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ နုန်းထိန်းတမံများပြုလုပ်ခြင်း၊ ဇီဝ အင်ဂျင်နီယာနည်းပညာဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။

တောင်ကြီးမြို့အား ကဏ္ဍစုံဘက်စုံမှ စနစ်တကျဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ၏အခြေခံမူများ အပိုဒ်(၁၄)တွင် "သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် အစိမ်းရောင်အကျိုးရလဒ်ကောင်းများ တိုးမြင့်ရေးနှင့် ယခင်ဖြစ်ပွားခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည်" ဟူသော ဖော်ပြထားချက်နှင့်အညီ အချိန်မီကုစားနိုင်မည့် ရေတို၊ ရေရှည်အစီအမံများ ရေးဆွဲပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တိုင်ပင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ ဒေသခံပြည်သူလူထုများ၏ ပူးပေါင်းစွမ်းအားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင်ရန်နှင့် ရိုးရာဓလေ့ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ **"ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင်ရန်နှင့် ရိုးရာဓလေ့ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး"** အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်းပေးထားပါတယ်။ ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုတောင်းမေတ္တာပေးပို့အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ **"ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ် ထည့်သွင်းရေးဆွဲရေး"** အဆိုစာတမ်းအား ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစု (၃၃) မျိုးရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားလူမျိုးစုတို့သည် လုပ်ပိုင်ခွင့် အင်အား၊ လူအင်အား၊ ပစ္စည်းအင်အား၊ ဓနအင်အား၊ စည်းလုံးမှုအင်အားတို့ဖြင့် မိမိ တိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရေး၊ ရိုးရာဓလေ့ပွဲလမ်း သဘင်ကျင်းပရေးအပြင် လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် လုပ်ငန်းများကို အားကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ရာ အစစအရာရာ ဖွံ့ဖြိုးတိုးတက် လျက်ရှိနေသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ တိုင်းရင်းသားရေးရာဝန်ကြီးရရှိကြသည့် တိုင်းရင်းသား လူမျိုးစုတို့သည်လည်း မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာဓလေ့ ပွဲလမ်းသဘင်များကို ဝန်ကြီးဦးဆောင်ဦးရွက်ပြုပြီး ကူညီဆောင်ရွက် ထိန်းသိမ်းစောင့်ရှောက် ကြသည်ကို တွေ့ရှိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်။

သို့သော် ကျန်ရှိနေသည့် တိုင်းရင်းသားအများစုသည် လူဦးရေနည်းပါးပြီး လူနေမှုဘဝ အဆင့်အတန်း၊ လူနေမှုနိမ့်ကျသဖြင့် ကြည့်ရှုစောင့်ရှောက်သူကင်းမဲ့ပြီး ဝေးလံခေါင်းပါးသည့် ဒေသအသီးသီးတွင် လူမသိသူမသိဘဝဖြင့် မှီတင်းနေထိုင်ကြရသဖြင့် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းရှိပါသော်လည်း အစစအရာရာချို့တဲ့သဖြင့် ရိုးရာဓလေ့ပွဲလမ်း သဘင် ကျင်းပဖော်ထုတ်ပြသနိုင်ခြင်းမရှိသည်ကို တွေ့မြင်နေရပါသဖြင့် အလွန်ဝမ်းနည်း ဖွယ်ရာခံစားမိပါတယ်။

သို့ပါ၍ အဆိုပါ တိုင်းရင်းသားလူမျိုးစုငယ်များ၏ စာပေ၊ ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့ များကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သည် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ကူညီဆောင်ရွက်ပေးသွားရန် အထူးလိုအပ်ပါကြောင်း တိုက်တွန်းအကြံပြုရင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ အဆိုအား လှိုက်လှိုက်လှဲလှဲထောက်ခံရင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း တင်သွင်းခဲ့သော **"ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင်ရန်နှင့် ရိုးရာဓလေ့ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်း ခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး"** အဆိုကို သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းခင်ထားရီက ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ် ရှင်။

ကျွန်မတို့နေထိုင်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ မှီတင်းနေထိုင်သော နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုဆိုသည့်အတိုင်း ကျွန်မတို့ရှမ်းပြည်နယ်ဟာ အရောင်အသွေးစုံ၊ တိုင်းရင်းသားပေါင်းစုံနေထိုင်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းမှာ မိမိရဲ့ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများ ကိုယ်စီရှိကြပါတယ်။ တိုင်းရင်းသားလူမျိုးများစွာရှိသော်လည်း မထင်ရှားသည့် တိုင်းရင်းသားများလည်းရှိပါတယ်။ လူမျိုးမထင်ရှားသည့်အတွက် ၎င်းလူမျိုးတို့၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို သိရှိလေ့လာနိုင်မည်မဟုတ်ဘဲ နှစ်ပရိစ္ဆေဒ ကြာမြင့်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီး ရှင်။ အဲ့လိုမဖြစ်ပေါ်စေရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ကနေ ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံတော်ကလည်း ဤဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၄)၊ ပုဒ်မ ၆ တွင် "နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်" ဟုပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်မှလည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။

သို့ပါသော်လည်း အခန်း(၅)၊ ပုဒ်မ ၁၃ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်း တွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်ဟု ပြဋ္ဌာန်းထားသော်လည်း အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှာတော့ ရေးဆွဲထားတာ၊ အကောင်အထည်ဖော်ထားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ ရှမ်းပြည်နယ်မှာ ယနေ့ထိ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း မရှိသေးတာကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရ ပါတယ်။ ဒါကြောင့်မို့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရ၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲပါက ဘတ်ဂျက်ခွဲဝေရာတွင် GDP ညွှန်းကိန်းနှင့် ခွဲဝေချထားသလို တိုင်းရင်းသားလူမျိုးစုဦးရေ နည်းများအပေါ်မူတည်ပြီး ရန်ပုံငွေရေးဆွဲသင့်ကြောင်း ထောက်ခံအကြံပြု ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအောင်ထွဏ်း၏ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးခြင်း၊ အကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ **"ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မြှင့်တင် ရန်နှင့် ရိုးရာဓလေ့ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး"** အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး၏ သာမန်အသုံးစရိတ် ၀၃- ၂၇ ။ နေ့ကြီး၊ ရက်ကြီးများ ကျင်းပရေးခေါင်းစဉ်တွင်

တိုင်းရင်းသားရိုးရာပွဲတော်များထောက်ပံ့ခြင်းအတွက် **ကျပ် ၂၄.၃၀၀ သန်း၊** တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားရေးရာ ဝန်ကြီးများအတွက် **ကျပ် ၁၅၇.၅၀၀ သန်း၊** ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွက် ရိုးရာပွဲတော်များကျင်းပနိုင်ရေးနှင့် နှစ်သစ်ကူးပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ကျပ် **၁၀.၀၀၀**သန်းစီအား ထည့်သွင်းလျာထားပါတယ်။

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုဥပဒေအမှတ် ၈။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၃ တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်"** ဟု ပြဋ္ဌာန်းထားချက်အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့ကို ပိုမိုအားပေးထိန်းသိမ်းရေး ဆောင်ရွက်သွားနိုင်ရန်အတွက် သင့်လျော်သော တွက်ချက်မှုများကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၃ နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် တင်ပြတောင်းခံနိုင်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၃.၂.၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂၄၄/ ၂၄၂ – ရန်ပုံငွေ ၃– ၆/ အဖရ(၂၀၁၈) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံးသို့ ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

အဆိုပါ ညွှန်ကြားချက်အပြင် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့ကို အားပေးထိန်းသိမ်းရေး ဆောင်ရွက်သွားနိုင်ရန် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ရန်ပုံငွေတင်ပြတောင်းခံရာတွင် တိုင်းရင်းသားရေးရာဝန်ကြီးမရှိသော တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် စာပေယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်၏ရသုံးမှန်းခြေငွေစာရင်းတွင် ခန့်မှန်းတွက်ချက်ထည့်သွင်းလျာထား တောင်းခံနိုင်ကြောင်းကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄.၄.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၅၆၈/ ၂၄၂– ရန်ပုံငွေ ၃– ၆/ အဖရ(၂၀၁၉)ဖြင့် ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ လူမျိုးစုများ၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် သက်ဆိုင်သော ပွဲလမ်းသဘင်များ၊ ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူမျိုးစု အနည်းအများပေါ်မူတည်ပြီး မျှတသော အချိုးဖြင့်

ထောက်ပံ့နိုင်ရန် ထိုက်သင့်သည့် ရန်ပုံငွေများကို ရှေ့လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံနိုင်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်၏အဆိုအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဦးအောင်ထွဏ်း တင်သွင်းသော အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဒါကြောင့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့)ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (တတိယနေ့)မှတ်တမ်း

# ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်

# [ ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆.၄၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာ ခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉– ၉– ၂၀၁၉ ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ–

(၁) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၂) ဦးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၂)ရက်။

(၃) ဦးခွန်းအေးမောင်၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးယောသပ်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၅) ဦးဂူဆာ၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကကိုယ်တိုင် ဆောင်ရွက်ရန် အတွက် ခွင့် (၂)ရက်။

(၆) ဦးအာဇေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၇) ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၈) ဦးညီနပ်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၉) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၀) ဗိုလ်မှူးအောင်မျိုးမင်း၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့် ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစား စွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်ပညာရေးဌာန၏ စာသင်ကျောင်းများတွင် လိုအပ်လျက် ရှိသော ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရပ်စောက်မြို့နယ်၏ အခြေခံပညာမူလတန်းကျောင်းများ ဖြစ်ကြသော တိုးနီအခြေခံပညာမူလတန်းကျောင်းနှင့် ဥတ္တံတားအခြေခံပညာမူလတန်းကျောင်းတို့သည် ကျောင်းလုံခြုံမှုရှိစေရန်အတွက် ကိုယ့်အားကိုယ်ကိုး ခြံစည်းရိုးကာရံထားရှိပြီး ရန်ပုံငွေ မလုံလောက်ပါသဖြင့် ကျန်ရှိနေသော အစိတ်အပိုင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိအား ၂၀၁၇ ခုနှစ်က ကြယ်ပွင့်မပြမေးခွန်း မေးမြန်း ခဲ့ရာ အဆိုပါကျောင်း (၂)ကျောင်းလုံးကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်၏ ဒုတိယနှစ်ဝက် ရန်ပုံငွေတွင် ဂ၄၀၉ ခေါင်းစဉ်အောက်မှ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား ထားပါတယ်။

ဒ့ါအပြင် ရပ်စောက်မြို့နယ် ဆတ်သေ အ.ထ.က ကျောင်းသည် ယခုပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာဖြေဌာနအဆင့် တိုးမြှင့်သတ်မှတ်ပေးထားပါသောကြောင့် ကျောင်းလုံခြုံရေးနှင့် မေးခွန်းများလုံခြုံရေးများအတွက် အဆိုပါကျောင်း၏ ထပ်မံလိုအပ်လျက်ရှိသော ခြံစည်းရိုး ပေ(၈၀၀)ခန့်အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်းက ကြယ်ပွင့်မပါ မေးမြန်းထားရာ မြို့နယ်ပညာရေးမှူးရုံးက အမှုတွဲတည်ဆောက်၍ ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြလာပါက အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်။ ရပ်စောက်မြို့နယ်ပညာရေးမှူးရုံးမှ အမှုတွဲ တည်ဆောက်၍ တင်ပြထားရှိပြီးသော်လည်း ယနေ့အချိန်ထိ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါသောကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

ရပ်စောက်မြို့နယ်၏ တိုးနီ အ.မ.က၊ ဥတ္တံတား အ.မ.က နှင့် အ.ထ.က ဆတ်သေကျောင်းတို့၏ လိုအပ်လျက်ရှိသော ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများသည် တင်ပြထားသည်မှာ (၂)နှစ်နီးပါးရှိပြီဖြစ်ပါသဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ပထမနှစ်ဝက်ရန်ပုံငွေမှ ခွဲဝေဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ရဲ့ ရပ်စောက်မြို့နယ်ရှိ တိုးနီ အ.မ.က၊ ဥတ္တံတား အ.မ.က နှင့် ဆတ်သေ အ.ထ.က ကျောင်းတို့တွင် လိုအပ်လျက်ရှိတဲ့ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း တိုးနီသည် ကျောင်းပိုင်မြေ (၂.၈၆) ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုလည်းရှိပါတယ်။ ကျောင်းဆောင်များမှာ အဆောင်(၁) (၉၀x၂၄)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်နှင့် အဆောင်(၂) (၇၀x၃၀)ပေ၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်၊ စုစုပေါင်းကျောင်းဆောင် (၂)ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေမှာ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၁၄၂)ဦးနှင့် တန်းခွဲ(၅)ခု

ရှိပါတယ်။ အခြေခံပညာမူလတန်းကျောင်း(တိုးနီ) ကျောင်းလုံခြုံမှုရှိစေရေးအတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၀၄၀၉ ငွေစာရင်းခေါင်းစဉ်မှ အလျား(၆၆၅)ပေ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းအတွက် ရန်ပုံငွေ ကျပ် ၇.၃၁၅ သန်း လျာထားတင်ပြပေးပြီး ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်ရှိ အမှတ်(၅)၊ အခြေခံပညာမူလတန်း ကျောင်းသည် ကျောင်းပိုင်မြေ (၃.၀၃၁)ကေရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅) ရှိပါတယ်။ ကျောင်းဆောင်များမှာ အဆောင်(၁) (၁၂၀x၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်နှင့် အဆောင်(၂) (၆၀x၃၀)ပေ၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၂)ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေမှာ မူလတန်းအဆင့် စုစုပေါင်း (၁၁၁)ဦးနှင့် တန်းခွဲ (၅)ခုရှိပါတယ်။ ဥတ္တံတားရပ်ကွက်၊ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း လုံခြုံမှုရှိ စေရေးအတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၀၄၀၉ ငွေစာရင်းခေါင်းစဉ်အောက်မှ အလျား(၄၃၂)ပေ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ် ၄.၇၅၂ သန်းကို လျာထားတင်ပြပေးပြီး ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း ဆတ်သေဟာ ကျောင်းပိုင် မြေ(၄.၄၀)ကေရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ ကျောင်းဆောင်များမှာ အဆောင်(၁) (၃၃၀x၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်နှင့် အဆောင်(၂) (၆၀x၃၀)ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၂)ဆောင် ရှိပါတယ်။ ကျောင်းသားဦးရေအနေဖြင့် မူလတန်းအဆင့် (၁၈၈)ဦးနှင့် တန်းခွဲ(၅)ခု ရှိပါတယ်။ အလယ်တန်းအဆင့် စုစုပေါင်း(၃၇၀)ဦးနှင့် တန်းခွဲ(၈)ခု၊ အထက်တန်းစုစုပေါင်း (၁၁၀)ဦးနှင့် တန်းခွဲ(၄)ခု ရှိပါတယ်။

အခြေခံပညာအထက်တန်းကျောင်း(ဆတ်သေ) ကျောင်းလုံခြုံမှု ရှိစေရေးအတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၀၄၀၉ ငွေစာရင်းခေါင်းစဉ်အောက်မှ အလျား(၈၀၀)ပေ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ် ၈.၈၀၀ သန်းကို လျာထား တင်ပြပေးပြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ရန်ပုံငွေ ခွင့်ပြုပေးလာပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လေ့လာသူ

ညေ်သည့်တော်များအားလုံး မင်္ဂလာပေါင်းနှင့် ပြည်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွမ်းလုံမြို့ရှိ စော်ဘွားကန်နှင့်စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ မေးခွန်းနှင့်ပတ်သက်၍ ကွမ်းလုံမြို့ ဝန်ထမ်းရပ်ကွက်အတွင်းရှိ စော်ဘွားကန်မှာ ရှေးယခင်စော်ဘွားများ အုပ်ချုပ်စဉ်ကတည်းက သဘာဝအလျောက်တည်ရှိခဲ့သည့်အပြင် စော်ဘွားများကွယ်လွန်ပါက အဆိုပါကန်၏ မြောက်ဘက်ရှိတောင်ကုန်းပေါ်တွင် မြှုပ်နှံခဲ့ကြခြင်းကြောင့် ၎င်းတောင်ကုန်းအား အစွဲပြု၍ ၎င်းကန်ကို စော်ဘွားကန်ဟု ခေါ်ဝေါ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ စော်ဘွားကန်၏ ဧရိယာအကျယ်အဝန်းမှာ (၅.၈၀)ကေခန့် ကျယ်ဝန်းပြီး စိမ့်စမ်းရေ ထွက်ရှိသဖြင့် တစ်နှစ်ပတ်လုံး ရေခမ်းခြောက်မှု မရှိခြင်း၊ စော်ဘွားကန်အား တူးဖော်ပြုပြင်ခြင်းမရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်သဖြင့် ယခုအခါ တိမ်ကောလျက်ရှိပါတယ်။ စော်ဘွားကန် မတိမ်ကောမီအချိန်တွင် ဝန်ထမ်းရပ်ကွက်ရှိ ပြည်သူများအား ၂၀၁၈ ခုနှစ်အထိ သောက်သုံးရေများကို ရေတင်စက်ဖြင့် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ယခုအခါမှာ သန့်ရှင်းမှုအားနည်းလာခြင်း၊ ရေတင်စက်များစုပ်ယူသည့် နေရာအထိ ရေရောက်ရှိမှုမရှိခြင်းတို့ကြောင့် ရေဖြန့်ဝေပေးနိုင်မှု မရှိသည်မှာ (၁၁)နှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စော်ဘွားကန်အား နုံးဆယ်ခြင်း၊ ကန်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဝန်ထမ်းရပ်ကွက်အတွင်းရှိ အိမ်ခြေ (၂၇၄)အိမ်၊ အိမ်ထောင်စု (၂၇၃)၊ လူဦးရေ(၁၀၀၀)ဦးခန့်ကို အကျိုးပြုပြီး မြို့နေဦးရေ၏ (၂၀%)ခန့်ကို လွှမ်းခြုံအကျိုးပြုနိုင်မည်ဖြစ်သောကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

စော်ဘွားကန် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေပေးဝေနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်နည်း။ အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်းစသည်တို့ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း မေးမြန်းတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွမ်းလုံမြို့၊ ဝန်ထမ်းရပ်ကွက်အတွင်း (၅.၈၀)ကေခန့်ရှိသော စော်ဘွားကန်အား တူးဖော်ပြုပြင်ခြင်းမရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီး ဖြစ်သဖြင့် စော်ဘွားကန်အား သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေပေးဝေနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးနိုင်မည်နည်း။ မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဦးစိုင်းလုံကျော်ကနေ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါ တယ်။

ကွမ်းလုံမြို့၊ ဝန်ထမ်းရပ်ကွက်အတွင်းရှိ စော်ဘွားကန်မှာ ရှေးယခင်စော်ဘွားများ အုပ်ချုပ်စဉ်ကတည်းက သဘာဝအလျောက်တည်ရှိသော ရေကန်ဖြစ်ပြီးတော့ (၂၈.၇.၂၀၁၉) ရက်နေ့ ကွင်းဆင်းစစ်ဆေးချက်အရ ကန်ရေအနက်ပေဟာ (၆ပေ ၉လက်မ)ခန့် ရှိပါတယ်။ ကန်ပေါင်ပေါ်မှာ ပေါင်းမြက်၊ ချုံများ ထူထပ်စွာပေါက်ရောက်လျက်ရှိပြီး မြောက်ဘက် ကန်ပေါင်ပေါ်မှာ ရော်ဘာစိုက်ပျိုးထားတာကိုလည်း တွေ့ရှိရပါတယ်။

ဒီစော်ဘွားကန်ပြုပြင်မည်ဆိုပါက သဲနုန်း (၃ပေ) ခန့် တူးဖော်ပေးခြင်း၊ ကန်၏ ရှေ့/ ဘယ်/ ညာ မှာ Slope များကို ကျောက်စီပေးခြင်း၊ ကန်ပတ်လည် ပေါင်းမြက်၊ ချုံများရှင်း၍ ကန်ပတ်လမ်းအား ပြုပြင်ပေးခြင်း၊ ရေပေးမြောင်းအား သဲနုန်းများ တူးဖော်ပေးခြင်းနှင့် လိုအပ်တဲ့နေရာများအား ကျောက်လိုင်နင်စီပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရမှာ ဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်ဖို့အတွက်လည်း ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း (၂၈၀)ခန့် ကုန်ကျမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးမည်ဆိုလျှင် ဒီစော်ဘွားကန် ပြန်လည်ပြုပြင်ပြီးပါက သန့်ရှင်း သာယာလှပပြီး ကွမ်းလုံမြို့နေ ဒေသခံပြည်သူများ၏ အပန်းဖြေရာ နေရာတစ်ခုအဖြစ် သော်လည်းကောင်း၊ ပြည်သူများအတွက် သောက်သုံးရေ ဖူလုံမှု ရရှိမည်ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကွမ်းလုံမြို့နယ်၏ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှာ ညှိနှိုင်းပြီးတော့ စီမံကိန်းမှာ ရေးဆွဲ တင်ပြလာပါက ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရရဲ့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး

ပြည်နယ်အတွင်းမှာ ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော် မေးမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော်တို့ မိုင်းကိုင်မှာ အလွန်အရေးကြီးပြီး မရှိမဖြစ်လိုအပ်နေတဲ့ လက်ထောက်ဆရာဝန် ဖြစ်ပါတယ်။ လက်ရှိလက်ထောက်ဆရာဝန် ဒေါက်တာစိုင်းလှဦးဟာ လဲချားမြို့၊ မြို့နယ်ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ဖြစ်တဲ့အတွက်ကြောင့် ၎င်းနေရာမှာ လစ်လပ်လျက်ရှိပါတယ်။

မိုင်းကိုင်မြို့နယ်မှာ (၂၅)ခုတင်ဆံ့ဆေးရုံဖြစ်ပေမယ့်လည်း တစ်နေ့ပျမ်းမျှလူနာ(၃၅)ဦးကနေ (၅၀)ဦး အထိရှိနေခဲ့ပါတယ်။ မြို့နယ်ဆရာဝန်အနေနဲ့လည်း ကျန်းမာရေးကိစ္စနဲ့သော်လည်းကောင်း၊ အစည်းအဝေးသော်လည်းကောင်း၊ အထက်ရဲ့ ညွှန်ကြားချက်အရသော်လည်းကောင်း ခဏခဏသွားနေရပါတယ်။ အဲ့ဒီအခါကြတော့ အရေးပေါ် ခွဲစိတ်ရန်လူနာတွေ၊ အရေးကြီး မွေးလူနာတွေပေါ်လာရင် များစွာအခက်အခဲရှိခဲ့ရပါတယ်။ မိုင်းကိုင်မြို့နယ်က တောင်ပေါ်ရွာတွေမှာ တစ်ခါတလေ မီးမဖွားနိုင်တဲ့ မိခင်ကို အရပ်ကထမ်းစင်ပြုလုပ်ပြီး ဆေးရုံကို ခက်ခက်ခဲခဲ သယ်လာတာကိုလည်း ခဏခဏမြင်ခဲ့ရဖူးပါတယ်။ တကယ်လို့ ဆေးရုံရောက်ပြီးမှ ဆရာဝန်ကမရှိခဲ့ဘူးဆိုလျှင် အဲ့ဒီထက် စိတ်ညစ်စရာကောင်းတာဘာမှမရှိတော့ပါဘူး။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည်သူအများကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံကို အကြံပြုတောင်းဆိုလာကြပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့လည်း အမှန်တကယ် အရေးကြီးပြီး လိုအပ်နေတာကို တွေ့ရှိရလို့ ပြည်သူများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌအား အောက်ပါကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

မေးခွန်းကတော့ လှိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးမှ လဲချား ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီးဖြစ်သော လက်ထောက်ဆရာဝန် ဒေါက်တာစိုင်းလှဦး၏ နေရာတွင် ပြန်လည်၍ အစားထိုးခန့်ပေးပါရန် အစီအစဉ်ရှိ/ မရှိနှင့် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ မိုင်းကိုင်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် လက်ထောက်ဆရာဝန် အစားထိုးခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ် (၁၆)ခုတင်ဆံ့ ဆေးရုံကနေ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ (၇.၇.၂၀၀၄)ရက်မှ စတင်တိုးမြှင့် ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန် ခွင့်ပြု (၄)ဦး၊ ခန့်ထား (မရှိ)၊ လစ်လပ် (၄)ဦး ဖြစ်ပါတယ်။ သွားဘက်ဆိုင်ရာဆရာဝန်ခွင့်ပြု (၁)ဦး၊ ခန့်ထား (၁)ဦး ဖြစ်ပါတယ်။ သူနာပြုဆရာမ ခွင့်ပြု (၁၅)ဦး၊ ခန့်ထား (၁၃) ဦး၊ လစ်လပ် (၂) ဦး၊ သူနာပြု (သွား) ခွင့်ပြု (၁) ဦး၊ ခန့်ထား (မရှိ)၊ လစ်လပ် (၁) ဦးဖြင့် လက်ရှိလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း တစ်လလျှင် ပျမ်းမျှ အတွင်းလူနာ (၂၂၃)ဦးခန့်၊ ပြင်ပလူနာ (၈၁၀)ဦးခန့် ကုသပေးခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှ အတွင်းလူနာ (၃၃)ဦးခန့်နှင့် ပြင်ပလူနာ(၂၇)ဦးခန့် ကြည့်ရှုကုသပေးလျက်ရှိတဲ့ ဆေးရုံဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ရာထူးအင်အား လစ်လပ်လျက်ရှိပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦးသာ ရှိသဖြင့် လုပ်ငန်းလိုအပ်ချက်အရ လက်ထောက်ဆရာဝန် ဖြည့်စွက်ခန့်ထားပေးနိုင်ပါရန် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့ရဲ့ ၈.၇.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ဆရဝ/ကုသ/၂၀၁၉/(၂၃၃၁)ဖြင့် နေပြည်တော်၊ ကုသရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကုသရေးဦးစီးဌာန (နေပြည်တော်)ရဲ့ ပြန်ကြားချက်ကို ဖြည့်စွက်ဖြေကြားခွင့်ပြုဖို့ ဥက္ကဋ္ဌထံ လေးလေးစားစားတင်ပြအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် ဆေးရုံအောက်၌ တိုက်နယ်ဆေးရုံများ ထည့်သွင်းဖွဲ့စည်းထားခြင်း မရှိပါကြောင်း၊ တစ်နိုင်ငံလုံး၌ ဆရာဝန်ခန့်ထားနိုင်ခြင်းမရှိတဲ့ တိုက်နယ်ဆေးရုံပေါင်း (၂၁၂)ရုံရှိပြီး

မြို့နယ်ဆေးရုံ (၂၁)ခုမှာလည်း လက်ထောက်ဆရာဝန် တစ်ဦးမျှ ခန့်ထားပေးနိုင်ခြင်း မရှိပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် တိုက်နယ်ဆေးရုံ (၄၃)ခုရှိသည့်အနက် (၃၃)ခုအား တာဝန်ခံဆရာဝန် ခန့်ထားပေးပြီး ကျန်တိုက်နယ်ဆေးရုံ (၁၀)ခုမှာလည်း ဆရာဝန်တစ်ဦးမျှ ခန့်ထားပေးနိုင်ခြင်း မရှိပါကြောင်း၊ ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းဝင်ခွင့်စာမေးပွဲအား (၂၉.၉.၂၀၁၉)၌ ကျင်းပမည်ဖြစ်ရာ မည်သည့်လက်ထောက် ဆရာဝန် ဝင်ခွင့်ဖြေမည်၊ မည်သူအောင်မြင်နိုင်မည်ကို ခန့်မှန်း၍ မရသေးပါကြောင်း၊ ဘွဲ့လွန်စာမေးပွဲဖြေဆိုချိန် နီးကပ်နေသည်ဖြစ်တဲ့အတွက် လက်ထောက်ဆရာဝန်များ ပြောင်းရွှေ့ခြင်းအား ဆောင်ရွက်ရန် အလွန်ခက်ခဲတဲ့အချိန်ဖြစ်ပြီး ပြောင်းရွှေ့ခန့်ထားခြင်းကို ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ပြီးဖြစ်တဲ့ အောက်တိုဘာလမှသာ ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ၂၇.၈.၂၀၁၉ ရက်စွဲပါစာအမှတ် ဝထရ (၂)/ ၇၊ ၂၀၁၉/ (၃၀၅)ဖြင့် ပြန်ကြားပေးလာပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်တို့ ၁၉.၉.၂၀၁၉ ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်လာတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရိုသေစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ဝါးပင် စိုက်ပျိုးရေးနှင့်ပတ်သက်တဲ့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြု ခွင့်ပြုရန် တင်ပြအပ်ပါတယ်။

ဝါးပင်တွေဟာ မြေအောက်အမြစ်အဖွဲ့အစည်းက ခိုင်ခံ့ကျစ်လစ်တဲ့ အမြစ်များဖြစ်တဲ့ အတွက် မြေဆီလွှာကို သိပ်သည်းစွာ စွဲကပ်ထားခြင်းကြောင့် မြေပြိုကျမှုကို ကာကွယ်နိုင်ပြီး ရေဝေရေလဲဒေသမှာ ဝါးစိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားခြင်းမှလည်း ကာကွယ်နိုင်မှာ

ဖြစ်ပါတယ်။ ဒါ့အပြင် ဝါးစိုက်ခင်းနှင့် တူညီတဲ့ ဧရိယာမှာရှိတဲ့ သစ်တောစိုက်ခင်းနှင့် နှိုင်းယှဉ် မည်ဆိုရင်လည်း ဝါးပင်တွေဟာ အောက်ဆီဂျင်ထုတ်လုပ်မှု (၃၀) ရာခိုင်နှုန်းမှ (၃၅)ရာခိုင်နှုန်း အထိ ပိုမိုထုတ်လုပ်နိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် တန်(၃၅၀)၊ ဆာလဖာဒိုင်အောက်ဆိုဒ် တန်(၉၀)ခန့်၊ ဖုန်မှုန့်တန် (၉၀)ခန့်ထိကို စုပ်ယူနိုင်တဲ့ ဆူညံမှုအသံနည်းပါးအောင်လည်း ထိန်းသိမ်းပေးနိုင်တဲ့ အပင်အမျိုးအစား ဖြစ်ပါတယ်။ မိုးရွာသွန်းမှု မိုးရေရဲ့ (၉၀)ရာခိုင်နှုန်း ကိုလည်း စုပ်ယူနိုင်တဲ့ အပင်အမျိုးအစား ဖြစ်ပါတယ်။

မိုးရေစုပ်ယူမှု အားကောင်းတဲ့ မြေဆီလွှာတိုက်စားမှု၊ မြေပြိုမှုများကို ကာကွယ်ပေး နိုင်တဲ့ ဝါးပင်စိုက်ပျိုးခြင်းဖြင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်တွေကိုလည်း ကြိုတင် ကာကွယ်နိုင်မှာဖြစ်တဲ့အပြင် ဝါးပင်မှရရှိတဲ့ဝါးမြစ်တွေဟာလည်း ကျွန်တော်တို့ ပြည်သူ လူထုစားသုံးဖို့အတွက် ရောင်းချခြင်းအားဖြင့်သော်လည်းကောင်း၊ ဝါးပင်မှ ရရှိတဲ့ဝါးတွေကို အဆောက်အအုံဆောက်လုပ်တဲ့နေရာနဲ့ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့ နေရာမှာ လည်းကောင်း အသုံးပြုခြင်းအားဖြင့် ကျေးလက်ဒေသတွေလည်း ဝင်ငွေတိုးပွားနိုင်တဲ့ အပင် အမျိုးအစား ဖြစ်ပါတယ်။

ယခုနှစ်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွေမှာ မြေပြိုမှု တွေ၊ ရေကြီးရေလျှံမှုတွေ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလည်း အလားတူသဘာဝဘေးအန္တရာယ်တွေ မဖြစ်ပေါ်စေဖို့ အတွက် ကြိုတင်ကာကွယ်ခြင်းအားဖြင့်လည်းကောင်း၊ ကျေးလက်ဒေသတွေရဲ့ ဝင်ငွေ တိုးပွားရေးကို အထောက်အကူပြုစေရန်အတွက်လည်းကောင်း ဝါးပိုးဝါးပင်တွေ ရှမ်းပြည်နယ် အတွင်းမှာ နေရာအနှံ့ စီမံချက်နှင့် စိုက်ပျိုးနိုင်ဖို့အတွက်ကို ဝါးပိုးဝါးပျိုးပင်တွေကို ရှမ်း ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ လာမည့်နှစ် စိုက်ပျိုးရာသီအမီမှာ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးကို စိုက်ပျိုးနိုင်ရေး ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ် ရှိပါက မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၉၈၊ ၉၉၊ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာ ညီညီအောင်က ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ ခင်ဗျား။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဝါးပင်ဟာဆိုရင် မြက်မျိုးရင်းဝင်ပင်ဖြစ်ပြီးတော့ မြောက်လတ္တီတွဒ် (၄၆) ဒီဂရီနှင့် တောင်လတ္တီတွဒ်(၄၇) ဒီဂရီအတွင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၃၀၀)နှင့် (၂၆၀၀)အကြား၊ အပူချိန် (၁၁)ဒီဂရီ ဖာရင်ဟိုက်ကနေ (၁၀၀)ဒီဂရီ ဖာရင်ဟိုက်အတွင်း မိုးရေချိန် (၃၁)လက်မကနေ (၂၅၄)လက်မအတွင်း၊ မြေချဉ်ငန် ညွှန်းကိန်း PH (၅.၅ မှ ၆.၅) အတွင်း ဆားငန်မြေနှင့် ရေဝပ်သော မြေမှလွဲပြီးတော့ ရေအမျိုးအစားတော်တော်များများမှာ ရှင်သန်ပေါက်ရောက်နိုင်စွမ်းရှိတယ်လို့ လေ့လာမှတ်သားရပါတယ်။ ဝါးပင်ကို အကြမ်းအားဖြင့် အုပ်စု(၃)မျိုး ခွဲခြားနိုင်တာကို တွေ့ရပါတယ်။ နံပါတ်(၁)ကတော့ တစ်ပင်ချင်းပေါက်သောဝါး (Monopodial Type Of Bamboo)၊ နံပါတ်(၂)ကတော့ အစုလိုက်အရုံလိုက် ပေါက်သောဝါး (Sympodial Type Of Bamboo) ဖြစ်ပါတယ်။ နံပါတ်(၃)ကတော့ အထက်ပါ အုပ်စု(၂)မျိုး ပေါင်းစပ်ထားသော စကဝါးပင် (Amphipodial Type Of Bamboo) ဖြစ်ပါတယ်။ တစ်ပင်ချင်းပေါက်သော ဝါးမျိုးကို ကမ္ဘာ့အအေးပိုင်းနှင့် နွေးသမပိုင်း ဒေသများမှာ အများဆုံး တွေ့ရှိရပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ မိုးကုတ်မြို့နှင့် တောင်ပေါ်ဒေသအချို့မှာ တွေ့ရှိရပါတယ်။ နံပါတ်(၂)အမျိုးအစားဖြစ်တဲ့ အစုလိုက်အရုံလိုက် ပေါက်သောဝါးမျိုးကိုတော့ မြန်မာနိုင်ငံအပါအဝင် အပူပိုင်းဒေသအတော်များများမှာ တွေ့ရှိရပါတယ်။ နံပါတ်(၃) အမျိုးအစားဖြစ်တဲ့ စကဝါးမျိုးကို ကမ္ဘာ့နေရာဒေသ အတော်များများမှာ ပေါက်ရောက်တွေ့ရှိ ရပါတယ်။ ဝါးပင်ဟာဆိုရင် ကြီးထွားနှုန်း အင်မတန်မြန်ဆန်ပြီးတော့ တစ်ချို့ ဝါးမျိုးစိတ်တွေ ဟာဆိုရင် တစ်နေ့ကို တစ်မီတာနှုန်းလောက်အထိ ကြီးထွားကြောင်း သိပ္ပံပညာရှင်များရဲ့ လေ့လာချက်အရ သိရှိရပါတယ်။ ဝါးဟာဆိုရင် အဏုမြူရောင်ခြည်လိုမျိုး အဆိပ်သင့်ခြင်းကို ခံနိုင်ရည်ရှိပြီးတော့ ဝါးပင်မျိုးစေ့တစ်ချို့ရဲ့ မျိုးစေ့ဟာဆိုရင် (၁၀)နှစ်လောက်အထိ မျိုးစေ့ အဖြစ် သိုလှောင်ထားနိုင်ကြောင်း စာပေဗိမာန်ထုတ်တဲ့ ဝါးအကြောင်း သိကောင်းစရာ စာအုပ်မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံ၊ နာမည်ကျော်

ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲချမှုရဲ့နောက်ပိုင်းမှာ ဗုံးဒဏ်သင့်တဲ့နေရာမှာ ပထမဆုံး ရှင်သန်ပေါက်ရောက်လာတဲ့ အပင်အမျိုးအစားဟာ ဝါးပင်ဖြစ်တဲ့အကြောင်းလည်း သိရှိမှတ်သားရပါတယ်။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး အမိန့်ရှိသလိုပဲ **ဝါးတစ်ဟက်တာ** စိုက်ပျိုးထားတဲ့ အရွယ်ရောက်ပြီး ဝါးခြံတစ်ခြံဟာဆိုရင် ကာဗွန်တန်(၂၀၀)၊ ဆာလဖာဒိုင်အောက်ဆိုက် တန်(၆၀)ကနေ (၉၀)ကြား၊ ဖုန်မှုန့်တန် (၆၀)ကနေ(၉၀)ထိ စုပ်ယူနိုင်တဲ့အကြောင်း လေ့လာသိရှိရပြီးတော့ ဧရိယာတူ အရွယ်ရောက်ပြီး ဝါးစိုက်ခင်းနှင့် သစ်တောစိုက်ခင်း နှိုင်းယှဉ်ကြည့်သည့်အခါမှာ အောက်စီဂျင်ထုတ်လုပ်မှု ၃၀ မှ ၃၅ % အထိ ဝါးစိုက်ခင်းတွေက ပိုမိုထုတ်လွှတ်ပေးတဲ့အကြောင်း ဝါးသုတေသနပညာရှင် ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)ရဲ့ ဆောင်းပါးအချို့မှာ ဖော်ပြထားတာကို ဖတ်ရှုရပါတယ်။

ကမ္ဘာပေါ်မှာ ဝါးမျိုးစိတ်ပေါင်း (၁၀၀၀)ကျော် ရှိပြီးတော့ ဝါးမျိုးစိတ်အများစုရဲ့မူရင်းဒေသက အာရှတိုက်ဖြစ်ပြီးတော့ ဝါးမျိုးစိတ်အားလုံးရဲ့ (၆၀)ရာခိုင်နှုန်းကျော်ကတော့ ကျွန်တော်တို့ရဲ့အရှေ့တောင်အာရှဒေသဖြစ်တယ်လို့လည်း မှတ်သားရပါတယ်။ ကမ္ဘာပေါ်မှာ သဘာဝဝါးတော အများဆုံးတွေ့ရတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံဟာဆိုရင် တရုတ်နှင့် အိန္ဒိယတို့ရဲ့နောက်မှာ တတိယနေရာမှာ ရပ်တည်နေတာကိုလည်းတွေ့ရပါတယ်။ ဝါးပင်တွေဟာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံး နေရာအနှံ့ ပေါက်ရောက်ပြီးတော့ မြန်မာနိုင်ငံမှာ ဝါးမျိုးစု (၂၂)စုမှာ စာရင်းဝင်တဲ့ ဝါးမျိုးစိတ်(၁၂၀)ရှိကြောင်း သိရပြီးတော့ ယခုမေးခွန်းမှာပါဝင်တဲ့ ဝါးပိုးဝါးမျိုးများလည်း အပါအဝင်ဖြစ်တာကို တွေ့ရပါတယ်။ သစ်တော(အငြိမ်းစား) ညွှန်ကြားရေးမှူး ဆရာကြီးဦးဟုတ်လင်း ရေးသားခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ မတ်လမှာ ထုတ်တဲ့ မြန်မာ့ဝါးစာအုပ်မှာ ဖော်ပြချက်အရ ရှမ်းပြည်နယ်မှာ ပေါက်ရောက်တဲ့ ဝါးပိုးဝါး(၅)မျိုး ရှိတာကို တွေ့ရပါတယ်။ စာအုပ်မှာ ဖော်ပြထားတာကတော့-

(၁) ဝါးပိုး(သို့)ဝါးကြီး

(၂) ဝါးကြီး

(၃) ဝါးပိုးကြီး

(၄) ဝါးနီ (သို့) ဝါးပိုး

(၅) ရှမ်းဝါးပိုးဆိုပြီးတော့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ဝါးပင်ဟာ အလွန်အသုံးဝင်ပြီးတော့ ဝါးအသုံးပြုပုံမျိုးစုံကို တွေ့ရှိရပါတယ်။ နံပါတ်(၁) လူသိအများဆုံးကတော့ စားစရာအနေနဲ့ဖြစ်ပြီးတော့ မျှစ်ဟာဆိုရင် ကျွန်တော်တို့ မြန်မာ

နိုင်ငံမှာ လူအများစားသုံးတဲ့ စားစရာတစ်ခုလည်း ဖြစ်ပါတယ်။ မျှစ်အဖြစ် စားသုံးနိုင်တဲ့ ဝါးအမျိုးအစားပေါင်း ၄၀ ခန့်ရှိတယ်လို့ သိရပြီးတော့ လတ်ဆတ်သောမျှစ် (၁၀၀)ဂရမ်မှာ ဆိုရင် ပရိုတင်းဓာတ် (၂.၆)ဂရမ်၊ အဆီဓာတ် (၀.၂)ဂရမ်၊ ကာဗိုဟိုက်ဒရိတ် (၇)ဂရမ်၊ ကယ်လ်စီယမ် (၁၀)ဂရမ်၊ ပြာဓာတ် (၇၆)ဂရမ်နှင့် သံဓာတ် (၀.၅)ဂရမ် ပါဝင်ကြောင်းလည်း မှတ်သားရပါတယ်။ ကျွန်တော်တို့ လူထုအနေနဲ့ သတိပြုစရာတစ်ခုကတော့ ဆိုင်ရာနိုက်ပါတဲ့ မျှစ်ထွက်ရှိသည့် ဝါးမျိုးများလည်းရှိတဲ့အတွက် အဆိပ်ပါဝါးများကို မစားသုံးမိဖို့ သတိပြုကြရမှာ ဖြစ်ပါတယ်။ တစ်ခြားအသုံးအနေနဲ့ကတော့ တည်ဆောက်ရေးလုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်းများ၊ အိမ်သုံးပစ္စည်းမျိုးစုံ၊ လူသုံးပစ္စည်းမျိုးစုံ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ၊ ဂီတတူရိယာ ပစ္စည်းမျိုးစုံ၊ ကလေးကစားစရာမျိုးစုံ၊ စာရေးကိရိယာမျိုးစုံ၊ ရှေးယခင်က မြန်မာ့ရိုးရာရွှေဆိုင်းလုပ်ငန်း ရွှေဆိုင်းထုရာမှာ အောက်ခံပြားအနေနဲ့လည်း သုံးပါတယ်။ နောက် နှီးနှင့်နှီးဘုရားအပါအဝင် အရုပ်မျိုးစုံ ရက်လုပ်သုံးစွဲတာရှိပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ လက်နက်ကိရိယာအဖြစ် လည်းကောင်း၊ လက်နက်ကိရိယာရဲ့ အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ အဆင့်မြင့် ဝါးမီးသွေးထုတ်ကုန်ပစ္စည်းများဖြင့်လည်းကောင်း၊ ဝါးပေါင်းခံရည်ဖြင့်လည်းကောင်း၊ ဝါးပင်ကို လေကာတန်းအနေနဲ့ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌကြီး အမိန့်ရှိသလို မြေဆီလွှာတိုက်စားမှု ကာကွယ်ထိန်းသိမ်းရေးအတွက် လည်းကောင်း၊ တောင်ပြိုခြင်း၊ မြစ်ကမ်းပါး၊ ချောင်းကမ်း ပါးပြိုခြင်း၊ ချောက်ကမ်းပါးပြို တိုက်စားခြင်းများကို ကာကွယ်ဖို့အတွက် စိုက်ပျိုးတဲ့နေရာမှာလည်းကောင်း၊ အလှပင်အဖြစ်လည်းကောင်း၊ ခြံစည်းရိုးအဖြစ် လည်းကောင်း စသည့် နည်းလမ်းမျိုးစုံဖြင့် ဝါးကို အသုံးပြုလျက်ရှိကြပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူလူထုအနေနဲ့ ဝါးစိုက်ခင်းထူထောင်မည်ဆိုပါက တချို့အချက်အလက်တွေကို ကြိုတင်စဉ်းစား ပြင်ဆင်ထား ဖို့လိုမှာဖြစ်ပါတယ်။ နံပါတ်(၁) ဈေးကွက်ရဲ့ အနေအထားကိုမူတည်ပြီးတော့ မျှစ်ဈေးကွက်ကို မူတည်ပြီးတော့ စိုက်မှာလား၊ ဝါးအသုံးအဆောင်ပစ္စည်းဈေးကွက်ကို ရည်ရွယ်ပြီးတော့ စိုက်မှာလား အဲ့ဒီတော့ ဈေးကွက်ကို ကြိုတင်ပြီးတော့ စီစဉ်ရပါတယ်။ နံပါတ်(၂) ကုန်ထုတ် လမ်းဖြစ်ပါတယ်။ ဝါးစိုက်ခင်းထူထောင်မည်ဆိုရင် ကုန်ထုတ်လမ်းက မဖြစ်မနေအရေးပါတဲ့ အနေအထားရှိတဲ့အတွက် ကုန်ထုတ်လမ်း အဆင်ပြေတဲ့နေရာတွေမှာ ဈေးကွက်နီးတဲ့ နေရာတွေမှာ ဝါးစိုက်ခင်းတွေကို ထူထောင်ရပါတယ်။ နံပါတ်(၃) ရေ၊ မြေ ရာသီဥတု၊ နံပါတ် (၄) ဝါးအမျိုးအစား ဈေးကွက်၊ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့ ဝါးအမျိုးအစားကို ရွေးချယ်ရပါတယ်။ နံပါတ်(၅) ဝါးစိုက်ခင်း ပြုစုပျိုးထောင်သော နည်းလမ်းတွေစသည့် အချက်(၅)ချက်ကို ပြည်သူလူထုအနေနဲ့ ကြိုတင်စဉ်းစားပြင်ဆင်ထားဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ ကျွန်တော်တို့ နိုင်ငံရဲ့ ဘတ်ဂျက်နည်းပါးတဲ့ အနေအထားနှင့် ဝါးပျိုးပင် အလွယ်တကူ ရရှိနိုင်ခြင်းမရှိတဲ့ နေရာတွေအတွက်ကတော့ ဝါးပျိုးထောင်ခြင်း နည်းလမ်းများကိုလည်း သိရှိထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် (၁) အစေ့မှ ပျိုးထောင်ခြင်း၊ (၂) ဝါးပင်အဆစ်မှ ပျိုးထောင်ခြင်း၊ (၃) ဝါးပင်အမြစ်ဆုံမှ ပျိုးထောင်ခြင်း ဆိုတဲ့ နည်းလမ်း(၃) သွယ်ထဲမှာတော့ ဝါးပင်ရဲ့ အစေ့ကနေ အခုလိုမျိုး ဘောင်တွေ၊ ပျိုးအိတ်တွေနဲ့ ပျိုးထောင်ခြင်းက တွက်ခြေအကိုက်ဆုံး ဖြစ်တယ်လို့ သိရပြီးတော့ ဝါးမျိုးစေ့ တွေကိုတော့ ပြည်တွင်းဈေးကွက်မှာ အလွယ်တကူ ဝယ်ယူရရှိနေပြီဖြစ်ပါတယ်။

ဝါးစိုက်ခင်းကနေ ထွက်ကုန်များ ထုတ်ယူတဲ့နေရာမှာလည်း မျှစ်ချိုးတဲ့နည်းလမ်းတွေ၊ ဝါးခုတ်တဲ့ နည်းလမ်းတွေကို သိရှိထားဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ မျှစ်ချိုးတဲ့နေရာမှာ မျှစ်အရွယ်အစားကို ကြည့်ပြီးတော့ ဝါးပင်ဖြစ်လာမည့် အရွယ်အစားကို ခန့်မှန်းနိုင်တဲ့ အတွက် အနာဂတ်မှာ ဝါးပင်အတွက် ချန်လပ်မည့် မျှစ်တွေကို ချန်ထားပြီးတော့ ကျန်တဲ့ မျှစ်တွေကို အကုန်လုံးချိုးရတယ်လို့ သိရပါတယ်။ ဝါးခုတ်တဲ့ နည်းလမ်းတွေအနေနဲ့ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လောလောဆယ်သုံးနေတဲ့ စနစ်တွေအရတော့ အရုံလိုက် ပေါက်တဲ့ ဝါးပင်တွေများဟာ အတွင်းထဲကနေဝင်ပြီးတော့ ခုတ်တဲ့စနစ်တွေကို သုံးတာ တွေ့ရပါတယ်။ ဝါးခုတ်တဲ့ နည်းအားလုံးမှာ ဥပဒေသအနေနဲ့ကတော့ ဝါး၊ မျှစ် ထွက်တဲ့ ဘက်ကနေ မခုတ်ဘဲနဲ့ ဆန့်ကျင်တဲ့ဘက်ကနေခုတ်ရတာဖြစ်တဲ့အတွက် ဝါးရုံတွေမှာဆိုရင် အတွင်းပိုင်းကနေခုတ်တယ်လို့ သိရပါတယ်။ လောလောဆယ်သုံးစွဲနေတဲ့ နည်းလမ်းကတော့ ဝါးရုံပင်ကို ဝင်ပေါက် (၄)ပေါက်ထားပြီးတော့ ကြက်ခြေခတ်ပုံစံခုတ်ခြင်း၊ ဝင်ပေါက် တစ်ပေါက်တည်းထားပြီးတော့ မြင်းခွာပုံစံခုတ်ခြင်း၊ အင်္ဂလိပ်အက္ခရာ(V) ပုံစံခုတ်ခြင်း စသည့် နည်းလမ်းတွေကို ကျင့်သုံးလျက်ရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဝါးပင်နှင့် ပတ်သက်တဲ့ လက်မှုပညာတတ်မြောက်မည်ဆိုရင်လည်း ဝါးစိုက်ခင်းမှရတဲ့ ဝင်ငွေထက် အဆပေါင်းများစွာ သာလွန်ရရှိနိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ကျေးလက်ပြည်သူ အနေနဲ့ ဝါးလက်မှုပညာများ သင်ယူထားမည်ဆိုရင် အကောင်းဆုံးပဲဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် မိုးရာသီမှာ တင်းဝါး၊ ဝါးပိုးမျက်ဆံကျယ်၊ ဝါးပိုးဝါး၊ ရွှေဝါး၊ ဝါးဘိုးဝါး၊ မျှင်ဝါး၊ ထီးရိုးဝါး၊ သိုက်ဝါး၊ စုစုပေါင်း(၃၂၉၁)ပင်ကို စတင်ပျိုး ထောင်စိုက်ပျိုးထားရှိခဲ့ပြီးတော့ ၂၀၁၉ ခုနှစ် မိုးရာသီမှာတော့ ဝါးပိုးဝါး၊ ဝါးဖြူ၊ တင်းဝါး၊ သိုက်ဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ မျှင်ဝါး၊ ရွှေဝါး၊ မိုက်ပလောင်ဝါး၊ ကျသောင်းဝါး၊ ကရင်ဝါး၊ တပင်တိုင်ဝါး၊ ထီးရိုးဝါး၊ ဝါးပိုးကြီးဝါး စသည့် ဝါးအမျိုးအစား စုစုပေါင်း အပင်အရေအတွက် (၄၂၆၇၀)ပင်ကို ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင် (၈)ခရိုင်၊ မြို့နယ်ပေါင်း (၄၅)

မြို့နယ်မှာရှိတဲ့ သစ်တောပျိုးဥယျာဉ်၊ ကျေးရွာ/ ရပ်ကွက်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရေထွက်၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော၊ စိုက်ခင်းများ၏ ခြံစည်းရိုးတွေမှာ မြေချ စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ဝါးပင်များ ရှင်သန်ဖြစ်ထွန်းလာသည့် ဝါးပင်တွေကနေ တစ်ဆင့် ထပ်မံမျိုးပွားတိုးချဲ့ပျိုးထောင်ခြင်းကိုတော့ ၂၀၁၉- ၂၀၂၀ဘဏ္ဍာနှစ်မှာ ဌာန အစီအစဉ်ဖြင့် ပျိုးထောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေကနေ လူထုဖြန့် ပျိုးပင်များပျိုးထောင်ဖြန့်ဝေခြင်း အတွက် စီမံကိန်းလျာထားရာမှာတော့ လူထုအခြေပြုသောစနစ်ဖြစ်ပေါ်လာရေး ကျွန်တော်တို့ အနေနဲ့ ကြိုးစားလျက်ရှိနေပါတယ်။ မြို့နယ်အလိုက် လူထုတောင်းဆိုမှုများတဲ့အပင်တွေကို ဦးစားပေးထည့်သွင်းလျာထားစေခဲ့ရာမှာတော့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် သစ်တော သစ်ပင်(သစ်မျိုးများ) ပျိုးထောင်ရန် ရန်ပုံငွေလျာထား တွက်ချက်တင်ပြတဲ့နေရာမှာ လူထု တောင်းဆိုမှုများတဲ့ အပင်တွေကို ဦးစားပေးတဲ့အတွက် ဝါးပိုးဝါးပင် အမျိုးအစားမပါဝင် ခဲ့တာကို တွေ့ရှိရပါတယ်။ စီမံကိန်းတွေကို လူထုအခြေပြု စီမံကိန်းများအဖြစ် အောက်ခြေ ကနေ စတင်ရေးဆွဲလျက်ရှိတာဖြစ်တဲ့အတွက် မြို့နယ်စီမံကိန်းရေးဆွဲရာမှာ ပါဝင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့များအနေနဲ့ မြို့နယ်စီမံကိန်းမှာ ထည့်သွင်းလျာထားပေးလာမည်ဆိုရင် လျာထားပေးတဲ့ မြို့နယ်တွေအတွက်ကိုတော့ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိရေး လျာထားတင်ပြ တောင်းခံသွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့ ပျိုးထောင်ဖြန့်ဝေစိုက်ပျိုးခြင်းကို ဆောင်ရွက် သွားမည်ဖြစ်ပါတယ်။ ဝါးဘိုးဝါးဟာဆိုရင် ဈေးကွက်ဝင်အပင်ဖြစ်တဲ့အတွက် ပုဂ္ဂလိက ပျိုးခြံ တွေမှာလည်း ရောင်းချလျက်ရှိနေပြီဖြစ်၍ သစ်တောဦးစီးဌာနရဲ့ ပြည်သူ့ဘဏ္ဍာငွေမှ ပျိုးထောင်ဖြန့်ဝေပေးသည်နှင့် မလုံလောက်ဘူးဆိုရင်လည်း မိမိတို့အစီအစဉ် ဖြင့်လည်း ဝယ်ယူစိုက်ပျိုးနိုင်ကြပါတယ်။

လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံဟာဆိုရင် ဝါးသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီးတော့ ကျေးလက်ဒေသနေ ပြည်သူများရဲ့ နေ့စဉ်နေထိုင်စားသောက်မှုအတွက် အလွန်ပင် အရေးပါ သလို ဆင်းရဲမှုတိုက်ဖျက်ရေးမှာလည်း အရေးပါတဲ့ လက်နက်ကိရိယာတစ်ခု ဖြစ်လာနိုင် ချေရှိပါတယ်။ ဝါး၏ သဘောသဘာဝအလျောက် လျင်မြန်လွယ်ကူစွာ ပေါက်ရောက်နိုင်ပြီး အချိန်တိုအတွင်းမှာလည်း ပေါများစွာရရှိနိုင်ခြင်းတို့ကြောင့် ရှေးယခင်တုန်းက လစ်လျူ ရှုထားသော်လည်း ယခုအခါမှာ ခေတ်မီတိုးတက်လာတဲ့ နည်းပညာတွေနဲ့ ပေါင်းစပ် လာနိုင်တဲ့အတွက် တန်ဖိုးမြင့် ဝါးထွက်ကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်လာနိုင်ပြီဖြစ်လို့

ဝါးကို အများပြည်သူ ပိုမိုစိတ်ဝင်စားလာတယ်လို့ သိရပါတယ်။ နိုင်ငံတကာဈေးကွက်ကိုလည်း တန်ဖိုးမြင့် ဝါးထွက်ကုန်ပစ္စည်း အမျိုးမျိုးအား တင်ပို့ရောင်းချလျက်ရှိရာမှာ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းလိုမျိုး ဝါးချစ်သူအဖွဲ့အစည်းတွေကလည်း တော်တော်လေးကို လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ ဆောင်ရွက်လာပြီးဖြစ်တာကို တွေ့ရပါတယ်။ အဲ့ဒီအသင်း အဖွဲ့တွေမှာရှိတဲ့ ဝါးပညာရှင်တွေကနေ ဝါး၊ နီး၊ ကြိမ်၊ ပရိဘောဂ၊ မီးသွေးထုတ်လုပ်ခြင်း၊ ဝါးပျိုးထောင်ခြင်း၊ မျိုးပွားခြင်း၊ ဝါးတောထိန်းသိမ်းခြင်း၊ ဝါးပစ္စည်းဈေးကွက်ရှာဖွေခြင်းစသည့် ဝါးလုပ်ငန်း အမျိုးမျိုးကိုလည်း နည်းပညာများ မျှဝေကူညီပေးလျက်ရှိတာကို တွေ့ရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူအနေဖြင့် စိတ်ဝင်စားမည်ဆိုလျှင် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနကို ဆက်သွယ်အကူအညီ၊ အကြံဉာဏ်များ တောင်းခံနိုင်တဲ့အကြောင်း အဓိကကတော့ ဝါးသင်တန်းတွေလုပ်ချင်တယ်ဆိုရင် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း ဥက္ကဋ္ဌကလည်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို အထူးတလည် ဖိတ်ခေါ်အပ်တဲ့အကြောင်းကိုလည်း ကျွန်တော်ကနေတစ်ဆင့် သတင်းစကားပါးလိုက်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွက် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိလျှင် မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ မိဘပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များသည် အားကစားကို အထူးစိတ်ဝင်စား အားပေးကြသူများ ဖြစ်ကြပါတယ်။ မိဘပြည်သူများ၏ အားပေးမှုများကို

လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များ၏ ကြိုးစားအားထုတ်မှုကြောင့် လည်းကောင်း၊ ဤမြို့နယ်မှ လူငယ်မောင်မယ်များသည် မြန်မာ့လက်ရွေးစင် အားကစားသမားအဖြစ်သို့ မွေးထုတ်နိုင်မှုကို ဝမ်းပန်းတစ်သာ ကြိုဆိုလျက် ဖြစ်ကြပါတယ်။ စိတ်ဓာတ်ခွန်အား မြင့်မားပြီး ပိုမိုစွမ်းဆောင်နိုင်မည့် အားကစား၊ လူငယ်မောင်မယ်မြောက်များစွာ မွေးထုတ်နိုင်မှာ ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။

ဤမြို့နယ်မှ လူငယ်များသည် တစ်ဦးချင်းအလိုက် မြန်မာ့လက်ရွေးစင်အဖြစ်သို့ ရောက်ရှိသွားသည့် အားကစားသမားများနှင့် အသင်းလိုက်အောင်မြင်မှုရရှိသည့် အားကစားသမားများစွာ မွေးထုတ်ပေးလျက်ရှိပါတယ်။ ၁၈.၉.၂၀၁၉ ခုနှစ်တွင် ကျင်းပပြီးစီးသွားသော မြို့နယ်အလိုက် အသက်(၁၈)နှစ်အောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပြေးခုန်ပစ်ပြိုင်ပွဲတွင် နမ့်ခမ်းမြို့နယ်မှ တံခွန်စိုက်ဖလားကြီးကို ဆွတ်ခူးရရှိသည်ကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့တွင် မိုးလုံလေလုံအားကစားရုံတည်ဆောက်ရန်အတွက် မြေနေရာ(၀.၉၂၅) ဧက လည်းရှိပြီးဖြစ်ပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာန၏ အမည်ပေါက်မြေငှားဂရန် ၂၀၁၉ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိပြီးသား ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်အတွင်းရှိ မိဘပြည်သူများ အားကစားကို အားပေးမှု၊ မျိုးဆက်သစ်လူငယ်များ အားကစားကို စိတ်ပါဝင်စားမှုကို ထောက်ရှုပြီး နမ့်ခမ်းမြို့နယ်အတွက် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း၊ မရှိလျှင် အဘယ်ကြောင့်ဆိုသည်ကို မြို့နယ်ရှိ မိဘပြည်သူများ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ရဲ့ နမ့်ခမ်းမြို့နယ်အတွက် မိုးလုံလေလုံအားကစားရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အမည်ပေါက် နှစ်(၃၀) မြေငှားဂရန် ရရှိပြီးဖြစ်သည့် (၀.၉၂၅)ဧကပေါ်မှာ

မိုးလုံလေလုံ အားကစားရုံဆောက်လုပ်ပေးနိုင်ရန်အတွက် မြေနေရာလုံလောက်မှု ရှိပါတယ်။ နမ့်ခမ်းမြို့နယ်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက်ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ဘောလုံးကွင်းပြုပြင်ခြင်းနှင့် ရေနုတ်မြောင်းပြုလုပ်ခြင်း ကျပ် ၃၅ သန်းဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖာလင်အခြေခံပညာအလယ်တန်းကျောင်း အားကစားကွင်း ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၀ ဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အားကစားကွင်း ရေနုတ်မြောင်းဖောက်လုပ်ခြင်း ကျပ် ၂၅.၇၀၀ သန်းဖြင့်လည်းကောင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်းအား ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလျာထားချက်၌ ထည့်သွင်းပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ဖြစ်ပါတယ်။ ကျွန်တော်မေးမည့်မေးခွန်းကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ “ဆီဆိုင်မြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် National Grip Line မှ (၂၊ ၅၊ ၁၀) မိုင်အတွင်း ကျေးရွာ(၁၇)ရွာအား လျှပ်စစ်မီးလင်းရေး 11 KV လိုင်းနှင့် ထရန်စဖော်မာများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ” စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခဲ့ပါတယ်။

၎င်းမေးခွန်းအပေါ် ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက နှစ်အလိုက်ရရှိသော ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးမည်ဆိုသည့် လွှတ်တော်ကတိကဝတ်ရရှိခဲ့ပါတယ်။ ၎င်းကတိကဝတ်ကြောင့် မဲဆန္ဒရှင်ကော မိမိပါပျော်ရွှင်ပြီး ရှမ်းပြည်နယ်

အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရပါတယ်။ သို့သော် မဲဆန္ဒနယ်အမှတ်(၂)တွင် လွှတ်တော်ကတိကဝတ်ပေးထားသည့် လွယ်မွန်းကျေးရွာ၊ လွယ်တော်ကျေးရွာ၊ ထီဗွာကျေးရွာတို့မှာ ယခုဘဏ္ဍာရေးနှစ်ထိတိုင် လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်ပြီး ဘဏ္ဍာငွေခွင့်ပြု ချထားခဲ့ခြင်းမရှိသေးသောကြောင့် မဲဆန္ဒရှင်များနှင့် အမြဲထိတွေ့ဆက်ဆံနေရသော ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များထံ မကြာခဏ မေးမြန်းနေတဲ့အပြင် လက်နက်ကို အပြီးအပိုင်အပ်ပြီး ငြိမ်းချမ်းရေးရယူခဲ့သည့် ဦးချစ်မောင် ခေါင်းဆောင်သော (ရလလဖ)အဖွဲ့စခန်းထီဗွာစံပြကျေးရွာသို့ (၂၀.၅.၂၀၁၆)ရက်နေ့၊ ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးစိုးမိုးအောင် ရောက်ရှိသည့် ခရီးစဉ်မှာလည်း မီးရရှိရေးကိစ္စနှင့်ပတ်သက်ပြီးဦးချစ်မောင်မှ ထပ်မံတင်ပြပြီး ဖြစ်ပါတယ်။ ယနေ့တိုင် မီးမရရှိသေးသော ထီဗွာကျေးရွာမှ(ရလလဖ)ခေါင်းဆောင်ဦးချစ်မောင်မှ မိမိကို ၎င်းတို့သည် လက်နက်အပြီးအပ်ပြီး ငြိမ်းချမ်းရေးရယူခဲ့သည့်အဖွဲ့ဖြစ်သော်လည်း ၎င်းတို့သည် အမှောင်ခံဖြစ်နေပြီဖြစ်ကြောင်း၊ လစ်လျူရှုမှုခံနေရသည်ဖြစ်ကြောင်း၊ ဆိုးသောသားသမီးကို မိဘက ပြုပြင်ပေးနေရသလို လိမ္မာသောသားသမီးကိုလည်း လစ်လျူရှုဖို့ မသင့်ကြောင်း၊ မိမိအား မကြာခဏပြောဆိုနေတဲ့အတွက်ကြောင့်လွှတ်တော်တွင် မိမိမှပြန်ပြီး မေးခွန်းမေးပေးမည်ဖြစ်ကြောင်း ၎င်းကိုနှစ်သိမ့်၍ ဤမေးခွန်းကိုပြန်လည်မေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့ပါသောကြောင့် မိမိတို့ကိုယ်စားလှယ်သည် မဲဆန္ဒရှင်ရဲ့ ယုံကြည်မှုကို ပိုမိုပြီးရရှိအောင် “ဆိုခဲစေ မြဲစေ” ဆိုသော ကျွန်တော်တို့ရဲ့ စကားအရ ရှမ်းပြည်နယ်အစိုးရ၏ကတိကဝတ်ပြုခဲ့သည့်လုပ်ငန်းကို ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးအနေဖြင့်မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ မဲဆန္ဒရှင်များ၏ဆန္ဒကိုလည်း ဖြည့်ဆည်းပေးလိမ့်မယ်လို့လဲ ယုံကြည်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဦးစိုင်းရှဲန်တစ်လုံဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်(၂)မှ ဦးခွန်မောင်ပယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြား

သွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ ဆီဆိုင်မြို့နယ်မှာ ဖြတ်သန်းသွားလာသည့် National Grip Line မှ (၂၊ ၅၊ ၁၀) မိုင်အတွင်း ကျေးရွာ (၁၇)ရွာနှင့် လွှတ်တော်ကတိကဝတ် ပေးထားသော ကျေးရွာများဖြစ်သည့် လွယ်မွန်းကျေးရွာ၊ လွယ်တော်ကျေးရွာ၊ ထီဗွာကျေးရွာ များတွင် လျှပ်စစ်မီးလင်းရေးအတွက် 11 KV လိုင်းနှင့် ထရန်စဖော်မာများ ယခုဘဏ္ဍာရေးနှစ် အထိ ဘဏ္ဍာငွေခွင့်ပြုချထားခဲ့ခြင်း မရှိသေးပါသဖြင့် ရှမ်းပြည်နယ်အစိုးရရဲ့ ကတိကဝတ်ပြုခဲ့ သည့်လုပ်ငန်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းဆိုတဲ့ မေးခွန်း ဖြစ်ပါ တယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ် ကျေးရွာအုပ်စု၊ လွယ်တော်ကျေးရွာမှာ အိမ်ခြေ (၁၃၅)အိမ်၊ အိမ်ထောင်စု (၁၃၅)စု ရှိပြီး ၎င်းကျေးရွာမှာ ဓာတ်အားရရှိရေးအတွက် တပ်ဆန်းကျေးရွာမှ Tap Off ရယူပြီးတော့ လွယ်တော်ကျေးရွာသို့ ၁၁ ကေဗွီဓာတ်အားလိုင်း (၁.၀၂)မိုင်၊ ကျေးရွာတွင်း ၁၁/ ၀.၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံးနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်း(၂)မိုင် တည်ဆောက် ပေးရမှာ ဖြစ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး ဆီဆိုင်မြို့နယ်၊ ဘန့်ဖွီးကျေးရွာအုပ်စု၊ ထီဗွာကျေးရွာမှာ အိမ်ခြေ (၂၀)အိမ်၊ အိမ်ထောင်စု (၂၈)စုရှိပြီးတော့ ၎င်းကျေးရွာ ဓာတ်အားလိုင်းများအတွက် လွယ်တော်ကျေးရွာ ဓာတ်အားရရှိလာပါက ၎င်းကျေးရွာမှတစ်ဆင့် ထီဗွာကျေးရွာသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၂.၆၆) မိုင်၊ ကျေးရွာတွင်း ၁၁/ ၀.၄ ကေဗွီ (၅၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်း (၀.၃)မိုင် တည်ဆောက်ပေးရမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ် ကျေးရွာအုပ်စု၊ လွယ်မွန်းကျေးရွာမှာ အိမ်ခြေ(၁၂၉)အိမ်၊ အိမ်ထောင်စု(၁၂၉)စုရှိပြီး ၎င်းကျေးရွာ ဓာတ်အားရရှိရေးအတွက် နောင်ခဲကျေးရွာမှ Tap Off ရယူပြီးတော့ လွယ်မွန်းကျေးရွာသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁.၁၈)မိုင်၊ ကျေးရွာတွင်း ၁၁/ ၀.၄ ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၂)လုံးနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း(၂)မိုင် တည်ဆောက် ပေးရမှာဖြစ်ပါတယ် ခင်ဗျား။

ဒါကြောင့် အဆိုပါကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/ ၀.၄ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအားလုံးကို ဂျာမနီချေးငွေဖြင့် ဆောင်ရွက်မည့် KFW စီမံကိန်းမှာ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးအရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၌ နေ့စားလပေးပညာရေးဝန်ထမ်းများ ခန့်ထားရေးစီမံဆောင်ရွက်ထားမှု အခြေအနေနှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးမှာရှိတဲ့ ကျောင်းတွေမှာ ကျောင်းသားဦးရေနှင့် ဆရာ/ မ များရဲ့ အချိုးညီမျှမှု မရှိတာကိုတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အရလည်း အချို့သော မြို့နယ်တွေမှာ ကျောင်းဆရာ၊ ဆရာမများခန့်ထားပေးပို့နိုင်ခြင်း မရှိတဲ့ ကျောင်းတွေလည်း တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် ဤပြဿနာတွေကို ဖြေလျော့ ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဒေသခံပြည်သူများအား ဦးစားပေးပြီးတော့ နေ့စားလပေး ပညာရေးဝန်ထမ်းတွေကို ခန့်အပ်ပေးနိုင်မည်၊ စီမံဆောင်ရွက်ပေးနိုင်မည် ဆိုပါက ထိုက်သင့်တဲ့ အဆင်ပြေချောမွေ့မှုတွေ ရရှိမှာဖြစ်ပါတယ်။ ဒေသခံပြည်သူများ အနေနဲ့လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရာရောက်မှာ လည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ-

(၁) ရှမ်းပြည်နယ်အစိုးရအနေဖြင့် နေ့စားလပေး ပညာရေးဝန်ထမ်းများ ခန့်အပ်ထားနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိ။

(၂) ရှိပါကမည်သည့်အချိန်ကာလမှ စတင်၍ ခန့်အပ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးရဲ့ ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၌ လစ်လပ်လျက်ရှိတဲ့ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် နေ့စားလပေး ပညာရေးဝန်ထမ်း ခန့်အပ်ထားနိုင်ရေး စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်ကာလမှစတင်၍ ခန့်ထားနိုင်မည်ဆိုတဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း (၉၂၄)ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ဆရာ၊ ဆရာမ ခွဲဝေခန့်ထားမှု မရရှိသေးတဲ့ ကျောင်းများအနက် ဆရာ၊ ဆရာမ မပြည့်စုံတဲ့ ကျောင်းများတွင် သင်ကြားမှုအဆင်ပြေစေရန်အတွက် မူလတန်းပြ ဆရာများ ပိုနေတဲ့ကျောင်းများမှ ယာယီတွဲဖက်တာဝန်ပေးအပ်ခြင်းအပြင် ကော်မတီခန့် ဆရာများ ငှားရမ်းပါက ရှမ်းပြည်နယ် (တောင်ပိုင်း) အတွက် (၄၆) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် (၆၁)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွက် (၉၀)ဦး၊ စုစုပေါင်း (၁၉၇)ဦးအတွက် တစ်ဦးလျှင် ကျပ် (၁၂၀,၀၀၀) နှုန်းဖြင့် (၁)လအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ် (၂၃,၆၄၀,၀၀၀) ဖြစ်ပါ၍ လစဉ်ထောက်ပံ့ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၅-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၁၀၈၈၇)/၈-၃၀၀/ အစရ(ရှမ်း)ဖြင့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါတယ်။

အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ၃၀-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၂-က)/၂၅၂၀၉/ စိစစ် (၂၀၁၉)ဖြင့် ဆရာ၊ ဆရာမ လစ်လပ်နေသော ကျောင်းများအား သင်ကြားရေး အဆင်ပြေအောင် အမြန်ပြန်လည်စိစစ်တင်ပြရန် အကြောင်းကြားလာပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအဆင့်တိုးရရှိသည့် ကျောင်းများအပါအဝင် အခြေခံပညာကျောင်းများမှာ အကြောင်းအမျိုးမျိုးကြောင့် ဆရာ၊ ဆရာမများ လိုအပ်လျက်ရှိတဲ့ ကျောင်းများသို့ ဆရာ၊ ဆရာမ အင်အားပိုလျှံနေသော ကျောင်းများမှ တွဲဖက်ခန့်ထားတာဝန်ပေးရန် ရှမ်းပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့မှလည်း မြို့နယ်ပညာရေးမှူးရုံး များသို့ ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဆရာ၊ ဆရာမ လိုအပ်ချက်များကို ရှမ်းပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၉-၇-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၁-ခ)/ ၂၉၃၀/ အခ-မြဲ (လိုအပ်မှု) (၂၀၁၉)ဖြင့် အခြေခံပညာဦးစီးဌာန၊

နေပြည်တော်သို့ တင်ပြထားပြီး ခွဲဝေချက်ရရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့၊ တောညုကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း (၇)ရွာရှိ ဒေသခံများသည် သာရေး၊ နာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ နေ့စဉ်အသုံးပြုနေသော လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ကြယ်ပွင့်ပြမေးခွန်းဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်။

လွန်ခဲ့သော ၂၀၁၁ခုနှစ်၊ ဧပြီလ(၂၁)ရက်နေ့မှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် မြေသားလမ်းဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါတယ်။ ပေပေါင်း (၁၅၈၄၀)ပေ ရှည်လျားပါတယ်။ အဆိုပါလမ်းသည် ကျိုင်းတုံ၊ တာချီလိတ် ပြည်ထောင်စုလမ်းမကြီးနှင့်လည်း ဆက်သွယ်ထားသလို မှီခိုအသုံးပြုနေသော ကျေးရွာများမှာ တောညု၊ အင်နမ့်ခမ်း၊ အင်မာလန်း၊ အင်ပါတူ(ပေါ်)၊ အင်ပါတူ (အောက်)၊ ကျာကိုင်နှင့် ကျာယီကျေးရွာများ ဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၁၂၉)အိမ်၊ လူဦးရေပေါင်း (၁၀၀၆)ဦး ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/ မရှိ တင်ပြမေးမြန်း အပ်ပါတယ်။ အကယ်၍ ရှမ်းပြည်နယ်အစိုးရမှ ဦးစားပေးအစီအစဉ်နှင့် ရန်ပုံငွေချပေးမည်ဆိုပါက ကျေးရွာပေါင်း(၇)ရွာမှ လူအားများလည်း ပါဝင်ပေးမည်ဖြစ်ကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း

ဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျောက် မေးမြန်းထားတဲ့ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ တောညှု ကျေးရွာအုပ်စုမှာရှိတဲ့ တောညှု အင်နမ့်ခမ်း၊ အင်မာလန်း၊ အင်ပါတူ(ပေါ်)၊ အင်ပါတူ (အောက်)၊ ကျာကိုင်နှင့် ကျာယီ စုစုပေါင်း ကျေးရွာ(၇)ရွာမှ ဒေသခံပြည်သူများ ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားတဲ့ မြေသားလမ်း အရှည်(၁၅၈၄၀)ပေကို ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို ပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါ တယ်။

တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ တောညှုကျေးရွာအုပ်စုမှာရှိတဲ့ တောညှု၊ အင်နမ့်ခမ်း၊ အင်မာလန်း၊ အင်ပါတူ(ပေါ်)၊ အင်ပါတူ(အောက်)၊ ကျာကိုင်နှင့် ကျာယီကျေးရွာ စုစုပေါင်း ကျေးရွာ(၇)ရွာမှ ဒေသခံပြည်သူများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားတဲ့ မြေသားလမ်း အရှည်(၁၅၈၄၀)ပေ၊ မိုင်အားဖြင့် (၃) မိုင်ခန့်ရှိတဲ့ နမ့်ခမ်းတောင်– တောညှု လမ်းဟာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ သတ်မှတ်ချက်အရ Class A တတိယ ဦးစားပေးလမ်းအမျိုးအစား ဖြစ်ပါတယ်။ ကျေးရွာ (၇)ရွာ၊ အိမ်ခြေ (၁၂၈)အိမ်၊ လူဦးရေ (၄၆၃)ဦး အကျိုးပြုတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။

မြို့နယ်ကနေ ပူးပေါင်းညှိနှိုင်းရေးဆွဲထားတဲ့ ကျေးလက်လမ်း (၁၃)နှစ် စီမံကိန်းမှာ အဆိုပါလမ်းကို ၂၀၂၅– ၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် အဆင်မြှင့်တင် ဆောင်ရွက်ရန် လျာထားတာကို တွေ့ရှိရပါတယ်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ မြို့နယ် ကနေ လျာထားတောင်းခံထားခြင်း မရှိသေးပါဘူး ခင်ဗျား။

အဆိုပါ နမ့်ခမ်းတောင်– တောညှုလမ်း ၃ မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့် မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကျပ်သန်း(၃၀၀)ခန့်ကုန်ကျနိုင်ပါတယ်။ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မြို့နယ်အလိုက် အဆိုပြုချက်များ လျာထားနေရာမှာ မိုင်းဖြတ် မြို့နယ်ရဲ့ ပျမ်းမျှပါဝင်မှုအချိုးဟာ (၀.၈၁%)ဖြစ်ပြီး နှစ်စဉ်ရန်ပုံငွေခွဲဝေရရှိမှုအရ ကြည့်မယ် ဆိုရင်တော့ မိုင်းဖြတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းများအတွက် ပျမ်းမျှအားဖြင့် ကျပ်(၁၇၄)သန်းခန့် ရရှိနိုင်တာကိုတွေ့ရှိရပါတယ်။ ဒါကြောင့် မိုင်းဖြတ် မြို့နယ်၏ ရရှိနိုင်တဲ့ ဘဏ္ဍာရန်ပုံငွေပမာဏ၊ မြို့နယ်မှာ ဆောင်ရွက်လိုတဲ့ ဦးစားပေးအလိုက် လုပ်ငန်းများနှင့် လုပ်ငန်းတန်ဖိုးများအရ ချင့်ချိန်စိစစ်ပြီးတော့ မြို့နယ်မှ ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ် (သို့မဟုတ်) သင့်လျော်တဲ့ ဘဏ္ဍာနှစ်များတွင် လျာထားတင်ပြလာပါက ပြည်နယ်/

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများမှ ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကြွရောက်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြ မေးခွန်းဖြင့် မေးမြန်းမှာကတော့ ပြည်ထောင်စုနှင့် သက်ဆိုင်သော မေးခွန်းများ မေးမြန်း လာပါက ပြည်နယ်အစိုးရအနေဖြင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်း၍ တိကျရှင်းလင်းစွာ ဖြေဆို နိုင်ခြင်း ရှိ/ မရှိ ဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးရပ်နားသော ကာလများတွင် လွှတ်တော် ဥက္ကဋ္ဌကြီးကို တာဝန်ခံပြီး လူထုနှင့် တွေ့ဆုံသည့် ကိုယ်စားပြုခြင်း၊ အစိုးရ၏လုပ်ငန်းတာဝန် များကို ကြီးကြပ်သည့်လုပ်ငန်းဆောင်ရွက်ခြင်း၊ မဏ္ဍိုင်သုံးရပ်အတွက် အပြန်အလှန် ထိန်းကျောင်းခြင်းလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိပါတယ်။

အထူးသဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို ကွင်းဆင်းစစ်ဆေးရင်း ရံဖန်ရံခါ လူထုများနှင့် တွေ့ဆုံပွဲပါ ပြုလုပ်လျက်ရှိပါတယ်။ တွေ့ဆုံပွဲမှာ လူထုအနေဖြင့် တင်ပြတောင်းဆိုခြင်းများ ရှိပါတယ်။ လူထုအသံကို နားထောင်ပြီး ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်များဟာ **"လူထုအသံ လွှတ်တော်အသံ"** ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လူထု၏ လိုလားချက်များကို လွှတ်တော်မှာ တင်ပြခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက် လျက်ရှိပါတယ်။ ဒါကလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော် အတွင်း ဆောင်ရွက်ရမည့် တာဝန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် လူထုတောင်းဆိုချက်များကို လွှတ်တော်အစည်းအဝေးတွင် တင်ပြရာမှာ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်တွေ ဖြေကြားချက်တော်တော်များများသည် ကတိကဝတ်မမြောက်သော ဖြေကြားမှုများ ရရှိနေပါတယ်။ အထူးသဖြင့် ပြည်ထောင်စုနှင့် သက်ဆိုင်သော ကိစ္စရပ်များဖြစ်လာပါက "ဒါကပြည်ထောင်စုအဆင့်နဲ့ သက်ဆိုင်ပါတယ်၊ ပြည်ထောင်စုလွှတ်တော်ကိုမေးမြန်းပါ" ဆိုတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့ အဖြေတွေပဲရရှိတာ များပါတယ်။

ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့လူထုသိလိုသည့်ကိစ္စရပ်မှန်သမျှကို ကျွန်တော်တို့ အထက်မှာရှိတဲ့ ပြည်နယ်အစိုးရကိုသာလျှင် မေးမြန်းပိုင်ခွင့်ရှိပါတယ်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်ဆိုတာ ခွဲခြားထားတာ မရှိပါဘူး။ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်အစိုးရကို ကျော်လွန်ပြီး ပြည်ထောင်စုအဆင့်ကို မေးမြန်းလို့လည်း မရပါဘူး။ မေးမြန်းမည်ဆိုရင်လည်းပဲ လုပ်ပိုင်ခွင့်ကျော်လွန်တယ်ဆိုပြီး အထင်ခံရမှာလည်း စိုးရိမ်ရပါတယ်။ ပြီးတော့ ပြည်နယ်အစိုးရဂုဏ်သိက္ခာကိုလည်း ငဲ့ကွက်ရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်ကတစ်ဆင့် မေးမြန်းရမည်ဆိုရင် အဆင်ပြေဖို့နည်းပါးပါတယ်။ တစ်ချို့ပြည်နယ်လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီချင်းမတူကြပါဘူး။ ပါတီချင်းတူတာတောင်မှ ပုဂ္ဂိုလ်ရေးအဆင်မပြေတာတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။

ကျွန်တော်မေးခဲ့တဲ့ မေးခွန်းတွေထဲက ဒီလိုပြန်ဖြေမှု ရရှိခဲ့ဖူးတာရှိပါတယ်။ မှတ်မှတ်ရရ ကျွန်တော် ခတ်ငွေ့ပိုက်လိုင်းကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရက အခွန်မည်မျှရသနည်းဆိုတဲ့ မေးခွန်းကို မေးမြန်းခဲ့ဖူးပါတယ်။ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ပညာရေးဝန်ထမ်းတွေကို ရာထူး တိုး/ ပြောင်း လုပ်တဲ့နေရာမှာ စာသင်ကာလမှာမလုပ်ဘဲ နွေရာသီကျောင်းပိတ်ရက်မှာ လုပ်ဖို့ဆိုတဲ့ကိစ္စ မေးခွန်းတွေမေးမြန်းခဲ့ဖူးပါတယ်။ မကြာခင်ကပဲ ပြည်ထောင်စုဘတ်ဂျက်ဖြင့် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများဟာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်မယူဘဲ အဘယ့်ကြောင့် တင်ဒါအောင်မြင်ခဲ့သည်ဆိုတဲ့ကိစ္စလည်း ကျွန်တော် မေးမြန်းခဲ့ဖူးပါတယ်။ ရရှိတဲ့အဖြေကတော့ ဒါကပြည်ထောင်စုဘတ်ဂျက်ဖြစ်လို့ ပြည်ထောင်စုအစိုးရရဲ့ လုပ်ပိုင်ခွင့်ဖြစ်တယ်ဆိုတဲ့ ဖြေကြားချက်ပဲ ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းညှိနှိုင်းခြင်းမရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို

TV မှာ မကြာခဏ ကြည့်ဖူးပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်တွေကို ပြည်ထောင်စုဝန်ကြီးတွေ ဖြေကြားတဲ့နေရာမှာ **"ပြည်နယ်အစိုးရ၏ တင်ပြချက်အရ"**ဆိုပြီး တိတိကျကျ ဖြေကြားသွားတာ ရှိပါတယ်။ ဒါကလည်းပဲ ပြည်ထောင်စုနဲ့ ပြည်နယ် ပေါင်းစပ်ညှိနှိုင်းတယ်ဆိုတဲ့ သဘောကိုသက်ရောက်ပါတယ်။ အမှန်လည်း ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ ချိတ်ဆက်ညှိနှိုင်းပြီး ကိုယ်စားလှယ်များရဲ့ လိုချင်တဲ့အဖြေကို ရှင်းလင်းတိကျစွာ ဖြေကြားပေးစေလိုပါတယ်။

ဒါကြောင့် ပြည်ထောင်စုအဆင့်နှင့် ပတ်သက်တဲ့မေးခွန်းများ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းလာပါက သက်ဆိုင်ရာ ပြည်နယ်အစိုးရအနေနဲ့ ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရှင်းလင်းတိကျသော ဖြေကြားမှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ "ပြည်ထောင်စုနှင့် သက်ဆိုင်သော မေးခွန်းများမေးမြန်းလာပါက ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်း၍ တိကျရှင်းလင်းသော ဖြေကြားမှု ပြန်လည်ဖြေဆိုနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသည်" ဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ အခန်း (၁၁)၊ ပုဒ်မ ၉၈တွင် **"ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် ရှမ်းပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်"** ဟုပါရှိသောကြောင့် ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်သောအများပြည်သူကိစ္စများနှင့် စပ်လျဉ်းသည့်မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တိကျရှင်းလင်းသော အဖြေများဖြေကြားပေးလျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်မှ တာဝန်ခံဆောင်ရွက်နေသော ကိစ္စရပ်များအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့၌ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်အဆင့်တွင် မေးမြန်းလာသောမေးခွန်းများ ရှိလာပါက

လည်း ပြည်နယ်အစိုးရအနေနဲ့ ညှိနှိုင်းပေါင်းစပ်ချိတ်ဆက်ပြီးတော့ တိကျရှင်းလင်းသော အဖြေများကို ပြန်လည်ဖြေကြားလျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးစွာ Power Point အသုံးပြုခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ Power Point မှာမြင်ရတဲ့အတိုင်းပဲ ကျွန်တော် မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ကလောမြို့နယ်နှင့် ရပ်စောက်မြို့နယ်၊ တောင်ကြီးမြို့နယ်များ၏ ကျေးရွာများတွင် နွားအကောင်ရေ များများ မွေးသော နွားပိုင်ရှင်များ၏ ခိုင်းစေချက်အရ နွားကျောင်းသားများသည် နွားများကို နွားစာ ကျက်သို့ သွားသည့်အချိန်နှင့် ပြန်လာသည့်အချိန်များတွင် မော်တော်ကားလမ်းမပေါ်တွင် ပိတ်ဆို့နေသော်လည်း ကားလမ်းဘေးသို့ မမောင်းချဘဲ၊ အမှတ်တမဲ့ ကြည့်နေကြသည့် အတွက် ခရီးသွားလာရေးတွင် ကြန့်ကြာမှုများဖြစ်ပေါ်စေပါတယ်။ ထိုသို့မဖြစ်ပေါ်စေရန် အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အများပြည်သူ သိရှိရန်အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီ (ခ) ဦးညီလေးချမ်းမေးမြန်းတဲ့ ပင်းတယ၊ ရွာငံ၊ ကလော၊ ရပ်စောက်နှင့် တောင်ကြီး မြို့နယ်မှာရှိတဲ့ လမ်းမများပေါ်မှာ နွားများပိတ်ဆို့ပြီးတော့ ကြန့်ကြာမှုများမဖြစ်စေရေးအတွက် နွားပိုင်ရှင်များနှင့် နွားကျောင်းသားများ စည်းကမ်းရှိစေရန် မည်ကဲ့သို့စီမံဆောင်ရွက်ပေး မည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်းစွာ ပြန်လည်ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ လမ်းမကြီးများဥပဒေ (ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ)အခန်း(၄)၊ ပုဒ်မ-၅(ဈ)တွင် "လမ်းမကြီးများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်း စည်းကမ်းချက်များကို လိုက်နာခြင်းရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း" ဟူ၍လည်းကောင်း၊ ပုဒ်မ(၉)မှာ "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန် ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို(၃)လအထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းအထိဖြစ်စေ ချမှတ်ရမည်ဆိုပြီးတော့ ပုဒ်မခွဲ(ခ) တွင် လမ်းမကြီးများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း"ဟု ပြဋ္ဌာန်းပါရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး နွားမွေးမြူသူစာရင်းများ ရယူပြီး စည်ကမ်းမဲ့လွှတ်ကျောင်းခြင်း မပြုစေရေး၊ စည်းကမ်းရှိစွာအသိပညာပေးခြင်း၊ ကားလမ်းမပေါ်မှာ ကျွဲ၊ နွားများ ပိတ်ဆို့မောင်းနှင်မှုကြောင့် ခရီးသွားပြည်သူများ ကြန့်ကြာမှု မရှိစေရေးအတွက် လမ်းမကြီးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကမ်းချက်များ ထုတ်ပြန်ပြီး စနစ်တကျ ထိန်းကျောင်းပေးသွားမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့လည်း မိမိတို့ မဲဆန္ဒနယ် များသို့ ကွင်းဆင်းရာတွင် ဒေသခံနွားမွေးမြူသူများကို ကားလမ်းနှင့် အများပြည်သူဆိုင်ရာ နေရာများမှာ ကျွဲ/ နွားများကို စည်ကမ်းမဲ့လွှတ်ကျောင်းခြင်း မပြုစေရေးအတွက် အသိပညာ ပေးဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်း အနေနဲ့တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရုံးများမှ အငြိမ်းစားယူသွားသော ဝန်ထမ်းများကို အဆိုပါရုံးများတွင် ဆက်လက်တာဝန်ပေးထားခြင်း ရှိ/ မရှိနှင့် ရှိပါက မည်သည့်တာဝန်များ ပေးထားကြောင်းနှင့် မရှိပါက ရှိသယောင်လုပ်ဆောင်ခြင်း၊ ရှိပါက မည်သည့်နေရာသို့ တိုင်ကြားရမည်၊ တရားဥပဒေစိုးမိုးရေးအတွက် မည်သို့အရေးယူ ဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိရန်နှင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်

ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေ။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ “ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရုံးများမှ အငြိမ်းစားယူသွားသော ဝန်ထမ်း များကို အဆိုပါရုံးများတွင် ဆက်လက်တာဝန်ပေးထားခြင်း ရှိ/ မရှိ၊ ရှိပါက မည်သည့်တာဝန် များပေးထားကြောင်းနှင့် မရှိပါက ရှိသကဲ့သို့ လုပ်ဆောင်နေလျှင် မည်သည့်နေရာသို့ တိုင်ကြားရမည်၊ တရားဥပဒေစိုးမိုးရေးအတွက် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်” ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရုံးများမှာ အငြိမ်းစားယူသွားသော ဝန်ထမ်းများကို အဆိုပါရုံးများတွင် ဆက်လက်တာဝန်ပေးထားခြင်း မရှိပါဘူး။ ရှမ်းပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့်တော့ မြန်မာ့သစ်လုပ်ငန်း၊ ရောင်းစက်ဌာန၊ မင်္ဂလာဦး ရပ်ကွက်၊ တောင်ကြီးမြို့တွင် အငြိမ်းစားယူသွားသော ဝန်ထမ်းအား လုံခြုံရေး(နေ့စား) ဝန်ထမ်းအဖြစ် ပြည်နယ်ရုံးတွင် ခန့်အပ်တာဝန်ပေးခဲ့ပြီး လက်ရှိတွင်လည်း တာဝန် ထမ်းဆောင်လျက်ရှိပါကြောင်းနှင့် မေးခွန်းနှင့်စပ်လျဉ်း၍ အယောင်ဆောင်ဝန်ထမ်းများ ရှိပါကလည်း သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနသို့ တိုင်ကြားနိုင်ပါကြောင်းနှင့် ထုတ်ပြန် ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း/ စည်းကမ်းများ နှင့်အညီ အရေးယူဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အာလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ယခု အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဥ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အမည်စာရင်း ပေးပို့ထားပါတယ်။ ပထမဦးစွာ မိုင်းပျဥ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဥ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဥ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား လေ့လာသုံးသပ်အကြံပြုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဥ်များ နိဒါန်းအရ ရှမ်းပြည်နယ်၏ ပြည်သူအားလုံး စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးနှင့် ဆင်းရဲ၊ ချမ်းသာကွာဟမှုလျော့ပါးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးများအား ရည်ရွယ်ပြီး ပြည်နယ်အတွင်း စဥ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်သူဗဟိုပြု၍ စီးပွားရေးကဏ္ဍတစ်ခုချင်းနှင့် သက်ဆိုင်သည့် ပုဂ္ဂလိကနှင့် ဌာနဆိုင်ရာ အသီးသီး၏ ဖွံ့ဖြိုးရေးစီမံကိန်းများအချင်းချင်း ဆက်စပ်ပေါင်းစည်းမှုများကို အခြေခံ၍ လိုအပ်သည့်ပြုပြင်မှုများဖြင့် ရှမ်းပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရည်မှန်းချက် အပိုဒ်(ဂ)အရ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန်ဆိုပြီးတော့ တိတိကျကျ ဖော်ပြပေးတာရှိပါတယ်။

အဆိုပါ အချက်အလက်များဟာဆိုရင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်တော် လေးနက်စွာ ယုံကြည်မိပါတယ်။

လွန်ခဲ့သည့် ကာလများတွင် ရှမ်းပြည်နယ်အတွင်း ကလောမြို့ GTI စက်မှုသင်တန်းကျောင်း၊ တောင်ကြီးမြို့ စက်မှုလက်မှု အထက်တန်းကျောင်း၊ နမ့်စန်မြို့ စက်မှုလက်မှု အလယ်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ပြီးတာ ရှိခဲ့ပါတယ်။ သင်တန်းသားများသည် နိုင်ငံအတွက် လိုအပ်သည့် စက်မှုလက်မှု ပညာရှင်များ၊ နယ်ပယ်အသီးသီးတွင် နိုင်ငံတော်တည်ဆောက်သည့်လုပ်ငန်းများကို လည်းကောင်း၊ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို

လည်းကောင်း တာဝန်ထမ်းဆောင်ကြသဖြင့် တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး၊ မိသားစု အကျိုးသယ်ပိုးဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် စက်မှုလက်မှု သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံပြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက် ပေးသွားရန် လိုအပ်လှပါတယ်။ သို့မှသာ တိုင်းပြည်၏ အရံအင်အားများ ဖြစ်ကြသည့် အကြောင်းအမျိုးမျိုးကြောင့် လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များ၊ အဲ့ဒီလူငယ်လေး များဟာဆိုရင်လည်း ပညာရေးတစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်ရတဲ့လူငယ်များရှိသလို၊ မူးယစ်ဆေးဝါး ဆေးစွဲနေတဲ့လူငယ်များလည်း ပါပါတယ်။ ရည်မှန်းချက်ဘဝ မြင့်နေတဲ့ လူငယ်များလည်း ပါပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းမရှိသည့် လူရွယ်လူငယ်များကို တက်ရောက်သင်ကြားခွင့်ပြုခြင်းဖြင့် နောင်အနာဂတ် ရှမ်းပြည်နယ်၏ အတတ်ပညာရှင်၊ အသိပညာရှင်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အထောက်အကူပြုသွားနိုင်မည်ဟု ယုံကြည်ကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်သို့ တင်သွင်း လာတဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း ၍ လေ့လာတွေ့ရှိချက်များပေါ်မှာ အခြေခံပြီးမှ အကြံပြုဆွေးနွေးသွားမှာ ဖြစ်သလို ရှမ်း ပြည်နယ်မှာ ဥရောပသမဂ္ဂ EU မှ ထောက်ပံ့မည့် အစီအစဉ်အတွက်လည်း အထောက်အပံ့ ဖြစ်နိုင်မှာ ဖြစ်တဲ့အတွက် ထည့်သွင်းဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အပေါ် လေ့လာလိုက်တဲ့အခါမှာ အခန်း (၃)ခန်းဖြင့် ဖွဲ့စည်းထားတာကိုလည်း တွေ့ရှိရမှာလည်းဖြစ်ပြီး အခန်း (၂)မှာပါတဲ့ ကဏ္ဍကြီး (၁၃)ရပ်မှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊

ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်လို့ တွေ့ရှိရမှာ ဖြစ်ပါတယ်–

စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ (၅.၉) ရာခိုင်နှုန်း တိုးတက်ရန် လျာထားတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကဏ္ဍကြီးများအလိုက် တိုးတက်မှုကဏ္ဍမှာ (၁၃)ခုရှိတာကို တွေ့ရှိရပြီး လယ်ယာကဏ္ဍတိုးတက်မှုလျာထားနှုန်းဟာ (၁.၆)ရာခိုင်နှုန်းကိုသာ တွေ့ရှိရမှာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်များနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုနှုန်းဟာ နှေးကွေးသွားတာကို တွေ့ရှိရတာ ဖြစ်ပါတယ်။ သို့ပေမဲ့လည်း ကဏ္ဍကြီး (၃)ရပ်လုံးမှာ အခြားသော ကဏ္ဍများမှာ တိုးတက်မှုများရှိနေတဲ့အတွက် နှစ်စဉ် လူတစ်ဦးချင်းရဲ့ (Per Capita GDP)အရ နှစ်စဉ်အလိုက် ဈေးနှုန်းမှာလည်း တိုးတက် လာတာကို တွေ့ရှိရတာဖြစ်ပါတယ်။ ကဏ္ဍကြီး (၃)ရပ်အနက် လေ့လာတွေ့ရှိချက်များပေါ်မှာ အခြေခံပြီးမှ ဆွေးနွေးရခြင်းလည်း ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇)များကို ၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေးနှစ်လိုက်မှာ စတင်ပြီးမှ မြို့နယ်အလိုက် နှစ်စဉ်ပိုမိုထုတ်ပေးနေတာကို တွေ့ရှိရသော်လည်း ယခုဥပဒေကြမ်းမှာ လယ်ယာကဏ္ဍတိုးတက်မှုနှုန်း နှေးကွေးနေတာကို ဖော်ပြထားမှုကို တွေ့ရှိရခြင်းဖြင့် လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးနည်းသွားတာကို လျော့နည်းသွားမည်လို့ ထင်ရတာဖြစ်ပေမယ့်လည်း အခြားကဏ္ဍ တိုးတက်မှုကြောင့် (GDP) တစ်ဦးချင်းရဲ့ ဝင်ငွေတိုးတက်မြင့်မားလာတာကို တွေ့ရပါတယ်။ ဒါဟာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်းပမာဏနှင့် ဝန်ထမ်း မမျှတမှု အခြေအနေကို ပေါ်လွင်စေသလို မြေပြင်မှာမြေယာကို အမှန်တကယ် အသုံးချမှုများ ကိုလည်း စနစ်တကျစိစစ်ဖို့လိုအပ်လာပြီးလို့လည်း ထင်မြင်မိပါတယ်။ ထို့အပြင် ဆက်စပ် ဌာနများ၊ အဖွဲ့အစည်းများ၏ ချိတ်ဆက်အားနည်းမှုကိုလည်း တွေ့ရှိနေရပါတယ်။ ဥပဒေ ကြမ်းအပေါ် အကြံပြုချက်အနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသောမြို့၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ရပ်နှင့် ရှမ်းပြည်နယ်၏ ရည်မှန်းချက်များဖြစ်သော ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ် အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုနိုင်တဲ့ အခြေခံအဆောက်အအုံ လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်

အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိစေရန်နှင့် ပြည်ပရင်းနှီးမှုများကို တိုးမြှင့်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီနေရာမှာ ဥပဒေ (မူကြမ်း)ပါ ရည်ရွယ်ချက်မှာ အဓိကမြေယာနှင့် မြေယာသုံးချမှုများမှာ များစွာမူတည်နေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

သို့ပါသောကြောင့် လယ်ယာကဏ္ဍမှာ ရာခိုင်နှုန်းတိုးတက်နေမှုနှုန်းကို ပိုမိုတိုးမြှင့်အောင် ဆောင်ရွက်လိုက်မည်ဆိုရင် လူတစ်ဦးချင်း၏ နှစ်စဉ် ဈေးနှုန်းအရ (GDP)တွေဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အကြံပြုချက်များအနေဖြင့် ပုံစံ(၇)များကို ပိုမိုထုတ်ပေးနေသော်လည်း လယ်ယာကဏ္ဍတိုးတက်မှုနှုန်း နှေးကွေးမှုများအပေါ် မြေယာအသုံးချမှုစာရင်းများ မှန်ကန်စွာထုတ်ပြန်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာပြုစုရေးနှင့် မြေကြီး၊ မြေပေါ်၊ မြေစာရင်း မှန်ကန်ရေး၊ နှစ်စဉ်စီမံချက်ရေးဆွဲပြီးတော့ မြေတိုင်းတာခြင်း လုပ်ငန်းများ လယ်ယာစစ်တမ်းကောက်ယူရေးစသည့် များပြားသည့် လုပ်ငန်းပမာဏများကို ထမ်းဆောင်ရတဲ့ လုပ်ငန်းများ အကောင်အထည်ဖော်ဖို့ဆိုရင် လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ဝန်ထမ်းတွေ မမျှတမှုများအပေါ် ဖွဲ့စည်းပုံတိုးချဲ့ရန်အတွက် ဆောင်ရွက်ဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ပုဒ်မ ၂၂ (ဂ)(ဃ) အရ အကျုံးဝင်တဲ့ မြေများကိုလည်း ပြန်လည်လျှောက်ထားရာတွင် မြေယာမဲ့ တောင်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ ဌာနေတိုင်းရင်းသားများကိုလည်း ဦးစားပေးဆောင်ရွက်ပေးနိုင်ဖို့ကိုလည်း ဆောင်ရွက်ဖို့လိုအပ်မှာလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ဧရာဝတီတိုင်းဒေသကြီးမှာ စတင်စမ်းသပ်နေတဲ့ စပါးနှင့်ပတ်သက်ပြီး သီးနှံအာမခံစနစ်ကို (NGO)အဖွဲ့များမှ လေ့ကျင့်ဆောင်ရွက်ပေးနေသကဲ့သို့ ရှမ်းပြည်နယ်မှာလည်း သီးနှံအာမခံစနစ်ထားရှိပေးဖို့လည်း အကြံပြုလိုတာ ဖြစ်ပါတယ်။ ဘေးကင်းလုံခြုံတဲ့ အစားအသောက်များ၊ ထုတ်ကုန်များ ထွက်ပေါ်လာစေရေးအတွက် (GAP)လို့ခေါ်တဲ့ အလေ့ကျင့်ကောင်းများကိုလည်း တောင်သူများ ဒီနည်းစနစ်အပေါ် လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် အကြံပြုနည်းပညာအသိပေး ဆွေးနွေးပွဲတွေလည်း များများလုပ်ဖို့ လိုအပ်မှာကိုလည်း တင်ပြလိုတာ ဖြစ်ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှာ မွေးဖွားလာတဲ့ ကလေးသူငယ်များအား အာဟာရချို့တဲ့မှုများကြောင့် အရပ်ပုရခြင်းများအပေါ် အထောက်အပံ့ပေးမည့် အစီအစဉ်များကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂ (EU) တို့ရဲ့ အစီအစဉ်တို့ဖြင့် မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့

ရေရှည်တည်တံ့သော လယ်ယာထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး တောင်သူများနှင့် ကျေးလက်ပြည်သူများ၏ လူမှုဘဝကြီးပွားမြင့်မား လာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ဆိုတဲ့ ရည်မှန်းချက် များနှင့်အညီ ကျွန်တော်တို့ ရည်မှန်းချက်မှာပါတဲ့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာစွမ်းအားမြင့်မားလာစေရန်၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူများ ဝင်ငွေတိုးမြှင့်ရရှိစေရန်၊ ဈေးကွက်ထုတ်လုပ်မှု အားကောင်းလာစေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်လာစေရန်ဆိုတဲ့ အစီအစဉ်ကို ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်မှာ (EU)မှ ယူရို (၁၁၂) သန်း ထောက်ပံ့မည့် အစီအစဉ်ဟာလည်း ၂၀၁၉ မှ ၂၀၂၃ အထိ (၅)နှစ်တာ စီမံကိန်း စတင်တော့မည့်အခြေအနေလည်း ကြုံနေတဲ့အတွက် ဒါကိုထည့်သွင်းအကြံပြုရခြင်းလည်း ဖြစ်ပါတယ်။

ယူရို (၁၁၂)သန်း၊ အမေရိကန်ဒေါ်လာ(၁၂၅)သန်းနှင့်ညီမျှတဲ့ အထောက်အပံ့အစီအစဉ် တွေဟာ အစောက တင်ပြတဲ့ အချက်အလက်တွေနဲ့ အဓိက အကောင်အထည်ဖော်ရမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ဟာ အဓိက ဌာနတွေလည်းဖြစ်ပါတယ်။ အဆိုပါ အမေရိကန်ဒေါ်လာ(၁၂၅)သန်းနှင့် ညီမျှတဲ့ ရန်ပုံငွေကို ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်နေရာဒေသကို အတည်ပြု ရွေးချယ်သတ်မှတ်ပြီး အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများ ဆောင်ရွက်နေပြီးလည်း ဖြစ်ပါတယ်။ ယူရို (၁၁၂)သန်းမှာ ယူရိုသန်း(၇၀) ငွေသားကို အစိုးရအား တိုက်ရိုက်ပေးအပ်ရမှာဖြစ်ပြီး ပြည်ထောင်စု၊ ပြည်နယ်ဘတ်ဂျက် လျာထားချက်များနှင့်မဆိုင်ဘဲ သီးသန့်ထောက်ပံ့မည့် အစီအစဉ်လည်း ဖြစ်ပါတယ်။ ကျန်(၄၂)သန်းပေါ်မှာ နည်းပညာ၊ စက်ကိရိယာများ၊ အသိပညာ ပေးများ ဌာနအတွက် လိုအပ်တာတွေ ထောက်ပံ့ပေးမည့်အရာတွေကို သုံးစွဲသွားမှာလည်း ဖြစ်ပါတယ်။

အစောက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ လိုအပ်နေတဲ့ ဝန်ထမ်း တွေကို ဖြည့်ဆည်းပေးမှာ ဖြစ်သလို အဆိုပါ ယူရို(၄၂)သန်းနှင့် အထောက်အပံ့အစီအစဉ် မှာပါတဲ့ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ လိုအပ်နေတဲ့ မြို့နယ်၊ ခရိုင်မှာရှိတဲ့ မြေတိုင်းစက်ကိရိယာ ဒီဂျစ်တယ်စက်များကိုလည်း အထောက်အပံ့ ပေးမည့် အစီအစဉ်မှာ ထည့်သွင်းလျာထားပြီးဖြစ်သလို အသိပညာပေးများကိုလည်း ပူးပေါင်း ဆောင်ရွက်ဖို့ အဆိုပါထောက်ပံ့မည့် အစီအစဉ်မှာလည်း ထည့်သွင်းဖို့ တင်ပြထားပြီးသား လည်း ဖြစ်ပါတယ်။

သို့ပါသောကြောင့် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းပါ မူဝါဒနှင့် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ဆိုလျှင် သက်ဆိုင်ရာဌာနအဖွဲ့အစည်း အသီးသီးနှင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်တို့ ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် ရှမ်းပြည်နယ်အတွက် အားလုံး လူမှုဘဝဖွံ့ဖြိုးလုံခြုံခြင်းစသည့် ရည်မှန်းချက်များနှင့်အညီ လူတစ်ဦးချင်းရဲ့ နှစ်စဉ် (GDP)များလည်း တိုးတက်လာမှာဖြစ်ပါကြောင်းကို အကြံပြုပြောကြားရင်းနဲ့ နိဂုံးချုပ်ပါ တယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ယခု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ အတွင်းရေးမှူး၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကိုယ်စား အတွင်းရေးမှူးဖြစ်သူ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်မ နန်းစမ်းစမ်းအေးက အစီရင်ခံစာဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၂.၉.၂၀၁၉) ရက်နေ့မှ (၁၄.၉.၂၀၁၉) ရက်နေ့အထိ သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်ခဲ့ပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းတန်ဖိုးကျပ် (၆,၀၆၆) ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းမှာ ကျပ် (၆,၇၂၀) ဘီလီယံ ရရှိရန်နှင့် (၁၀.၈) ရာခိုင်နှုန်း တိုးတက်ပြောင်းလဲရန် ရည်မှန်းထားသည်ကို တွေ့ရှိပါတယ်။

၂၀၁၅– ၂၀၁၆ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်း တန်ဖိုးကျပ် (၅,၂၀၂) ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကျပ် (၅,၅၀၉) ဘီလီယံ ရရှိရန်နှင့် တိုးတက်မှုနှုန်း ၅.၉ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပြီး လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို ကျပ် (၁,၀၄၅,၄၇၀)ကျပ် ဖြစ်ပေါ်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။

မြေယာအသုံးချမှုများအနေဖြင့် အသားတင်စိုက်ပျိုးမြေ (၇.၉) ရာခိုင်နှုန်း၊ ပလပ်ထားသည့်မြေ (၁.၂)ရာခိုင်နှုန်း၊ စိုက်ပျိုးနိုင်သောမြေရိုင်း (၁၂.၃)ရာခိုင်နှုန်း၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောမြေ (၂၅.၅) ရာခိုင်နှုန်း၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ (၂၇.၀) ရာခိုင်နှုန်း၊ အခြားမြေ (၂၆.၁) ရာခိုင်နှုန်း ဖြစ်ပေါ်ပြောင်းလဲရန် ရည်မှန်းထားသည်ကို သိရှိရပါတယ်။

ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများ ကျပ်(၄၁.၉) ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာန ကျပ် (၃.၃) ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ကျပ် (၁.၈) ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျပ် (၁.၈)ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကျပ် (၁.၁)ဘီလီယံ၊ လျှပ်စစ်၊ စွမ်းအင်စက်မှုဝန်ကြီးဌာန ကျပ် (၃၆.၁) ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျပ် (၃.၈) ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကျပ် (၁.၀) ဘီလီယံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကျပ် (၀.၀၂၄)ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျပ် (၈၀.၉) ဘီလီယံနှင့် စည်ပင်သာယာရေးအဖွဲ့ ကျပ် (၁၆.၅) ဘီလီယံ၊ စုစုပေါင်း

(၁၈၈.၁)ဘီလီယံကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံရန် လျာထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများတွင် ကဏ္ဍ(၁၂)ခု ဖြစ်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများမှာ တိုးတက်ရရှိရန် ရည်မှန်းထားပြီး သစ်တောကဏ္ဍကို လျော့နည်းရန် ရည်မှန်းထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

**အကြံပြုတင်ပြချက်**

ပြည်နယ်ဖွံ့ဖြိုးမှုအတွက် ကဏ္ဍအလိုက် ရည်မှန်းချက်ထားရှိသည်မှာ အလွန်ကောင်းမွန်ပါတယ်။ သို့သော်လည်း ချမှတ်ထားသည့် ရည်မှန်းချက်များဟာ ဒေသတစ်ခု၊ အစိတ်အပိုင်းတစ်ခုအတွက်သာ မဟုတ်ဘဲ ပြည်နယ်တစ်ခုလုံး လွှမ်းခြုံနိုင်သည့် ရည်မှန်းချက်များ ချမှတ်နိုင်ရန် အရေးကြီးပါတယ်။

ဖော်ပြပါကဏ္ဍအလိုက် ရည်မှန်းချက်များအား သုံးသပ်ရာ၌ လယ်ယာကဏ္ဍတွင် ကုန်းမြင့်လယ်ယာများ ဖော်ဆောင်ခြင်း၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ (GAP)စနစ်ဖြင့် စိုက်ပျိုးရေးစနစ်ကျင့်သုံးခြင်းစသည်တို့ လုပ်ဆောင်ရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါတယ်။ ထိုစနစ်များ မှန်မှန်ကန်ကန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးကို အဓိကအားထားသည့် မြို့နယ်၊ ဒေသများသို့ ရောက်ရှိအောင် ဖြန့်ဖြူးဝေမျှပေးနိုင်ရန် အရေးကြီးလှပါတယ်။ ထို့အပြင် စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေများ စမ်းသပ်ဓာတ်ခွဲခြင်း၊ သင့်တင့်သည့် သီးနှံများ စမ်းသပ်စိုက်ပျိုးခြင်း၊ မျိုးပင်များ၊ မျိုးစေ့များကို ပြန်လည်ခွဲဝေပေးခြင်းပြုလုပ်နိုင်သည့် (Research Center) နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းကိုလည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သင့်ပါတယ်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် သဘာဝတွင်းထွက်ပစ္စည်းထုတ်လုပ်မှုမှ ၃.၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ထုတ်လုပ်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ထိုသို့ ထုတ်လုပ်သည့်နေရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ဒေသခံများ၏ သဘောတူညီချက်ရရှိမှုကို အဓိကထားစဉ်းစားပြီး ထိခိုက်မှုမရှိနိုင်သည့် ထုတ်လုပ်မှုပုံစံကို ရွေးချယ်ခွင့်ပြုသင့်ပါတယ်။ ထို့ပြင် Corporate Social Responsibility (CSR) ဟု ခေါ်သည့် လူမှုလုပ်ငန်းတာဝန်ခံယူမှုကိစ္စကိုလည်း စာချုပ်စာတမ်းထဲတွင် ထည့်သွင်းဆောင်ရွက်သင့်ပါတယ်။

စက်မှုလက်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါတယ်။ ထိုထုတ်ကုန်များမှာ လက်ဖက်၊ ကော်ဖီ၊ စပျစ်၊ ဂေါ်ဖီထုပ်စသည်တို့ကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန်ရှိကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ထောပတ်သီး၊ စတော်ဘယ်ရီ၊ ကော်ဖီစေ့၊ ပျားလိမ္မော်သီး၊ ကြယ်ပဲ၊ သံပုရာသီး၊ သရက်သီး၊ သဘော်သီး၊ နှင်းသီး၊ ဆားငန်သီး စသည်တို့လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ထွက်ရှိသည့်သီးနှံများဖြစ်သည့် နာနတ်သီး၊ ပြောင်းဖူး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ လိုင်ချီးသီး၊ မက်မန်းသီး၊ ချဉ်စော်ခါးသီး၊ မြေပဲ၊ ပဲပုပ်၊ နှမ်း၊ ဖရဲသီး၊ ငှက်ပျောသီး၊ ရှောက်ချိုသီးစသည့် သီးနှံများလည်း တန်ဖိုးမြင့် သီးနှံထုတ်ကုန်အဆင့်ဖြစ်မြောက်စေရန် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍတွင် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ ဒေသန္တရ စီမံကိန်း ရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် (၁၇၀.၀)ဘီလီယံနှင့် ပုံမှန်ဈေးနှုန်းများအရ (၇.၇) ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ဆက်သွယ်ရေးလိုင်းတစ်ခုနှင့်အထက်ရှိပြီးသော နေရာဒေသများတွင် အသစ်များတိုးချဲ့ဖွင့်လှစ်မည့်အစား ဆက်သွယ်ရေးလိုင်းမရှိသေးသည့် ဝေးလံခေါင်သီနေရာများတွင်လည်း ဦးစားပေးစီမံချက်တွင် ထည့်သွင်းဆောင်ရွက်ရန် အရေးကြီးပါတယ်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ဒေသန္တရစီမံကိန်း ရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် (၂၀၁.၉) ဘီလီယံ၊ ပုံမှန်ဈေးနှုန်းများအရ (၃.၀)ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့စခန်းများ တိုးချဲ့ဖွင့်လှစ်၍ တပ်ဖွဲ့ဝင်အသစ်များ တိုးချဲ့ခန့်ထားနိုင်ရန်၊ လားရှိုးမြို့နှင့် ကျိုင်းတုံမြို့တို့တွင် ပညာရေးကောလိပ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်း ဆရာ၊ ဆရာမများကို တိုးချဲ့ခန့်ထားနိုင်ရန်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဆင်းများ၏ ဝန်ထမ်းဦးရေ တိုးချဲ့ခန့်ထားနိုင်ရန်တို့ကို ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ထိုရည်မှန်းချက်များအပြင် ရှမ်းပြည်နယ်အတွင်း ဒေသအရင်းအမြစ်ကို အဓိကခြိမ်းခြောက်မှုရှိနေသည့် မူးယစ်ဆေးဝါးများကြောင့် လူငယ်များ၊ လူလတ်ပိုင်းများ ရုပ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကျင့်စာရိတ္တများ ပျက်ပြားခြင်း၊ လူသားအရင်းအမြစ်များ ဆုံးရှုံးခြင်းကို နေ့စဉ်နှင့်အမျှ ကျွန်မတို့ တွေ့ကြုံနေရပါတယ်။ ထိုလူငယ်များအား လူကောင်းသူကောင်းအဖြစ် ပြန်လည်ပျိုးထောင် ပညာပေးနိုင်ရန်အတွက် အင်မတန်အရေးကြီးပါတယ်။ ထို့ကြောင့် ဆေးစွဲသူလူငယ်များအား မူးယစ်ဆေးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ စက်မှုလက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် (Vocational Training) ကို မြို့နယ်အလိုက် ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိအောင် မည်သည့်ကုမ္ပဏီ၊ မည်သည့်ဆောက်လုပ်ရေးလုပ်ငန်း တွင်မဆို ဒေသခံလုပ်သားများအား (၅၀)ရာခိုင်နှုန်းအထိ ပါဝင်လုပ်ကိုင်နိုင်ရန် စာချုပ် စာတမ်းများတွင် ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း၊ ဒေသခံဆရာဝန်၊ ဆရာများကို မိမိဒေသတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေး စီမံပေးသင့်ပါကြောင်း တင်ပြအပ်ပါ တယ်။

ငါးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ဒေသန္တရစီမံကိန်း ရည်မှန်းချက်ကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် (၆၄၃.၅) ဘီလီယံနှင့် ပုံမှန်ဈေးနှုန်းများအရ (၁၁.၆) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ထမ်စမ်းသဘာဝလှိုဏ်ဂူ၊ ရွာငံမြို့နယ်ရှိ ရေဝင်ဂူ၊ ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အရှေ့မြင်အနောက်မြင်တောင်၊ ရှေးဟောင်းပြဒါးလင်းဂူ၊ သဘာဝအပန်းဖြေရန် ရေကန်၊ ရေတံခွန်၊ သဘာဝကျောက်လှိုဏ်ဂူ၊ ရေပူစမ်း၊ ကလောမြို့နယ်၊ နမ့်ပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမဆင်စခန်းတို့နှင့် အင်းလေး၊ တောင်ကြီး၊ မွေတော်ကက္ကူစသည်တို့ကို ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ထိုရည်မှန်းချက်အပြင် မိုးနဲမြို့နယ်ရှိ ကျိုင်းတောင်း ရေတံခွန်၊ မိုင်းရှူးမြို့နယ်ရှိ ဟိုက်ပါရေတံခွန်၊ လင်းခေးမြို့နယ်ရှိ နမ့်အွန်ရေပူစမ်း၊ မောက်မယ်မြို့နယ်ရှိ နောင်နန်းနွမ်း၊ မိုင်းကိုင်မြို့နယ်ရှိ မွေတော်ဘုရား၊ မိုင်းပန်မြို့နယ်ရှိ နန်းယီဆိုင်ကော်ရေကန်စသည့် ဒေသများအားလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် နောင်တုံကန်၊ လွယ်မွေစေတီ၊ နှစ်တစ်ရာအိမ်၊ သစ်တစ်ပင်တောင်၊ ဗုဒ္ဓ ဥယျာဉ်၊ ပါရှန်တံခါး၊ တာချီလိတ်မိုင်းဖုန်းဆရာတော်၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်းများ အားလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်ရှိတဲ့ သီပေါမြို့နယ်ရှိ ဘော်ကြိုဘုရား၊ နမ့်ဟူးနွဲ့ရေတံခွန်၊ Little Bagan၊ တိမ်တောင်ဘုရား၊ ချောင်းဆုံ၊ သီပေါဟော်နန်း၊ နောင်ကော်ကြီး သဘာဝရေကန်၊ ကျောက်မဲမြို့နယ်ရှိ ဂုတ်ထိပ်တံတား၊ စခန်းသာဟော်နန်း၊ ရွှေနတ်တောင်၊ အောင်မြေသာယာငြိမ်းချမ်းရေးဘုရားကြီး၊ သိန္နီမြို့နယ်ရှိ စော်ဘွား ဟော်နန်း၊ စော်ဘွားနှင့် ပတ်သက်သည့်နေရာများ၊ ရှမ်းစက္ကူထုတ်လုပ်သည့် နေရာများ စသည့် နိုင်ငံခြားသားများ အလည်အပတ်များသည့် နာမည်ကျော်ကြားသော နေရာဒေသ များကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် စီမံချက်တွင် ပြန်လည် ဖြည့်စွက်ရေးဆွဲပြီး ဆောင်ရွက်သင့်ပါကြောင်းနှင့် ခရီးသွားလာရေး ဝန်ဆောင်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းများကို အဆိုပါမြို့တို့တွင်လည်း တိုးချဲ့ဖွင့်လှစ် ဝေမျှပေးနိုင်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကုန်သွယ်မှုကဏ္ဍတွင် ဒေသန္တရစီမံကိန်း ရည်မှန်းချက်ကို နှစ်အလိုက်စျေးနှုန်းများ အရ ကျပ် (၁၄၄၃.၈) ဘီလီယံနှင့် ပုံမှန်စျေးနှုန်းများအရ (၇.၈)ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ နာနတ်သီး၊ တစ်သျှူးငှက်ပျော၊ ထောပတ်သီး၊ ပြောင်းဖူးစေ့၊ ကော်ဖီစေ့တို့ကို ပို့ကုန်အဖြစ် တင်ပို့ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ လယ်ထွန်စက်၊ သံနှင့် သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများတို့ကို သွင်းကုန်အဖြစ် ကုန်သွယ်နိုင်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။ ထိုရည်မှန်းချက်များအပြင် စက်မှုလက်မှုကဏ္ဍတွင် ဖော်ပြခဲ့သည့်အတိုင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ သီးနှံများနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ သီးနှံမျိုးစုံတို့အား ပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ထည့်သွင်းဆောင်ရွက်သင့်ပါတယ်။

**နိဂုံး**

ဥပဒေ(မူကြမ်း)တွင် ပြည်နယ်တွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားစေရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရေး အတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍ၊ ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့ကို ကော်မတီ၏ အကြံပြုချက် ဆွေးနွေးချက်များအတိုင်း ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အစီရင်ခံစာ ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးပဲမင်္ဂလာ ပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏

လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ကိုယ်စား ကော်မတီအဖွဲ့ဝင်ဖြစ်သည့် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ထွဏ်းက တင်ပြအစီရင်ခံ သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ Presentation ကို Power Point ဖြင့် ပြသသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

အပိုဒ်(၁) ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များမှ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

အပိုဒ်(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉) ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

အပိုဒ်(၃) ဥပဒေကြမ်းတွင် အခန်းပေါင်း (၃)ခန်း၊ ပုဒ်မပေါင်း (၉)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး(၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ (၅.၉)ရာခိုင်နှုန်း တိုးတက်ရန် လျာထားပါတယ်။ လယ်ယာကဏ္ဍ (၀.၆)ရာခိုင်နှုန်း၊ သားငါးကဏ္ဍ (၅.၀) ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ (၃.၅) ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ (၆.၈) ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ (၇.၃) ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍ (၁၀.၃) ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ (၇.၁) ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ (၇.၇) ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ (၇.၆)ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ (၃.၀) ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

(၁၁.၆) ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ (၇.၈) ရာခိုင်နှုန်း တိုးတက်ရန်နှင့် သစ်တောကဏ္ဍကို (၁၉.၇) ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါတယ်။

အပိုဒ်(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂.၄) ရာခိုင်နှုန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၂.၉)ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁.၂) ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄.၁)ရာခိုင်နှုန်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၅.၁) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါတယ်။

အပိုဒ်(၅) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက်ဈေးနှုန်းအရ (၃၂.၆) ရာခိုင်နှုန်းမှ (၃၀.၅) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၄.၅) ရာခိုင်နှုန်းမှ (၂၅.၄) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၂.၉) ရာခိုင်နှုန်းမှ (၄၄.၁) ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

အပိုဒ်(၆) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁.၆) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၇.၈)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈.၀)ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

အပိုဒ်(၇) လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ် (၁,၀၄၅,၄၇၀) ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

အပိုဒ်(၈) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၈၈,၁၄၅.၅၄၂ သန်း ဘီလီယံအားဖြင့် ကျပ် (၁၈၈.၁၄၆) ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားခြင်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နောက်ဆက်တွဲ-၂၊ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလျာထားချက်တွင် ပါရှိသည့် ဌာန/ အဖွဲ့အစည်း အသီးသီး၏ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းစီမံကိန်းများ၏ အဆိုပြုလျာထားသည့် ငွေရပ်များသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ဌာန/ အဖွဲ့အစည်းအသီးသီး၏ ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ဆက်စပ်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

အပိုဒ်(၉) ရှမ်းပြည်နယ်၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် (ပြည်နယ်ရန်ပုံငွေဖြင့်) ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များတွင် ဌာန/ အဖွဲ့အစည်း အသီးသီးမှ အကောင်အထည်ဖော်မည့် လုပ်ငန်းသစ်(၁၃၇၆)ခု၊ ဆောင်ရွက်ဆဲလုပ်ငန်းရပ် (၈၉၀)ခု၊ အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရပ် (၁၄၇)ခု၊ ဖြည့်စွက်လုပ်ငန်းရပ် (၁၄၆)ခု၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရပ် (၅၈၁)ခု၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းရပ် (၆)ခု၊ ရုံးသုံး စက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များ လုပ်ငန်းရပ် (၃၂၅) ခု၊ အခြားလုပ်ငန်းရပ် (၉၅)ခု၊ စုစုပေါင်း လုပ်ငန်းရပ် (၃၅၆၆)ခု ဆောင်ရွက်ရန် ရန်ပုံငွေ ကျပ် (၁၈၈.၁၄၆) ဘီလီယံ အဆိုပြုထားတာကို စိစစ်တွေ့ရှိရပါတယ်။

အပိုဒ်(၁၀) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၈၈,၁၄၅.၅၄၂ သန်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၂၁.၇၄) ရာခိုင်နှုန်း၊ ဗဟိုအဖွဲ့အစည်း (၃)ခု၊ (၀.၅၃) ရာခိုင်နှုန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခုအတွက် (၁.၇၅)ရာခိုင်နှုန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိ ဌာန(၁)ခုအတွက် (၀.၉၆) ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု အတွက် (၀.၉၃)ရာခိုင်နှုန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအောက်ရှိ ဌာန(၂)ခုအတွက် (၀.၅၆) ရာခိုင်နှုန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ဌာန(၁)ခုအတွက် (၁၉.၁၉) ရာခိုင်နှုန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်ရှိ ဌာန(၁)ခုအတွက်(၂.၀၂) ရာခိုင်နှုန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခုအတွက် (၀.၅၃)ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနအောက်ရှိ ဌာန(၁)ခုအတွက် (၀.၀၁)ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၄)ခုအတွက် (၄၂.၉၉) ရာခိုင်နှုန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက် (၈.၇၉) ရာခိုင်နှုန်း လျာထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

**တင်ပြချက်**

အပိုဒ်(၁၁) ဥပဒေ(မူကြမ်း) နောက်ဆက်တွဲ (၃)တွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းကဏ္ဍအလိုက် ရည်မှန်းချက်များတွင် ရှမ်းပြည်နယ်၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ်သန်းပေါင်း (၆,၇၂၀,၂၈၉.၅)သန်း ရရှိရန်၊ စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်း အရ ၅.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှု နှုန်းကို (၁.၆)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၇.၈) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍ ကြီး၏ တိုးတက်မှုနှုန်းကို (၈.၀) ရာခိုင်နှုန်းသို့ အသီးသီးတိုးတက်စေရန်၊ လူတစ်ဦးချင်းစီ၏

ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် (၁,၀၄၅,၄၇၀)ကျပ်သို့ ရရှိစေရန် ရေးဆွဲထားသည့် ဥပဒေ(မူကြမ်း) ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အတည်ပြုပေးနိုင်ပါရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ တင်သွင်းခဲ့တဲ့ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အပေါ် ဆွေးနွေးခဲ့တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ အပြုသဘောဆွေးနွေး တင်ပြချက်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတို့၏ တွေ့ရှိချက်၊ သုံးသပ်ချက် အစီရင်ခံစာများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုရာမှာ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDG) (Sustainable Development Goals) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်သည့် (MSDP) နိုင်ငံတော်၏စီးပွားရေးမူဝါဒ(၁၂)ရပ်နှင့် ရှမ်းပြည်နယ်၏ မူဝါဒများအပေါ်အခြေခံပြီး ရေးဆွဲခဲ့ပါတယ်။ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ခွဲဝေလျာထားရာမှာလည်း ရရှိနိုင်တဲ့ ခိုင်မာတဲ့ ကိန်းဂဏန်းညွှန်းကိန်းများအပေါ် အခြေခံပြီးတော့ ကိုယ်စားလှယ်တော်ကြီးများ

ကိုယ်တိုင်ပါဝင်တဲ့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများမှာ ဦးစားပေးအလိုက် လျာထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့နယ်အလိုက်ခွဲဝေလျာထားတဲ့ အခါမှာလည်း အချိုးကျမျှတစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် လျာထားသည့်အခါ မကြာခင်က ကမ္ဘာ့ဘဏ်က ကောက်ယူခဲ့တဲ့ စစ်တမ်းအပေါ်အခြေခံပြီးတော့ ဖွံ့ဖြိုးမှုအနည်းအများကို ညွှန်းကိန်းတစ်ခုအနေနဲ့ ထည့်သွင်းလျာထားသွားမှာဖြစ်လို့ ဖွံ့ဖြိုးမှုနည်းပါးတဲ့မြို့နယ်များ အတွက် ဘဏ္ဍာငွေပိုမိုရရှိနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုဆောင်ရွက် နိုင်မှာဖြစ်ကြောင်းကိုလည်း ကြိုတင်အသိပေးလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ရှမ်းပြည်နယ်အစိုးရက တင်သွင်းခဲ့တဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါ တယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (သောကြာနေ့)၊ နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (စတုတ္ထနေ့)မှတ်တမ်း
# ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၂၀ ရက်
# [သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း( ၁၄၀ )ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅.၀၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၀-၉-၂၀၁၉ ရက် (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၃)ရက်။

(၂) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၁)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့်

ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက် လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်

ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဆုတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ မိုင်းဆတ်မြို့နယ်၊ စတုံးကျေးရွာအုပ်စု၊ မယ်ကြုတ်ကျေးရွာ အမှတ်(၁)၊ မယ်ကြုတ်ကျေးရွာ အမှတ်(၂)နှင့် မယ်ကြုတ်ကျေးရွာအမှတ်(၃)ရဲ့ ရွာချင်းဆက်လမ်းနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဆတ်မြို့နယ်မှာ ရပ်ကွက်(၃)ခုနှင့် ကျေးရွာအုပ်စု(၂၀)ရှိသည့်အနက် စတုံးကျေးရွာအုပ်စုဟာ မိုင်းဆတ်- တာချီလိတ် လမ်းမကြီးရဲ့တောင်ဘက်တစ်ဖက်နိုင်ငံနှင့် ဆက်စပ်သည့် နယ်စပ်အတွင်းမှာ တည်ရှိသည့်ကျေးရွာ ဖြစ်ပါတယ်။ ဒေသခံလူအများဟာ စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်ကုန်သွယ်လုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ ဒီစတုံးကျေးရွာအုပ်စုမှာ ရွာပေါင်း(၇၀၀)၊ အိမ်ခြေ (၃၃၂)အိမ်နှင့် လူဦးရေ(၁၂၆၇)ဦး နေထိုင်ကြပါတယ်။ ဒီကျေးရွာအုပ်စုရဲ့ ဒေသခံရွာသူ/ရွာသားများဟာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအရသော်လည်းကောင်း၊ လူသုံးကုန်၊ စားသုံးကုန်၊ အိမ်ဆောက်ပစ္စည်းများ ဝယ်ယူရန်အတွက်သော်လည်းကောင်း (၂၉.၅)မိုင်ဝေးတဲ့ တာချီလိတ်မြို့နဲ့ မိုင်(၃၀)ဝေးတဲ့ မိုင်းဆတ်မြို့များကို သွားရောက်ဆောင်ရွက်ကြရပါတယ်။ သွားတဲ့အခါမှာ ဆက်သွယ်ရေးလမ်းကြောင်းအနေနဲ့ ပွင့်လင်းရာသီမှာ ကောင်းမွန်သော်လည်း ယခုလိုမိုးရာသီကာလမှာ ခက်ခဲစွာ သွားလာနေရကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီစတုံးကျေးရွာအုပ်စုမှာရှိတဲ့ မယ်ကြုတ်ကျေးရွာ အမှတ်(၁)၊ မယ်ကြုတ်ကျေးရွာ အမှတ်(၂)၊ မယ်ကြုတ်ကျေးရွာ အမှတ်(၃)၊ ရွာ(၃)ရွာဆက်တဲ့လမ်းကြောင်းကို ရွာလူထုအစီအစဉ်နဲ့ ကိုယ်ထူကိုယ်ထ မြေသားလမ်းလည်း ဖောက်လုပ်ထားပြီး သွားလာနေကြပါတယ်။ ဒါပေမဲ့ မိုးရာသီမှာ ခက်ခဲစွာသွားလာနေရသည့်အတွက် အရှည်(၅)မိုင်ခန့်ရှိတဲ့ ယခုမြေသားလမ်းကို ရာသီမရွေးသွားလာနိုင်အောင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာ တက်ရောက်သူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းမှ မေးမြန်းလာသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ စတုံးကျေးရွာအုပ်စု၊ မယ်ကြုတ်(၁)ကျေးရွာ၊ မယ်ကြုတ်(၂) ကျေးရွာနှင့် မယ်ကြုတ်(၃)ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများအား အကျိုးပြုသည့် မယ်ကြုတ်– တာချီလိတ်ကားလမ်းနှင့် နားယောင်းလမ်းဆုံထိ မြေသားလမ်း အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည် ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်မြို့နယ်၊ လွယ်ပါရင်– မယ်ကြုတ် လမ်းပိုင်းမှာ ၁၁ မိုင် ၄ဖာလုံရှိသည့် လမ်းပိုင်း ဖြစ်ပြီး ကျေးရွာ(၆)ရွာမှ အိမ်ခြေ (၂၈၅)အိမ်နှင့် လူဦးရေ(၁၀၉၉)ဦးအား အကျိုးပြုသည့် လမ်းပိုင်းဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ လွယ်ပါရင်– မယ်ကြုတ်လမ်းပိုင်းအား ပြည်ထောင်စု ရန်ပုံငွေဖြင့် ၂၀၁၇– ၂၀၁၈၊ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၃)မိုင်၊ ၂၀၁၈– ၂၀၁၉၊ ဘဏ္ဍာရေးနှစ် ပထမ (၆)လတွင် ကျောက်လမ်း(၂)မိုင် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ၂၀၁၈– ၂၀၁၉၊ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၃)မိုင်နှင့် (၅)ပေ Box Culvert (၂၇)စင်း၊ (၁၅)ပေ ကွန်ကရစ်တံတား (၁)စင်း၊ (၂၀)ပေ ကွန်ကရစ်တံတား (၁)စင်းတို့အား ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၉– ၂၀၂၀၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း တွင် ကျောက်လမ်း (၁)မိုင်၊ (၄)ဖာလုံ ဆက်လက်ဆောင်ရွက်ရန် အဆိုပြုတင်ပြထားပြီး ဖြစ်ပါတယ်။ လွယ်ပါရင်(၂)– မယ်ကြုတ်– နားယောင်းလမ်းပိုင်းသည် တစ်ဆက်တည်း ဖြစ်သည့်အတွက် ကျန်ရှိသည့်လမ်းပိုင်း (၂)မိုင်အား ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်

လာကြသော လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနှင့် လေ့လာရေးရောက်ရှိနေကြတဲ့ ညီနောင်ဧည့်သည်တော်များ အားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အခြေခံပညာရေးဟာ ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာလျှင် အခြားသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေး အတွက် လိုအပ်တဲ့ အခြေခံအဆောက်အဦများ၊ သင်ထောက်ကူပစ္စည်းများ၊ ဆရာ/ ဆရာမ များ၊ ပြည့်စုံလုံလောက်စွာရရှိရန် အထူးအရေးကြီးလှပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ အခြေခံပညာရေးကဏ္ဍတွင် ယခင်နှစ်များကို ပြန်လည်လေ့လာကြည့်ပါက အခြေခံဆရာ/ ဆရာမအင်အား လုံလောက်မှုမရှိဘဲ လစ်လပ်မှုများစွာရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ ရပါတယ်။ ဒါကြောင့် ဒီကနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ အောက်ပါမေးခွန်းကို ကျွန်တော် မေးမြန်းအပ်ပါတယ်။ (က) ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်ရှိ အခြေခံပညာ ကဏ္ဍတွင် ကျောင်းဆရာ/ ဆရာမဦးရေ မည်မျှလစ်လပ်လျက်ရှိပါသလဲ။ (ခ) လစ်လပ်လျက် ရှိသော ဆရာ/ ဆရာမများဦးရေ ပြန်လည်ဖြည့်တင်းခန့်ထားနိုင်ရေးအတွက် ပြည်နယ်အစိုးရ အနေဖြင့် မည်သို့စီမံဆောင်ရွက်ထားပါသနည်းဆိုသောမေးခွန်းကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွိုင်လင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်ရှိ အခြေခံပညာကဏ္ဍတွင် ကျောင်းဆရာ/ ဆရာမဦးရေ

မည်မျှလစ်လပ်လျက် ရှိပါသနည်း၊ လစ်လပ်လျက်ရှိသော ဆရာ/ ဆရာမများဦးရေ ပြန်လည်ဖြည့်တင်းခန့်ထားနိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် မည်သို့စီမံဆောင်ရွက်ထားပါသနည်းဆိုသည့် မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်အခြေခံပညာကဏ္ဍတွင် ကျောင်းဆရာ/ ဆရာမဦးရေမှာ အထက်တန်းပြ ခွဲဝေ (၃၇၉၉)ဦး၊ ခန့်ထား (၃၂၉၇)ဦး၊ လစ်လပ် (၅၀၂)ဦး ဖြစ်ပါတယ်။ အလယ်တန်းပြ ခွဲဝေ (၉၀၁၃)ဦး၊ ခန့်ထား (၈၆၀၄)ဦး၊ လစ်လပ် (၄၀၉)ဦး ဖြစ်ပါတယ်။ မူလတန်းပြအနေဖြင့် ခွဲဝေ (၂၁၀၂၉)ဦး၊ ခန့်ထား (၁၇၄၆၂)ဦးဖြစ်ပြီး လစ်လပ် (၃၅၆၇)ဦးရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိပြီး ဆရာ/ ဆရာမ ခွဲဝေခန့်ထားမှုမရရှိသေးသည့် ကျောင်းများအနက် ဆရာ/ ဆရာမ မပြည့်စုံသည့် ကျောင်းများတွင်သင်ကြားမှု အဆင်ပြေစေရန်အတွက် မူလတန်းပြဆရာများ ပိုနေသည့်ကျောင်းများမှ ယာယီတွဲဖက် တာဝန်ပေးအပ်ခြင်းအပြင် ကော်မတီခန့်ဆရာများ ငှားရမ်းပါက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် ၄၆ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် ၆၁ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် ၉၀ ဦး၊ စုစုပေါင်း ၁၉၇ ဦးအတွက် တစ်ဦးလျှင် တစ်လ ၁၂၀,၀၀၀/-နှုန်းဖြင့် တစ်လအတွက် ခန့်မှန်းကျသင့်ငွေမှာ၂၃,၆၄၀,၀၀၀/- (ကျပ်နှစ်ရာသုံးဆယ်ခြောက်သိန်း လေးသောင်းတိတိ)ဖြစ်ပါ၍ လစဉ်ထောက်ပံ့ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၅-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၁၀၈၈၇)/၈-၃၀၀/ အစရ(ရှမ်း)ဖြင့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ၂-၉-၂၀၁၉ ရက်စွဲပါစာအမှတ်၊ဌာနခွဲ ၂၄(ဂ)/၂၅၃၇၆ / နေ့စားလပေး TAများကို ဖြည့်စွက်ဖြေကြားခွင့်ပြုဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးထံ လေးလေးစားစား တင်ပြအပ်ပါတယ်။ မူလတန်းပြလိုအပ်ချက်မြင့်မားတဲ့အတွက် သင်ကြားမှုအဆင်ပြေစေရန် ပညာရေးဝန်ကြီးဌာနမှ Teaching Assistant များ၊ Language Teacherများ ခန့်ထားပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ယခင်စာသင်နှစ်က TA (၃၂၁)ဦးခန့်ထားခဲ့ပြီးယခုစာသင်နှစ်မှာ(၂၉၁)ဦး ဆက်လက်သင်ကြားသည့်အပြင် ပညာရေးဝန်ကြီးဌာနရဲ့ ၂-၉-၂၀၁၉ ရက်စွဲဖြင့် TA (၃၈၀)ဦးနှင့် Language Teacher (၅)ဦး ထပ်မံခန့်ထားပေးခဲ့ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ယခင်စာသင်နှစ်က TA (၅၅၈) ဦးနှင့် Language Teacher (၁၅၅၈) ဦးခန့်ထားခဲ့ပြီး ယခုစာသင်နှစ်မှာ TA (၂၇၈)ဦးနှင့် Language Teacher (၁၁၅၅)ဦး ဆက်လက်သင်ကြားသည့်အပြင်

ပညာရေးဝန်ကြီးဌာနမှ ၂-၉-၂၀၁၉ ရက်စွဲပါစာဖြင့် TA(၃၅၉)ဦးနှင့် Language Teacher (၁၄)ဦး ထပ်မံခန့်ထားပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ယခင်စာသင်နှစ်က TA(၁၄)ဦးနှင့် Language Teacher (၁၉၉)ဦး ခန့်ထားခဲ့ပြီး ယခုစာသင်နှစ်မှာ TA (၁၁)ဦး နှင့် Language Teacher (၁၅၉)ဦး ဆက်လက်သင်ကြားသည့်အပြင် ပညာရေးဝန်ကြီးဌာနမှ ၂-၉-၂၀၁၉ ရက်စွဲပါစာဖြင့် TA (၁၁၇)ဦးနှင့် Language Teacher (၁၉)ဦးထပ်မံခန့်ထားပေးခဲ့ပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၁၈၁.၇၅၅ သန်းဖြင့် ဆောင်ရွက်ရန် လျာထားသော တောင်ကြီးမြို့လယ် ခုံးကျော်တံတားတည်ဆောက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုလို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းမှာလည်း ပြည်နယ်ရဲ့မြို့တော်လည်းဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းကြောင့်လည်း အခုလိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်းများဟာလည်း ပြည်နယ်အတွက် အမှန်တကယ်လိုအပ်ပြီး နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရတဲ့ လုပ်ငန်းများဖြစ်တယ်လို့ပဲ ဆောင်ရွက်မည့်လုပ်ငန်းများကိုကြည့်လျှင် သိမြင်နိုင်ပါတယ်။ ယခုဆောင်ရွက်မည့်လုပ်ငန်း တည်နေရာကိုကြည့်လျှင် ပြည်နယ်ရဲ့မြို့တော်လည်းဖြစ်ပြီး တောင်ကြီးမြို့ရဲ့ စီးပွားရေးအချက်အချာအကျဆုံးနှင့် နေ့စဉ်နှင့်အမျှ လူသွားလူလာ အများဆုံးတစ်နေရာလည်းဖြစ်ပြီး ယာဉ်ကြောကြပ်တည်းမှု အမြဲတမ်းဖြစ်ပေါ်နေတဲ့နေရာ တောင်ကြီးမြို့ရဲ့အလယ်မှာ တည်ဆောက်မဲ့ လုပ်ငန်းလည်းဖြစ်နေတာကို တွေ့ရှိရပါတယ်။ နေ့စဉ်နှင့်အမျှ ဖြတ်ကူးသူပေါင်း(၁၈၀၀၀)ကျော်ရှိတဲ့ မြို့မဈေးအနီးမှာ တည်ဆောက်မယ်လို့လည်း သိရှိရပါတယ်။

လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတဲ့ တောင်ကြီးမြို့ဟာ မြို့ပြနေလူဦးရေများပြားပြီး နေ့စဉ်နှင့်အမျှ လူတွေရဲ့စားသောက်ဖို့အတွက် နေ့စဉ်ချက်ပြုတ်စားသောက်ဖို့ မဖြစ်မနေ လိုအပ်တဲ့ အဝတ်အထည်တွေ ကျန်တဲ့လိုအပ်ချက်များရရှိနိုင်တဲ့ မြို့မဈေးရှိသလို တစ်ဖက်မှာလည်း ခေတ်နှင့်အညီ ဖွင့်လှစ်ထားတဲ့ အားလုံးအစုံရနိုင်တဲ့ အဆင့်မြင့်ဈေးတို့ ရှိတဲ့ နေရာနှစ်ခုအလယ်မှာ ယခုလိုခုံးကျော်တံတား တည်ဆောက်မည့် အစီအစဉ်ဟာ မဖြစ်မနေလုပ်ရမည့် လုပ်ငန်းဖြစ်သလို ယာဉ်ကြောကြပ်တည်းမှုများကို အထိုက်အလျောက် ဖြေရှင်းစေပြီး နေ့စဉ်နှင့်အမျှ အများပြည်သူသွားလာရေး အဆင်ပြေ ယာဉ်အန္တရာယ်များကို ကင်းဝေးစေရေးအတွက် မြို့တော်ရဲ့ သင်္ကေတ/ ပုံရိပ်တစ်ခုအဖြစ်လည်း ဖြစ်လာစေမယ်လို့ မြင်ယောင်မိပါတယ်။

ခုံးကျော်တံတားတည်ဆောက်ဖို့ လက်ရှိနှစ်နေရာလျာထားတာကို သိရှိရပြီး ခုံးကျော်တံတားတည်ဆောက်ဖို့အတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ အဆိုပါကော်မတီအနေဖြင့် ခုံးကျော်တံတားမတည်ဆောက်ပဲ အခြားအဆင်ပြေစေမယ့် အစီအစဉ်ဖြစ်တဲ့ မြေအောက်ဥမင်ဖောက်လုပ်ဖို့ စီစဉ်နေတယ်လို့လည်း ကြားသိနေရပါတယ်။ ဒါကို တောင်ကြီးမြို့နေ ဒေသခံများမှလည်း ပွင့်လင်းမြင်သာစွာ သိရှိလိုနေကြတာလည်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တောင်ကြီးမြို့ဟာ နဂိုကမှ မိုးရွာသွန်းမှုများလျှင် အချိန်ခဏအတွင်းမှာပါ ရေမြောင်းများပြည့်လျှံပြီး လမ်းပေါ်အထိ စီးဆင်းနေတာ အားလုံး အသိပင်ဖြစ်သလို မကြာသေးခင်ကပင် ရေမြောင်းအတိုင်းစီးမျောပြီး လူ့အသက်ပါဆုံးရှုံး ခဲ့ရတဲ့ ဖြစ်စဉ်တောင်ဖြစ်ပွားခဲ့ပါသေးတယ်။ လွန်ခဲ့တဲ့နှစ်များကလည်း မြို့မဈေးမီးပွိုင့်အနီး ပတ်ဝန်းကျင်နားမှာ လူနေအိမ်တွေထဲအထိ ရေကြီး/ရေလျှံမှုများ မကြုံစဖူးတစ်ခါ ဖြစ်ပွား ခဲ့တဲ့ မှတ်တမ်းလည်း ရှိပါတယ်။ ဒ့ါအပြင် ယခုဆောက်လုပ်နေဆဲဖြစ်တဲ့ တောင်ကြီး(City Square Centre)မြေနေရာဟာ ယခင်တောင်ကြီးမြို့ သဘာဝရေထွက် အကောင်းဆုံးနေရာ လည်းဖြစ်ပြီး အဆိုပါရေထွက်နေရာကို ယခုတည်ဆောက်ဖို့ ဖောင်ဒေးရှင်းချတုန်းက မြေပြိုကျမှုအကြီးအကျယ် ဖြစ်ပွားခဲ့တာကိုလည်း အားလုံးအသိပင် ဖြစ်ပါတယ်။ မြို့တည်ခဲ့စဉ်က အင်းနှင့် ရေကန်များကိုဖို့ပြီးမှ တည်ခဲ့တယ်လို့ သမိုင်းမှာလည်း အထောက်အထားနဲ့ တင်ပြထားတာကို အထူးဂရုပြုရမှာဖြစ်ပြီး ယခုမြို့နယ် ကျန်းမာရေး ဝင်းကျယ်ကြီးဟာ ရှေ့ကသားဖွားဆရာများရှိခဲ့ကာ Helen Of Burma စာအုပ်မှာလည်း ဆေးရုံမှတောင်ဘက်ကို လှမ်းမျှော်ကြည့်လျှင် ရေဖွေးဖွေးနဲ့ ရေကန်များမြင်ရတာကို ဖွဲ့ဆို ထားပြီး အဲ့နေရာက City Square နေရာ ဖြစ်တယ်လို့လည်း ပါရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အစောကတင်ပြခဲ့သလို ခုံးကျော်တံတား (သို့မဟုတ်) မြေအောက်ဥမင်လမ်းပဲလုပ်လုပ် အများပြည်သူများရဲ့ အဆင်ပြေစေဖို့ လုပ်ဆောင်တာဖြစ်ပြီး မဖြစ်မနေလည်းလုပ်ရမယ့် လုပ်ငန်းလည်းဖြစ်ပါတယ်။ တကယ်အတည်ပြုပြီး လုပ်ငန်းဖော်ဆောင်ရာမှာလည်း ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များကို စိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရမဲ့ လုပ်ငန်းဖြစ်ပါတယ်။ ပြည်သူကို ကိုယ်စားပြုနေတဲ့ လွှတ်တော်ဖြစ်ပြီး အစိုးရက ပြည်သူကို တာဝန်ခံရတာလည်း ဖြစ်ပါသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်လုပ်ငန်း တောင်ကြီးမြို့လယ် ခုံးကျော်တံတား တည်ဆောက်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

**မေးခွန်း(၁)** ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တောင်ကြီးမြို့လယ်ခုံးကျော်တံတား တည်ဆောက်မည့် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်း။

**မေးခွန်း(၂)** အခြားလုပ်ငန်းဖြင့် ပြောင်းလဲဆောင်ရွက်မည်ဆိုပါက မည်သည့်လုပ်ငန်းအမျိုးအစားဖြစ်ပြီး လုပ်ငန်းနှင့် ပတ်သက်တဲ့ အစီအမံများ ဆောင်ရွက်ထားမှု အခြေအနေများကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းထားတဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၁၈၁.၇၅၅ သန်းဖြင့် ဆောင်ရွက်ရန်လျာထားတဲ့ တောင်ကြီးမြို့လယ် ခုံးကျော်တံတား တည်ဆောက်မည့် အစီအစဉ် ရှိ/ မရှိ သို့မဟုတ် အခြားလုပ်ငန်းဖြင့်ပြောင်းလဲဆောင်ရွက်မည်ဆိုပါက မည်သည့်လုပ်ငန်းအမျိုးအစားဖြစ်ပြီးလုပ်ငန်းနှင့်ပတ်သက်တဲ့ အစီအမံများ ဆောင်ရွက်ထားမှုအခြေအနေများကို သိရှိလိုပါကြောင်း ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းနှင့် စပ်လျဉ်း၍

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ ပါဝါပွိုင့် အသုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့မှာ မြို့တွင်းယာဉ်ကြော ကြပ်တောက်ပိတ်ဆို့မှုများလျော့ပါးစေရေးနှင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့တော်၏ အချက်အချာ သွားလာအသုံးပြုမှုအများဆုံးနေရာ၊ အရှုပ်ထွေးဆုံးသောနေရာ တောင်ကြီးမြို့မဈေးတစ်ဝိုက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်မှာ လူကူးခုံးကျော်တံတားတည်ဆောက်သင့်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၅ ခုနှစ် တောင်ကြီးမြို့Town plan တွင် ထည့်သွင်းအကြံပြုခဲ့ပါတယ်။ လေ့လာစိစစ်ခြင်း၊ ပုံစံထုတ်၍ ဆက်လက်စီမံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ အနီးစပ်ဆုံးသော ပုံစံများအရ လူကူးခုံးကျော်တံတား ခန့်မှန်းငွေ ကျပ် ၁၆၀ သန်းကျော်ခန့် ကုန်ကျနိုင်ကြောင်းကို လျာထားပုံစံ Specification of Bridge Proposal ဖြင့်တင်ပြခဲ့မှုအပေါ်မှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ လျာထားရန်နှင့်တည်ဆောက်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန် ဆုံးဖြတ်ထားရှိခဲ့ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ လူကူးခုံးကျော်တံတား တည်ဆောက်ရေးအတွက်ကို နေရာနှင့် ဒီဇိုင်းပုံစံရွေးချယ်ရေး အဖွဲ့တစ်ဖွဲ့အား လုပ်ငန်းတာဝန်များ ချမှတ်ပေးပြီး ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ တင်ပြပါအတိုင်း အဖွဲ့ခေါင်းဆောင်ကတော့ ညွှန်ကြားရေးမှူး (မြို့ပြ) ပြည်နယ်လမ်းဦးစီး ဖြစ်ပါတယ်။ အဖွဲ့ဝင်များကတော့ ကျွန်တော်တို့ သက်ဆိုင်ရာဌာနများ၊ အင်ဂျင်နီယာဌာနများနှင့် အုပ်ချုပ်ရေးဌာနများ ပါဝင်ပြီးတော့ ကိုယ်စားလှယ်အနေနဲ့ တောင်ကြီးမြို့မှာရှိတဲ့ မြန်မာအင်ဂျင်နီယာအသင်း၊ သီဟဆောက်လုပ်ရေးကုမ္ပဏီ၊ မြို့မိမြို့ဖကိုယ်စားလှယ်များကို ထည့်သွင်းပြီးတော့ ကျွန်တော်တို့ လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့အဖွဲ့သည် (၂၇-၅-၂၀၁၉)နေ့တွင် ပထမအကြိမ် အစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ တာဝန်များအသီးသီး ခွဲဝေလေ့လာခဲ့ရာ ဒုတိယအကြိမ် အစည်းအဝေးမတိုင်မီ အောက်ပါအချက်အလက်များ စုဆောင်းရရှိခဲ့ပါတယ်။ တင်ပြထားတဲ့ အတိုင်း ဖြတ်သန်းသွားလာမှုနှင့်ပတ်သက်ရင် လူအနေနဲ့ဆိုရင် သာမန်နေ့တွေမှာ ၁၃၀၀၀ ကျော်လောက်ရှိပြီး ဈေးနေ့ဆိုရင် ၃၀၀၀၀ကျော်တဲ့ အနေအထား ဖြစ်ပါတယ်။ မော်တော်ယာဉ်များနှင့်ပတ်သက်ရင် မော်တော်ကားဆိုရင်တစ်ရက်ပျမ်းမျှအားဖြင့် ၁၆၄၃၂ စီး၊ တစ်မိနစ်လျှင် ၂၃ စီးလောက် ဖြတ်သန်းတဲ့ အနေအထား ဖြစ်ပါတယ်။ ထို့အပြင် မော်တော်ဆိုင်ကယ်ဆိုလည်း တစ်ရက်ပျမ်းမျှ ၃၄၅၃၄ စီး ဖြတ်သန်းတာကို တွေ့ရှိရပါတယ်။ တစ်မိနစ်လျှင် ၄၈စီး ဖြတ်သန်းနေတဲ့ အနေအထား ဖြစ်ပါတယ်။

ဒီပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့နေရာကိုလည်း လေ့လာခဲ့ပါတယ်။ ခုံးကျော်တံတား (သို့မဟုတ်) မြေအောက်ဖြတ်လမ်းကို တည်ဆောက်နိုင်ဖို့နေရာကို စိစစ်လေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့နေရာများကတော့ Slide မှာ ဖော်ပြထားတဲ့အတိုင်းပဲ အဆိုပြု (၁) ကတော့ တောင်ဘက်ကနေသွားရင် Asia Light Market နှင့် မြို့မဈေးညဈေး၊ အဆိုပြု(၂) ကတော့ City Square ဝင်ပေါက်နှင့် မြို့မဈေး၊ အဆိုပြု (၃)ကတော့ City Square မှာရှိတဲ့ Oppo မိုဘိုင်းဖုန်းဆိုင်နှင့် မြို့မဈေးကမ္ဘောဇဘဏ်ခွဲ ဒါတွေက ချိတ်ဆက်ထားတဲ့ နေရာတွေဖြစ်ပါတယ်။ အဆိုပြု(၄)ကတော့ ရေထွက်ဦးလမ်းထိပ်နှင့် မြို့မဈေးဆိုပြီးတော့ နေရာ(၄)ခု ကျွန်တော်တို့ စိစစ်လေ့လာရွေးချယ်ခဲ့ပါတယ် ခင်ဗျား။ အဖွဲ့ရဲ့ ညှိနှိုင်းချက်အရ လေ့လာချက်၊ တွေ့ရှိချက်များအရ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ခုံးကျော်တံတား (Overpass) အနေနဲ့ ဆောင်ရွက်မယ်ဆိုရင် အားနည်းချက်၊ အားသာချက်များ အသီးသီးရှိကြပါတယ်။ အားသာချက်များအနေနဲ့ကတော့ လေကောင်းလေသန့်နှင့် အလင်းရောင်လုံလောက်စွာရနိုင်ပါတယ်။ မြို့မြင်ကွင်းအား အပေါ်စီးမှ ဖြတ်သန်းကြည့်ရှုနိုင်ပါတယ်။ ရေစီးဆင်းမှုလွယ်ကူပါတယ်။ တည်ဆောက်မှုပိုမိုလွယ်ကူနိုင်ပါတယ်။ လုံခြုံရေးလျှော့ချနိုင်ပါတယ်။ တကယ်လို့ ရေထွက်ဦးလမ်းထိပ်တွင် တည်ဆောက်ပါက မြို့ဈေးကြီးနှင့် Shopping Mall ဆက်သွယ်နိုင်မယ့်အနေအထား၊ ဒါတွေက အားသာချက်တွေဖြစ်ပါတယ်။ အားနည်းချက်များအနေနဲ့ကတော့ ကျွန်တော်တို့ ပုံမှာဖော်ပြထားတဲ့အတိုင်းပဲ လုံလောက်သောအမြင့် ထားရှိရသဖြင့် အတက်အဆင်းပိုများနိုင်ပါတယ်။ အတက်ဆင်းလှေကားအတွက် နေရာပိုမိုလိုအပ်ပါတယ်။ ပုံမှာပြထားတဲ့ ရန်ကုန်မြို့အတွင်းရှိ မြန်မာ့ဆိပ်ကမ်းမှာရှိတဲ့ လူကူးခုံးကျော်တံတား အနေအထားကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ခေတ်မီလှပသော ပုံစံလိုအပ်တာလည်း ဖြစ်ပါတယ်။ အားနည်းချက်ကတော့ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအတွက် စက်လှေကား လိုအပ်ပါတယ်။ Wheel Chairတွေ အသုံးပြုဖို့ လိုအပ်မှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ Vertical Clearance အနည်းဆုံး ၁၇.၅ ပေခန့်ထားရှိရမှာဖြစ်တဲ့အတွက်ကြောင့် မြင့်မားသွားမယ့် အနေအထား ဖြစ်ပါတယ် ခင်ဗျား။ မြေအောက်ဖြတ်လမ်းအနေနဲ့လည်း အားနည်းချက်၊ အားသာချက်ရှိပါတယ်။ မြေအောက်ဥမင်မဟုတ်ပါဘူး ခင်ဗျား။ မြေအောက်ဖြတ်လမ်း (Underpass)ဖြစ်ပါတယ်။ အားသာချက်များအနေနဲ့ကြည့်ရင်တော့ ခေတ်မီသော ပုံစံဖြစ်ပါတယ်။ Vertical Clearance အနည်းငယ်သာလိုအပ်ပါတယ်။ Ramp လမ်းနယ် အနည်းငယ်သာ လိုအပ်ပါတယ်။ အတက်အဆင်းလွယ်ကူပါတယ်။ Wheel Chair အသုံးပြုသူများ အဆင်ပြေနိုင်ပါတယ်။ လူမြင်ကွင်းတွင်နေရာအဟန့်အတား မဖြစ်စေနိုင်ပါဘူး။ နောင်တွင်တည်ဆောက်မည့် အစီအစဉ်များအတွက် အထောက်အကူပြုနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ အားနည်းချက်များအနေနဲ့လည်း

အပေါ်မှာ ကျွန်တော်တို့ ဆက်လက်တင်ပြထားပါတယ်။ ရဟန်းသံဃာများ ဝင်ရောက်သွားလာရန် အခက်အခဲ ရှိနိုင်ပါတယ်။ အလင်းရောင်၊ လေဝင်လေထွက်ကောင်းရန်နှင့် လုံခြုံရေးအချိန်ပြည့် လိုအပ်ပါတယ်။ ၂၄ နာရီမပြတ် လျှပ်စစ်အလင်းရောင် လုံလောက်စွာရရှိရန် လိုအပ်ပါလိမ့်မယ်။ Drainage System ကောင်းမွန်ရန်လိုအပ်ပါတယ်။ လူဝင်ရောက်နေထိုင်မှု ဖြေရှင်းရပါလိမ့်မယ်။ သန့်ရှင်းရေးအတွက် ကြပ်မတ်ရန်လိုအပ်ပါတယ်။ ခေတ်မီပြည့်စုံသော တည်ဆောက်မှုပုံစံလိုအပ်ပါတယ်။ Underpass အတွင်း ဆိုင်ခန်းများထည့်သွင်းပါက ကုန်ကျစရိတ်များပြားနိုင်တဲ့ အားနည်းချက်လည်းရှိပါတယ်။ Underpass တွင် ရေဝပ်နေပါက အနီးဝန်းကျင်တစ်ဝိုက် ရောဂါများဖြစ်ပွားနိုင်တဲ့ အားနည်းချက်များ ရှိပါတယ်။ ခုံးကျော်တံတားနဲ့ မြေအောက်ဖြတ်လမ်း Underpass ရဲ့ အားနည်းချက်၊ အားသာချက်များကို ယှဉ်ပြီးပြထားခြင်းဖြစ်ပါတယ်။ အဓိကကတော့ လမ်းမြေအနည်းငယ်သာ လိုအပ်ပြီး၊ အားနည်းချက်၊ အားသာချက်ရယ်၊ လူမြင်ကွင်းမှာ အဟန့်အတား မဖြစ်စေနိုင်တဲ့ဟာရယ်၊ အနာဂတ် အစီအစဉ်များအတွက် အထောက်အကူပြုနိုင်တဲ့ အရေးကြီးတဲ့အချက်များ ဖြစ်ပါတယ်။

သံဃာတော်များ၊ ရဟန်းရှင်၊ လူအများတို့နှင့် ဆွေးနွေးထားသူ မြို့မိမြို့ဖ ကိုယ်စားလှယ် အပါအဝင် ခုံးကျော်တံတားနေရာနှင့် ဒီဇိုင်းရွေးချယ်ရေးအဖွဲ့သည် (၁၃-၈-၂၀၁၉)နေ့မှာ ဒုတိယအကြိမ် အစည်းအဝေးဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးမှာ မြေအောက်ဖြတ်လမ်း၏ အားနည်းချက်ဖြစ်သော လျှပ်စစ်မီး၊ လုံခြုံရေးနှင့် ရေထုတ်စနစ်ကိစ္စများ ဆောင်ရွက်ပေးနိုင်ပါက ထိုနေရာတွင် မြေအောက်ဖြတ်လမ်း Underpass သည် သာလျှင် အသင့်လျော်ဆုံးဖြစ်ကြောင်း သဘောတူဆုံးဖြတ်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၃-၈/၂၀၁၉)သည်လည်း မြို့မိမြို့ဖများပါဝင်သော ကော်မတီ၏ အကြံပြုချက်အတိုင်း မြေအောက်ဖြတ်လမ်း Underpass ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါတယ်ခင်ဗျား။

နေရာရွေးချယ်ဖို့ ဖြစ်နိုင်ချေအများဆုံးရှိမည့် အသင့်လျော်ဆုံးနေရာ ရွေးချယ်နိုင်ရေးအတွက်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းတိုင်းတာပုံထုတ်ရေးအဖွဲ့က မြေပြင်တွင် ကွင်းဆင်းတိုင်းတာပြီး မြေမျက်နှာပြင်ပြမြေပုံ Topographical Map ရေးဆွဲထားပြီးတော့ လက်ရှိမှာလည်း တံတားဦးစီးဌာနကို ဆက်လက်ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။ ဆက်လက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်များရှိပါတယ်။

လုပ်ငန်းအကောင်အထည်ဖော်မယ်ဆိုရင် EOI/ Design Build Method သို့မဟုတ်၊ DBBM Design Bid Build Method တစ်ခုခုဖြင့် ဆက်လက်ဆောင်ရွက်ထားဖို့ ရည်မှန်းထားပါတယ်။ **EOI** စနစ်ဖြင့် ဆောင်ရွက်မယ်ဆိုပါက **EOI Express of Interest** ကိုခေါ်ပါမယ်။

အဲ့ဒီမှာလုပ်တဲ့အခါကြတော့ ကုမ္ပဏီ၏ Profile ၊ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအတွေ့အကြုံများကို ဦးစွာစိစစ်ပြီး Request For Proposal RFP တွေ စစ်ဆေးပြီးလုပ်ငန်းအတွက် လိုလားသောအချက်အလက်များ ထုတ်ပေးပါမယ်။ RFP မှာကတော့ လုပ်ငန်းအတွက် လိုလားတဲ့အချက်အလက်တွေကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ လိုလားတဲ့အချက်အလက်တွေကို ကုမ္ပဏီတွေက ဒီဇိုင်းများအသီးသီး တင်ပြလာပါမယ်။ ကျွန်တော်တို့ စိစစ်ပါမယ်။ နောက်ဆုံးအချက်အနေနဲ့ RFQ လို့ခေါ်တဲ့ Request For Quotation လို့ခေါ်ပါတယ်။ တင်ပြလာတဲ့ ဒီဇိုင်းများ၊ အဆိုပြု ဈေးနှုန်းတွေနဲ့ ဒီဇိုင်းများအရည်အသွေး သတ်မှတ်ချက်များ ထုတ်ပြန်ထားပြီးတော့မှာ တင်သွင်းလာရင် ကုမ္ပဏီများ၏ အသီးသီးသော ဒီဇိုင်းများ၏ တင်ပြလာတဲ့ ဈေးနှုန်းအဆိုပြု ယှဉ်ပြိုင်တာကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ **Design Bid Build Method**။ DBBM စနစ်ဖြင့် ဆောင်ရွက်မယ်ဆိုရင်တော့ လက်ရှိမှာ Topo Map ရရှိပြီးလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ Architecture နှင့် Structure ဒီဇိုင်းတောင်းခံသွားပါမယ်။ ဒီဇိုင်းရရှိရင်တော့ ကျွန်တော်တို့ သတ်မှတ်ပေးသော ဒီဇိုင်းဖြင့်ဈေးနှုန်းအဆိုပြု တင်ဒါယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။ မည်သည့်နည်းနဲ့ ဆောင်ရွက်သည်ဖြစ်စေ (၁/၂၀၁၇)နှင့်အညီ တင်ဒါစိစစ်ရေးက ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ပါ၍ တောင်ကြီးမြို့ မြို့မဈေးတစ်ဝိုက် အများပြည်သူအန္တရာယ်ကင်းရှင်းစွာ လမ်းကူး/ဖြတ်သန်းနိုင်ရေးအတွက် မူလစတင်လျာထားသည့်လူကူးခုံးကျော်တံတားအစား မြေအောက်ဖြတ်လမ်း Underpass ကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံနှင့်တကွ ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ လင်းခေးမြို့နယ်၏ မြောက်ပိုင်းတွင်ရှိသော ဒါးဆိပ်-နောင်လုံ- ဝမ်စစ်- ဟိုက်ကွေ့ ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း (၁၂)မိုင်မှ

ကျန်ရှိနေသော ကျောက်ချောလမ်း (၁၁)မိုင်အနက် (၁)မိုင်ခန့်အား ငြိမ်းချမ်းရေးအထိမ်း အမှတ်အဖြစ် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးအတွက် (လမ်း၊ တံတား၊ ရေ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လင်းခေးမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ ဒါးဆိပ်၊ နောင်လုံ၊ ဝမ်စစ်နှင့် ဟိုက်ကွေ့ဟူသော ကျေးရွာအုပ်စု (၄) အုပ်စုရှိပြီး၊ ကျေးရွာ အနေဖြင့် (၂၄)ရွာ၊ အိမ်ခြေအားဖြင့် (၁၄၅၅) အိမ်၊ လူဦးရေအားဖြင့် (၇၈၂၃) ဦးခန့် စုပေါင်းနေ ထိုင်လျက်ရှိပါတယ်။ ရှေးကုသိုလ်ကံကြောင့်လားမသိပါ။ ရှေးယခင်ခေတ်အဆက်ဆက်က ပြည်တွင်းစစ်၏ မငြိမ်းချမ်းမှုကြောင့် ပြည်သူလူထုများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများတွင် အစစအရာရာနောက်ကျခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ နယ်မြေအေးချမ်းလာပြီဖြစ်တဲ့အတွက် ပြည်သူလူထုများအား (၁၂)မိုင်ခန့်ရှည်တဲ့ ၎င်းကျေးရွာ အုပ်စုကို ဆက်သွယ်ထားသော ဒါးဆိပ်- နောင်လုံ- ဝမ်စစ်- ဟိုက်ကွေ့ ကျောက်ချောလမ်းမ ကြီးကိုပဲ အဓိကအားကိုးအားထားပြုနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းကို ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာလမ်း (၁)မိုင် ခင်းခဲ့ပါတယ်။ သို့ပါသော်လည်း ၎င်း ကျောက်ချောလမ်းအား ဆောက်လုပ်ပြီးစီးခဲ့သည် အတော်အတန်ကြာခဲ့ပြီ ဖြစ်တဲ့အတွက် ကြောင့် လမ်းပျက်စီးစပြုနေပြီး လမ်းပျက်စီးမှုလျော့နည်းအောင် ကျန်ရှိသည့် ကျောက်လမ်း အပိုင်းကိုအချိန်မီ ထိန်းသိမ်းရန်နှင့် ကြာရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရန်အတွက် ကတ္တရာလမ်း အဖြစ် ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှထပ်မံထောက်ပံ့ငွေနှင့် ဝန်ထမ်းအိမ်ရာ၊ ဆိုင်ကယ်၊ ကားများ စိစစ်လျှော့ချငွေစာရင်းမှ ခွဲဝေချထားပေးငွေစာရင်း ကျပ်သန်းပေါင်း ၂၈,၄၈၃.၆၈၅ သန်းထဲမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၄,၁၆၃.၇၉၅သန်းကို ထည့်သွင်းအသုံးပြုလျာထားရာ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး ၁/၂၀၁၉ တွင် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုထောက်ပံ့ ရန်ပုံငွေ ကျပ် ၂၆.၈၇၅ ဘီလီယံထဲမှ အဆိုပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ကျပ်သန်းပေါင်း ၄,၁၆၃.၇၉၅ သန်း ထည့်သွင်းရေးဆွဲထားသည်လို့ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ရှေးယခင်ကမငြိမ်းချမ်းခဲ့ပြီး ယခုအခါ NCA အကျိုးကျေးဇူးကြောင့် ငြိမ်းချမ်းစပြုနေသော လင်းခေးမြို့ရှိ မြောက်ပိုင်းကျေးရွာအုပ်စု၊

ပြည်သူလူထုများအတွက် ဒါးဆိပ်– နောင်လုံ– ဝမ်စစ်– ဟိုက်ကွေ့ ကျောက်ချောလမ်း (၁၁)မိုင် အနက် (၁)မိုင်ခန့်အား ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးအတွက် (လမ်း၊ တံတား၊ရေ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင်ဆောင်ရွက်မည်နှင့် မရှိပါက လာမည့် ၂၀၂၀– ၂၀၂၁ BE ရန်ပုံငွေတွင် ထည့်သွင်း ပေးနိုင်ပါရန် မဲဆန္ဒရှင်ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်မှ မေးမြန်းလာတဲ့ လင်းခေးမြို့နယ်၏ မြောက်ပိုင်းတွင်ရှိသော ဒါးဆိပ်– နောင်လုံ– ဝမ်စစ်– ဟိုက်ကွေ့ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း(၁၂)မိုင်မှ ကျန်ရှိနေသောကျောက်ချော လမ်း (၁၁)မိုင်အနက် (၁)မိုင်ခန့်အား ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးအတွက် (လမ်း၊ တံတား၊ ရေ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက အဘယ်ကြောင့် ဆောင်ရွက်မပေးနိုင်သည်ကို သိရှိလိုပါတယ် ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လင်းခေးမြို့နယ်၊ ဒါးဆိပ်– နောင်လုံ– ဝမ်စစ်– ဟိုက်ကွေ့ လမ်းပိုင်းသည် (၁၂)မိုင် ရှိသည့်လမ်းပိုင်း ဖြစ်ပါတယ်။ ဒေသရှိ ကျေးရွာအုပ်စု၊ ကျေးရွာပေါင်း(၂၄)ရွာမှ အိမ်ခြေ (၁၄၅၅)အိမ်၊ လူဦးရေ (၇၈၂၃)ဦး အဓိကသွားလာအသုံးပြုလျက်ရှိသော လမ်းပိုင်းဖြစ်ပြီး အဆိုပါ လမ်းပိုင်း (၁၂)မိုင်ကို ဒေသအစီအစဉ်ဖြင့် ကျောက်ချောလမ်း (၁၆၅၀)ပေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (၃) မိုင်၊ (၀.၂၄) ဖာလုံ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ရန်ပုံငွေဖြင့် ၂၀၁၅– ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၆)မိုင်၊ ၂၀၁၇– ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၂)မိုင်၊ စုစုပေါင်း (၁၂)မိုင်အား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈– ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၁)မိုင်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ ပါတယ်။ အဆိုပါ ကျောက်ချောလမ်းပိုင်း (၁၂)မိုင်အား ၂၀၁၉– ၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ်

အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် လုပ်ငန်းဆက်အနေဖြင့် ကတ္တရာလမ်း(၁)မိုင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် (၅၅)မြို့နယ်၌ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ်သန်း(၁၁,၀၀၀)သာ ခွဲဝေရရှိသဖြင့် စီမံကိန်းလုပ်ငန်းများ လျာထားရန် မြို့နယ်အကျယ်အဝန်း၊ လူဦးရေပါဝင်မှုစသည့် စီမံကိန်းအချိုးအရ လင်းခေးမြို့နယ်သည် ပျမ်းမျှပါဝင်မှု အချိုး(၁.၃)ရရှိမည်ဖြစ်ရာ ခွင့်ပြုငွေကျပ် သန်း(၁၁,၀၀၀)အတွက် အချိုးအရ ပျှမ်းမျှခွင့်ပြုငွေ ကျပ် ၁၄၃.၀၀ သန်း လျာထားရမည် ဖြစ်ပါတယ်။ သို့ဖြစ်၍ လုပ်ငန်းပမာဏအရလည်းကောင်း၊ စီမံကိန်းနှစ်အတွင်း လုပ်ငန်းပြီးပြတ်အောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းအနေဖြင့် လည်းကောင်း၊ လုပ်ငန်းဆက်တစ်ခုဖြစ်သည့် လင်းခေးမြို့နယ်၊ ဟိုမိန်းမြို့၊ နားမွန်းလုံ– မယ်အော လမ်းပိုင်း (၇)မိုင်အနက် (၅)မိုင်၊ (၄)ဖာလုံကျောက်ခင်းပြီး ကျန် (၁)မိုင်၊ (၄)ဖာလုံ အပြီးသတ်ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၈၇.၉၄၄ သန်း လျာထားခဲ့ပြီး ဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ ဒါးဆိပ်–နောင်လုံ– ဝမ်စစ်– ဟိုက်ကွေ့လမ်းပိုင်း (၁၂)မိုင်အနက် (၁)မိုင် ကတ္တရာခင်းပြီး ကျန်(၁၁)မိုင်အား ကတ္တရာလမ်း ဆက်လက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ မူလတင်ပြချက်တွင် ပါဝင်ခဲ့သော်လည်း ရန်ပုံငွေအချိုးကျ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ရန်ပုံငွေဝင်ဆံ့နိုင်မှု အတိုင်းအတာအရ လျာထားတင်ပြရခြင်းဖြစ်သောကြောင့် လျာထားချက်တွင် ပါဝင်ခဲ့မှု မရှိသေးခြင်းဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေ တောင်းခံသည့်အခါတိုင်း သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန် ကိစ္စနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့၏ နှစ်စဉ်ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု ပြည်နယ်ရန်ပုံငွေများဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအခြေအနေအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်များအပြင် သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန် အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုဟာ လွှတ်တော်တွင် အတည်ပြု နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်ကာလအထိတော့ မိမိမဲဆန္ဒနယ်အပါအဝင် မဲဆန္ဒနယ် အတော်များများတွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသေးသည်ကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ-

(၁) ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယင်းအဆိုနှင့်ပတ်သက်ပြီး မည်သည့်အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန် ဆောင်ရွက်ထားပါသနည်း။

(၂) အကယ်၍ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ပြီး ဖြစ်ခဲ့လျှင် ယင်းအမိန့်၊ ညွှန်ကြားချက်များအပေါ် သက်ဆိုင်ရာများမှ လိုက်နာဆောင်ရွက်မှု မည်မျှရှိပါ သနည်း။

(၃) လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့ပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွား မည်နည်း။

(၄) အမိန့်၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ် များထံသို့ အသိပေး ဖြန့်ဝေသွားရန် အစီအစဉ် ရှိ/ မရှိ အစရှိသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်ရဲ့

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် "နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအခြေအနေအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန်'' အဆိုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သိရှိလိုပါသည်ဆိုပြီး တော့-

(က) ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယင်းအဆိုနှင့် ပတ်သက်ပြီး မည်သည့်အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ထားပါသနည်း။

( ခ) အကယ်၍အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပြီးဖြစ်ခဲ့လျှင် ယင်းအမိန့်၊ ညွှန်ကြားချက်များအပေါ် သက်ဆိုင်ရာများမှ လိုက်နာဆောင်ရွက်မှု မည်မျှရှိပါသနည်း။

( ဂ) လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့ပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်နည်း။

(ဃ) အမိန့်၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များထံသို့ အသိပေးဖြန့်ဝေသွားရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းနှင့်

စပ်လျဉ်းပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ''နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအခြေအနေအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါရှိမှသာ လက်ခံဆောင်ရွက်ပေးရန်'' အဆိုနှင့်စပ်လျဉ်း၍-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ''သက်ဆိုင်ရာ ဒေသခံလွှတ်တော် ကိုယ်စားလှယ်များ၏ သဘောထားရယူဆောင်ရွက်ရန် ကိစ္စ''ဟူသော အကြောင်းအရာဖြင့် (၃-၅-၂၀၁၉) ရက်စွဲပါစာအမှတ်၊ (၅၉၅၆)/ ၆-၂၂၀/ အစရ (ရှမ်း)ဖြင့် ညွှန်ကြားစာ

ထုတ်ပြန်ထားရှိပြီးဖြစ်သည့်အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီများမှလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အထက်ပါ ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများသို့ ထပ်ဆင့်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

(ခ) ညွှန်ကြားချက်ထုတ်ပြန်ပြီးဖြစ်၍ သက်ဆိုင်ရာဌာနမှ လိုက်နာဆောင်ရွက်လျက်ရှိပြီး လိုက်နာဆောင်ရွက်မှု အားနည်းသော ဌာနများအား ခရိုင်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများမှ လိုက်နာဆောင်ရွက်သွားရန် ထပ်မံ၍ ညွှန်ကြားချက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါတယ်။

(ဂ) မေးခွန်းနှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်မှု အားနည်းသော ဌာနများအား အသိပေးသတိပေးစာများ ထုတ်ပြန်၍ တိကျစွာ လိုက်နာဆောင်ရွက်ရန် ထပ်မံ ညွှန်ကြားပါမယ်။

(ဃ) အမိန့်၊ ညွှန်ကြားချက်များအား သက်ဆိုင်ရာ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများမှတဆင့် သိရှိနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်မှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နမ့်စန်မြို့နယ်ရဲ့ အဓိကအားထားရတဲ့ နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံဟာ မြို့နေပြည်သူလူထုအပြင် ကျေးလက်နေတိုင်းရင်းသား ပြည်သူလူထုရဲ့ အဓိကအားထားရတဲ့ ဆေးရုံတစ်ရုံဖြစ်ပါတယ်။ နာမကျန်းလို့ဘဲဖြစ်ဖြစ် ထိခိုက်ဒဏ်ရာရလို့ပဲဖြစ်ဖြစ် ဒီဆေးရုံကို အားကိုးတကြီးနဲ့ လာရောက်ကြပါတယ်။ ဖွဲ့စည်းပုံအရ ဆေးရုံမှာ ဆရာဝန်ကြီးတစ်ဦးနှင့် လက်ထောက်ဆရာဝန်(၄)ဦးတို့ လိုအပ်မှာဖြစ်ပြီး လက်ရှိမှာတော့ ဆရာဝန်ကြီးတစ်ဦးနှင့်

လက်ထောက်ဆရာဝန်တစ်ဦးသာ ရှိပါတယ်။ လာရောက်ကုသတဲ့ လူနာများပြားလာတဲ့အခါ ကျန်းမာရေးလိုအပ်ချက်အရ ဥပမာ– ပြည်နယ်၊ ခရိုင်၊ အစည်းအဝေးများ၊ နယ်မြေကွင်းဆင်း ရတဲ့အခါ အရေးကြီးတာဝန်များနဲ့ကြုံတွေ့လာတဲ့အခါမှာ လက်ထောက်ဆရာဝန်တစ်ဦးနဲ့ ရုန်းကန်နေရပါတယ်။ ပြင်ပဆေးရုံရဲ့ ကုသစရိတ်ကိုမတတ်နိုင်တဲ့ ပြည်သူအများစုအားကိုး တဲ့ ပြည်သူ့ဆေးရုံမှာ လက်ထောက်ဆရာဝန် အင်အားထပ်မံဖြည့်တင်းပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

ထိခိုက်ဒဏ်ရာရမှု ဖြစ်စေ၊ ခွဲစိတ်ကုသမှု မဖြစ်မနေဆောင်ရွက်ဖို့အတွက်ဖြစ်စေ လက်ရှိအသုံးပြုနေတဲ့ ခွဲစိတ်ခန်းမကြီးသုံး မီးစလောင်းဟာ မီးသီးလေးလုံးသာပါရှိပြီး မီးအား ကောင်းမွန်ခြင်း မရှိသည့်အပြင် ခွဲစိတ်ကုသရာမှာ လုံလောက်တဲ့အလင်းရောင် မရရှိတာ ကြောင့် များစွာအခက်အခဲဖြစ်ပေါ်နေရပါတယ်။ လက်ရှိပြည်သူ့ဆေးရုံမှာ ပြစ်ဒဏ်ကျ အချုပ်သားလူနာနဲ့ မူးယစ်ဆေးဖြတ်၊ ဆေးစွဲလူနာတွေ လာရောက်ကုသမှုခံယူခဲ့ပါက သီးခြား ထားရှိရမဲ့ ကုသဆောင်အခန်း မရှိသေးတာကြောင့် သီးခြားကုသဆောင် လိုအပ်နေပါတယ်။

ဆေးရုံလာရောက်ကုသမှု ခံယူတဲ့လူနာများအတွက် သီးခြားလူနာနားနေဆောင် မရှိတာကြောင့် ဝရန်တာမှာ ခုံတန်းရှည်ချပြီး နားနေရတဲ့အတွက် လူနာနားနေဆောင် လိုအပ် နေပါတယ်။ ဆေးရုံမှာ ကျန်းမာရေးပညာပေးဟောပြောပွဲဖြစ်စေ၊ အစည်းအဝေးဖြစ်စေ ကျင်းပမည်ဆိုရင် သီးခြားအစည်းအဝေးခန်းမ မရှိဘဲ ဆေးကုသခန်းကိုဘဲ အစည်းအဝေးခန်း အဖြစ် ပြင်ဆင်အသုံးပြုနေရတဲ့အတွက် ဆေးရုံရုံးခန်းတစ်ခု လိုအပ်နေပါတယ်။

ဆေးရုံမှာ ဆေးကုသဆောင်ရဲ့ အခန်းမလုံလောက်တာကြောင့် အမျိုးသမီးဆေးကုသ ဆောင်၊ သားဖွားမီးယပ်ဆောင်၊ ကလေးဆေးကုသဆောင်တို့ဟာ ရောထွေးပြီး ထားရှိနေရ တာကြောင့် ဆေးရုံအတွက် ဆေးကုသဆောင် ထပ်မံလိုအပ်နေပြီ ဖြစ်ပါတယ်။ သွားဆရာဝန် အနေနဲ့ ပင်းတယပြည်သူ့ဆေးရုံမှ သွားဆရာဝန် ဒေါက်တာကျော်ထက်ဟိန်းကို နမ့်စန်မြို့ ပြည်သူ့ဆေးရုံသို့ တွဲဖက်တာဝန်ချထားတာကြောင့် အမြဲတမ်းတာဝန်ချထားပေးဖို့ လိုအပ် နေပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီသည် (၂၇.၇.၂၀၁၉) ရက်နေ့က နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကွင်းဆင်းစဉ်ကလဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်ချက်တွေကို တင်ပြနိုင်ဖို့ အကြံပြုတင်ပြခဲ့ပါတယ်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီကိုလည်း နမ့်စန်မြို့နယ် ပြည်သူလူထုများ ကိုယ်စား ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ကျေးဇူးပြုပြီးတော့ ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။ နမ့်စန်ဆေးရုံရဲ့ လိုအပ်ချက်တွေကို ဒါလေးကျွန်တော်ဓာတ်ပုံလေးနဲ့ပြချင်လို့ဖြစ်ပါတယ်။ ဒါဟာနမ့်စန်ပြည်သူ့ဆေးရုံကြီးဖြစ်ပါတယ်။ ကလေးဆေးရုံတက်တာနဲ့ အမျိုးသားကုသတဲ့အဆောင် ဖြစ်ပါတယ်။ ဒါကတော့ ကုသဆောင်ထဲမှာ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ဘယ်ဘက်ခြမ်းကတော့ လူနာတွေအပြင်မှာနားနေဖို့အတွက် ခုံတန်းရှည်များချထားတဲ့ နေရာဖြစ်ပါတယ်။ညာဘက်ခြမ်းကတော့ ဆေးဗီရိုတွေနဲ့ ရုံခန်းကိုတွဲထားတဲ့ နေရာလေး ဖြစ်ပါတယ်။ ဒါကတော့ ခွဲစိတ်ခန်းမ ဖြစ်ပါတယ်။ မီးစလောင်းက နှစ်ကာလကြာပြီးဖြစ်တဲ့အတွက် မီးစလောင်းက မှိန်တဲ့ အနေအထားရှိတဲ့အတွက် ခွဲစိတ်ကုသတဲ့နေရာမှ ခက်ခဲမှုရှိပါတယ်။ ဒါကတော့ အစည်းအဝေးခန်းမ ဖြစ်ပါတယ်။ ဒါကတော့ ဦးအေးမင်းစိုး ရှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က အတွင်းရေးမှူးကိုယ်တိုင် နမ့်စန်မြို့နယ်ကို သူနဲ့အဖွဲ့လာရောက်ပြီးတော့မှ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီကနေ ကွင်းဆင်းအစည်းအဝေး ပြုလုပ်စဉ်မှာ ဆေးကုသဆောင်ထဲမှာပဲ ပြင်ဆင်ပြီးတော့မှ အစည်းအဝေးပြုလုပ်တာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီက ကွင်းဆင်းဆောင်ရွက်တဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်းကွင်းဆင်းဆောင်ရွက်တဲ့ပုံ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်နယ်ရုံးမှတစ်ဆင့် နေပြည်တော်ရုံးချုပ်သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည့် အစီအစဉ်များအား သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ မေးခွန်းအား သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ ကျန်းမာရေးဆိုင်ရာ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ နမ့်စန်မြို့နယ်၊ ပြည်သူ့ဆေးရုံ၏ လက်ထောက်ဆရာဝန် အင်အားထပ်မံဖြည့်တင်းပေးရန်နှင့် ပတ်သက်၍ နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ခွင့်ပြု (၄)ဦးအနက် လက်ရှိခန့်ထား (၂)ဦး ရှိပါတယ်။ နေပြည်တော်ကုသရေးဦးစီးဌာန၏ (၂၇.၈.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ဝထရ-၂/ ၇-၂၀၁၉/ ၃၀၅ အရ ယခုကာလသည် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ ဝင်ခွင့် စာမေးပွဲ ဖြေဆိုသည့်ကာလဖြစ်သဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ

လက်ထောက်ဆရာဝန်များအား ပြောင်းရွှေ့တာဝန်ချထားပေးနိုင်ရန် အခက်အခဲရှိသည့် ကာလဖြစ်သဖြင့် ထပ်မံတာဝန်ချထားပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ ခွဲစိတ်ခန်းမကြီးသုံး မီးစလောင်းတွင် မီးသီးလေးလုံး သာပါရှိပြီး မီးအားကောင်းမွန်ခြင်းမရှိသည့်အပြင် ခွဲစိတ်ကုသရာတွင် လုံလောက်သည့် အလင်းရောင်မရရှိသောကြောင့် များစွာအခက်အခဲ ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၉.၉.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ညွှန်ကြား/ ကုသ/၂၀၁၉(၃၄၉၉)ဖြင့် နမ့်စန်မြို့နယ်သို့ စိစစ် တင်ပြတောင်းခံရန် အကြောင်းကြားထားပြီးဖြစ်ပါကြောင်းနှင့် တတိယမေးခွန်းဖြစ်သည့် ပြည်သူ့ဆေးရုံမှာ ပြစ်ဒဏ်ကျ အချုပ်သားလူနာနှင့် မူးယစ်ဆေးဖြတ်၊ ဆေးစွဲလူနာများ လာရောက်ကုသမှုခံယူခဲ့ပါက သီးခြားထားရှိရမည့် ကုသဆောင်အခန်း မရှိသေးသောကြောင့် သီးခြားကုသဆောင် လိုအပ်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တောင်ကြီးမြို့၏ ၉.၉.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ညွှန်ကြား/ ကုသ/ ၂၀၁၉ (၃၄၉၉)ဖြင့် နမ့်စန်မြို့နယ်သို့ စိစစ်တင်ပြတောင်းခံရန် အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ သီးခြားကုသဆောင်လိုအပ်ခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၉.၉.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ညွှန်ကြား/ ကုသ/၂၀၁၉(၃၄၉၉)ဖြင့် နမ့်စန်မြို့နယ်သို့ စိစစ်တင်ပြတောင်းခံရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။

ပဉ္စမမေးခွန်းဖြစ်တဲ့ အစည်းအဝေးခန်းမတစ်ခု လိုအပ်ခြင်းနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်လျာထားချက်မှာ နမ့်စန်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ရုံးနှစ်ထပ်အဆောက်အဦ ၅၀၀၀ စတုရန်းပေအတွက် ရန်ပုံငွေပါရှိပြီး ဖြစ်ပါတယ်။ ၎င်းအဆောက်အဦတွင် အစည်းအဝေးခန်းမ ပါဝင်ပြီး ဖြစ်ပါတယ်။

ဆဋ္ဌမမေးခွန်းဖြစ်တဲ့ ဆေးရုံရုံးခန်းတစ်ခုလိုအပ်ခြင်းနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက်လျာထားချက်တွင် နမ့်စန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးနှစ်ထပ်အဆောက်အဦ ၅၀၀၀ စတုရန်းပေ လျာထားပြီး ဖြစ်ပါတယ်။ ၎င်းအဆောက်အဦတွင် ရုံးခန်းပါဝင်ပြီး ဖြစ်ပါတယ်။

သတ္တမမေးခွန်းဖြစ်တဲ့ ဆေးကုသဆောင် ထပ်မံလိုအပ်ခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ ၉.၉.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ညွှန်ကြား/ ကုသ/၂၀၁၉(၃၄၉၉)ဖြင့် နမ့်စန်မြို့နယ်သို့ စိစစ်တင်ပြ တောင်းခံရန် အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

အဋ္ဌမမေးခွန်းဖြစ်တဲ့ နမ့်စန်မြို့၊ ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာဆရာဝန် အမြဲတမ်းတာဝန်ချထားပေးရန် လိုအပ်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းအဆင်ပြေချောမွေ့ စေရန်အတွက် ပင်းတယမြို့နယ်မှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာကျော်ထက်ဟိန်း အား တွဲဖက်တာဝန်ချထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်ပါးမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း(၈)မိုင် အနက် ကျန်လမ်းပိုင်း (၅)မိုင်နှင့်စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။ အဲ့ဒီအကြောင်းအရာနှင့်ပတ်သက်ပြီးတော့ ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလုံး ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နမ့်ပါမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း (၈)မိုင်ကိစ္စနှင့် ပတ်သက်ပြီးတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရာမှာ သက်ဆိုင်ရာဝန်ကြီးမှလည်း ၂၀၁၈–၂၀၁၉ခုနှစ်၊ ပြည်နယ် အစိုးရ၏ရန်ပုံငွေမှာ လျာထားဆောင်ရွက်ပေးမည်ဟု ပြန်လည်ဖြေကြားခဲ့ပြီး ယခု ၂၀၁၈– ၂၀၁၉ခုနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းတွင် ကျပ်သန်း ပေါင်း ၉၄.၃၂၀ သန်းဖြင့် နမ့်ပါးမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း(၃)မိုင်အတွက် ခွင့်ပြုရန်ပုံငွေရရှိခဲ့ပြီး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

သို့သော်လည်း ကျန်လမ်းပိုင်း (၅)မိုင်ကို ၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ်၊ လုပ်ငန်းစီမံကိန်း မှာလဲ ဆက်လက်ပြီးတော့ ပါဝင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် ကျန်လမ်းပိုင်း (၅)မိုင်ကို ဆက်လက်ဆောင်ရွက်ပေးနိုင်မှသာလျှင် ယင်းလမ်းကို မှီခိုအသုံးပြုနေရသော ရွာတွေဖြစ်တဲ့ နမ့်ပါမန်း၊ ဝမ်တုံ၊ ဆိုင်မိုင်း၊ နားဆောက်၊ ဆဟန်၊ နားတီး၊ ပန်ခါးနှင့် ဝမ်ဖိုင်စသည့်ရွာများတွင် နေထိုင်ကြသည့် အိမ်ထောင်စုပေါင်း (၄၁၈)စု၊ လူဦးရေပေါင်း (၁၉၄၈)ဦးအတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ ကျန်လမ်းပိုင်း(၅)မိုင်အား ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်အတွက် အနီးကပ်ဆုံးလျာထား သတ်မှတ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးမှ မေးမြန်းလာတဲ့ ကွန်ဟိန်းမြို့နယ်၊ နမ့်ပါမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း(၈)မိုင်အနက် ၂၀၁၈– ၂၀၁၉ ခုနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၉၄.၃၂၀ သန်းဖြင့် နမ့်ပါမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း (၃)မိုင် အတွက် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ထားပြီးဖြစ်ရာ ကျန်လမ်းပိုင်း(၅)မိုင်အား ဆက်လက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အနီးကပ် ဆုံးလျာထား သတ်မှတ်ပေးမည်ကို သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ နမ့်ပါမန်း– ဝမ်တုံရွာချင်းဆက် မြေသားလမ်း (၈)မိုင်အနက် (၃)မိုင်အား မြေသားလမ်းအဖြစ် ၂၀၁၈– ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်း (၁၀၀%) ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လိုသည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အဆိုပြုချက်အားပေးပို့ရန် ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ရေးကော်မတီ၏ ညွှန်ကြားချက်အရ ဒေသအလိုက်ဆောင်ရွက်လိုသည့် လုပ်ငန်းများနှင့် မပြီးပြတ်သေးသည့် လုပ်ငန်းများအား ဦးစားပေးအစီအစဉ်ဖြင့် အဆိုပြုလျာထားတင်ပြခဲ့ရာ အဆိုပါ မြေသားလမ်း (၈)မိုင်အနက် (၃)မိုင်အား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းမှာ လျာထားပါရှိခဲ့ပါတယ်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေအချိုးကျခွဲဝေမှုအရ နယ်စပ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအနေဖြင့် ကျပ်သန်းပေါင်း ၁၁,၀၀၀ သာ ခွဲဝေရရှိခဲ့ပြီး စီမံကိန်း

လုပ်ငန်းများလျာထားရန် စီမံကိန်းအချိုးအရ ကွန်ဟိန်းမြို့နယ်သည် ပျမ်းမျှပါဝင်မှု အချိုး (၁.၂)ရရှိမည်ဖြစ်ရာ အချိုးအရ ပျှမ်းမျှခွင့်ပြုငွေ ကျပ် ၁၃၂ သန်း လျာထားရမည်ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆက်တစ်ခုဖြစ်သော ကျိုင်းခမ်း ကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ လွိုင်ကျိုင်း ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စု(၅)အုပ်စုဖြင့် အများဆုံးအသုံးပြုသည့်လမ်းဖြစ်သည့် ကျေးရွာ အုပ်စုချင်းဆက်လမ်း (၈)မိုင်အနက် (၂)မိုင် ကျောက်ခင်းပြီး ကျန် (၆)မိုင်မှ (၁)မိုင် ကျောက် ခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၂၅.၂၉၆ သန်း လျာထား ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်ပါမန်း– ဝမ်တုံ လမ်းပိုင်း (၅)မိုင် မြေသားလမ်း ဆက်လက် ဖောက်လုပ်နိုင်ရန်အတွက် ရန်ပုံငွေခွဲဝေရရှိမှုနှင့် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် မူတည်၍ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ တက်ရောက် ချီးမြှင့်ပါသော လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် အဆင့် တာဝန်ရှိလူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ လဲချားမြို့နယ်၊ ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ပန်ကျေးရွာရှိ နောင်ကားအခြေခံပညာမူလတန်း လွန်ကျောင်းအား အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းအဆောက်အဦသစ်ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါ လဲချားမြို့နယ်၊ ဝမ်ဟိုင့် ကျေးရွာအုပ်စု၊ ဝမ်ပန်ကျေးရွာရှိ နောင်ကားအခြေခံမူလတန်းလွန်ကျောင်းသည် ၂၀၁၇ ခုနှစ် တွင် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသားအင်အား (၂၀၀)ခန့် ရှိလာပြီဖြစ်ပါတယ်။ အဆိုပါပညာရေး နယ်မြေအုပ်စုတွင် သွားလာရေးခက်ခဲသော မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အလယ်တန်း

ပညာကို ဆက်လက်သင်ကြားနိုင်ရေးအတွက် မူလွန် (နောင်ကား)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် လိုအပ်လျက်ရှိ ပါတယ်။

ထို့အပြင် မူလွန်(နောင်ကား)ကျောင်းတွင် ပညာရေးဌာနရန်ပုံငွေဖြင့် (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ်ဆောင်နှင့် ယခင်ပြည်သူ့စစ်အဖွဲ့၏ စစ်တန်းလျားဟောင်း (၉၀×၃၀)ပေ ခန့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဆောင်(၂)ဆောင်သာ ရှိနေသည့်အတွက်ကြောင့် ကျောင်းသား ဦးရေလည်း များလာပြီး ကျောင်းအဆောက်အဦလည်း လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ အဆိုပါမူလွန်ကျောင်းအား အ.လ.က (ခွဲ)အဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ရေးနှင့် လိုအပ်လျက်ရှိသည့် ကျောင်းအဆောက်အဦအသစ်ကို အနီးဆုံးဘတ်ဂျက်တွင် အလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိကို လည်းဖြေကြားပေးနိုင်ပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျရဲ့ လဲချားမြို့နယ်၊ ဝမ်ဟိုင့် ကျေးရွာအုပ်စု၊ ဝမ်ပန်ကျေးရွာရှိ နောင်ကား မူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် လိုအပ်လျက်ရှိသည့် ကျောင်း အဆောက်အအုံသစ်ကို အနီးဆုံးဘတ်ဂျက်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ ဝမ်ပန်ကျေးရွာအုပ်စု၊ နောင်ကားအခြေခံပညာ မူလတန်းလွန်ကျောင်းသည် ကျောင်းပိုင်မြေ (၄.၆၅) ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင်များမှာ အဆောင်(၁)(၁၂၀x၂၄x၁၂)ပေသွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင် (၅)ခန်း၊ အဆောင်(၂) (၆၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ အင်္ဂတေ တစ်ထပ်ဆောင် (၃)ခန်း ရှိပါတယ်။ ကျောင်းသားဦးရေအနေဖြင့် KG ၃၀ ဦး၊ ပထမတန်း ၃၆ ဦး၊ ဒုတိယတန်း ၃၆ ဦး၊ တတိယတန်း ၂၈ ဦး၊ စတုတ္ထတန်း ၁၇ ဦး၊ မူလတန်းအဆင့် ကျောင်းသားစုစုပေါင်း (၁၄၇)ဦး၊ တန်းခွဲ(၅) ခုရှိပါတယ်။ ပဥ္စမတန်း ၁၃ ဦး၊ ဆဋ္ဌမတန်း ၁၂ ဦး၊ သတ္တမတန်း ၃ဦး၊ အလယ်တန်းအဆင့် ကျောင်းသား စုစုပေါင်း(၂၈)ဦး၊ တန်းခွဲ(၃)ခုရှိပါတယ်။ ပင်မကျောင်းဖြစ်သော အ.ထ.က(ခွဲ) နောင်မိန်းနှင့် (၂၂)မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်း ဖြစ်ပါ တယ်။ မူလွန်သက်တမ်း (၁၅) နှစ်ရှိပြီဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ မူလွန်နောင်ကားသည် အ.လ.က(ခွဲ) အဆင့်တိုး တင်ပြတောင်းခံခြင်းမရှိခဲ့ပါဘူး။ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အ.လ.က(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျောင်းအဆင့်တိုးခေါ်ယူသည့်အချိန်တွင် အဆင့်ဆင့်တင်ပြစေပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါတယ်။ မူလွန် (နောင်ကား) ကျောင်းတွင် လက်ရှိတန်းခွဲဦးရေနှင့် စာသင်ခန်းဦးရေ ကိုက်ညီမှုရှိပါတယ်။ စနစ်သစ်ပညာရေးတွင် လိုအပ်လာမည့် စာသင်ခန်းများအတွက် ရည်ရွယ်၍ (၉၀×၃၀)ပေ တစ်ထပ်စာသင်ဆောင်အား ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လဲချားမြို့နယ်၏ စီမံကိန်းလျာထား စာရင်းတွင် ထည့်သွင်းလျာထား တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇-၉-၂၀၁၉) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်းပေးပို့ထား ပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်အတူ ဧည့်သည်တော် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ယခုကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အား လေ့လာသုံးသပ် အကြံပြု သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉- ၂၀၂၀ခု၊

ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအရ ကျခံသုံးစွဲသည့် ဌာန/ အဖွဲ့အစည်းအချို့အား အောက်ပါအတိုင်း လေ့လာသုံးသပ်အကြံပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် လေ့လာသုံးသပ်တဲ့ အခါမှာ ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးရုံးနှင့် ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြလိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်ကို လေ့လာလိုက်တော့ သက်ဆိုင်ရာ ကုန်းမြင့် ဒေသလယ်ယာမြေဖော်ထုတ်ရေးရုံးမှာ တင်ပြချက်အရ အဆိုပြုထားပါတယ်။ ကျပ်သန်းပေါင်း (၆၉၁)ကို အဆိုပြုထားပါတယ်။ ဒါပေမယ့် အပိုင်း(၂)ပိုင်း ရှိပါတယ်။ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းနှင့် နောက်တစ်ခုက ပုဂ္ဂလိကတင်ဒါစနစ်ဖြင့် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်းဆိုပြီးတော့ ယေဘုယျဆန်ဆန်ဖြင့် တင်ပြထားဖြစ်ပါတယ်။ တကယ်တမ်း နိုင်ငံတော်ဘတ်ဂျက် ကျပ်သန်းပေါင်း ၆၉၁ သန်းအတွက် အသုံးချမယ့်အရာ ဖော်ထုတ်တဲ့ နေရာမှာ ဖော်ထုတ်ဖို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည့်ပြည့်စုံစုံဖြင့် အချက်အလက်ပေါင်း မြောက်မြားစွာနှင့် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြသင့်ကြောင်း တွေ့မြင်ရတဲ့အတွက် ကြောင့်မလို့ အခုလို ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးရုံးနှင့် ပတ်သက်ပြီးတော့ ကျွန်တော် အကြံပြုရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ (၁) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းမှာဆိုရင် သိန္နီ၊ ကျိုင်းတုံ၊ ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကုန်းမြင့်လယ်ယာမြေ ၂၀၀ ဧကဖြင့် စုစုပေါင်း (၆၀၀)ဧက၊ (၁)ဧကလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၃၀၀ သန်း ကျခံသုံးစွဲရန် အဆိုပြုလျာထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ကြိုတင် ရှင်းလင်းဆွေးနွေးသလိုပဲ ကျွန်တော့်အမြင်နဲ့ ကျွန်တော် တင်ပြထားခြင်း ဖြစ်ပါတယ်။ လိုအပ်ချက်များမှာဆိုရင် (၁) လုပ်ကိုင်ဆောင်ရွက်မည့် ကျေးရွာမှတောင်သူလယ်သမား အမည်၊ ဦးရေ၊ ခွင့်ပြုသည့် လယ်မြေဧကများ စာရင်းပြုစုရန်လိုအပ်ပါလိမ့်မယ်။ (၂) ကုန်းမြင့် လယ်ယာ (၂၀၀)ဧက ဖော်ထုတ်မည့်မြေနေရာ မြေပုံညွှန်းများလည်း ဖော်ပြသင့်ပါတယ်။ (၃) သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု အခြေခံအရင်းအမြစ်များ ဖြစ်သည့် ရေမြေသယံဇာတ များအရ အခြေအနေပေးသည့်နေရာများ ဟုတ်/ မဟုတ် ဆန်းစစ်သုတေသနပြုဖို့ လိုအပ်ပါတယ်။ (၄) စိုက်ပျိုးမြေဖော်ထုတ်ရာတွင် ကွန်တို၊ ကန်သင်းကန့် စိုက်ပျိုးမှုစနစ်လား၊ တောင်စောင်း စိုက်ပျိုးမှုစနစ်လား၊ လှေကားထစ်စိုက်ပျိုးမှုစနစ်လား ဒါမှမဟုတ် ရေသွင်းစိုက်ပျိုးမှုစနစ် စသည့်စနစ်များကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါတယ်။ ဒါ့အပြင် ဒီထဲမှာ ကျွန်တော် ကျန်ခဲ့တာကတော့ စိုက်ပျိုးမဲ့ သီးနှံများကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါလိမ့်မယ်။

သို့ဖြစ်ပါ၍ ကုန်းမြင့်လယ်ယာဖော်ထုတ်ရာတွင် အထက်ဖော်ပြပါ လိုအပ်သည့်အချက်အလက်များ ပြည့်စုံစွာဖြင့် စာရင်းပြုစုပြီး ပူးတွဲတင်ပြရန် လိုအပ်ကြောင်း အကြံပြုပါတယ်။

ပုဂ္ဂလိက တင်ဒါစနစ်ဖြင့် ကုန်းမြင့်လယ်ယာဖော်ထုတ်တဲ့နေရာမှာလည်း မိုင်းတုံမြို့နယ်မှာ (၁၉၀)ကေ၊ မိုင်းဆတ်မြို့နယ်မှာ (၁၅၀)ကေ စုစုပေါင်း (၃၄၀)ကေ၊ တစ်ကေလျှင် ကျပ် ၁.၁၅ သန်းဖြင့် စုစုပေါင်း ကျပ် ၃၉၁ သန်း ကုန်ကျမည်ကို အဆိုပြုထားပါတယ်။ ဒါလည်းထိုနည်းတူပါပဲ။ ယေဘုယျဆန်ဆန် ရွာလေးတွေပဲထည့်ထားပါတယ်။ လုပ်ငန်းစီမံကိန်းအဆိုပြုလွှာတင်ပြရာတွင်လည်း ယေဘုယျအားဖြင့် တင်ပြထားခြင်းဖြစ်ရာ ကုန်းမြင့်လယ်ယာဖော်ထုတ်ရာတွင် လိုအပ်သည့် အချက်အလက်များအတိုင်း ပြည့်စုံစွာစာရင်းပြုစုတင်ပြရန်လိုအပ်ကြောင်း အကြံပြုရခြင်း ဖြစ်ပါတယ်။ ဒီထက်မကလည်း လုပ်ထုံးလုပ်နည်းများရှိပါလိမ့်မယ်။ ဒါလည်းလိုအပ်သလိုပဲ ဖြည့်စွက်ပြီးတော့ သက်ဆိုင်ရာ ဌာနတွေက ဖြည့်စွက်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် သက်ဆိုင်ရာ အစိုးရအဖွဲ့ကလည်း စိစစ်ပြီးတော့ ခွင့်ပြုပေးသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ကျွန်တော် လေ့လာသုံးသပ်လိုက်တော့ အဆိုပါဌာန (၃)ခုတို့သည် လုပ်ငန်းစီမံကိန်းများ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများမှာ အင်မတန်မှများပါတယ်။ နတလလုပ်ငန်းဆိုရင် ကျပ်သန်းပေါင်း ၁၁,၀၀၀ သန်း၊ လျှပ်စစ်လုပ်ငန်းဆိုရင် ကျပ်သန်းပေါင်း ၃၆,၁၀၀ သန်း၊ ကျေးလက်လမ်း ကျပ်သန်းပေါင်း ၁၇,၄၁၅.၂၇၀သန်း ဆိုပြီးတော့ လာမည့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်နှစ်မှာ လုပ်ငန်းစီမံကိန်းတွေ ဆောင်ရွက်သွားမယ့် ဌာနဖြစ်ပါတယ်။ အထက်ဖော်ပြပါ ဌာန(၃)ခုတို့၏ ရင်းနှီးမြှုပ်နှံမှုများပြီး လုပ်ငန်းစီမံကိန်းအလွန်များပြားကြပါတယ်။ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်သွားရမှာလည်း ဖြစ်ပါတယ်။ သို့ပါ၍ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ကုမ္ပဏီများရှိသလို မြို့နယ်အသီးသီးမှာ ရှိကြသည့် ဒေသခံကုမ္ပဏီများကိုလည်း လုပ်ငန်းများအလိုက် အလုပ်အကိုင်အခွင့်အလမ်းအရ မျှတစွာခွင့်ပြုပေးနိုင်ပါရန် လိုအပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် အကြံပြုတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက စိစစ်သုံးသပ်တင်ပြမဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊ ယနေ့ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့အား ဦးစွာပထမ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့မှ ဦးခင်မောင်တင့် ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉) ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အပေါ် နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံစာပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်အနေဖြင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေ ကျပ် ၄၅,၃၀၅.၆၈၉ သန်း၊ ငွေလုံးငွေရင်း ရငွေကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေ ကျပ် ၄၅,၃၀၅.၇၀၉ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၁၀၇,၈၄၉.၉၂၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၈၈,၁၄၅.၅၄၂ သန်း၊ စုစုပေါင်း သုံးငွေကျပ် ၂၉၅,၉၉၅.၄၆၆ သန်းဖြစ်သဖြင့် လိုငွေကျပ် ၂၅၀,၆၈၉.၇၅၇ သန်း ဖြစ်ကြောင်းတွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရငွေစုစုပေါင်းမှာ အခွန်အကောက် ရငွေ ကျပ် ၃,၄၃၃.၉၅၇ သန်း၊ ပြည်ထောင်စုမှ ခွဲဝေပေးသော အခွန်ဝေစု ကျပ် ၁၂,၂၅၅.၆၅၉ သန်း၊ အခြားသာမန်ရငွေ ကျပ် ၂၃,၆၁၆.၀၅၃ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၂၀ သန်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၅,၀၀၀.၀၀၀၊ အရေးပေါ် ရန်ပုံငွေရငွေ ကျပ်သန်း ၁,၀၀၀.၀၀၀ ဖြစ်သဖြင့် ရငွေ စုစုပေါင်းမှာ ကျပ် ၄၅,၃၀၅.၆၈၉ သန်း ဖြစ်ပါတယ်။ ဘတ်ဂျက်လိုငွေအတွက် ကျပ် ၂၅၀,၆၈၉.၇၅၇ သန်း ဖြည့်ဆည်းပေးထား ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဗဟိုအဖွဲ့အစည်းများ၏ ရငွေ ကျပ် ၂၀,၉၇၀.၁၂၉ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ရငွေ ကျပ် ၃,၇၆၅.၂၃၆ သန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေကျပ် သန်း ၃၀.၀၀၀၊ စည်ပင် သာယာရေးအဖွဲ့များ၏ ရငွေကျပ် ၂၀,၅၄၀.၃၄၄ သန်း၊ စုစုပေါင်း ရငွေကျပ် ၄၅,၃၀၅.၇၀၉ သန်းဖြစ်ပြီး ဗဟိုအဖွဲ့အစည်းများ၏ အသုံးစရိတ်မှာ ကျပ် ၅၉,၁၁၆.၉၉၇သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ အသုံးစရိတ်ကျပ် ၁၇၄,၆၃၃.၇၀၈သန်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏အသုံးစရိတ်မှာ ကျပ် ၃၆,၁၀၅.၀၀၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ် ကျပ် ၂၆,၁၃၉.၇၆၁ သန်း၊ စုစုပေါင်း အသုံးစရိတ် ကျပ် ၂၉၅,၉၉၅.၄၆၆ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အခွန်အကောက်ရငွေခန့်မှန်းခြေစာရင်းတွင် ပြည်နယ် အစိုးရအဖွဲ့၏ ရေခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုပစ္စည်းခွန်အတွက် ရရှိသည့်အခွန် ကျပ် ၇၆.၃၇၀ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁,၁၆၀.၅၄၉ သန်း၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် ကျပ် ၄၈၇.၂၆၆ သန်း၊ ဓာတ်သတ္တု ပစ္စည်းခွန် ကျပ် ၂၂၀.၈၆၂ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းအိုင်ခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁၀.၀၀၀ သန်း၊ သစ်တောဦးစီး ဌာန၏ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အခွန် ကျပ် ၁၃၃.၄၃၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ပစ္စည်းခွန် ကျပ် ၁,၀၀၀.၅၂၁ သန်း၊ ဘီးခွန် ကျပ် ၃၄၅.၂၇၆ သန်း၊ စုစုပေါင်း ကျပ် ၃,၄၃၃.၉၅၇ သန်း လျာထားကြောင်းတွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင်  လစာစရိတ်ချီးမြှင့်ငွေ ကျပ် ၃၉,၆၇၂.၀၄၂ သန်း၊  ခရီးသွားလာစရိတ် ကျပ် ၁,၁၁၉.၅၈၅ သန်း၊  ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်မှုအတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၇,၂၁၈.၄၂၂ သန်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ် ၄၁,၂၄၈.၀၅၇ သန်း၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်ကျပ် ၁,၈၉၀.၇၃၆ သန်း၊ ဧည့်ခံကျွေးမွေးစရိတ်အတွက် ကျပ် ၂၈၅.၅၅၀ သန်း၊ ထောက်ပံ့အသုံးစရိတ်/ တိုင်းရင်းသား ရေးရာကိစ္စရပ်များအတွက် ကျပ် ၅,၀၁၅.၀၀၀ သန်း၊ စီမံစရိတ်နှင့် အရေးပေါ်ရန်ပုံငွေ ကျပ် ၁,၀၀၅.၀၀၀ သန်း၊ ပင်စင် ကျပ် ၃၉၅.၅၃၂ သန်း၊ စုစုပေါင်း ကျပ် ၁၀၇,၈၄၉.၉၂၄ သန်း လျာထားကြောင်းတွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဌာန/ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ် တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပါအဝင်ဆောက်လုပ်ရေးလုပ်ငန်း ကျပ် ၁၈၃,၀၈၉.၄၃၅ သန်း၊ စက်ကိရိယာ၊ ပရိဘောဂနှင့်ယာဉ်များ ကျပ် ၃,၇၆၅.၃၃၇ သန်း၊ အခြား ကျပ် ၁,၂၉၀.၇၇၀ သန်း၊  စုစုပေါင်း ကျပ် ၁၈၈,၁၄၅.၅၄၂ သန်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ဌာန/ အဖွဲ့အစည်းအသီးသီး၏ ငွေလုံးငွေရင်းအသုံးစရိတ်များ ကျပ် ၁၈၈,၁၄၅.၅၄၂ သန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေပါ ရှမ်းပြည်နယ်၏ရင်းနှီးမြှုပ်နှံမှု အဆိုပြုလျာထားချက်တွင် ပါဝင်သည့် ဌာန/ အဖွဲ့အစည်း အသီးသီး၏ လုပ်ငန်းစီမံကိန်းများနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အရေးပေါ်ရန်ပုံငွေနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) အပိုင်း(၅)၊ ပုဒ်မ ၁၅ (က)(ခ)(ဂ) ဖြင့် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။

အကြံပြုတင်ပြချင်တာကတော့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၌ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများရေးဆွဲရာတွင် ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နေရာဒေသများကို ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ စာရင်းပြုစုထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါစာရင်းအတိုင်း မြို့နယ်စီမံကိန်းမှစီမံကိန်းရေးဆွဲရာတွင်လည်း ဖွံ့ဖြိုးမှုရာခိုင်နှုန်းအလိုက်ကြိုတင်ရေးဆွဲသင့်ပါကြောင်း။

(ခ) ကုန်းမြင့်လယ်ယာကဏ္ဍတွင် ယခင်ကဖော်ထုတ်ခဲ့သောလယ်ယာမြေများသည် မြေပြင်တွင်အသုံးဝင်မှုမရှိကြောင်းသိရှိရပါသဖြင့် ကုန်းမြင့်လယ်ယာဖော်ထုတ်မှုကို အခြားခေါင်းစဉ်ဖြင့် ပြောင်းလဲသုံးစွဲရန် သို့မဟုတ် နောင်ဘဏ္ဍာရေးနှစ်များတွင် မြေပြင်အခြေအနေကို ကွင်းဆင်း၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်ဖြင့်သာ ဆောင်ရွက်သင့်ပါတယ်။

(ဂ) ကျေးလက်လမ်းဦးစီးဌာနမှ လုပ်ငန်းများခွဲဝေပေးရာတွင် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်သင့်ပါတယ်။

(ဃ) မြေပြင်တွင် အကျိုးပြုနိုင်မှုနည်းပါးသည့်လုပ်ငန်းရပ်များအစား လက်ရှိပိုမိုအကျိုးဖြစ်ထွန်းသည့်ဒေသများသို့ လုပ်ငန်းခေါင်းစဉ်ပြောင်းလဲပြီး ဆောင်ရွက်သင့်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကြွေးမြီရရှိမှု အနေအထားထည့်သွင်း ရေးဆွဲထားခြင်းကို မသိရှိရပါဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တွင် စုစုပေါင်း ရငွေကျပ် ၂၉၅,၉၉၅.၄၆၆ သန်း၊ စုစုပေါင်းသုံးငွေမှာ ကျပ် ၂၉၅,၉၉၅.၄၆၆ သန်းတို့ ဖြစ်သဖြင့် ဥပဒေ(မူကြမ်း)အား ပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ စိစစ်သုံးသပ်သည့် အစီရင်ခံစာ ဖိတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရမှ တာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲ များနှင့် ရှမ်းပြည်နယ် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်အပါအဝင် လေ့လာသူ များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့ ကျွန်တော် ဂါဝရပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒုတိယအကြိမ်မြောက် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်း တဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)အပေါ်မှာ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအနေနဲ့ စိစစ်သုံးသပ်ခဲ့တဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ မိနစ် (၂၀)ခန့် ကျွန်တော် power point သုံးပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီလိုမတင်ပြခင်မှာ ပြည်ထောင်စုလွှတ်တော်မှာလည်း ပြည်ထောင်စု လွှတ်တော်ရဲ့ အစည်းအဝေးမှာ (၁၇-၉-၂၀၁၉)ခုနှစ်မှာတော့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ အရ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးဖြစ်တဲ့ အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီအနေနဲ့လည်း ဒီနေ့မှာ ဆက်လက်ပြီးတော့ လွှတ်တော်ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်မှာ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းတဲ့ အချိန်မှာ ကျွန်တော်တို့ လေ့လာသုံးသပ်ချက်တွေအရဆိုရင် ပြည်ထောင်စုတစ်ဝှမ်းလုံး ဝန်ကြီးဌာန (၂၅)ခု၊ ဗဟိုအဖွဲ့အစည်း (၁၁)ခု၊ တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခုနဲ့ စီးပွားရေး အဖွဲ့အစည်းများအားလုံး သုံးစွဲခဲ့တဲ့ ပြည်ထောင်စုရန်ပုံငွေရဲ့ အသုံးစရိတ်ဟာ စုစုပေါင်း ကျပ် ၃၁,၉၁၉ ဘီလီယံရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သုံးစွဲမှုနဲ့ ပတ်သက်လို့ကတော့ ခုနက ကျွန်တော်တို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီ တင်ပြချက် အရဆိုရင် ကျပ် ၂၉၅ ဘီလီယံလောက်သုံးတာ တွေ့ရပါတယ်။ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာ ရန်ပုံငွေအနေနဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေမှာ (၀.၉၂၇)ရာခိုင်နှုန်းပါဝင်နေကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တစ်ဘီလီယံမှာ ကျပ်သန်းပေါင်း ၁,၀၀၀ သန်း၊ သိန်းပေါင်း

၁၀,၀၀၀ ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ ဘဏ္ဍာငွေသုံးစွဲမှုကို ခုနက စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကော်မတီက အသေးစိတ် ရှင်းလင်းတင်ပြသွားပြီးဖြစ်သလို ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့လည်း ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီရဲ့ သုံးသပ်ချက်အစီရင်ခံစာများကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

နိဒါန်းပိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉) ရက်၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ(မူကြမ်း)အပေါ်မှာ ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာတဲ့အတွက် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၉) ရက်နေ့တွင် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များမှ စိစစ်သုံးသပ်ဆွေးနွေးကြပြီး အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေ့လာတွေ့ရှိချက်အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြ ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါတဲ့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉)ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တွင် အပိုင်း(၅)ပိုင်းနှင့်ပုဒ်မပေါင်း (၁၅)ခု၊ ဇယား(၈)ခုပါဝင်ကြောင်း တွေ့ရှိ ရပါတယ်။ အပိုင်း(၁)မှာကတော့ အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်၊ အပိုင်း(၂)မှာ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၊ အပိုင်း(၃) တော့ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ၊ အပိုင်း (၄) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများ၊ အပိုင်း(၅) အရေးပေါ် ရန်ပုံငွေဆိုပြီး ပါရှိတာဖြစ်ပါတယ်။

အပိုင်း(၁) အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်အပိုင်းကတော့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုန်ဆုံးသည့်ကာလဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှ စတင်အကျိုးသက်ရောက်စေရမယ်လို့ ဖော်ပြထားတာ ဖြစ်ပါတယ်။ အပိုင်း(၂)မှာ

ကတော့ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဦးစီးဌာနများကနေပြီးတော့ အခန်း(၁)တွင် ရငွေများနှင့်သုံးငွေများ၊ အခန်း(၂)တွင် ငွေချေးယူခြင်းနှင့် အခန်း(၃)တွင် ပြည်ပအကူအညီရယူခြင်းများ ပါဝင်ပါတယ်။ ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီးတော့မှ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများတွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားတာ ဖြစ်ပါတယ်။ အပိုင်း(၄)မှာတော့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများကို ဖော်ပြထားပြီးတော့မှ ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်ဖြစ်ကြောင်း ဖော်ပြထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပိုင်း(၅)မှာကျတော့ ယခင်ဘဏ္ဍာရေးနှစ်တွေမှာမပါခဲ့တဲ့ အရေးပေါ်ရန်ပုံငွေနှင့် ပတ်သက်ပြီး ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် မီးလောင်တာတွေ၊ စစ်မက်ဘေးဒဏ်ခံစားရတဲ့ ပြည်သူလူထုတွေရဲ့ လိုအပ်ချက်တွေ နောက်ပြီးတစ်ခြား မမျှော်မှန်းနိုင်တဲ့အချက်အလက်တွေကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက် အရေးပေါ်ရန်ပုံငွေ တင်ပြသုံးစွဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖော်ပြထားကြောင်း တွေ့ရှိရတဲ့အတွက် ဒါအင်မတန်မှကို ပြည်နယ်အတွက်အကျိုးရှိမယ့် ရန်ပုံငွေလို့ ပြောလို့ရပါတယ်။

ကျွန်တော်တို့ ဥပဒေ(မူကြမ်း)၏ ဇယား(၁)တွင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်မှ ရငွေကျပ် ၂၀,၈၉၃.၇၅၉ သန်း ဖြစ်ပြီး ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ ဖွံ့ဖြိုးရေးရန်ပုံငွေအား လွှတ်တော်အသီးသီး သုံးဖို့အတွက်ကို ကျပ်သန်း ၅,၀၀၀.၀၀ သန်း ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပြည်နယ်အစိုးရအား ခွဲဝေပေးငွေရပ်အတွက် လျာထားကြောင်း တွေ့ရှိရပါတယ်။ ဥပဒေ (မူကြမ်း)၏ ဇယား(၂)တွင် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ သာမန်သုံးငွေကျပ်သန်းပေါင်း ၁၂,၂၁၈.၅၇၄ သန်းဖြစ်ပြီးတော့ ဖွံ့ဖြိုးရေးရန်ပုံငွေ ထောက်ပံ့ငွေကျပ်သန်း ၅,၀၀၀.၀၀၀သန်း၊ငွေလုံးငွေရင်းသုံးငွေကျပ် ၄၁,၈၉၈.၄၂၃သန်း၊ ဗဟိုအဖွဲ့အစည်းများအနေနဲ့ စုစုပေါင်းကျပ် ၅၉,၁၁၆.၉၉၇ သန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ဥပဒေ(မူကြမ်း)၏ ဇယား(၃)တွင် ပြည်နယ်အဆင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးဌာနများ၏ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်ရငွေတွေကို ကျွန်တော်တို့ဖော်ပြထားတာဖြစ်ပါတယ်။ အခွန်အကောက်ရငွေစုစုပေါင်း ကျပ် ၁,၁၆၀.၅၄၉ သန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယစ်မျိုးခွန်အတွက် ကောက်ခံရရှိသည့် အခွန်အကောက်ဖြစ်ပြီး နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် ငွေကျပ်သန်းပေါင်း ၉၂၇.၆၁၁ သန်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် ကျပ် ၄၈၆.၉၄၉ သန်း၊ အစိုးရအဖွဲ့မှ ရေခွန်နှင့် တာတမံခွန်ကောက်ခံငွေ ကျပ်သန်းပေါင်း ၂၅.၈၅၀ သန်း၊ သစ်တောဦးစီးဌာနမှ ကောက်ခံတဲ့ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် ကျပ် ၁၃၃.၄၃၀ သန်း၊ အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် ကျပ်သန်းပေါင်း ၂၇၁.၃၈၂ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ခံသည့်အင်းအိုင်ခွန် ကျပ်သန်းပေါင်း ၁၀.၀၀၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန် ငွေကျပ်သန်းပေါင်း ၁,၃၄၅.၇၉၇ သန်း၊ ပစ္စည်းခွန်အတွက် ရငွေကျပ်သန်းပေါင်း ၁,၀၀၀.၅၂၁ သန်းနှင့် ဘီးခွန်အတွက် ရငွေကျပ် ၃၄၅.၂၇၆ သန်း၊ စုစုပေါင်းငွေ ကျပ်သန်းပေါင်း ၃,၄၃၃.၉၅၇ သန်း ကောက်ခံရန်လျာထားသည်ကို တွေ့ရှိရပါတယ်။ ဥပဒေ(မူကြမ်း)၏ဇယား(၃) ပြည်နယ်အဆင့်ဦးစီးဌာနများ၏ အခြားသာမန်ရငွေမှာတော့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ အခြားသာမန်ရငွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု၏ အခြားသာမန်ရငွေ ကျပ် ၃၈၃.၇၁၁ သန်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅.၇၄၀ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ်သန်းပေါင်း ၉၉.၇၇၂ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ်သန်းပေါင်း ၀.၅၂၀ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ်သန်းပေါင်း ၁.၃၀၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ကျပ် ၁၉၆.၅၅၃ သန်းနှင့် စုစုပေါင်း အခြားသာမန်ရငွေ ကျပ်သန်းပေါင်း ၇၅၃.၄၄၆ သန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ရငွေပေါ်မှာ ပါဝင်သော အရေးပေါ်ရန်ပုံငွေအတွက် ကျပ်သန်း ၁,၀၀၀.၀၀၀ နှင့် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၅၀,၆၈၉.၇၅၇ သန်း ရရှိရန်လျာထားတဲ့အတွက်ရငွေစုစုပေါင်းသာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကျပ်သန်းပေါင်း ၂၅၅,၈၇၇.၁၆၀ သန်း လျာထားသည်ကို တွေ့ရှိရပါတယ်။

ဥပဒေ(မူကြမ်း)ရဲ့ ဇယား(၄) ရှမ်းပြည်နယ်၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဦးစီးဌာနလုပ်ငန်းအဖွဲ့အစည်းအလိုက် အသုံးစရိတ်များကို ပြန်လည်ပြီး စစ်ဆေးကြည့်လိုက်တဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေကျပ် ၇,၀၂၃.၄၇၉ သန်း၊ ငွေလုံး ငွေရင်းသုံးငွေ ကျပ် ၃,၂၈၂.၉၈၀ သန်း၊ ပေါင်းငွေ ကျပ်သန်းပေါင်း ၁၀,၃၀၆.၄၅၉ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိဌာန (၁)ခု၏ သာမန်သုံးငွေ ကျပ် ၁၆,၆၃၈.၇၄၈ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁,၇၉၉.၁၈၀ သန်း၊ စုစုပေါင်းငွေကျပ် ၁၈,၄၃၇.၉၂၈ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၉,၇၅၈.၅၃၅ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁,၇၅၆.၇၁၇ သန်း၊ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၁,၅၁၅.၂၅၂ သန်း ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၃,၁၁၂.၄၃၈ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁,၀၅၉.၁၂၄ သန်း၊ ပေါင်းငွေ ကျပ်သန်းပေါင်း ၄,၁၇၁.၅၆၂ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၂,၇၇၄.၄၅၇ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၃,၈၀၀.၀၀၀ သန်း၊ ပေါင်းငွေကျပ် ၆,၅၇၄.၄၅၇ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၂,၁၄၂.၈၃၇ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၁,၀၀၀.၈၀၀ သန်း၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန၏ စာရင်းတွင်ပါဝင်သော အရေးပေါ်ရန်ပုံငွေတွက် သုံးငွေ ကျပ်သန်းပေါင်း ၁,၀၀၀.၀၀၀ သန်း၊ ပေါင်းငွေ ကျပ် ၄,၁၄၃.၆၃၇ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၁)ခု၏ သာမန် သုံးငွေ ကျပ် ၈၀.၉၉၁ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၄.၃၇၅ သန်း၊ ပေါင်းငွေကျပ် ၁၀၅.၃၆၆ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ သာမန်သုံးငွေကျပ် သန်းပေါင်း ၃၈,၄၇၁.၈၁၃ သန်း ၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၈၀,၈၈၇.၂၈၈ သန်း၊ ပေါင်းငွေ ကျပ်သန်းပေါင်း ၁၁၉,၃၅၉.၁၀၁ သန်း၊ ကုန်တင်ကုန်ချကော်မတီရုံး၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၁၉.၉၄၆ သန်း သုံးစွဲရန်လျာထားတာဖြစ်တဲ့အတွက် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၈၀,၀၂၃.၂၄၄ သန်းဖြစ်ပြီးတော့မှ အရေးပေါ်ရန်ပုံငွေ ကျပ်သန်း ၁,၀၀၀.၀၀၀၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၉၃,၆၁၀.၄၆၄ သန်း၊ သုံးငွေစုစုပေါင်းကျပ်သန်းပေါင်း ၁၇၄,၆၃၃.၇၀၈ သန်းလျာထားသည်ကို တွေ့ရှိရပါတယ်။ ဒါကတော့ ရှမ်းပြည်နယ်ဘဏ္ဍာရေးရဲ့ အသုံးစရိတ်ထဲမှာ ပါဝင်တဲ့ ဦးစီးဌာနနဲ့ လုပ်ငန်းအဖွဲ့အစည်းတွေရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်အပါအဝင် ကျွန်တော်တို့ သာမန်အသုံးစရိတ်များကိုကောက်နှုတ်ဖော်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနတွေရဲ့

သုံးစွဲမှုနှင့်ပတ်သက်ပြီး ဖော်ပြပြီးတဲ့အချိန်မှာ ရှမ်းပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ ဖြစ်ပါတယ်။ ဒါကတော့ စီမံကိန်းတွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်မဲ့ လုပ်ငန်းအသစ်၊ နောက်ဆောင်ရွက်ဆဲလုပ်ငန်းတွေ၊ အစားထိုးလုပ်ငန်းတွေ၊ ဖြည့်စွက်မဲ့ လုပ်ငန်း၊ တိုးချဲ့မဲ့ လုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စက်ပရိဘောဂ၊ ယာဉ်ဝယ်ယူမှု လုပ်ငန်းနှင့် အခြားလုပ်ငန်းတွေ စုစုပေါင်းလုပ်ငန်းပေါင်းအလိုက် သုံးစွဲသွားမယ့်ငွေတွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရက တိုက်ရိုက်သုံးစွဲသွားမယ့် လုပ်ငန်းသစ် (၄)ခု ရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၆)ခု ဖြစ်ပါတယ်။ စက်ပရိဘောဂ၊ ယာဉ်သုံးစွဲမယ့် လုပ်ငန်း(၄)ခုနှင့် အခြားလုပ်ငန်း (၁၀)ခုအပါအဝင် စုစုပေါင်း(၂၄)ခု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိုက်ရိုက် အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ သုံးစွဲသွားမယ့်ငွေကတော့ ဖော်ပြပါအတိုင်း ကျပ်သန်း ပေါင်း ၁၂၆၁၈.၅၃၆ သန်းသုံးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအောက်ရှိ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ သုံးစွဲသွားမယ့်ဌာနတွေက ခုနက ကျွန်တော်တင်ပြတဲ့ ကုန်းမြင့်လယ်ယာ၊ စက်မှုလယ်ယာ၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကျေးလက်ဦးစီးဌာန၊ ဆည်မြောင်း၊ ရေအရင်းအမြစ်၊ မြစ်ချောင်းဖြိုး၊ မိုးဇလ၊ ညောင်ရွှေပြတိုက်စသည်အားဖြင့် အဖွဲ့ပေါင်း (၁၀)ခုရှိပြီးတော့မှ ကျပ်သန်းပေါင်း ၄၀၉၀၃.၂၂၉ သန်း၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကနေ တိုက်ရိုက်သုံးစွဲသွားမယ့်ငွေ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဇယားတွေ စိတ်ရှုပ်ထွေးသွားမှာစိုးတဲ့အတွက် ဥပဒေကော်မတီအနေနဲ့ အသေးစိတ်ဖတ်ပြီး ပြုစုထားတဲ့ စာရင်းဇယား ဖြစ်ပါတယ်။ စာအုပ်စစ်ရင်းနဲ့ နောက်ဆက်တွဲ ဇယားနဲ့ဆိုရင် မျက်စိမလည်သွားအောင်လို့ ကျွန်တော်တို့ ဖော်ပြပေးထားတာဖြစ်ပါတယ်။ အလားတူဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီး မြှုပ်နှံမှုအဆိုပြုချက်(၅)မှာ ဗဟိုအဖွဲ့အစည်း(၅)ခုဆိုတာ လွှတ်တော်အပါအဝင် ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ရုံးတွေ၊ ဒါတွေသုံးစွဲမယ့်နေရာမှာ အစားထိုးလုပ်ငန်း (၅)ခု၊ တိုးချဲ့မယ့် လုပ်ငန်း (၁၇)ခု၊ စက်ပရိ ဘောဂနှင့် ယာဉ်ဝယ်ယူမှု (၂၂)ခု၊ တခြားလုပ်ငန်း(၁)ခုနှင့် စုစုပေါင်း(၄၅)ခု ကျပ်သန်းပေါင်း ၉၉၅.၁၉၄ သန်း သုံးသွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ ပြည်နယ်ဘတ်ဂျက်တွေ ဘယ်မှာ သုံးနေလဲ၊ ဘာလုပ်ငန်းတွေမှာ သုံးသလဲဆိုတာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေ အမြဲတမ်းမျှမျှတတခွဲဝေသုံးစွဲဖို့၊ ဒေသအသီးသီး ပြန့်ပြန့်နှံ့နှံ့ ညီညီညွတ်ညွတ်မျှမျှတတ ဖွံ့ဖြိုးဖို့ဆိုတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကိန်း ဂဏန်းများဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းရပ် ၃၁ ခုအတွက်ဆိုရင် ငွေကျပ်သန်း

ပေါင်း ၃,၂၈၂.၉၈၀ သန်း သုံးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အနေနဲ့ တိုးချဲ့လုပ်ငန်း(၁၁)ခုနဲ့ စက်ပရိဘောဂနှင့် ယာဉ်လုပ်ငန်းတွေ အပါအဝင်လုပ်ငန်းရပ် (၁၄) ခုအတွက် လျာထားငွေ ကျပ် ၁,၇၉၉.၁၈၀ သန်း သုံးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အစားထိုးလုပ်ငန်း (၄)ခု၊ တိုးချဲ့လုပ်ငန်း (၂၁)ခု၊ စက်၊ ပရိဘောဂနှင့် ယာဉ်(၆၄)ခု၊ အခြားလုပ်ငန်းတွေ (၃၃)၊ စုစုပေါင်းလုပ်ငန်းရပ် ၁၂၂ ခု အတွက် ကျပ်သန်းပေါင်း ၁၇၅၆.၇၁၇ သန်း၊ ဒါငွေလုံးငွေရင်းအနေနဲ့ သုံးသွားမယ့်ငွေတွေ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ တိုးချဲ့ လုပ်ငန်း(၈)ခု၊ စက်၊ ပရိဘောဂနှင့် ယာဉ် လုပ်ငန်း (၃၇)ခုနှင့် အခြားလုပ်ငန်း(၁၈)ခုအပါအဝင် ဌာန(၃)ခု၏ လုပ်ငန်းရပ်(၆၃)ခုအတွက် သုံးစွဲမယ့်ငွေသည် ကျပ်သန်းပေါင်း ၁,၀၅၉.၁၂၄ သန်း ဖြစ်ပါတယ်။ လျှပ်စစ်နဲ့ပတ်သက်လို့တော့ အားလုံးစိတ်ဝင်စားမယ့် မီးလင်းရေးလုပ်ငန်းတွေ၊ ဒါတွေဟာ အစားထိုးလုပ်ငန်း (၁၂၁)ခု၊ တိုးချဲ့လုပ်ငန်း (၄၈၀)ခုနှင့် လုပ်ငန်းရပ်ပေါင်း ၆၀၁ ခု အတွက် သုံးစွဲသွားမှာဖြစ်ပြီး ကျပ်သန်းပေါင်း ၃၆,၁၀၀.၀၀၀ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ သိန်းပေါင်း ၃၆၀,၀၀၀ ကျော်လောက် သုံးမယ့်လုပ်ငန်းဖြစ်ပါတယ်။ ဒါတွေဟာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ နယ်ပယ်အသီးသီးမှာ သုံးစွဲသွားမယ့် ငွေစာရင်းတွေ ဖြစ်ပါတယ်။ အလားတူဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ ဖြည့်စွက်လုပ်ငန်း(၁၀၃)ခု အတွက်ကို ကျပ်သန်းပေါင်း ၃,၈၀၀.၀၀၀သန်း သုံးစွဲဖို့လျာထားတာဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဖြည့်စွက်လုပ်ငန်း(၄)ခုအပါအဝင် လုပ်ငန်းပေါင်း (၇၁) ခုအတွက် ကျပ်သန်းပေါင်း ၁,၀၀၀.၈၀၀ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ လုပ်ငန်းရပ်(၂၃)ခုအတွက် ကျပ်သန်းပေါင်း ၂၄.၃၇၅ သန်း သုံးစွဲပြီး ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းသစ် (၁၉၂) ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း(၄၆၇)ခု အပါအဝင် စုစုပေါင်းလုပ်ငန်း(၆၇၆)ခု အတွက် ကျပ်သန်းပေါင်း ၈၀,၈၈၇.၂၈၈ သန်း ဖြစ်ပါတယ်။ အများဆုံးသုံးစွဲသွားမဲ့ ဌာနလည်းဖြစ်ပါတယ်။ ဒါတွေကတော့ လမ်းတံတားတည်ဆောက်ရေးတွေ မိမိရဲ့မဲဆန္ဒနယ် မြေအလိုက် ခုနကလွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသလို လွှတ်တော်ကိုယ်စားလှယ် များရဲ့ ပါဝင်မှု၊ စစ်ဆေးမှု၊ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့မှ ကောင်း/ သင့်/ ညှိ စိစစ်နိုင်မှုတွေ ဒါတွေက လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း တာဝန်ရှိလာမယ်။ ဘတ်ဂျက်နဲ့ ပတ်သက် တဲ့တာဝန်ယူမှုတွေလည်း တစ်ဆက်တည်း တင်ပြသွားလိုပါတယ်။ စည်ပင်သာယာရေးဌာန အနေနဲ့ကတော့ လုပ်ငန်းရပ်ပေါင်း (၁၄၁၁) ခု ဆောင်ရွက်သွားမှာဖြစ်ပြီး သုံးစွဲမယ့် ငွေလုံး ငွေရင်းအသုံးစရိတ်က ကျပ်သန်းပေါင်း ၁၆,၅၃၆.၆၅၅ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၉- ၂၀၂၀ လာမည့်ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေနဲ့

ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းကတော့ လုပ်ငန်းပေါင်း ၃၅၆၆ ခုအတွက် ကျပ်သန်းပေါင်း ၁၈၈,၁၄၅.၅၄၂ သန်း သုံးစွဲသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဆိုပြုလျာထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

ဇယား(၅)နှင့်(၆)အနေနဲ့ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ရငွေနှင့် သုံးစွဲမှု ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဝန်ကြီးဌာနမှ အခြားသာမန်ရငွေ ကျပ်သန်း ၃၀ ရရှိရန်လျာထားပြီး ကျပ်သန်းပေါင်း ၃၆,၁၀၅.၀၀၀ သန်း သုံးစွဲထားတာကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျေးရွာမီးလင်းရေးအတွက် သုံးစွဲထားတာ ဖြစ်ပါတယ်။ ဇယား(၇)နှင့်(၈) စည်ပင်သာယာရေးအဖွဲ့ရဲ့ ရငွေ၊ သုံးငွေဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေမှာ သာမန်သုံးငွေကို အပြာရောင်အရင့်နှင့်ပြပြီးတော့ ငွေလုံးငွေရင်းသုံးငွေမှာ အပြာရောင်အနုနဲ့ ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ လွှတ်တော်က ဆွေးနွေးပြီးဖြစ်ပါတယ်။ မှတ်တမ်းအဖြစ်လည်း မှတ်တမ်းထားပြီး ဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့လည်း စည်ပင်သာယာရေးဝန်ထမ်းတွေရဲ့ လစာစရိတ်၊ သာမန်အသုံးစရိတ်တွေဟာ ပြည်သူတွေဆီကကောက်တဲ့ ပိုက်ဆံနဲ့ ပြန်သုံးနေတယ်ဆိုရင် နောက်ပိုင်းပင်စင်ကိစ္စတွေက အစ သူတို့ရဲ့ လစာစရိတ်တွေအဆုံး ပြည်သူက တိုက်ရိုက်ကျခံ တာမျိုးမဖြစ်ဘဲ ပြည်သူတွေဆီက ကောက်တဲ့ငွေ ပြည်သူတွေရဲ့ ဒေသမှာပဲ ပြန်သုံးဖို့ဆိုတဲ့ ကိစ္စရပ်လေးတွေ ကျွန်တော်တို့ ဆွေးနွေးပြီး ဖြစ်ပါတယ်။ နောက်မကြာမီ ဥပဒေတွေ ဖြစ်လာ တဲ့အခါကျရင် ကျွန်တော်တို့ ပြည်သူလူထုဆီကနေ ကောက်ခံရရှိငွေ ပြည်သူလူထုဆီ တိုက်ရိုက်အကျိုးရှိတဲ့ လုပ်ငန်းတွေ သုံးစွဲသွားနိုင်မှာဖြစ်ကြောင်းနှင့် သာမန်သုံးငွေလျော့ပြီးတော့ ငွေလုံးငွေရင်း အသုံးစရိတ် တက်လာနိုင်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းအပေါ်မှာ အကြံပြု တင်ပြချက်များ ဆက်လက်တင်ပြပါမယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အခန်း (၆)ခန်း၊ ပုဒ်မ ၂၃ ခု တို့ဖြင့် ပြည်ထောင်စုလွှတ်တော်မှ ရေးဆွဲထားပြီး ပြည်သူများသိရှိ လေ့လာအကြံပြုနိုင်ရန် ကြေညာထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှလည်း နောက်ပိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဘဏ္ဍာငွေအရအသုံးရေးဆွဲခြင်းဆိုင်ရာ ဥပဒေဆိုပြီးတော့မှ နောက်ပိုင်း MPU ကနေလည်း အတည်ပြုထားပြီး ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးသွားမယ့်ဥပဒေ ဖြစ်ပါတယ်။ အဆိုပါ ဥပဒေကြမ်း အတည်ပြုပြီးပြီဆိုရင် နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ ရေးဆွဲ တင်ပြရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်တဲ့အတွက် အခက်အခဲမရှိဘဲ ပြည့်ပြည့်စုံစုံပိုပြီးတော့ ဖြစ်လာမှာလည်း ဖြစ်ပါတယ်။

ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော်ကို တင်သွင်းတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဥပဒေ (မူကြမ်း)အပေါ် အကြံပြုချက်အနေနဲ့ကတော့ (က) ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများအား တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ဖို့ အကြံပြုပါတယ်။ (ခ)အနေနဲ့ ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ အမိန့် ကြော်ငြာစာအမှတ် (၃၅/၂၀၁၇)နှင့် သုံးစွဲသွားဖို့လည်း အကြံပြုလိုပါတယ်။ အပိုဒ်(ဂ) အနေနဲ့ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အပိုဒ်(ဃ) အနေနဲ့ကတော့ ဘတ်ဂျက်ပိုလျှံငွေများ ရှိလာမည်ဆိုရင် စနစ်တကျ ပြန်လည်အပ်နှံနိုင်ရေးဆောင်ရွက်သွားဖို့နဲ့ ဘတ်ဂျက်ပိုလျှံအပ်နှံငွေမှ တစ်ဆင့် ကျွန်တော်တို့ အခြားလိုအပ်တဲ့ လုပ်ငန်းစဉ်တွေ အစိုးရအဖွဲ့အနေနဲ့ စီမံနိုင်ဖို့ အတွက်ကိုလည်း စနစ်တကျဆောင်ရွက်ပေးပါလို့ အကြံပြုတင်ပြပါတယ်။

၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)တွင် လျာထားသော အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၅)ခု၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၁၉)ခုပဲ ရှိပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း(၁)ခုနှင့် စည်ပင် သာယာရေးအဖွဲ့များ (၁)ခုတို့မှ ရငွေဟာ ကျပ်သန်းပေါင်း ၂၉၅,၉၉၅.၄၆၆ သန်းရရှိ ဖို့ဖြစ်ပါ တယ်။ နောက်ကျွန်တော်တို့ ဗဟိုအဖွဲ့အစည်း(၅)ခုနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၉)ခု၊ ကော်မတီရုံး(၁)ခု၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေး အဖွဲ့(၁)ခု အပါအဝင် သုံးမယ့်သုံးစွဲငွေပေါင်းဟာ ကျပ်သန်းပေါင်း ၂၉၅,၉၉၅.၄၆၆ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရတာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ ရွှင်လန်းချမ်းမြေ့ ကြပါစေ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းပေးပါရန်နှင့် အတည်ပြု ပေးနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)နှင့်အညီ (၁၇.၉.၂၀၁၉)ရက်နေ့တွင် ကျင်းပပြု လုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ (၁၄.၉.၂၀၁၉) ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ဌာန/ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ လည်းကောင်း၊ (၁၈.၉.၂၀၁၉)ရက်နေ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ယခုတင်ပြထားတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ စိစစ်ပြီးဖြစ်တဲ့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး

ဆိုင်ရာဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့် အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၂၃ ရက် (တနင်္လာနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(ပဉ္စမနေ့)မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်**

**[တနင်္လာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။**

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈.၅၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဥ္စမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြု

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၃-၉-၂၀၁၉ ရက် (ပဉ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးစိုင်းရဲန်တစ်လုံ၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၃) ဦးခွန်းအေးမောင်၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးဂူဆာ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၅) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၆) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၇) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၈) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယခင်ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် (၁၆)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၇)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ) (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ မေးခွန်းကိုတိုက်ရိုက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ၂၀၂၀ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းများသည် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် အသက်(၁၈)နှစ်ပြည့်သူတိုင်း မဲပေးပိုင်ခွင့်ရရှိရန်အတွက် မှတ်ပုံတင်မရှိသည့် ပြည်သူများကို အချိန်မီမှတ်ပုံတင်အလျင်အမြန်ရရှိအောင် မည်သို့စီမံဆောင်ရွက်ပေးသည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးမြန်းလာသည့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းများသည် မည်သည့်အတိုင်းအတာအထိဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် အသက် (၁၈)နှစ်ပြည့်သူတိုင်း မဲပေးပိုင်ခွင့်ရရှိရန်အတွက် မှတ်ပုံတင်မရှိသည့် ပြည်သူများကို အချိန်မီမှတ်ပုံတင်အလျင်အမြန်ရရှိအောင် မည်သို့စီမံဆောင်ရွက်ပေးသည်ကို အများပြည်သူ သိရှိနိုင်ပါရန်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗိုလ်မှူးကြီးလှဦးက ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ၂၀၂၀ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အခြေခံမဲစာရင်းပြုစုခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ (၄)လအတွင်း အပြီးကောက်ယူသွားမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများကောက်ယူရာတွင် အိမ်ထောင်စု လူဦးရေစာရင်း ရှိပြီးသူများနှင့် မရှိသေးသူများ၊ နိုင်ငံသား

စိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ပြီးသူများနှင့် မကိုင်ဆောင်ရသေးသူများစာရင်းကိုပါ တစ်ပါတည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ကောက်ယူလျက်ရှိရာ ရရှိလာမည့် အချက်အလက် အထောက်အထားများအပေါ်မူတည်၍ ဇွန်လမှ စက်တင်ဘာလကုန်ထိ စိစစ်သွားပြီး နိုဝင်ဘာလမှစ၍ အိမ်ထောင်စုစာရင်း မရှိသေးသူများနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမရှိသေးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီး မှူးရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်၏ လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းစီမံချက်အတိုင်း အချိန်မီပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးအနေဖြင့်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၆-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၀၂/မ-၆ (နသေ-၄) ၁၅၇၃၆/ အမတ ညွှန်ကြားချက်အမှတ် (၃/၂၀၁၉)အတိုင်း ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား အားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး စီမံချက်ဖြင့်ဆောင်ရွက်မည့် တရားဝင်/ ယာယီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးရေး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာရှိတဲ့ နံနက်ခင်းမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ ကျိုင်းတုံမြို့နယ်အတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ အသုံးပြုလိုခြင်းမရှိ၍ အသီးသီးပြန်လည်စွန့်လွှတ်အပ်နှံခဲ့ကြသည့် နိုင်ငံပိုင်

(State Land) ဧကမည်မျှရှိခြင်းနှင့် ယင်းနိုင်ငံပိုင်မြေ (State Land) များထဲမှ သီးခြားရုံး မြေနေရာမရှိသည့် ဌာနဆိုင်ရာရုံးများအတွက် သီးခြားရုံးမြေနေရာများ ခွဲဝေချထားပေးနိုင် ရေးကိစ္စနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယခင်အစိုးရ ပထမသက်တမ်းကာလဖြစ်သည့် (၁.၄.၂၀၁၁) ရက်နေ့မှ (၃၁.၃.၂၀၁၆) ကာလအတွင်း ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီလက်ထက်နှင့် ယခုအစိုးရဒုတိယ သက်တမ်းကာလဖြစ်သည့် (၁.၄.၂၀၁၆) ရက်နေ့မှ ယနေ့အထိ လယ်ယာမြေနှင့် အခြား မြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လက်ထက်များတွင် ကျိုင်းတုံမြို့နယ်အတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ အသုံးပြုလိုခြင်းမရှိ၍ အသီးသီးပြန်လည်စွန့်လွှတ်အပ်နှံခဲ့ကြသည့် နိုင်ငံပိုင်မြေ(State Land) ဧကမည်မျှရှိသည်။ အဆိုပါ နိုင်ငံပိုင်မြေ(State Land)များအား ကျိုင်းတုံမြို့နယ်အတွင်းရှိ မည်သည့် ဌာနမှ မည်ကဲ့သို့ထိန်းသိမ်းထားရှိသည်။ ဆက်လက်၍ ကျိုင်းတုံမြို့နယ်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ မြို့တော်ဖြစ်တာနှင့်အညီ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရုံးစိုက်သည့်မြို့ ဖြစ်သဖြင့် ယင်းနိုင်ငံပိုင်မြေ (State Land) များထဲမှ သီးခြားရုံးမြေနေရာ မရှိသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ရုံးများအတွက် သီးခြားရုံးမြေနေရာ ခွဲဝေချထားပေး နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ဤဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်သည့် မြေယာကိစ္စနှင့်ပတ်သက်သည့် မေးခွန်း ကိုလည်း တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်းမှ မိုးနဲ- ကျိုင်းတုံ မီးရထားလမ်းပိုင်း၊ ကျိုင်းတုံမြို့နယ်အတွင်း မြန်မာ့မီးရထားလုပ်ငန်းမှ အသုံးပြုလိုခြင်းမရှိလို့ ဧရိယာ(၄၂.၄၂)ဧကကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုံစံ(၁)၊ ပုံစံ(၁-က)များဖြင့် အပ်နှံပြီးကြောင်း သိရှိရပါတယ်။

ဒီလိုစွန့်လွှတ်အပ်နှံမြေ ဧရိယာ(၄၂.၄၂)ဧကအား လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်မှ အပ်နှံခွင့်ပြုပြီးနောက် နိုင်ငံတော်ပိုင်မြေအဖြစ်(State Land)သတ်မှတ်ပြီးပါက ယင်း(၄၂.၄၂) ဧကမှာ တောင်သူများသို့ လယ်ယာမြေလျော်ကြေးများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ

နှင့်အညီ ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်သည့်အတွက် ကျွန်တော်တို့ အရင်တုန်းက မူလရထားလမ်း ဖောက်လုပ်တဲ့ လမ်းကြောင်းအတိုင်း မြို့ရှောင်လမ်းဖောက်လုပ်ရန် လမ်းဦးစီးဌာနကနေပြီးတော့ ဘဏ္ဍာငွေထဲမှ တချို့တစ်ဝက်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပါရှိထားပြီးဖြစ်ကြောင်း သိရှိရပြီး အဆိုပါ မြို့ရှောင်လမ်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ပါက ကုန်တင်ကုန်ချ မော်တော်ယာဉ်ကားကြီးများအတွက် ကုန်တင်ကုန်ချပြုလုပ်နိုင်ခြင်းကိုလည်းကောင်း၊ ခရီးသည်တင်အဝေးပြေးယာဉ်ကြီးများအတွက် ယာဉ်ရပ်နားစခန်းကိုလည်းကောင်း မဖြစ်မနေလိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့် မြို့အင်္ဂါရပ်နှင့်အညီ အဝေးပြေးယာဉ်ရပ်နားစခန်းတစ်ခု ခန့်မှန်းဧရိယာ(၁၅)ကေခန့်ကို လက်ရှိတွင် မဖြစ်မနေ သီးခြားဖွင့်လှစ်ရန် လိုအပ်ခြင်းအတွက် မီးရထားဌာနမှ စွန့်လွှတ်သည့် ကျိုင်းတုံ- တောင်ကြီး ကားလမ်းမဘေး၊ ကျိုင်းတုံတက္ကသိုလ်ရှေ့မှာရှိတဲ့ ဧရိယာ (၄၂.၄၂)ကေပေါ်တွင် အဝေးပြေး ယာဉ်ရပ်နားစခန်းမြေနေရာအား ခွဲဝေချထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိကို ဤဒုတိယအကြိမ် လွှတ်တော် သက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ဒေါက်တာဝဏ္ဏစိုး မေးမြန်းသည့် ကျိုင်းတုံမြို့နယ်အတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ အသုံးပြုလိုခြင်းမရှိ၍ အသီးသီးပြန်လည်စွန့်လွှတ်ခဲ့ကြသည့် နိုင်ငံပိုင်(State Land)ကေ မည်မျှရှိပြီး အဆိုပါနိုင်ငံပိုင်မြေ(State Land)မြေများအား မည်သည့်ဌာနမှ မည်ကဲ့သို့ထိန်းသိမ်းထားရှိပြီး သီးခြားရုံးမြေနေရာမရှိသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများအတွက် သီးခြားရုံးမြေနေရာများ ခွဲဝေချထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်

ဦးစိုင်းလုံကျော်အနေဖြင့် အောက်ပါအတိုင်း ရှင်းလင်းစွာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ အသုံးပြုလိုခြင်းမရှိ၍ အသီးသီးပြန်လည်စွန့်လွှတ်ခဲ့ကြသည့် နိုင်ငံပိုင်မြေ (State Land)ကေဟာ (၂၅၃၉.၈၁၉)ကေရှိပြီးတော့ (၁၀၀၆.၇၆၉)ကေကို မူလပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါတယ်။ ကျန်မြေ (၁၅၃၃.၀၅)ကေမှာ (၁၅၂၅)ကေသည် ကျောက်တောင်မြေ အမျိုးအစားဖြစ်ပြီး (၈.၀၅)ကေသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၏ (၂၉-၃-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၄၅၈/၁-ကော်မတီ/မစခ (ဗဟို)/၂၀၁၆ဖြင့် ပြန်လည်အပ်နှံခွင့်ပြုပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၈-၆-၂၀၁၆)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၅၈၃/၂၀၁၆)၊ စာအမှတ်၊ ပထရ/၂-၃(၁၅၈၃)/ထောက်၂ အရ (State Land)မြေအဖြစ် သတ်မှတ်ပြီး ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ တွင် "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်" ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ၎င်းအပြင် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေ ပုဒ်မ ၄ အပိုဒ်ခွဲ (၁)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ "တစ်စုံတစ်ဦးအား အခွန်လွတ် အပိုင်ပေးအပ်ထားခြင်းမရှိသည့်မြေများ အားလုံးသည် နိုင်ငံပိုင်မြေ (State Land)" ဟု သတ်မှတ်ကြောင်း ဖော်ပြထားပါတယ်။ ယင်းမြေများကို ပြည်သူတို့အား လက်ဝယ်ထားပိုင်ခွင့်၊ အပိုင် (သို့) အငှားစာချုပ်ဖြင့် အသုံးပြုခွင့်၊ ကာလစည်းကမ်းသတ်မှတ်ချက်အရ အသုံးပြုခွင့်ဟူသော အခွင့်အရေးများပေးကြောင်း အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၇ တွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

သိမ်းဆည်း/ လွှဲပြောင်းရယူထားသော လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ ပယ်ဖျက်ပြီး သစ်တောမြေများ၊ ပယ်ဖျက်ပြီး စားကျက်မြေများ၊ အခြားမြေများကို ရယူခဲ့သော နည်းလမ်းများအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အသုံးမလိုသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံခြင်း၊ မူလပိုင်ရှင်/ လုပ်ပိုင်ခွင့်အရ ကာယကံရှင်များသို့ ပြန်လည်ပေးအပ်ခြင်း၊ မြေအလိုရှိသည့် အခြားဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးခြင်းများကို တည်ဆဲမြေစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြေပြန်လည်စွန့်လွှတ်ခြင်း/ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏

(၁၀-၆-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၆၆/ ၁-ကော်မတီ/ မြေ(ဗဟို)/ ၂၀၁၆ ဖြင့် ညွှန်ကြားထား ပြီးဖြစ်ပါတယ်။

အဆိုပါညွှန်ကြားချက်၏ အပိုဒ် ၅(ခ)တွင် မြေပြန်လည်စွန့်လွှတ်အပ်နှံလိုသည့် ဝန်ကြီးဌာန/ အဖွဲ့အစည်း၏ တင်ပြချက်အား ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြု ပါက အဆိုပါ စွန့်လွှတ်အပ်နှံမြေအား နိုင်ငံတော်မှ သင့်လျော်သည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲနိုင်သောမြေအဖြစ် သတ်မှတ်ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ မူလမြေသိမ်း/ မြေလွှဲအမိန့်အား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စွန့်လွှတ်မည့်ဝန်ကြီး ဌာန/ အဖွဲ့အစည်း/ တပ်ရင်းတပ်ဖွဲ့တာဝန်ခံသည် နိုင်ငံတော်ကိုယ်စား ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)က လက်ခံထိန်းသိမ်းရမည် ဖြစ်ပါကြောင်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

အဆိုပါ ညွှန်ကြားချက်အပိုဒ် ၅(ဃ)တွင် ပြန်လည်စွန့်လွှတ် အပ်နှံမြေအား ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အသုံးပြုရန် လိုအပ်သော အခြားဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်းများမှ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်ပိုင်မြေ (နိုင်ငံတော်အရန်မြေ)အဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံတော်ပိုင်မြေ (နိုင်ငံတော်အရန်မြေ)အဖြစ် သတ်မှတ်ထားသောမြေများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူထိန်းသိမ်းရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် အများပြည်သူ အကျိုးစီးပွားအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြေအလိုရှိသော ဝန်ကြီးဌာန/ အဖွဲ့အစည်းများသည် နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေအမျိုးအစားအလိုက် စီမံခန့်ခွဲပိုင်ခွင့်ရှိ သော သက်ဆိုင်ရာ ဝန်ကြီးဌာန/ အစိုးရအဖွဲ့အစည်းသို့ မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်း အစီအမံအလိုက် မြေအသုံးချခွင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လျှောက်ထားမှု အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့အစည်းသည် တည်ဆဲ ဥပဒေများနှင့်အညီ စိစစ်ပြီး မြေလွှဲခြင်း၊ မြေငှားခြင်း(သို့မဟုတ်) မြေအသုံးပြုခွင့်/ လုပ်ကိုင် ခွင့်ပြုခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးရန်ဖြစ်ပါကြောင်း ညွှန်ကြားထား ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံပိုင်မြေ (State Land)များအပေါ်တွင် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေအလိုရှိသော သီးခြားမြေနေရာ မရှိသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများအတွက် သီးခြားရုံးမြေနေရာများ

ခွဲဝေချထားပေးနိုင်ရေး ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာပါက စိစစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူ၍ မြေလွဲမိန့် လျှောက်ထားရန်အတွက် မြေပေးမိန့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်သည့် ကျိုင်းတုံမြို့အတွင်း မြို့အင်္ဂါရပ်နှင့်အညီ အဝေးပြေး ယာဉ်ရပ်နားစခန်းတစ်ခု ခန့်မှန်းဧရိယာ(၁၅)ဧကခန့်ကို လက်ရှိတွင်မဖြစ်မနေ သီးခြားဖွင့်လှစ်ရန် လိုအပ်ခြင်းအတွက် ယခုမြန်မာ့မီးရထားဌာနမှ စွန့်လွှတ်သည့် ကျိုင်းတုံ-တောင်ကြီးကားလမ်းမဘေး၊ ကျိုင်းတုံတက္ကသိုလ်ရှေ့ရှိ ဧရိယာ (၄၂.၄၂)ဧကပေါ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်း မြေနေရာအား ခွဲဝေချထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုသည့်မေးခွန်းနှင့် ပတ်သက်၍-

(က) ကျိုင်းတုံမြို့နယ်တွင် မိုးနဲ- ကျိုင်းတုံရထားလမ်း တည်ဆောက်နိုင်ရေး အတွက် မြန်မာ့မီးရထားဝန်ကြီးဌာနမှ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ရထားဘူတာရုံ တည်ဆောက်ရန်အတွက် ယန်းလော ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၁၊ ၇၅) မြေဧရိယာ (၄၂.၄၂) ဧက ရယူအသုံးပြုခဲ့ပါတယ်။ ရထားဘူတာရုံမြေနေရာ ဧရိယာ (၄၂.၄၂)ဧကသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၂၂-၉-၂၀၁၀)ရက်စွဲပါစာအမှတ်၊ ၅/၁၆-၁၃/ဦး ဖြင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် လ/ န (၃၉) ရရှိပြီး ဖြစ်ပါတယ်။

( ခ) ကျိုင်းတုံဘူတာရုံ မြေဧရိယာ(၄၂.၄၂)ဧကအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရေး စွန့်လွှတ်မြေအပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ(၁)(၁-က)တို့ဖြင့် မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(မြို့ပြ)၊ နေပြည်တော်သို့ (၂၁-၅-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၁၁-ထ/၈၀၂ ဖြင့် အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ ကလောမြို့မှ တင်ပြထားသည်ကို တွေ့ရှိရပါတယ်။ မြန်မာ့မီးရထားမှပြန်လည် စွန့်လွှတ်မည့် ကျိုင်းတုံဘူတာရုံ မြေနေရာ (၄၂.၄၂)ဧကပေါ်တွင် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် မြေဧရိယာ (၁၅)ဧကခန့် ခွင့်ပြုပေးနိုင်ရေး ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ (၆-၉-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၀၀၈၅/၈-၄/ကတ-၃(၀၀၁)ဖြင့် ကျိုင်းတုံမြို့နယ်စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြထားကြောင်းသိရှိရပါတယ်။

(ဂ) သို့ဖြစ်ပါ၍ ကျိုင်းတုံဘူတာရုံမြေနေရာ (၄၂.၄၂)ဧကအား မြန်မာ့မီးရထားမှ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံပြီးပါက အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ တက်ရောက်လာကြသည့် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမည့်မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကွန်ဟိန်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မ-၁နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျိုင်းလွန်းကျောင်းများအား အခြေခံပညာအလယ်တန်းအဆင့် တိုးမြှင့်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့ရက်စွဲပါစာအမှတ်၊ ၂၀၁၈/ ရပန (ကဟန-၁)/ ၀၅၁ ဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်းနှင့် ကာလိမြို့နယ်ခွဲတွင် အခြေခံပညာအထက်တန်း (၁)ကျောင်းစီသာရှိပြီး၊ အခြေခံပညာအလယ်တန်းကျောင်းများလုံးဝမရှိပါ။

ယခုတင်ပြလိုသည့် အ.မ.ကကျောင်း လ(ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ရန်လိုအပ်သည့် ကျောင်း(၂)ကျောင်းနှင့် မူလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ရန် (၁)ကျောင်းရှိပါတယ်။

အခြေခံပညာအလယ်တန်းအဆင့် (ခွဲ)မ-၁ကျောင်းသည် (၁၂၀×၂၄×၂၄)ပေ (၂)ထပ် စာသင်ဆောင်(၁)ဆောင်၊ (၁၂၀×၂၄×၁၈)ပေ (၁)ထပ်စာသင်ဆောင် (၁)ဆောင်၊ (၆၀×၂၄×၁၈) ပေ (၁)ထပ်စာသင်ဆောင် (၁)ဆောင်၊ (၃၀×၃၀×၁၈)ပေ (၁)ထပ် ဝန်ထမ်းအိမ်ရာ၊ စုစုပေါင်း (၄)ဆောင်ရှိပါတယ်။ ၎င်းကျောင်းသည် ဧရိယာအားဖြင့် (၄.၁၂၇)ဧက ရှိပါတယ်။ အဆိုပါ ကျောင်းသည် မြို့ပေါ် အ.ထ.ကနှင့် (၁)မိုင်ခန့်အကွာတွင် တည်ရှိပါတယ်။ ကျောင်းသား ဦးရေမှာ မူလတန်းအဆင့်တွင် (၂၅၂) ဦး၊ အလယ်တန်းအဆင့်တွင် (၁၂၇) ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူဦးရေ (၃၇၉)ဦးရှိပါတယ်။

အခြေခံပညာအလယ်တန်းအဆင့် (ခွဲ)ကျိုင်းလွန်းသည် ကာလိမြို့ပေါ် အထကနှင့် (၁)မိုင်ခန့်အကွာတွင် တည်ရှိပြီး၊ ကျောင်းဧရိယာမှာ (၁.၁၅၃)ဧကရှိပါတယ်။ အဆိုပါ ကျောင်းတွင် (၁၂၀×၃၀×၁၂)ပေ (၁)ထပ် စာသင်ဆောင်(၁)ဆောင်၊ (၆၀×၃၀×၁၂)ပေ (၁)ထပ်စာသင်ဆောင်(၁)ဆောင်၊ (၇၅×၁၈×၁၀)ပေ(မြေစိုက်)ဆောင်(၁)ဆောင်၊ စုစုပေါင်း စာသင် ဆောင်(၃)ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေမှာ မူလတန်းအဆင့်တွင် (၂၁၈)ဦး၊ အလယ်တန်းအဆင့်တွင်(၁၁၆) ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူဦးရေ (၃၃၄)ဦးရှိပါတယ်။

အခြေခံပညာမူလတန်းလွန် အ.မ.က- နမ့်တွတ်သည် တောင်ကြီး- ကျိုင်းတုံကားလမ်းမ ပေါ်တွင်တည်ရှိပြီး ကွန်ဟိန်းမြို့နယ်နှင့် ခိုလန်မြို့နယ်ခွဲ နယ်စပ်မျဉ်းနားတွင်တည်ရှိ၍ ကွန်ဟိန်းမြို့နှင့် (၂၁)မိုင်အကွာတွင် တည်ရှိပါတယ်။ အဆိုပါ မူလွန်-နမ့်တွတ်ကျောင်းဟာ ကုန်းပေါင်းကျေးရွာမှာ စုစည်းရွာဖြစ်ပြီး၊ အိမ်ခြေ(၁၈၉)အိမ်၊ အိမ်ထောင်စု(၁၈၉)စု၊ လူဦးရေ (၁၃၀၅)ဦးခန့်နေထိုင်သည့် ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ၎င်းကျောင်းသည် မြို့နှင့် အလှမ်းကွာဝေးသဖြင့် ကျောင်းအဆင့်တိုးမြှင့်ရန် အလွန်လိုအပ်လျက်ရှိပါတယ်။ ကျောင်းဝင်း ဧရိယာမှာ (၁.၃၆)ဧကရှိပြီး၊ (၆၀×၃၀)ပေ (၁)ထပ်စာသင်ဆောင် (၂)ဆောင်သာ ရှိပါတယ်။ ကျောင်းသားဦးရေမှာ မူလတန်းအဆင့်တွင် (၂၀၂) ဦး၊ အလယ်တန်းအဆင့်တွင် (၅၁)ဦး၊ စုစုပေါင်းကျောင်းသား/ ကျောင်းသူဦးရေ(၂၅၃)ဦး ရှိပါတယ်။

သို့ပါ၍ အထက်ပါ ကျောင်း(၃)ကျောင်းအား အ.လ.က (ခွဲ)ကျောင်းမှ အ.လ.က အဆင့်သို့ လည်းကောင်း၊ မူလွန်အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ လည်းကောင်း တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ခုနှစ်တွင် တိုးမြှင့်ပေး မည်ကို သိရှိလိုပါသဖြင့် မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ကွန်ဟိန်းမြို့နယ်၊ လိုက်ကမ်ကျေးရွာအုပ်စု၊ ကုန်းပေါင်း ကျေးရွာ မူလွန် နမ့်တွတ်ကျောင်းဆောင်နှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ လိုက်ကမ်ကျေးရွာအုပ်စုအတွင်းရှိ ကုန်းပေါင်းကျေးရွာသည် ၁၉၉၇ ခုနှစ်တွင် ကျေးရွာများစုစည်း၍ တည်ခဲ့သောကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကုန်းပေါင်းကျေးရွာသည် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် ကားလမ်းမပေါ်တွင် တည်ရှိပြီး ကွန်ဟိန်းမြို့နှင့် (၂၁)မိုင်အကွာတွင်တည်ရှိ၍ နမ့်စန်မြို့နယ်၊ ခိုလန်မြို့နယ်ခွဲနှင့် (၁၀)မိုင်အကွာ၊ နမ့်စန်မြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်၏ နယ်ခြားနားတွင် တည်ရှိပါတယ်။ အဆိုပါ ကုန်းပေါင်းကျေးရွာတွင် ရှမ်း၊ ပလောင် အဓိကနေထိုင်ပြီး မူစလင်နှင့် ဟိန္ဒူအနည်းငယ် ရောနှောနေထိုင်သည့် ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။

လူဦးရေ(၁၃၀၀)ကျော်ခန့်ရှိပြီး အိမ်ထောင်စု(၁၈၉)စု၊ အိမ်ခြေ(၁၈၉)အိမ်ရှိသည့် ရွာဖြစ်ပါတယ်။ ၎င်းကုန်းပေါင်းကျေးရွာတွင် မူလွန်- နမ့်တွတ်ကျောင်းတစ်ကျောင်းသာရှိပြီး ကျောင်းသားဦးရေမှာ မူလတန်းအဆင့်(၂၀၂)ဦး၊ အလယ်တန်းအဆင့်(၅၁)ဦး၊ စုစုပေါင်း(၂၅၃)ဦးရှိပါတယ်။ ကျောင်းဆောင်မှာ ၆၀×၃၀ တစ်ထပ် စာသင်ဆောင်(၂)ဆောင်သာရှိသဖြင့် ကျောင်းသားနှင့်စာသင်ခန်း မလုံလောက်ဘဲ ကျောင်းဆောင်ထပ်မံလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ စာသင်ဆောင်ထပ်မံရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနမှ ချပေးထားမည့် အစီအစဉ် ရှိ/ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ခုနှစ်တွင် ချထားပေးမည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းရဲ့ ကွန်ဟိန်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မ-၁)၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျိုင်းလွန်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း နမ့်တွတ်ကျောင်း (၃)ကျောင်းအား ကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မ-၁)ကျောင်းသည် ကျောင်းပိုင်မြေ (၄.၁၂၇) ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။

စာသင်ဆောင်များမှာ သဇင်ဆောင် (၁၂၀x၃၀x၂၄)ပေ သွပ်မိုးအုတ်ညှပ်နှစ်ထပ် စာသင်ခန်း (၈) ခန်း၊ ပိတောက်ဆောင် (၁၂၀x၃၀x၁၄)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်စာသင်ခန်း (၄)ခန်း၊ ကုက္ကိုဆောင် (၆၀x၃၀x၁၄)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၃)ခန်းရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၂၅ဦး၊ ပထမတန်း ၅၁ ဦး၊ ဒုတိယတန်း ၆၅ဦး၊ တတိယတန်း ၅၉ ဦး၊ စတုတ္ထတန်း ၅၂ ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း(၂၅၂) ဦး၊ တန်းခွဲ(၅)ခု ရှိပါတယ်။ ပဥ္စမတန်း ၄၆ ဦး၊ ဆဋ္ဌမတန်း ၃၅ ဦး၊ သတ္တမတန်း (၃၂) ဦး၊ အဋ္ဌမတန်း (၁၄) ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း(၁၄၅)ဦး၊ တန်းခွဲ(၄)ခုရှိပါတယ်။ ပင်မကျောင်းဖြစ်သော အ.ထ.က ကွန်ဟိန်းနှင့် (၁)မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်းဖြစ်ပါတယ်။ မူလွှန်အလယ်တန်းကျောင်းခွဲ သက်တမ်း (၃) နှစ်ရှိပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ အ.လ.က ခွဲ(မ-၁)သည် ကျောင်းအဆင့်တိုး အမှုတွဲ ဖြင့် တင်ပြတောင်းခံခြင်းမရှိခဲ့ပါ။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အလက(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အဆင့်ဆင့်တင်ပြ စေပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားပါမယ်။

ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွှန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်း ပိုင်မြေ(၁.၁၅၃)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင်များမှာ စံပယ်ဆောင် (၁၂၀x၃၀x၁၂)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၄)ခန်း၊ ခရေဆောင် (၆၀x၃၀x၁၂) ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၃)ခန်း၊ ဇီဇဝါဆောင် (၉၀x၁၈x၁၀) ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၃)ခန်းရှိပါတယ်။ ကျောင်းသားဦးရေမှာ KG ၂၅ ဦး၊ ပထမတန်း ၅၄ ဦး၊ ဒုတိယတန်း ၅၂ ဦး၊ တတိယတန်း ၅၁ ဦး၊ စတုတ္ထတန်း ၃၆ ဦး၊ မူလ တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၂၁၈ ဦး၊ တန်းခွဲ(၅)ခု ရှိပါတယ်။ ပဥ္စမတန်း ၄၂ ဦး၊ ဆဋ္ဌမတန်း ၃၅ ဦး၊ သတ္တမတန်း ၂၁ ဦး၊ အဋ္ဌမတန်း ၁၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၁၁၆ ဦးပြီး တန်းခွဲ(၄)ခု ရှိပါတယ်။ ပင်မကျောင်း ဖြစ်သော အ.ထ.က ကာလိနှင့် (၁)မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်းဖြစ်ပါတယ်။ မူလွှန်သက်တမ်း (၆) နှစ်ရှိပါတယ်။

၂၀၁၉-၂၀၂၀ပညာသင်နှစ်အထိ အ.လ.က(ခွဲ)ကျိုင်းလွှန်းသည် ကျောင်းအဆင့်တိုး အမှုတွဲ တင်ပြတောင်းခံခဲ့ခြင်းမရှိပါဘူး။ လာမည့် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အ.လ.က အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျောင်းအဆင့်တိုး ခေါ်ယူသည့်အချိန်တွင် အဆင့်ဆင့်တင်ပြစေပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြပေး သွားမှာ ဖြစ်ပါတယ်။

လှိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ လိုက်ကမ်ကျေးရွာအုပ်စု၊ ကုန်းပေါင်းကျေးရွာနမ့်တွတ် အခြေခံပညာမူလတန်းလွန်ကျောင်းသည် ကျောင်းပိုင်မြေ(၁.၃၆)ကေရှိပြီး ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိပါတယ်။ စာသင်ဆောင်များမှာ စံပယ်ဆောင်(၆၀x၃၀x၁၂)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၃)ခန်း၊ KG ဆောင်(၆၀x ၃၀x ၁၂)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် စာသင်ခန်း (၃)ခန်း ရှိပါတယ်။

ကျောင်းသားဦးရေအနက် KG ၃၉ ဦး၊ ပထမတန်း ၃၉ဦး၊ ဒုတိယတန်း ၄၂ဦး၊ တတိယတန်း ၄၈ဦး၊ စတုတ္ထတန်း ၃၄ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၂၀၂ ဦး၊ တန်းခွဲ (၅) ခု ရှိပါတယ်။ ပဉ္စမတန်း ၂၄ ဦး၊ ဆဋ္ဌမတန်း ၁၆ ဦး၊ သတ္တမတန်း ၁၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၅၁)ဦး၊ တန်းခွဲ(၃)ခု ရှိပါတယ်။ ပင်မကျောင်းဖြစ်သော အ.ထ.က ကွန်ဟိန်းနှင့် (၂၀)မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်းဖြစ်ပါတယ်။ မူလွန်သက်တမ်း (၄)နှစ်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အထိ မူလွန်-နမ့်တွတ်သည် အ.လ.က(ခွဲ) အဆင့်တိုး အမှုတွဲ တင်ပြတောင်းခံခဲ့ခြင်းမရှိပါဘူး။ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အ.လ.က(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျောင်းအဆင့်တိုးခေါ်ယူသည့်အချိန်မှာ အဆင့်ဆင့်တင်ပြစေပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် ကွန်ဟိန်းမြို့နယ်၊ မူလွန်- နမ့်တွတ် ကျောင်းအတွက် လိုအပ်သည့် စာသင်ကျောင်းဆောင်ချပေးရန်မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မူလွန်- နမ့်တွတ်ကျောင်းပိုင်မြေ(၁.၃၆)ကေရှိပြီး စာသင်ဆောင်(၂)ဆောင်၊ စာသင်ခန်း(၆)ခန်းရှိပါတယ်။ ကျောင်းသား/ကျောင်းသူအနေဖြင့် မူလတန်းအဆင့် ၂၀၂ ဦး၊ အလယ်တန်းအဆင့် ၅၁ ဦးရှိသည့် ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ နမ့်တွတ်အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပညာရေးစနစ်သစ်တွင် လိုအပ်လာမည့် စာသင်ခန်းများအတွက် (၁၂၀x၃၀)ပေ တစ်ထပ်စာသင်ဆောင်အား ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ကွန်ဟိန်းမြို့နယ်ရဲ့ စီမံကိန်းမှာ ထည့်သွင်းလျာထားသွားမှာဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်

ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပန်လုံ–နားကန် ရွာချင်းဆက် မြေသားလမ်း(၄)မိုင်အား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အထက်အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ကွန်ဟိန်းမြို့နယ် ဟိုပန်ကျေးရွာအုပ်စုတွင်းရှိ ပန်လုံ– နားကန်ရွာချင်းဆက်လမ်းသည် နမ့်လန်– ပန်လုံ– ကာလိမြို့သို့ ဆက်သွယ်ထားသည့် လမ်းမနှင့် ချိတ်ဆက်နေသည့် လမ်းတစ်လမ်း ဖြစ်ပါတယ်။ ယင်းလမ်းကို နမ့်လန်ကျေးရွာ၊ ပန်လုံကျေးရွာ၊ နားကန်ကျေးရွာနှင့် နမ့်မော်တောင်းကျေးရွာစသည့် ကျေးရွာတွေ အသုံးပြုပြီးတော့ သွားလာနေသည့် မြေသားလမ်းတစ်လမ်း ဖြစ်ပါတယ်။ အဲ့ဒီလမ်းဟာဆိုလို့ရှိရင် ကိုယ်ထူကိုယ်ထမြေသားအဖြစ် ဖောက်လုပ်၍ လက်ရှိသွားလာအသုံးပြုနေသည့် လမ်းတစ်လမ်း ဖြစ်ပါတယ်။ ပွင့်လင်းရာသီများတွင် အသုံးပြုသွားလာမှုအတန်အသင့် အဆင်ပြေမှုရှိပါသော်လည်း မိုးရာသီများတွင် ကား၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ သွားလာရန်အလွန်ပင် ခက်ခဲမှုတွေ ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုများကြောင့် ပြည်သူလူထုတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးကိစ္စရပ်များ အဖက်ဖက်မှနှောင့်နှေးပြီးတော့ အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

ထို့အတွက်ကြောင့် ယင်းလမ်းကို လက်ရှိမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဖောက်လုပ်ပေးမည်ဆိုပါက အဲ့ဒီလမ်းကို အဓိကမှီခိုအသုံးပြုနေသော ကျေးရွာများဖြစ်သည့် နားကန်ကျေးရွာ လူဦးရေ ၅၀၄ ဦး၊ အိမ်ထောင်စု ၈၅ စု၊ ပန်လုံရွာ လူဦးရေ ၅၈၉ ဦး၊ အိမ်ထောင်စု ၉၈ စု၊ နမ့်မော်တောင်းရွာ လူဦးရေ ၂၉၀ ဦး၊ အိမ်ထောင်စု ၄၈ စုနှင့် နမ့်လန်ရွာ လူဦးရေ ၅၂၆ ဦး၊ အိမ်ထောင်စု ၁၀၇ စုတို့အတွက် အသုံးပြုနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ–

(၁) ပန်လုံ–နားကန်ရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၂) ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် အနီးကပ်ဆုံး လျာထားသတ်မှတ်ပေးနိုင်မည်နည်း။

စသည်များကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး မေးမြန်းလာသည့် ကွန်ဟိန်းမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စုအတွင်းရှိ ပန်လုံ- နားကန်ကျေးရွာချင်းဆက် မြေသားလမ်း(၄)မိုင်မှာ မိုးရာသီတွင် ကား၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ သွားလာရန် ခက်ခဲခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးကိစ္စရပ်များတွင် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုများကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရပါသဖြင့် အဆိုပါမြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် အနီးကပ်ဆုံး မည်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ပေးမည်ကို သိရှိလိုပါသည့်မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ပန်လုံ- နားကန်ကျေးရွာချင်းဆက်လမ်းပိုင်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဟိုပန်-နားတောင်း ကတ္တရာလမ်း ၁ မိုင်နှင့်ဆက်စပ်သည့် လမ်းပိုင်းဖြစ်ပြီး ကတ္တရာလမ်းအဆုံးမှ နားကန်ရွာအထိ ၃ မိုင် ၆ ဖာလုံရှိသည့် လမ်းပိုင်းဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းအား ၂၀၁၆ ခုနှစ်တွင် ဒေသမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး ရွာအတွင်းလမ်းအနေဖြင့် လမ်းအကျယ်(၁၄)ပေ မှ(၁၈)ပေခန့်ရှိပါတယ်။ ကျန်လမ်းပိုင်းမှာ (၂၄)ပေမှ (၂၅)ပေခန့်ရှိပြီး အတက်အဆင်း အနည်းငယ်သာရှိ၍ လမ်းပိုင်းတစ်ခုလုံး ပြေပြစ်သည့် အနေအထားဖြစ်ပါတယ်။ လမ်းပိုင်းသည် နမ့်လန်- ပန်လုံ- ကာလိသို့ ဆက်သွယ်သည့်လမ်းမနှင့် ချိတ်ဆက်ထားသည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး နမ့်လန်၊ ပန်လုံ၊ နားကန်၊ နမ့်မော်တောင်းရွာများမှ အိမ်ခြေ(၃၃၈)အိမ်နှင့် လူဦးရေ(၁၉၀၉)ဦးတို့ အဓိက အသုံးပြုလျက်ရှိသည့် လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ နွေရာသီတွင် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ သွားလာ၍ရသော်လည်း မိုးရာသီတွင်သွားလာရန် ခက်ခဲသည့်လမ်းပိုင်း တစ်ခုလည်းဖြစ်ပါတယ်။

၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အဆိုပြုတင်ပြထားပြီးဖြစ်ရာ အဆိုပါလမ်းပိုင်းပါဝင်ခြင်း မရှိသေးပါ။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်၊ ပန်လုံ– နားကန်ကျေးရွာချင်းဆက်လမ်း ၃ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အဆိုပြုထည့်သွင်းပါဝင်လာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ တိုက်ပွဲများကြောင့် ဒုက္ခရောက်ဘေးဒဏ်သင့်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရမှ တာဝန်ယူကူညီမည့်စီမံချက်များ မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည့် ကိစ္စဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကမ္ဘာပေါ်တွင် စိန်ခေါ်မှုများလာသည့် ဘေးအန္တရာယ်အမျိုးမျိုးကို လူသားတို့ရင်ဆိုင်နေရပါတယ်။ ယနေ့ မြန်မာနိုင်ငံတွင်လည်း ရေဘေး၊ မီးဘေး၊ လေဘေး၊ စစ်ဘေးများ ကျရောက်တဲ့ ကပ်ဘေးအမျိုးမျိုးကို ပြည်သူများရင်ဆိုင်နေရသည်မှာ အားလုံးအသိပင် ဖြစ်ပါတယ်။ ယင်းထက်ဆိုးဝါးသည်မှာ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသည့် လူတွေဖန်တီးထားသော စစ်ရေးပဋိပက္ခများကြောင့် အပြစ်မဲ့ ပြည်သူတို့ အိုးပစ်၊ အိမ်ပစ် ဘေးဒုက္ခရောက်နေကြရပြီး နီးစပ်ရာဘုန်းတော်ကြီးကျောင်းများတွင် ငတ်တစ်လှည့်၊ ပြတ်တစ်လှည့် ခိုလှုံနေထိုင်နေရတာကို သိမြင်နေရပါတယ်။ အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများ၊ လူသားချင်းစာနာသည့် အလှူရှင်ပြည်သူများ၊ ပရဟိတလူမှုအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရယူပြီး နေထိုင်နေကြရပါတယ်။ စစ်ရေးပဋိပက္ခ မချုပ်ငြိမ်းသရွေ့၊ ငြိမ်းချမ်းရေးမရသေးသရွေ့ ပြည်သူများဒုက္ခရောက်နေကြရဦးမည်ဖြစ်ပါတယ်။

ထို့ကြောင့် သိရှိလိုသည်မှာ အတိဒုက္ခရောက်နေကြရသည့် ပြည်သူများမှ အစိုးရထံ မည်သည့်အကူအညီများ ရရှိနိုင်သည်နှင့် စစ်ဘေးဒဏ်သင့် အပြစ်မဲ့မိဘပြည်သူများကို ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့တာဝန်ယူကူညီဆောင်ရွက်မည့် စီမံဆောင်ရွက်မှုများရှိသည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ဖြစ်ပြီး ကျွန်တော့်အနေဖြင့် မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် ရှမ်းပြည်နယ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုးဖြင့် ဒုက္ခရောက်နေကြရသည့် ပြည်သူများမှအစိုးရထံ မည်သည့်အကူအညီများ တောင်းခံနိုင်သည်နှင့် ရှမ်းပြည်နယ်အစိုးရမှ မိမိတို့၏ ဘေးဒဏ်သင့် မိဘပြည်သူများအား မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဘေးဒုက္ခကြုံတွေ့ရသော ပြည်သူများအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား အောက်ဖော်ပြပါ ထောက်ပံ့မှုအကူအညီများကို အမြန်ဆုံးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်–

**ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း**

(၁) မီးဘေးနှင့် အခြားဘေးများကြောင့် နေအိမ်တစ်လုံးပျက်စီးမှု ကြုံတွေ့ရသူများအတွက် အိမ်ထောင်စု(၁)စုလျှင် ကယ်ဆယ်ရေးပစ္စည်း (၂၂)မျိုးနှုန်းဖြင့် ထောက်ပံ့ခဲ့ပါတယ်။

(၂) မီးဘေးအတွက် ကြိုတင်ဖျက်သိမ်းနေအိမ်များ၊ ရေဘေး၊ လေဘေးနှင့် အခြားဘေးများကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအတွက် အိမ်ထောင်စု (၁)စုလျှင် ကယ်ဆယ်ရေးပစ္စည်း (၁၀)မျိုးနှုန်း ထောက်ပံ့ပေးခဲ့ပါတယ်။

**အိမ်ဆောက်ပစ္စည်းဖိုးငွေထောက်ပံ့ခြင်း**

(၁) မီးဘေးနှင့်အခြားဘေးများကြောင့် လုံးဝပျက်စီးသွားသော နေအိမ်များအတွက် နေအိမ် (၁)လုံးလျှင် ၂၀၀,၀၀၀/ အဆောက်အဦပုံစံက (တိုက်အိမ်/ သွပ်မိုး၊ ပျဉ်ကာ) ဖြစ်ပါတယ်။

(၂) မီးဘေးနှင့် အခြားဘေးများကြောင့် လုံးဝပျက်စီးသွားသော ဘာသာရေး အဆောက်အဦ (၁)လုံးလျှင် ၃၀၀,၀၀၀/- အဆောက်အဦပုံစံက (တိုက်/သွပ်မိုး၊ ပျဉ်ကာ) ဖြစ်ပါတယ်။

(၃) မီးဘေးနှင့်အခြားဘေးများကြောင့် လုံးဝပျက်စီးသွားသော နေအိမ်များအတွက် နေအိမ် (၁)လုံးလျှင် ၁၀၀,၀၀၀/ အဆောက်အဦပုံစံက (ဓနိမိုး၊ ထရံကာ) ဖြစ်ပါတယ်။

(၄) မြေပြို၊ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ရသော နေအိမ် (၁) လုံးလျှင် ၁၀၀,၀၀၀/ ထောက်ပံ့ပေးခဲ့ပါတယ်။

(၅) ရေဘေး၊ လေဘေးစသည်တို့ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များ အတွက် ၁၀,၀၀၀/- မှ ၉၀,၀၀၀/- အတွင်း (ပျက်စီးဆုံးရှုံးမှု တန်ဖိုးအလိုက် ထောက်ပံ့ခြင်း ဖြစ်ပါသည်။)

**နာရေးထောက်ပံ့ငွေ**။ သဘာဝဘေး (သို့မဟုတ်) တိုက်ပွဲရှောင်ဘေး၊ မိုင်းနင်းဘေး များကြောင့် သေဆုံးသူ(၁)ဦးလျှင် ၃၀၀,၀၀၀/-နှုန်း ဖြင့် ထောက်ပံ့ပေးပါတယ်။

**ဒဏ်ရာရထောက်ပံ့ငွေ**။ သဘာဝဘေး (သို့မဟုတ်) တိုက်ပွဲရှောင်ဘေး၊ မိုင်းနင်းဘေး များကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံ/ ဆေးခန်းတက်ရောက် ကုသမှုခံယူရသူများအတွက် (၁) ဦးလျှင် (၅၀,၀၀၀/-)နှုန်းဖြင့် ထောက်ပံ့ပေးပါတယ်။

**ဆန်ဖိုးထောက်ပံ့မှု**။ ဘေးဒဏ်ခံစားရသူ (၁)ဦးလျှင် အနည်းဆုံးဆန် (၇)ရက်စာ လူ(၁) ဦးလျှင် (၁)ရက် ဆန်(၂)ဘူးနှုန်းဖြင့် ဆန်တစ်ဘူးလျှင်(၁၅၀/-)နှုန်းမှ ဘေးဒဏ်ခံစားရမှု အပေါ်မူတည်၍(၂)ပတ်စာ၊ (၃)ပတ်စာ (သို့မဟုတ်) (၁)လစာအထိ ထောက်ပံ့ပေးပါတယ်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့ ဖြစ်စဉ်မှ ယနေ့အထိ ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် သေဆုံးတပ်မတော်သား(၁)ဦးလျှင် ငွေကျပ်၅၀၀,၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ဒဏ်ရာရရှိသူ(၁)ဦးလျှင် ငွေကျပ် ၁၀၀,၀၀၀/-နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးခဲ့ပါတယ်။ ပြည်သူသေဆုံး/ဒဏ်ရာရသူများအတွက် ငွေကျပ်ပေါင်း ၇,၁၀၀,၀၀၀/- အားလည်းကောင်း၊ (ရ.မ.ခ)မှ သေဆုံး တပ်မတော်သားများအတွက် ငွေကျပ် ၃,၉၉၀,၀၀၀/- အားလည်းကောင်း၊ ရ.လ.ခ (ခိုလမ်)မှ သေဆုံးတပ်မတော်သားများအတွက် ငွေကျပ် ၂,၉၇၅,၀၀၀/- အား လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်ဝန်ဆောင်မိခင် ၁၅ဦးအား(၁)ဦးလျှင် ငွေကျပ် ၃၀,၀၀၀/နှုန်းဖြင့် ငွေကျပ် ၄၅၀,၀၀၀/- အား လည်းကောင်း၊ (၁)နှစ်အောက်ကလေးသူငယ်

၅၂ ဦးအား (၁)ဦးလျှင် ၁၀,၀၀၀/– နှုန်းဖြင့် ငွေကျပ် ၅၂၀,၀၀၀/– အား လည်းကောင်း၊ စစ်ဘေးရှောင်ပြည်သူ ၁၅၃၆ ဦးအတွက် ဆန်(၈၀)အိတ်အား (၁)အိတ်လျှင် ငွေကျပ် ၄၀,၀၀၀/– နှုန်းဖြင့် ငွေကျပ် ၃,၂၀၀,၀၀၀/–နှင့် ခေါက်ဆွဲခြောက် ၁၀ ဖာအား (၁)ဖာလျှင် ငွေကျပ် ၆၀,၀၀၀/– နှုန်းဖြင့် ငွေကျပ် ၆၀၀,၀၀၀/–အားလည်းကောင်း၊ (၁၉–၈–၂၀၁၉)ရက်နေ့တွင် ကွတ်ခိုင်မြို့၌ထိတွေ့မှု ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့သည့် ပြည်သူ(၆)ဦးအား (၁)ဦးလျှင် ငွေကျပ် ၅၀၀,၀၀၀/–နှုန်းဖြင့် ငွေကျပ် ၃,၀၀၀,၀၀၀/–အားလည်းကောင်း၊ ဒဏ်ရာရရှိသူ (၇)ဦးအား(၁)ဦးလျှင် ငွေကျပ် ၁၀၀,၀၀၀/– နှုန်းဖြင့် ငွေကျပ် ၇၀၀,၀၀၀/– အားလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေထုတ်စာရင်း MD–21932၊ ငွေစာရင်းခေါင်းစဉ် ၀၅၀၃–ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးခေါင်းစဉ်ဖြင့် ရန်ပုံငွေများ လျာထားဆောင်ရွက်ပေးလျက်ရှိပြီး ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဘေးဒုက္ခခံစားနေရသော ပြည်သူများအတွက်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာလမ်းများဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော တံတား (Box Culvert)တည်ဆောက်ခြင်းလုပ်ငန်း အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိကျေးရွာအုပ်စု၊ ကျေးရွာလမ်းများကို နိုင်ငံတော်မှ ခွင့်ပြုဆောက်လုပ်ပေးခဲ့ပါတယ်။ အဆိုပါမြေသားလမ်းများ၊ မိုးရာသီအချိန်တွင် မြေသားလမ်းများ မပျက်စီးရလေအောင် ရေစီးရေလာအတွက် တံတားများ (Box Culvert) ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ အောက်ပါအတိုင်းတင်ပြအပ်ပါသည်–

(၁) ဝမ်ပုံ–ကောင်းပျက်မြေသားလမ်း (၅×၂၂×၅)ပေ– ၃စင်း၊

(၂) ပန်မော်–ဝမ်ကန်မြေသားလမ်း (၅×၂၂×၅)ပေ– ၃စင်း၊

(၃) စွန်တောင်း–နားခေါမြေသားလမ်း (၅×၂၂×၅)ပေ– ၂စင်း၊

(၄) ယမ်းမိုင်၊ ပိန်းမုံလမ်း(၅×၂၂×၅)ပေ– ၅စင်း၊

(၅) ဝမ်ကတ်–လုဝိုင်လမ်း (၅×၂၂×၅)ပေ– ၃စင်း၊

(၆) မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်း(၉)မိုင်လမ်း ခမ်းမိုက်ဆော့ လမ်း(၅×၂၂×၅)ပေ– ၆စင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခဲ့သည့် မြေသားလမ်းများ ရေရှည်အသုံးပြုနိုင်ရန် ရေစီးရေလာကောင်းမွန်ရေးအတွက် တံတားများ (Box Culvert) တည်ဆောက်ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းထားသည့် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သည့် မြေသားလမ်းများ ရေရှည်အသုံးပြုနိုင်ရန် ရေစီးရေလာကောင်းမွန်ရေး တံတားများ (Box Culvert)တည်ဆောက်ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် အတွင်းရှိ ကျေးလက်လမ်း ၆ လမ်းမှာရှိသည့် စုစုပေါင်း (Box Culvert) ၂၂စင်းနှင့် ပတ်သက်ပြီး မေးမြန်းထားသည့် မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးလက်လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ ကျေးလက်လမ်း၊ တံတားများကို လွှဲပြောင်းရယူပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ စတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(DRRD)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းပျဉ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် မိုင်းပျဉ်းမြို့နယ်ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)ထံမှ ကျေးလက်ကတ္တရာလမ်း ၆ ဖာလုံ၊ ကျောက်ချော လမ်း ၃ မိုင် ၄ မိုင်ခန့်၊ မြေသားလမ်း၂၄ မိုင် ၂ ဖာလုံ၊ ဆိုင်ကယ်လမ်း ၃၄၈ မိုင် ၄ ဖာလုံ၊ စုစုပေါင်း လမ်းမိုင် ၃၇၇မိုင်ကျော်နှင့် ကွန်ကရစ်တံတား ၁ စင်း၊ သစ်သား တံတား ၃ စင်း၊ Box Culvert ၂၁ စင်းတို့ကို လွှဲပြောင်းလက်ခံရယူပြီးတော့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ခွဲဝေရရှိသော ဘဏ္ဍာရန်ပုံငွေပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းထားသော Box Culvert ၂၂ စင်း သည် ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက အခြားကြယ်ပွင့်ပြမေးခွန်းတွင် မေးမြန်း ထားသည့် ကျေးလက်လမ်း ၈ လမ်းအနက် လမ်း ၆ လမ်းပေါ်ရှိ ရေပြွန်တံတားများ ဖြစ်ပါ တယ်။ တံတားတွေကတော့ (၅×၂၂×၅)ပေရေပြွန်တံတားများအဖြစ် ဖော်ပြထားပါတယ်။

အမှတ်စဉ်(က) ဝမ်ပုံ – ကောင်းပျက်လမ်းရဲ့ Box Culvert – ၃ စင်းကိစ္စဖြစ်ပါတယ်။ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)က (၅ x ၂၂ x ၅)ပေ ရေပြွန်တံတား ၃ စင်းအား ဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခုကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (DRRD)မှ ပြည်နယ်ရန်ပုံငွေ ဖြင့် ဝမ်ပုံ- ကောင်းပျက်မြေသားလမ်း ၂ မိုင်နှင့် Box Culvert ၄ စင်း လျာထားတောင်းခံ ထားပြီး ဖြစ်ပါတယ်။

အမှတ်စဉ်(ခ) ပန်မော်- ဝမ်ကန်လမ်းရဲ့ Box Culvert – ၃ စင်း ကိစ္စဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)က ၂၀၁၃- ၂၀၁၄၊ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် Box Culvert ၉ စင်း ဆောင်ရွက်ပေးထားခဲ့ပါတယ်။ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (DRRD)အနေနဲ့လည်း ၂၀၁၉- ၂၀၂၀ ပြည်ထောင်စုရန်ပုံငွေဖြင့် ပန်မော်- ဝမ်ကန်မြေသား လမ်း ၄ မိုင်နှင့် Box Culvert ၂ စင်း လျာထားတောင်းခံထား ပါတယ်။

အမှတ်စဉ်(ဂ) စွန်တောင်း – နားခေါလမ်းရဲ့ Box Culvert – ၂ စင်းဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)က ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် Box Culvert ၃ စင်း ဆောင်ရွက်ပေးထားခဲ့ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (DRRD) ကလည်း ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် Box Culvert ၂ စင်း ဆောင်ရွက်ပေးထားခဲ့ပါတယ်။

အမှတ်စဉ်(ဃ) ယမ်းမိုင် – ပိန်းမုံလမ်း Box Culvert – ၅ စင်းဖြစ်ပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် Box Culvert ၄ စင်း ဆောင်ရွက်ပေးထားခဲ့ပါတယ်။

အမှတ်စဉ်(င) လုဝိုင်–ဝမ်ကတ်လမ်း Box Culvert – ၃ စင်းဖြစ်ပါတယ်။ ၂၀၁၇– ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် Box Culvert ၃ စင်း ဆောင်ရွက်ပေးထားခဲ့ပါတယ်။

အမှတ်စဉ်(စ) တာချီလိတ်လမ်းပေါ်မှာရှိတဲ့ (၉)မိုင် လမ်းမှ ခမ်းမိုက်ဆော့ Box Culvert – ၆ စင်းဖြစ်ပါတယ်။ မြို့နယ်၏ ၁၃ နှစ် စီမံကိန်းပါအတိုင်း ပြည်ထောင်စုရန်ပုံငွေမှ လျာထားတင်ပြခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိပါဘူး။ လူသွားလမ်းအဆင့်သာရှိနေသေးသဖြင့် ဌာနသတ်မှတ်စံမီ မြေသားလမ်းဖောက်လုပ်ချိန်တွင် လိုအပ်သော Box Culvert များ ထည့်သွင်းတည်ဆောက်သွားရမည် ဖြစ်ပါတယ်။

ထို့ကြောင့် မိုင်းပျဉ်းမြို့နယ်တွင် ရရှိနိုင်သည့် ဘဏ္ဍာရန်ပုံငွေပမာဏနှင့် မြို့နယ်တွင် ဆောင်ရွက်လိုသည့် ဦးစားပေးလုပ်ငန်းများ၊ လုပ်ငန်းတန်ဖိုးများအရ စိစစ်ချင့်ချိန်ပြီး မြို့နယ်ကနေပြီးတော့ ၂၀၂၀– ၂၀၂၁ (သို့မဟုတ်) သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားတင်ပြလာပါက ပြည်နယ်(သို့မဟုတ်) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများမှ လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီနျို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဒေါ်မေရီချို့ ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

## နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပေးပို့လာသည့် ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)အား နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) (၃၀.၃.၂၀၁၈) ရက်၌ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅နှင့် အညီ ကော်မတီအစည်းအဝေးကို (၃၁.၇.၂၀၁၈)ရက်၊ (၂၇.၈.၂၀၁၈)ရက်၊ (၁၈.၉.၂၀၁၈)ရက်၊ (၄.၄.၂၀၁၉)ရက်၊ (၇.၇.၂၀၁၉)ရက်၊ (၁၂.၉.၂၀၁၉)ရက်နှင့် (၁၃.၉.၂၀၁၉)ရက်များတွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အကြံပြုချက်ပေးပို့ခဲ့သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဥပဒေချုပ် ရုံး၊ ရှမ်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့တို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေ(မူကြမ်း)နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၂)ဦးမှ ပေးပို့လာသော ပြင်ဆင်ရန် အကြံပြုချက်များအား စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤအကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်သွင်းခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)နှင့် ဥစားကြက်မွေးမြူသူများအတွက်

ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(မူကြမ်း)များကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၃)ခန်း၊ ပုဒ်မပေါင်း (၄၅)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့မှ အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီနျို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(က)အဖြစ် **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည် ဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ခ) အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည် ဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဂ) အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဃ) အဖြစ် ဝန်ကြီးဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဃ)ကို ပုဒ်မ ၂ (င) အဖြစ်၊ ပုဒ်မ ၂ (င)ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (စ)ကို ပုဒ်မ ၂ (ဆ) အဖြစ်၊ ပုဒ်မ ၂ (ဆ)ကို ပုဒ်မ ၂ (ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င) အဖြစ် ဦးစီးဌာနဆိုသည်မှာ ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(စ)အဖြစ် ပြည်နယ်ဦးစီးမှူး ဆိုသည်မှာ ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူးကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဆ)အဖြစ် ကြက်မွေးမြူရေးဆိုသည်မှာ ကြက်မွေးမြူခြင်း စနစ်တစ်မျိုးမျိုးဖြင့် မွေးမြူထုတ်လုပ်သည့် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေး လုပ်ငန်းကိုသော်လည်းကောင်း၊ စီးပွားဖြစ် ကြက်မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁) မှ (၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၈) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီနျို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဇ)အဖြစ် ကြက်မွေးမြူရေး ခြံ ပိုင်ရှင်ဆိုသည်မှာ ကြက်မွေးမြူရေး ခြံကိုပိုင်ဆိုင်သူ သို့မဟုတ် ယင်းကြက်မွေးမြူရေးခြံနှင့် စပ်လျဉ်း၍ လွှဲအပ်ခံထားရသူကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဈ)အဖြစ် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေး ဆိုသည်မှာ ဦးစီးဌာနက ညွှန်ကြားချက် ထုတ်ပြန်၍ သတ်မှတ်ထားသည့် အရေအတွက်ဖြင့် မွေးမြူသော ကြက်မွေးမြူရေးလုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ည)အဖြစ် စီးပွားဖြစ် ကြက်မွေးမြူရေး လုပ်ငန်းဆိုသည်မှာ တစ်နိုင်တစ်ပိုင် ကြက်မွေးမြူရေးလုပ်ငန်းထက် ကျော်လွန်လုပ်ကိုင် သည့်စီးပွားဖြစ် မီးပေး၊ မီးလွှတ်၊ အသားတိုး၊ ဥစားကြက်၊ တိုင်းရင်းကြက်မွေးမြူရေး လုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဠ)အဖြစ် ကော်မတီဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ပြည်နယ်ကြီးကြပ်ရေးကော်မတီကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဓ)ကို ပုဒ်မ ၂ (ဌ) အဖြစ်၊ ပုဒ်မ ၂ (ဈ)ကို ပုဒ်မ ၂ (ဍ) အဖြစ်၊ ပုဒ်မ ၂ (ည)ကို ပုဒ်မ ၂ (ဎ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဌ) ကြီးကြပ်ရေးကော်မတီဆိုသည်မှာ ကြက်မွေးမြူရေး ခြံ သို့မဟုတ် ဇုန်များကို စီမံခန့်ခွဲရန်နှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်အလိုက် ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဍ)အဖြစ် ကူးစက်ရောဂါဆိုသည်မှာ ကြက်အချင်းချင်းသော်လည်းကောင်း၊ ကြက်မှ လူသို့ သော်လည်းကောင်း သို့မဟုတ် အခြား သတ္တဝါများသို့သော်လည်းကောင်း အပြန်အလှန် ကူးစက်တတ်သော ရောဂါဆိုသည်။ ယင်း စကားရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အခါအားလျော်စွာ ကြေညာထုတ်ပြန်ထားသော ကြက်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါတစ်မျိုးမျိုးလည်း ပါဝင်သည်ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၉)မှ(၁၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်(၉) မှ (၁၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဎ)အဖြစ် မှတ်ပုံတင်ခြင်း ဆိုသည်မှာ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဏ)အဖြစ် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်ဆိုသည်မှာ ကြက်မွေးမြူသူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် မွေးမြူမှုနည်းစနစ်သတ်မှတ်ချက်များကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ၂(တ)အဖြစ် ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်ဆိုသည်မှာ ကြက်မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် အသားနှင့် ဥများ၊ ကြက်အစာ၊ ကြက်မွေးမြူ ရေးသုံးဆေးဝါးနှင့် ပစ္စည်းထုတ်လုပ်သူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ် ထားသည့် ထုတ်လုပ်မှုနည်းစနစ် သတ်မှတ်ချက်များကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂ (ထ)အဖြစ် မွေးမြူရေးမြေ ဆိုသည်မှာ သက်ဆိုင်ရာကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန် သီးသန့်လုပ်ကိုင်ဆောင်ရွက်သော မြေနေရာကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(ဃ)အဖြစ် ကြက်မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော အနံ့အသက်ဆိုးများ လျှော့ချခြင်းနှင့် ကူးစက်ရောဂါများ ပြည်သူလူထုသို့ အလွယ်တကူ ကူးစက်ခြင်းမှ ကာကွယ်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၆)မှ (၂၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၁၆)မှ (၂၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှိူ၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(င)အဖြစ် ကြက်မွေးမြူရေးလုပ်ငန်းများကြောင့် ကူးစက်ရောဂါများ မဖြစ်ပွား စေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ တုန့်ပြန် ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၂)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(င)ကို ပုဒ်မ ၃(စ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၂၃) ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(စ)အဖြစ် ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝ လုံခြုံမှုရှိစေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၄) ဖြစ်ပါတယ်။ အခန်း(၃)ခေါင်းစဉ်ကို ကော်မတီဖွဲ့စည်းခြင်းဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၂၅) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄ ကို အစိုးရအဖွဲ့သည် ပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီး၊ ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ အစိုးရအဖွဲ့

(ခ) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးဌာန

(ဂ) ပြည်နယ်ဦးစီးမှူး၊ အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(ဃ) ပြည်နယ်ဦးစီးဌာနမှူး၊ အဖွဲ့ဝင်
ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(င) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

(စ) ပြည်နယ်ဦးစီးမှူး၊ အဖွဲ့ဝင်
ပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဆ) ပြည်နယ်ဦးစီးမှူး၊ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အဖွဲ့ဝင်

(ဇ) ပြည်နယ်ဦးစီးမှူး၊ အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဈ) ကြက်မွေးမြူရေးလုပ်ငန်းရှင်များအစုအဖွဲ့ အဖွဲ့ဝင်များ
ဒေသကိုယ်စားလှယ်(၉) ဦး

(ည) ပြည်နယ်ဦးစီးမှူး၊ အတွင်းရေးမှူး
ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၁)မှ(၂၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၁)မှ(၂၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေဖြင့် အမှတ်စဉ် (၂၃) တွင်ပါရှိသည့် အခန်း(၂)၊ ပုဒ်မ ၃(စ)တွင် ကြက်မွေးမြူရေး လုပ်ငန်းများ လုံခြုံမှုရှိစေရန်အစား ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝလုံခြုံမှုရှိစေရန်ဟူ၍ ပြင်ဆင်ထားသည်ကို တွေ့ရပါတယ်။ ၎င်းစာကြောင်းသည် အခန်း(၂) ရည်ရွယ်ချက်တွင်ပါသည့် အချက် (၆)ချက်များထဲ (၁)ချက်ဖြစ်ပါတယ်။ အချက်(၆)ချက်တွင် ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ ဆောင်ရွက်ရမည့် အဓိက ရည်ရွယ်ချက်(၂)ချက် ပါဝင်ပါတယ်။ ဇီဝ လုံခြုံရေးနှင့်ပတ်သက်သည့် အချက်(၂)ချက် ပါဝင်ပါတယ်။ ကြက်မွေးမြူရေး လုံခြုံစွာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် အချက်(၂)ချက် ပါဝင်ပါတယ်။ ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝလုံခြုံရေး ဆိုသည်မှာ ရည်ရွယ်ချက်တွင်ပါရှိသည့် (က) ကြက်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အနံ့အသက်ဆိုး၊ ကူးစက်ရောဂါများ ပြည်သူလူထုသို့ အလွယ်တကူ ကူးစက်ခြင်းမှ ကာကွယ်ရန်။ (င)တွင် ဖော်ပြထားသည့်အတိုင်း ကြက်မွေးမြူရေး လုပ်ငန်း များကြောင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာ ခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျတုန့်ပြန်ထိန်းချုပ်ခြင်းများကို ဆောင်ရွက်နိုင်ရန်ဆိုပြီး ၎င်းအချက်(၂)ချက်သည် ကြက်မွေးမြူရေးလုပ်ငန်း၏ ဇီဝလုံခြုံရေးကို ထိန်းချုပ်သည့်

ရည်ရွယ်ချက် ဖြစ်ပါတယ်။ မိမိတင်ပြလိုသည်မှာ ကြက်မွေးမြူရေးလုပ်ငန်းကို ပြန်လည်ကြည့် မည်ဆိုပါက ဤဥပဒေတွင် ကြက်မွေးမြူရေးလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရန် ဟူ၍ ပါရှိပါတယ်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမည့် ကြက်မွေးမြူရေးလုပ်ငန်းများသည် ၎င်း လုပ်ငန်းများ လုံခြုံမှုရှိစေရန် လုပ်ငန်းကို အကြောင်းပြပြီး ကန့်ကွက်ဆန္ဒပြမှုများနှင့် ရင်းနှီး မြှုပ်နှံသည့် ကြက်မွေးမြူရေးလုပ်ငန်းကို လုံလုံခြုံခြုံ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ရေးသား ခြင်းဖြစ်ပါတယ်။ ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝလုံခြုံမှုရှိစေရန်သည် ပြည်သူလူထုဘက်မှ ကြည့်သည့် ရှုထောင့်ဖြစ်ပါတယ်။ မိမိရေးသည့် ရည်ရွယ်ချက်မှာ ကြက်မွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံသူ၏ လုံခြုံမှုကို စဉ်းစားပြီး ရေးသည့်အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ် (၂၃)၊ အခန်း(၂)၊ ပုဒ်မ ၃(စ)နှင့်ပတ်သက်ပြီး မူလအတိုင်းထားသင့်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ပြင်ဆင်ချက်ကို မူလဥပဒေတင်သွင်းသူ ဦးစိုင်းထွန်းညဏ်က ကန့်ကွက်ပြီး ဥပဒေ(မူကြမ်း)ပါ မူလဖော်ပြချက်အတိုင်း ထားရှိသင့်သည်ကို တင်ပြသွား ပါတယ်။ ၎င်းအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ဆန္ဒကို စက်ခလုတ်သုံးပြီး ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ထောက်ခံဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူသည့်လွှတ်တော်ကိုယ်စားလှယ်များသည် ကန့်ကွက်ဆန္ဒမဲပေး ရန်ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် သည်အတည်ဖြစ်၍ ကန့်ကွက်မဲများပါက ဦးစိုင်းထွန်းညဏ် တင်ပြသည့် ဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်သည် အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၆၇)မဲ၊ ကြားနေ (၂)မဲ၊ ကန့်ကွက်မဲ (၄၉)မဲ၊ မဲမပေးသည့် ပုဂ္ဂိုလ်(၅)ဦး ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်(၂၁)မှ (၂၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည်အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်ပြီး ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၇) ဖြစ်ပါတယ်။ အခန်း (၄) ခေါင်းစဉ်အဖြစ် ကော်မတီ၏ လုပ်ငန်းတာဝန်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၂၆) မှ (၂၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၆)မှ (၂၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၆(က)အဖြစ် ဤဥပဒေအရ ကော်မတီသည် ဦးစီးဌာနနှင့်ပူးပေါင်းပြီး ကြက်မွေးမြူရေးလုပ်ငန်းအားလုံးကို သတ်မှတ်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်၌သာ မွေးမြူစေရန် ဆောင်ရွက်အကောင်အထည်ဖော်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၂၉) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၆(ဂ)အဖြစ် ကြက်မွေးမြူရေးလုပ်ငန်းများတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၀) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆(ဃ)အဖြစ် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကြက်မွေးမြူရေး ခြံ သို့မဟုတ် ဇုန်အတွင်း ကြက်မွေးမြူရန် အဆောက်အဦများ တည်ဆောက်ရာတွင် ဘေးကင်းစိတ်ချ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အတွက် ကြီးကြပ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၁)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၆(ဆ)အဖြစ် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကြက်မွေးမြူရေး ခြံ သို့မဟုတ် ဇုန် တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့ထံ တင်ပြခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆(ဈ)အဖြစ် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ကြီးကြပ်ခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၃) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၆(ည)အဖြစ် သဘာဝဘေးအန္တရာယ်နှင့် ကူးစက်ရောဂါကျရောက်သည့် ဒေသများတွင် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ဆုံးရှုံးနစ်နာမှုအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများရရှိရန် ပေါင်းစပ် ညှိနှိုင်းပေးခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၂၈)မှ (၃၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၈)မှ(၃၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၄) ဖြစ်ပါတယ်။ အခန်း(၅) ခေါင်းစဉ်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ကြက်မွေးမြူရေးဆိုင်ရာကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၅) ဖြစ်ပါတယ်။ အခန်း (၅)၊ ပုဒ်မ ၇ အဖြစ် ကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်-

| | | |
|---|---|---|
| (က) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်အမှုဆောင်အရာရှိ၊ စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (ဂ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အဖွဲ့ဝင်

( ဇ) ကြက်မွေးမြူရေးလုပ်ငန်းရှင်များ အစုအဖွဲ့ ဒေသကိုယ်စားလှယ်(၅)ဦး အဖွဲ့ဝင်များ

(ဈ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အတွင်းရေးမှူး

ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၆) ဖြစ်ပါတယ်။ အခန်း (၅)၊ ပုဒ်မ ၈ အဖြစ် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီက သတ်မှတ်ထားသော မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများနှင့် ညီ၊ မညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

( ခ) သတ်မှတ်ထားသော မွေးမြူရေးနေရာ၊ အကျယ်အဝန်းနှင့်ကောင်ရေ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

( ဂ) ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိသူက လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) မြို့နယ်ကြီးကြပ်ရေးကော်မတီ၏ စစ်ဆေးတွေ့ရှိချက်ကို ခရိုင်ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် ပြည်နယ်ကြီးကြပ်ရေးကော်မတီသို့ တင်ပြအစီရင်ခံခြင်း၊

( င) ကြက်မွေးမြူရေးကြောင့် ဖြစ်ပွားသည့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကော်မတီအား အကူအညီများ ပေးခြင်း၊

( စ) ပြည်နယ်ကြီးကြပ်ရေးကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊

ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း (၄)ကို အခန်း (၆)အဖြစ်၊ အခန်း (၅)ကို အခန်း(၇)အဖြစ်၊ အခန်း(၆)ကို အခန်း (၈) အဖြစ်၊ အခန်း (၇) ကို အခန်း (၉) အဖြစ်၊ အခန်း(၈)ကို အခန်း(၁၀) အဖြစ်၊ အခန်း (၉) ကို အခန်း (၁၁) အဖြစ်၊ အခန်း(၁၀) ကို အခန်း(၁၂)အဖြစ်၊ အခန်း (၁၁)ကို အခန်း (၁၃) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၄)မှ(၃၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၄)မှ(၃၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၈) ဖြစ်ပါတယ်။ ပုဒ်မ ၇ ကို ပုဒ်မ ၉ အဖြစ်၊ ပုဒ်မ ၈ ကို ပုဒ်မ ၁၀ အဖြစ်၊ ပုဒ်မ ၉ ကို ပုဒ်မ ၁၁ အဖြစ်၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၁၂ အဖြစ်၊ ပုဒ်မ ၁၁ ကို ပုဒ်မ ၁၃ အဖြစ်၊ ပုဒ်မ ၁၂ ကို ပုဒ်မ ၁၄ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၉) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၉ အဖြစ် ဤဥပဒေအရ ကြက်မွေးမြူရေး လုပ်ငန်းများကို သတ်မှတ်ချက်နှင့် ကိုက်ညီသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်၌သာ မွေးမြူခွင့် ရှိသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၁၀ အဖြစ် ဦးစီးဌာနသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်များတွင် ဖွဲ့စည်းထားသော ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီနှင့် ညှိနှိုင်းပြီး ကြက်မွေးမြူရေးခြံသစ်များကို ပြည်နယ်ကော်မတီ၏ သဘောတူညီမှုဖြင့်လည်းကောင်း၊ ဇုန်သစ်များကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့်လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၈) မှ (၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၃၈)မှ (၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီနှို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၁) ဖြစ်ပါတယ်။ အခန်း (၆) ပုဒ်မ ၁၁ အဖြစ် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန် ထူထောင်ရာတွင် ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝလုံခြုံရေးအရ မြို့နယ်နိမိတ်အဆုံးနှင့် အနည်းဆုံး (၃)ကီလိုမီတာဝေးပြီး ကျေးရွာများမှ သဘောတူပြီး သင့်လျော်သောနေရာများတွင် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ အထက်ဖော်ပြပါ ခွင့်ပြုထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်အား ကူးစက်မြန်ပြင်းထန်သည့် သတ်မှတ်ထားသော ကြက်ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိမချင်း ထိုက်သင့်သော ကာလတစ်ခုအဖြစ် တည်တံ့ထူထောင်နိုင်ရန် ခွင့်ပြုချက်၌ ထည့်သွင်းအာမခံပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၂) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၂အဖြစ် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန် ထူထောင်ရာတွင် ယင်းပတ်ဝန်းကျင်ရှိ ကျေးရွာပြည်သူများ၏ သဘောတူညီချက်ရယူပြီး မြေယာဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၁၃ အဖြစ် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်များကို ထူထောင်ရာတွင် သတ်မှတ်ဥပဒေနှင့်အညီ တစ်ဦးချင်း ကြက်မွေးမြူရေးခြံ သို့မဟုတ် ခြံများစုပေါင်း၍ ကြက်မွေးမြူရေးဇုန် ထူထောင်နိုင်သည်။ မွေးမြူရေးဇုန်တစ်ခုထက်မက ထူထောင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၄) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၄ အဖြစ် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန် ထူထောင်ရာတွင် အဓိကလိုအပ်ချက်များဖြစ်သော မြေနေရာ၊ လမ်း၊

လျှပ်စစ်မီး၊ ရေ စသည်တို့ကို အစိုးရအဖွဲ့ထံ စီမံချက်နှင့်အညီ တင်ပြအကူအညီ တောင်းခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁)မှ(၄၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၁)မှ(၄၄) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၅) ဖြစ်ပါတယ်။ အခန်း(၇) ခေါင်းစဉ်ကို ကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၏တာဝန်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၆) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၄၇)ဖြစ်ပါတယ်။ ပုဒ်မ ၁၄ ကို ပုဒ်မ ၁၅ အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၅ အဖြစ် ကြက်မွေးမြူရေးခြံပိုင်ရှင်များသည် သတ်မှတ်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်အတွင်း ကြက်မွေးမြူရေးခြံ အဆောက်အဦများ တည်ဆောက်ရာတွင် မြို့နယ်ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်အတိုင်း တည်ဆောက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၉) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ အဖြစ် မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ရရှိသူသည် –

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ပါ ဖော်ပြချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်၊

( ခ) သတ်မှတ်ပေးသည့် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်အတွင်း ကြက်မွေးမြူရေးခြံ အဆောက်အဦများ တည်ဆောက်ရာတွင် မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်အတိုင်းတည်ဆောက်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၅၀) ဖြစ်ပါတယ်။ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၁) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၈ အဖြစ် မွေးမြူထားသည့် ကြက်များကို စံချိန်စံညွှန်းနှင့်မညီသည့်အစာ သို့မဟုတ် ဖြည့်စွက်စာ၊ တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများကို ထည့်သွင်းဖော်စပ် ကျွေးမွေးခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၅) မှ (၅၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၅)မှ(၅၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူမရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၅၂) ဖြစ်ပါတယ်။ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၃) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၉ အဖြစ် ကြက်မွေးမြူရေးခြံပိုင်ရှင်များသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၄)ဖြစ်ပါတယ်။ အခန်း(၈) ခေါင်းစဉ်အဖြစ် မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၅) ဖြစ်ပါတယ်။ ပုဒ်မ ၁၇ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၂၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၆) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၀ အဖြစ် မှတ်ပုံတင်ခြင်းဆိုသည်မှာ ဝန်ကြီးဌာနသည် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်မြေနှင့် ပတ်သက်သော စာချုပ်စာတမ်း လွှဲပြောင်း အမှတ်အသားများကို စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ မှတ်ပုံတင်ပေး

ရမည့်အပြင် လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဆောင်ရွက်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၇) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၁ အဖြစ် မှတ်ပုံတင်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်အတွင်း မြေနှင့်အဆောက်အဦများကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းနိုင်သည်-

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

( ခ) ရောင်းချခြင်း၊

( ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏ အမိန့်ဒီဂရီအရ လွှဲပြောင်းခြင်းနှင့် လွှဲအပ်ခြင်း။

အမှတ်စဉ် (၅၂)မှ (၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၂)မှ(၅၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၅၈) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၉ (က) (ခ) (ဂ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၈)ကို ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၈)ကို ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၂ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၆၀) ဖြစ်ပါတယ်။ အခန်း (၉)၊ ပုဒ်မ ၂၂ အဖြစ် ဤဥပဒေအရ ထပ်မံထူထောင်မည့် ကြက်မွေးမြူရေး လုပ်ငန်းအားလုံးသည် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်တွင် မွေးမြူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၁) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၃ အဖြစ် ဤဥပဒေ မတိုင်မီ ကာလက ရပ်ကွက် သို့မဟုတ် ကျေးရွာ၊ လူနေအိမ်ပတ်ဝန်းကျင်၌ တည်ရှိနှင့်ပြီးသော ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့် ကိုက်ညီမှုမရှိသော ကြက်မွေးမြူရေးခြံများကို သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်ကြက်မွေးမြူရေး ဆိုင်ရာ ကြီးကြပ်ရေးကော်မတီများ ဦးဆောင်ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်သို့ ပြောင်းရွှေ့ မွေးမြူရန်အတွက် ၂ နှစ်ထက်မပိုသော စီမံခန့်ခွဲကာလသတ်မှတ်ပြီး အကောင်အထည်ဖော်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၂) ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄(ဃ)အဖြစ် ခွင့်ပြုထားသည့် လုပ်ငန်း မှတ်ပုံတင်ကို ကော်မတီ၏ခွင့်ပြုချက်ဖြင့် ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၃) ဖြစ်ပါတယ်။ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၅ အဖြစ်၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၆ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၇ အဖြစ်၊ ပုဒ်မ ၂၆ ကို ပုဒ်မ ၂၈ အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ် (၅၉)မှ (၆၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၉)မှ(၆၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလား ခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၆၄) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၅ အဖြစ် မြို့နယ်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ဤဥပဒေအရ ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်မွေးမြူရေး ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၅)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၆ အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်မွေးမြူရေးဆိုင်ရာကြီးကြပ်ရေးကော်မတီက ချမှတ်သည့်ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ပြည်နယ်ကော်မတီသို့ အယူခံဝင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၆) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၇ အဖြစ် ပြည်နယ်ကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၇)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၈ အဖြစ် အစိုးရအဖွဲ့၏ဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၈) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၂၉ အဖြစ် မည်သူမျှ မှတ်ပုံတင် လက်မှတ်မရှိဘဲ ကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၄)မှ(၆၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၄)မှ(၆၈) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၉) ဖြစ်ပါတယ်။ ပုဒ်မ ၂၇ ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၂၈ ကို ပုဒ်မ ၃၁ အဖြစ်၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၃၂ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၃၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၇၀) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၀ အဖြစ် ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်တွင် ကြက်မွေးမြူရန် အဆောက်အဦများကို မြို့နယ်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ စိစစ်ခွင့်ပြုချက်မပါဘဲ တည်ဆောက်ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၁) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၁ အဖြစ် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူသည် ကြက်ခြံမှထွက်သော အနံ့အသက်ဆိုးများ ထိန်းချုပ်ခြင်းနှင့် ကူးစက်ရောဂါများ မဖြစ်ပေါ်ရန်အတွက် ကော်မတီ၏ စိစစ်ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၂) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၂ အဖြစ် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူသည် ကြက်ခြံတွင် ကူးစက်ရောဂါလက္ခဏာများ တွေ့ရှိရပါက သက်ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီ သို့မဟုတ် ဦးစီးဌာနသို့ သတင်းပေးပို့ရေး ပျက်ကွက်ခြင်းမရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၃) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၃ အဖြစ် မည်သူမဆို စီးပွားဖြစ် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် သတ်မှတ်ထားသော ကြက်မွေးမြူရေးခြံ သို့မဟုတ် ဇုန်ပြင်ပ၌ မွေးမြူခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၉) မှ (၇၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၉) မှ (၇၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလား ခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီချို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇၄) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၄ အဖြစ် ကူးစက်ရောဂါကြောင့် သေဆုံးသည့်ကြက်များကို အများပြည်သူစားသုံးရန်အတွက် ရောင်းချခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၇၅) ဖြစ်ပါတယ်။ ပုဒ်မ ၃၁ ကို ပုဒ်မ ၃၅ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၃၆ အဖြစ်၊ ပုဒ်မ ၃၃ ကို ပုဒ်မ ၃၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၇၆) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၃၅ အဖြစ် မည်သူမဆို ပုဒ်မ ၂၉ နှင့် ၃၀ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ကို ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၇) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၃၆ အဖြစ် မည်သူမဆို ပုဒ်မ ၃၁ နှင့် ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ကြက်မွေးမြူရေးလုပ်ငန်းအား အချိန်ကာလအပိုင်းအခြားဖြင့် ရပ်ဆိုင်းခြင်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အမိန့်ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၈) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၃၇ အဖြစ် မည်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကြက်မွေးမြူရေးလုပ်ငန်းအား ပိတ်သိမ်းခြင်း အမိန့်ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၄) မှ (၇၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၄)မှ(၇၈) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော့်အနေဖြင့် ဖြည့်စွက်အကြံပြုလိုပါတယ်။ အခန်း(၁၁)၊ ပုဒ်မ(၃၄)တွင် ကူးစက်ရောဂါကြောင့် သေဆုံးသည့် ကြက်များကို အများပြည်သူ စားသုံးရန်အတွက် ရောင်းချခြင်း မပြုရမည့်အပြင် ဖျက်ဆီး ပစ်ရမည်ဟူ၍ ဖြည့်စွက်ရန် အကြံပြုလိုပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၄)နှင့် ပတ်သက်၍ ပြင်ဆင်သည့်စာသားမှာ ကူးစက်ရောဂါကြောင့် သေဆုံးသည့် ကြက်များကို အများပြည်သူစားသုံးရန်အတွက် ရောင်းချခြင်းမပြုရ၊ ဖျက်ဆီးရမည်ဖြစ်ပါတယ်။ ဤပြင်ဆင် ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသည့်သူ မရှိသည့်အတွက် ဖျက်ဆီးရမည်ဆိုသည့် စာသားပြင်ဆင်ချက်ကို လွှတ်တော်မှ သဘောတူ ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီနျို၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၇၉) ဖြစ်ပါတယ်။ ပုဒ်မ ၃၄ ကို ပုဒ်မ ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၀) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၃၈ အဖြစ် တရားရုံးသည် ပုဒ်မ ၃၀ နှင့် ၃၃ အရ ပြစ်မှုထင်ရှား စီရင်ရာတွင် သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီစီရင်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၈၁) ဖြစ်ပါတယ်။ ပုဒ်မ ၃၅ ကို ပုဒ်မ ၃၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၂) ဖြစ်ပါတယ်။ နိဒါန်း၊ အခန်း(၂) ပုဒ်မ ၃(ခ) ၊ အခန်း(၄) ပုဒ်မ ၆(င)(ဇ)၊ အခန်း(၆) ခေါင်းစဉ်၊ အခန်း(၇) ပုဒ်မ ၁၇ တို့ရှိ ကြက်မွေးမြူရေးဇုန် စကားရပ်အစား ကြက်မွေးမြူရေး ခြံ သို့မဟုတ် ဇုန် ဟု စကားရပ်အစားထိုးရမည်။

အမှတ်စဉ် (၇၉) မှ (၈၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၉) မှ (၈၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှူ၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၈၃)ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၀ အဖြစ် ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ၊ စာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြပြီးသကဲ့သို့ မှတ်ယူကာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၄) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၁ ကော်မတီသည် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား မှတ်ပုံတင်ခြင်းကင်းလွတ်ခွင့်ပြုနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၅) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၂ အဖြစ် ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးငွေနှင့် အခကြေးငွေများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ဦးစီးဌာနမှ ဦးစီးအရာရှိ တစ်ဦးဦးအား တာဝန်ပေးအပ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၆) ဖြစ်ပါတယ်။ ပုဒ်မ ၃၆ ကို ပုဒ်မ ၄၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၇) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၄ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၈) ဖြစ်ပါတယ်။ ပုဒ်မ ၃၇ ကို ပုဒ်မ ၄၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၉) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၅ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် –

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၈၃) မှ (၈၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၃) မှ (၈၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသည့် ကန့်လန့်ဖြတ်ဇယားပါအပိုဒ်များကို တစ်ခုချင်းအလိုက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး ဖြစ်ပါတယ်။ ယခု ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဥာဏ်တင်သွင်းသည့် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးကိုအတည်ပြုရန်အတွက် လွှတ်တော်ကို ဆက်လက်တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဒေါ်မေရီရှို့၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) (၃၀.၃.၂၀၁၈)ရက်၌ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ကြက်မွေးမြူရေး ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ကန့်လန့်ဖြတ်ဇယားပါ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုနိုင်ရန်အတွက် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် (အင်္ဂါနေ့)၊ နံနက်(၁၀)နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (ဆဋ္ဌမနေ့)မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ ၂၄ ရက်

## [အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၆)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅.၇၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ

ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄- ၉- ၂၀၁၉ ရက် (ဆဋ္ဌမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁) ရက်။

(၂) ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ ဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာကြသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ပြည်သူလူထု ကိုယ်စား ကျွန်မမေးမြန်းသွားမည့် မေးခွန်းကတော့ မိုင်းရှူးမြို့နယ်၊ မိုင်းရှူးမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် နှစ်ထပ်(RC) (၁၀၀× ၃၀)ပေ စာသင်ဆောင်သစ် ဆောက်လုပ်နိုင်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းရှူးမြို့ အခြေခံပညာအလယ်တန်းကျောင်းသည် မိုင်းရှူးမြို့၊ ရပ်ကွက်(၄)အတွင်း ပါရှိပါတယ်။ ရပ်ကွက်(၄)သည် အိမ်ထောင်စုဦးရေ(၇၉၃)ရှိပြီး၊ လူဦးရေပေါင်း (၅၀၉၀) ဦးနှင့် အနီးပတ်ဝန်းကျင်ရွာများဖြစ်သော မော်မွေ၊ လွိုင်နိုင်း၊ မိုင်းအော့၊ ခိုစုံကျေးရွာများမှလည်း လာရောက်ပြီး ပညာသင်ယူခဲ့ကြပါတယ်။ ကျောင်းသားအင်အား (၉၀၀)ခန့် နှစ်စဉ် ဤကျောင်းသို့ ကျောင်းလာတက်၍ ကျောင်းသားအင်အား နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ လက်ရှိတွင် စာသင်ဆောင် (၄)ဆောင်ရှိပြီး၊ စာသင်ခန်း (၁၆)ခန်းဖြင့် မူလတန်းဆင့်သင် ကျောင်းသား (၅၉၈)ဦးနှင့် အလယ်တန်းဆင့်သင် ကျောင်းသား (၂၉၄)ဦး၊ စုစုပေါင်း (၈၉၂)ဦးဖြင့် ပညာသင်ကြားနေပါတယ်။ ကျောင်းအုပ်ကြီး ရုံးခန်း၊ စာကြည့်တိုက်၊ ဟောပြောပွဲခန်းမများလည်းမရှိပါ။ စနစ်သစ်ပညာရေးအရ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားဦးရေအချိုးလုံးဝမမျှတပါ။ ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့များမှလည်း ကျောင်းသို့ စစ်ဆေးရေးလာသည့် အခါတိုင်း ကျောင်းသားများသောကြောင့် အလယ်တန်းကျောင်းအဆင့် အထက်တန်း ကျောင်း(ခွဲ) အဆင့်သို့ အဆင့်တိုးတင်ရန် နှစ်စဉ်တွန်းအားပေးလျက်ရှိနေသည်ကို သိရှိရပါတယ်။ စာသင်ဆောင်များ လုံလောက်မှုမရှိကြောင်းလည်း ကိုယ်တိုင်ကွင်းဆင်း၍လည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းရှူးမြို့အခြေခံပညာအလယ်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် နှစ်ထပ် RC ကျောင်းဆောင်သစ်ထပ်မံရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာမှ လာမည့် နီးစပ်ရာ

ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့် ပညာသင်နှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထု ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည် တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း မေးမြန်းသည့် လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းရှူးမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် နှစ်ထပ်(RC) (၁၀၀×၃၀)ပေ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လာမည့်နီးစပ်ရာ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့် ပညာသင်နှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသည် မေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းရှူးမြို့အခြေခံပညာအလယ်တန်းကျောင်းသည် ကျောင်းပိုင်မြေ(၁.၄၃၂)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင် များမှာ ပင်မဆောင် (၁၅၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်(၇)ခန်း၊ စံပယ် ဆောင် (၆၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၃)ခန်း၊ ပိတောက်ဆောင် (၆၀x ၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၃)ခန်း၊ ချယ်ရီဆောင် (၉၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၃)ခန်း၊ စုစုပေါင်း စာသင်ဆောင် ၄ ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေမှာ KG ၉၈ ဦး၊ ပထမတန်း ၁၅၂ ဦး၊ ဒုတိယတန်း ၇၄ ဦး၊ တတိယတန်း ၁၈၈ ဦး၊ စတုတ္ထတန်း ၉၀ ဦး၊ မူလတန်းအဆင့် ကျောင်းသား စုစုပေါင်း (၆၀၂)ဦး၊ တန်းခွဲ(၁၁)ခုရှိပါတယ်။ ပဉ္စမတန်း ၉၇ ဦး၊ ဆဋ္ဌမတန်း ၆၆ ဦး၊ သတ္တမတန်း ၆၄ ဦး၊ အဋ္ဌမတန်း ၄၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား စုစုပေါင်း (၂၇၄) ဦးရှိပြီး တန်းခွဲ (၆)ခု ရှိပါတယ်။ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား စုစုပေါင်း(၈၇၆)ဦးနှင့် တန်းခွဲ (၁၇)ခုရှိပါတယ်။ လက်ရှိတန်းခွဲဦးရေနှင့် စာသင်ခန်းဦးရေ ကိုက်ညီမှု ရှိပါတယ်။ စနစ်သစ် ပညာရေးတွင် လိုအပ်လာမည့် စာသင်ခန်းများအတွက် ရည်ရွယ်၍(၁၀၀x၃၀) ပေ RCC

နှစ်ထပ်စာသင်ဆောင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ရန်ပုံငွေခွင့်ပြုပေးလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆက်လက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများကိုယ်စား လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိရေးနဲ့ ပတ်သက်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တာနဲ့အညီ တောင်သူတွေကို အဓိကအားထားရတဲ့ နိုင်ငံဖြစ်ပါတယ်။ တောင်သူတွေများတာနဲ့အညီ စိုက်ပျိုးမြေများနဲ့ပတ်သက်လို့ မြေယာပြဿနာများကို ဖြေရှင်းရာမှာလည်း ယနေ့အချိန်အထိ ပြီးဆုံးနိုင်ခြင်းမရှိသေးပါ။ ဒ့ါအပြင် ယခုစိုက်ပျိုးမြေဧရိယာများမှာ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို အများစုက မရရှိသေးတဲ့အတွက် စိုက်ပျိုးရေးချေးငွေများကို ထုတ်ယူရရှိနိုင်ခြင်းမရှိဘဲ ကုန်သည်ပွဲစားများထံမှ အတိုးကြီးကြီးယူပြီး နှစ်စဉ်စိုက်ပျိုးရတဲ့အတွက် တွက်ချေမကိုက်လှပါဘူး။ တောင်သူအများစုဟာ စိုက်ပျိုးရာသီမှာ မရှိ ရှိတာကို အရင်းအနှီး စိုက်ထုတ်ရ၊ စိုက်ပျိုးပြီးရင်လည်း မိုးလေဝသက ညီညွတ်မှ မိုးလေဝသက ညီညွတ်ရင်လည်း သီးနှံဈေးကွက်က ကောင်းမှ ၎င်းတို့မိသားစုဟာ ဝမ်းဝရုံ ခါးလှရုံသာရှိကြပါတယ်။ ယခုနှစ်ဆိုရင် ရာသီဥတု မညီညွတ်တဲ့အတွက် တောင်သူအများစုရဲ့ စိုက်ပျိုးသီးနှံတွေဟာ ပိုးကျခြင်း၊ အပင်တွေကောင်းမွန်စွာမဖြစ်ထွန်းခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်းများကို တွေ့နေရပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ချေးငွေဖြစ်တဲ့ စိုက်ဘဏ်ချေးငွေလေးတောင် တောင်သူတိုင်းရရှိကြတယ်ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းနဲ့ တောင်သူတွေဘဝဟာ အနည်းငယ် အသက်ရှူချောင်သွားမှာ ဖြစ်ပါတယ်။ စိုက်ဘဏ်ချေးငွေဟာလည်း ပုံစံ(၇)ရရှိမှသာ ထုတ်ချေးပေးတာမို့ ပုံစံ(၇)ရရှိရေးဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ ပုံစံ(၇)ထုတ်ပေးရာမှာလည်း လေ့လာကြည့်တဲ့အခါ တောင်သူအများစုဟာ မိမိတို့စိုက်ပျိုးမြေများက မည်သည့်မြေအမျိုးအစား

ပေါ်မှာ စိုက်ပျိုးနေကြသလဲဆိုတာ သိရှိမှု အင်မတန်ကိုမှ နည်းပါးနေကြပါတယ်။ အချို့က သစ်တောမြေ၊ အချို့က မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ၊ အချို့က အစိုးရက စီမံခန့်ခွဲပိုင်ခွင့် မရှိသော မြေများပေါ်မှာ စိုက်ပျိုးနေကြတဲ့အတွက် ပုံစံ(၇)မရရှိခြင်းဖြစ်ကြသလို ပုံစံ(၇) ထုတ်ပေးနိုင်တဲ့ ကွင်းမြေပုံတိုင်းတာပြီးသားရှိရင်လည်း သက်ဆိုင်ရာ လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရဲ့ ဝန်ထမ်းအင်အားလိုအပ်ချက်၊ နည်းပညာဆိုင်ရာ လိုအပ် ချက်တွေကြောင့် ပုံစံ(၇)ထုတ်ပေးမှုတွေဟာ အင်မတန်ကိုမှ ကြန့်ကြာနေတာကို တွေ့ရှိ ရပါတယ်။ ဒါ့အပြင် ပုံစံ(၁) လျှောက်ထားရန်အတွက်လည်း လျှောက်လွှာရယူရာမှာ သက်ဆိုင်ရာ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနထံမှ အလွယ်တကူထုတ်ယူ ရရှိနိုင်ခြင်းမရှိတာကို ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တစ်ဆက်တည်း ဌာနကို အကြံပြုလိုတာကတော့ တောင်သူများဟာ မိမိတို့ စိုက်ပျိုးမြေများသည် မည်သည့် မြေအမျိုးအစားတွင် ကျရောက်နေကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုအပ်သလို ပုံစံ(၇)ထုတ်ပေးနိုင်သောမြေအမျိုးအစားတွေ ဖြစ်ပါကလည်း သက်ဆိုင်ရာဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်သည်နှင့်အညီ အင်အားစိုက်ထုတ် အလုပ်လုပ်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်း အဝေး၏ (၂၇.၃.၂၀၁၈)ရက်နေ့က ရှမ်းပြည်နယ်တွင် တောင်သူလယ်သမားများ၏ အကျိုး စီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခဲ့ပါတယ်။ အဆိုကို ရှမ်းပြည်နယ် လွှတ်တော်က (၂၈.၃.၂၀၁၈)ရက်နေ့က အတည်ပြုခဲ့ပါတယ်။ အဆိုနှင့် ပတ်သက်၍ ရှမ်း ပြည်နယ်အတွင်း ပုံစံ(၇)ရရှိရေးကို မည်ကဲ့သို့စီမံချက်ရေးဆွဲ၍ ဆောင်ရွက်နေသည်ကို မသိရှိ ရခြင်း၊ ပုံစံ(၇) ရရှိလိုသောတောင်သူများသည် လွှတ်တော်ကိုယ်စားများထံ မကြာခဏ တောင်းဆိုလာကြခြင်းတို့ကြောင့် အောက်ပါမေးခွန်းများကို လေးစားစွာဖြင့် မေးမြန်းအပ်ပါ တယ်-

(က) ရပ်စောက်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိရန် မည်ကဲ့သို့ စီမံချက်ရေးဆွဲထားသနည်း။

(ခ) ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ မြင်တောင်ကျေးရွာအုပ်စု၊ မကျီးကုန်း ကျေးရွာအုပ်စု၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ကောင်းဘို့ကျေးရွာအုပ်စုနှင့် လွယ်ကိုးကျေးရွာအုပ်စုတို့မှ ပုံစံ(၇)ရရှိလိုသော တောင်သူများသည် စတင်

လျှောက်ထားပြီးပါက မည်သည့်အချိန်တွင် ပုံစံ(၇) ရရှိနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ မေးမြန်းလာတဲ့ ရပ်စောက်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရန် မည်ကဲ့သို့ စီမံချက်ရေးဆွဲထားပါသနည်း။ နောက်ပြီး ကျေးရွာအုပ်စု(၆)အုပ်စုမှာ ပုံစံ(၇)ရရှိလိုသော တောင်သူများသည် စတင်လျှောက်ထားပြီး မည်သည့်အချိန်တွင် ပုံစံ(၇)ရရှိနိုင်မည်ကို သိရှိလိုပါသဖြင့်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ကျွန်တော် ဦးစိုင်းလုံကျော်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိရန် စီမံချက်ရေးဆွဲထားရှိမှု လျာထားချက်ပမာဏမှာ တောင်သူပေါင်း (၂၁၅၅၆)၊ ဦးပိုင်ပေါင်း (၂၆၄၄၂)၊ ဧရိယာပေါင်း (၁၀၄၄၅၄)ကေအပေါ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ- ၇) ထုတ်ပေးပြီးစီးမှုဟာ တောင်သူပေါင်း (၁၆၇၆၃)ဦးရှိပြီးတော့ ဦးပိုင်ပေါင်း (၂၀၇၂၂)၊ ဧရိယာပေါင်း (၈၀၇၀၇)ကေ ထုတ်ပေးထားရှိပြီး ဖြစ်ပါတယ်။ လက်ရှိတွင် တောင်သူပေါင်း (၄၇၉၃)ဦး၊ ဦးပိုင်ပေါင်း(၅၇၂၀)၊ ဧရိယာပေါင်း (၂၃၇၄၇)ကေကို ဆက်လက်ဆောင်ရွက်ရန် စီမံချက်ရေးဆွဲဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်တွင် ကျေးရွာအုပ်စုအလိုက် တောင်သူလုပ်ကွက်များရှိသော်လည်း ပုံစံ(၇)ထုတ်ပေးနိုင်ရေးအတွက် စာရင်း၊ မြေပုံများရှိမှသာလျှင် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ တောင်သူလုပ်ကွက်များအား မြေတိုင်းတာခြင်း၊ မြေပုံများထုတ်ပေးခြင်း၊ စာရင်းမြေပုံများ ထူထောင်ခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ မြင်တောင်ကျေးရွာအုပ်စု၊ အလည်ချောင်ကျေးရွာအုပ်စု၊ ကောင်းဘို့ကျေးရွာအုပ်စု၊ လွယ်ကိုး

ကျေးရွာအုပ်စုနှင့် မကျီးကုန်းကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စု (၆)အုပ်စုမှာ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးပြီးစီးမှုမှာ တောင်သူပေါင်း (၁၁၄၃၈)ဦးဖြစ်ပြီး ဦးပိုင်ပေါင်း (၁၃၉၁၉)၊ ဧရိယာပေါင်း (၄၉၆၄၃) ဧက ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ လက်ရှိမှာလည်း ဆက်လက်ဆောင်ရွက်ရန် တောင်သူပေါင်း(၁၉၈၅)ဦး၊ ဦးပိုင်ပေါင်း (၂၃၉၉)၊ ဧရိယာပေါင်း (၉၂၂၂) ဧက ဆောင်ရွက်ပေးရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူများအနေနဲ့ စတင်လျှောက်ထားပြီးပါက လျှောက်ထားသည့် နေ့မှစ၍ (၁၃၄)ရက် ကြာမြင့်မည်ဖြစ်ပါကြောင်းနှင့် လယ်ယာမြေပုံစံ(၇)ထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ် လယ်ယာမြေ နည်းဥပဒေ အခန်း(၂)ပါ အပိုဒ် (၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄)အတိုင်း အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံမှာ ခွေးအကောင်ရေ လေးသန်းကျော်ခန့်ရှိကြောင်း သိရပါတယ်။ တစ်နှစ်ကို လူတစ်ထောင်ခန့် ခွေးရူးရောဂါကြောင့် သေဆုံးရကြောင်းလည်း သိခဲ့ရပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအထိ လူ(၄၁)ဦးခန့်သေဆုံးကြောင်း သိရပါတယ်။ (၈၀) ရာခိုင်နှုန်းခန့်ဟာ လမ်းဘေးခွေးများ ကိုက်ခြင်းကြောင့်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပိုင်ရှင်မဲ့ လမ်းဘေးခွေးများကို ခွေးရူးကာကွယ် ဆေးထိုးပေးနိုင်မှသာ ခွေးရူးရောဂါဖြစ်ပွားခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်ပါတယ်။ မြန်မာ နိုင်ငံဟာ အန္တရာယ်များသောနိုင်ငံများစာရင်းတွင် လူသေပျောက်မှု၊ လူသေဆုံးမှု အများဆုံး နိုင်ငံတစ်ခုအဖြစ်အပါအဝင် ဖြစ်ပါတယ်။ ခွေးရူးရောဂါ လျော့နည်းကျဆင်းရန်အတွက် အစိုးရဦးစီးဌာနများ၊ CSO များ၊ NGO များ၊ ပညာရှင်များ၊ ခွေးချစ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း အကြံပြုတိုက်တွန်း အပ်ပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ကျပ် ၁၃.၇ ဘီလီယံဖြင့် ခွေးရူးရောဂါကာကွယ်ဆေးဝယ်ခဲ့ရကြောင်း ကိုလည်း ပြည်ထောင်စုအစိုးရဝန်ကြီး ဒေါက်တာမြင့်ထွေးရဲ့ပြောကြားချက်အရ သိရပါတယ်။

ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ပိုင်ရှင်ရှိ ခွေးနှင့်ကြောင်၊ ပိုင်ရှင်မဲ့ ခွေးနှင့် ကြောင်တို့အား ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရန်နှင့် မျိုးပွားထိန်းချုပ်ရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည့် အစီအစဉ်၊ ခွေးကောင်း၊ ခွေးရူး အကိုက်ခံရ၍ ဒဏ်ရာရသူ (သို့မဟုတ်) သေဆုံးသူ လူမည်မျှရှိကြောင်းနှင့် ပညာပေးဟော ပြောပွဲများကို အများပြည်သူ သိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်တင်ပြရမည်ဆိုရင် ကျွန်တော် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ အလုပ်အမှုဆောင် တစ်ဦးအနေနဲ့ ဓနုကိုယ်ပိုင်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နန်းခုံကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပညာရေးကိစ္စဆွေးနွေးရာမှာ အ.လ.က မှ အ.ထ.က(ခွဲ) အဆင့် တိုးမြှင့်ပေးရန်လိုအပ်နေကြောင်း တွေ့ရှိခဲ့ရပါတယ်။ နန်းခုံရွာရှိ အ.လ.က ကျောင်းတွင် ၂၀၁၈– ၂၀၁၉ ပညာသင်နှစ်တွင် နန်းခုံရွာမှ (၁၂၆) ဦး၊ ရေတင်ရွာမှ (၅၀) ဦး၊ ပဲရင်းတောင်မှ (၅၅)ဦးရှိပြီး သာစည်မြို့နယ် ကုန်းပေါ်ရွာမှ (၃) ဦး၊ လယ်ခေါင်းရွာမှ(၃)ဦး၊ ဆင်ကူးရွာမှ(၉)ဦး၊ စုစုပေါင်း(၃၂၂)ဦးရှိခဲ့ပါတယ်။ အဆိုပါကျောင်းသားထဲမှ အဋ္ဌမတန်း (၆၄)ဦး၊ သတ္တမတန်း (၆၉)ဦး၊ ဆဋ္ဌမတန်း(၆၅)ဦး၊ ပဉ္စမတန်း (၅၆)ဦး၊ စတုတ္ထတန်း (၉)ဦး၊ တတိယတန်း (၁၅)ဦး၊ ဒုတိယတန်း (၂၄)ဦး၊ ပထမတန်း (၁၁)ဦး၊ KG (၉)ဦး အသီးသီးရှိပြီး အဋ္ဌမတန်း (၆၄)ဦးသည် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် နီးစပ်ရာ ကျိုး(အ.ထ.က)နှင့် ယကြီး (အ.ထ.က)(ခွဲ)သို့ ဝေးကွာသွားရောက်ပညာသင်ကြားရမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သတ္တမတန်းအောင်မြင်၍ အဋ္ဌမတန်းတက်ရောက်သင်ကြားမည့် ကျောင်းသား (၆၈)ဦးခန့်ကို ၂၀၂၀–၂၀၂၁ပညာသင်နှစ်မှ စ၍ နန်းခုံကျေးရွာရှိ စာသင်ကျောင်းတွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် နန်းခုံ ကျေးရွာရှိ အ.လ.က အား အ.ထ.က(ခွဲ) သို့ အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း (၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ မေးခွန်းနှစ်ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပိုင်ရှင်ရှိ ခွေးနှင့် ကြောင်၊ ပိုင်ရှင်မဲ့ ခွေးနှင့် ကြောင်တို့အား ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရန်နှင့် မျိုးပွားမှု ထိန်းချုပ်ရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်နှင့် ခွေးကောင်း၊ ခွေးရူးအကိုက်ခံရ၍ ဒဏ်ရာရသူ သို့မဟုတ် သေဆုံးသူ လူမည်မျှရှိကြောင်းနှင့် ပညာပေးဟောပြောပွဲများ မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုသည်နှင့် ပတ်သက်ပြီးတော့ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (၅၀)ရှိ ပိုင်ရှင်ရှိ ခွေးနှင့် ကြောင်၊ ပိုင်ရှင်မဲ့ ခွေးနှင့် ကြောင် (၄၇၀၀)ကောင်အား ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ မျိုးပွားမှုများ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (MVA–ရှမ်းပြည်နယ်)တို့မှ တိရစ္ဆာန်ဆေးကုဆရာဝန်များ ပူးပေါင်း၍ ပိုင်ရှင်ရှိခွေးနှင့် ကြောင်၊ ပိုင်ရှင်မဲ့ ခွေးနှင့် ကြောင် (၁၆၅၀)ကောင်အား ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ မျိုးပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို အခြားလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော ခွေးရူးပြန်ရောဂါကာကွယ်ရေးနှင့် လုပ်ငန်းလမ်းညွှန်များအား ဗဟိုအဆင့် ဆေးရုံကြီးများနှင့်တကွ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန အသီးသီးတို့ လိုက်နာဆောင်ရွက်ရန် ပေးပို့ထားရှိပြီး ဖြစ်ပါတယ်။ ၎င်းအပြင် လူထုကျန်းမာရေး အသိပညာပေးပွဲများတွင်လည်း ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သည့် အသိပညာပေးခြင်းများ၊ ဆေးပညာဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲများတွင်လည်း ဆေးပညာဆိုင်ရာသမားတော်များနှင့် ပူးပေါင်း၍ ဆွေးနွေးတင်ပြခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့ အခမ်းအနားကျင်းပ၍ ပြည်သူလူထု၏ ကျန်းမာရေး အသိပညာတိုးမြှင့်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက် ခွေးရူးပြန်ကာကွယ်ဆေး (Rabies Vaccine)နှင့် ခွေးရူးပြန် ကာကွယ်သော ပဋိပစ္စည်း (Rabies Immunoglobin) ဆေးဝါးများအား အချိန်မရွေး ရရှိနိုင်အောင် အအေးလမ်းကြောင်းစနစ်နှင့်တကွ စီမံထားရှိထားပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများသို့ ဖြန့်ဝေထားရှိပါတယ်။ ၎င်းအပြင် အခြေခံကျန်းမာရေးဌာနများဖြစ်သော ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများမှလည်း ခွေးကိုက်ခံရသူ လူနာများအား ရှေးဦးသူနာပြုစု၍ ခွေးရူးပြန် ကာကွယ်ဆေးရှိသည့် အနီးဆုံးဆေးရုံသို့ လွှဲပြောင်းကုသမှုပေးနိုင်ရန်လည်း ညွှန်ကြားထားရှိပါတယ်။ သံသယ ခွေးရူးပြန်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်များတွင်

ဖြစ်ပွားသည့် နေရာဒေသအတွင်းရှိ ခွေး၊ ကြောင်များကို သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိန်းချုပ်ဆောင်ရွက်ခြင်း၊ ခွေးရူးပြန်ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ခွေးရူးပြန်ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ထားရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခွေးကိုက်ခံရသူ လူနာပေါင်း (၆၅၀၁)ဦး အထိရှိခဲ့ပြီးထိတွေ့မှုအဆင့် (Category of exposure)အနေဖြင့် ထိတွေ့မှု အဆင့်(၁)တွင် (၁၅၃၈)ဦး၊ ထိတွေ့မှုအဆင့်(၂)တွင် (၄၅၆၉)ဦး၊ ထိတွေ့မှုအဆင့်(၃)တွင် (၃၃၇)ဦးရှိခဲ့ပါတယ်။ ခွေးရူးပြန်ကာကွယ်ဆေး သုံးစွဲမှုအနေဖြင့် ဆေးလုံးရေ (၁၃၀၂၅)အား သုံးစွဲခဲ့ပါတယ်။ ခွေးရူးပြန်ကာကွယ်သော ပဋိပစ္စည်း(Rabies Immunoglobin) ဆေးဝါးအနေဖြင့် ဆေးလုံးရေ (၂၁၄)လုံးသုံးစွဲခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူဦးရေ (၄)ဦးရှိခဲ့ ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ခွေးကိုက်ခံရသူ လူနာပေါင်း (၁၄၇၅)ဦး ရှိခဲ့ပြီး ထိတွေ့မှုအဆင့် (Category of exposure)အနေဖြင့် ထိတွေ့မှု အဆင့်(၁)တွင် (၂၈၈)ဦး၊ ထိတွေ့မှုအဆင့်(၂)တွင် (၁၀၉၂) ဦး၊ ထိတွေ့မှုအဆင့် (၃)တွင် (၇၁)ဦး ရှိခဲ့ပါတယ်။ ခွေးရူးပြန် ကာကွယ်ဆေးသုံးစွဲမှုအနေဖြင့် ဆေးလုံးရေ(၄၀၁၄)အား သုံးစွဲခဲ့ပါတယ်။ ခွေးရူးပြန် ကာကွယ်သော ပဋိပစ္စည်း (Rabies Immunoglobin) ဆေးဝါးအနေဖြင့် ဆေးလုံးရေ (၈၄)လုံး သုံးစွဲခဲ့ပါတယ်။ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လူထုကျန်းမာရေးပညာပေး ဟောပြောပွဲအနေဖြင့် (၃၄၀၇၉)ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူလူထုဦးရေ (၉၃၀၁၇၈)ဦးအား ကျန်းမာရေး အသိပညာပေးနိုင်ခဲ့ပါတယ်။ အဆိုပါ ဟောပြောပွဲများတွင် ခွေးရူးပြန်ရောဂါနှင့် ပတ်သက်သည့် ဟောပြောပွဲများလည်း ပါဝင်ပါတယ်။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ အတွင်း လူထုကျန်းမာရေးပညာပေးဟောပြောပွဲ (၃၉၃၈၉)ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူလူထု ဦးရေ (၆၇၆၃၅၁)ဦးအား ကျန်းမာရေး အသိပညာပေးနိုင်ခဲ့ပါတယ်။ ခွေးရူးပြန်ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းများအား ထည့်သွင်းဟောပြောခဲ့ပါတယ်။ ယခုအခါ ရှမ်းပြည်နယ်အတွင်းမှ ပြည်သူလူထုအနေဖြင့် ခွေးရူးပြန်ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာရယူမှု၊ ဂရုပြုမှုများ အားကောင်းလာပြီး ခွေးကိုက်ခံရပါကလည်း ပြည်သူ့ဆေးရုံများသို့ ဆောလျင်စွာ လာရောက်ကုသမှု ခံယူလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အဓိကကြုံတွေ့ရသည့်အခက်အခဲမှာ ပိုင်ရှင်မဲ့ လမ်းဘေးခွေးလေခွေးလွင့်များအား ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် မျိုးပွားမှုထိန်းချုပ်ရေး ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖမ်းဆီးကိုင်တွယ်ပေးမည့်သူများလိုအပ်နေခြင်းကြောင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့်အတွက်

ဆက်စပ်ဌာနများ (ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးဌာန)နှင့် လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်လျက်ရှိပြီး အများပြည်သူ ကျန်းမာရေးအတွက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း လေးလေးစားစား ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နန်းခုံကျေးရွာအုပ်စု၊ နန်းခုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရေး အစီအစဉ်ရှိ/ မရှိနှင့်ပတ်သက်ပြီး ရွာငံမြို့နယ်၊ နန်းခုံအခြေခံပညာအလယ်တန်းကျောင်းသည် ကျောင်းပိုင်မြေ(၂.၀၈)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ ကျောင်းဆောင်များမှာ ပိတောက်ဆောင်(၉၀x၁၈)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အခန်း (၃)ခန်း၊ ခွာညိုဆောင် (၅၄x၁၈)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အခန်း (၃)ခန်း၊ ငုဝါဆောင် (၂၇x၂၆)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အခန်း (၁)ခန်း၊ ချယ်ရီဆောင် (၄၀x၂၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အခန်း (၂)ခန်း၊ အဆောင် (၅) Steel Structure (၉၀x၃၀)ပေ တစ်ထပ် အခန်း (၃)ခန်း၊ စုစုပေါင်း ကျောင်းဆောင် ၅ ဆောင်ရှိပြီး စာသင်ခန်း (၁၂)ခန်း ရှိပါတယ်။ ကျောင်းသား ဦးရေမှာ KG ၁၆ ဦး၊ ပထမတန်း ၉ ဦး၊ ဒုတိယတန်း ၁၁ ဦး၊ တတိယတန်း ၂၃ ဦး၊ စတုတ္ထတန်း ၁၄ ဦး၊ မူလတန်းအဆင့် ကျောင်းသားစုစုပေါင်း (၇၃)ဦး၊ တန်းခွဲ(၅) ခုရှိပါတယ်။ ပဉ္စမတန်း (၄၇) ဦး၊ ဆဋ္ဌမတန်း (၅၂) ဦး ၊ သတ္တမတန်း (၆၃)ဦး၊ အဋ္ဌမတန်း (၆၀)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား စုစုပေါင်း(၂၂၂)ဦး၊ တန်းခွဲ(၄)ခု ရှိပါတယ်။ ပင်မကျောင်းဖြစ်သော အ.ထ.က- မြင်းကျဒိုးနှင့် (၉)မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်းဖြစ်ပါတယ်။ အလယ်တန်းကျောင်းအဆင့်တိုးသက်တမ်း (၁)နှစ်သာရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ ရွာငံမြို့နယ်တွင် အ.ထ.က(ခွဲ) (၁၀)ကျောင်း၊ အ.လ.က(၆)ကျောင်း၊အ.လ.က(ခွဲ)(၅)ကျောင်း၊ မူလတန်းလွန် (၉)ကျောင်းနှင့် အ.မ.က(၁)ကျောင်း၊ စုစုပေါင်း(၃၁)ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးများခေါ်ယူသည့်အချိန်တွင် ရွာငံမြို့နယ်၊ အ.လ.က နန်းခုံအား အ.ထ.က(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေးအတွက် ရွာငံမြို့နယ် ပညာရေးမှူးရုံးမှ အဆင့်ဆင့်တင်ပြစေပြီး အမှုတွဲရရှိလာပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာလမ်းများ မြေလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းပျဉ်းမြို့နယ်သည် ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၇)ခုရှိပြီး ကျေးရွာပေါင်း(၃၀၀)ကျော် ရှိပါတယ်။ အများအားဖြင့် တောင်ပေါ်ဒေသကျေးရွာအုပ်စုများဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ နိုင်ငံတော်မှ ရန်ပုံငွေ ခွင့်ပြုငွေဖြင့် မြေသားလမ်းဖောက်လုပ်ပေးသည့် လမ်းရှိသလို ကိုယ်ထူကိုယ်ထဖြင့် ဆိုင်ကယ်၊ ထော်လာဂျီလမ်း ဖောက်လုပ်သွားလာကြသည်လည်း ရှိပါတယ်။ အဆိုပါ မြေသားလမ်းများသည် မိုးရာသီအချိန်တွင် နှစ်စဉ်နှစ်တိုင်း အခက်အခဲများစွာဖြင့် ရုန်းကန်သွားလာလှုပ်ရှားနေကြရပါတယ်။ သို့ပါ၍ လက်ရှိဖောက်လုပ်ထားသည့် မြေသားလမ်းများအား ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရန် ကျောက်ချောလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အောက်ပါအတိုင်းတင်ပြအပ်ပါတယ်-

| | | |
|---|---|---|
| (၁) | ဝမ်ပုံ-ကောင်းပျက်မြေသားလမ်း | ၄ မိုင် |
| (၂) | ဝန်မော်- ဝမ်ကန် မြေသားလမ်း | ၁၇ မိုင် ၆ ဖာလုံ |
| (၃) | စွန်တောင်း-နားခေါ်မြေသားလမ်း | ၂ မိုင် ၂ ဖာလုံ |
| (၄) | ယမ်းမိုင်-ပိန်းမုံမြေသားလမ်း | ၃ မိုင် |
| (၅) | လုဝိုင်- ဝမ်ကတ်မြေသားလမ်း | ၅ မိုင် ၄ ဖာလုံ |
| (၆) | (၁၆)မိုင် -ဖာလုံမြေသားလမ်း | ၅ မိုင် |
| (၇) | ဟွေဟင် (ဗုဒ္ဓ) စံပြသွားလမ်း | ၁.၉၆ ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်း |

(၈) MTKT မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် လမ်းပေါ်ရှိ ၉ မိုင် တံတားမှ ခမ်းမိုက်ဆော့၊ မိန်းကောက်၊ မိုင်းမော်၊ ကတ်ကွန်ပန်မုန်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း ၄ မိုင်

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ ကျေးရွာချင်း ဆက်လမ်းများဖြစ်သည့် မြေသားလမ်းမှ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၆)ခု၊ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း(၁)ခုနှင့် မြေသားလမ်းလုပ်ငန်း(၁)ခုတို့အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းထားတဲ့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းများအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း(၆)ခု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁)ခုနှင့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၁)ခုတို့အား စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဂျွန်တော် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ ကျေးရွာ ချင်းဆက်လမ်းများအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ၆ ခု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁ ခု နှင့် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်း ၁ ခုတို့အား ဆောင်ရွက်ရန်လျာထားမှု အခြေအနေမှာ–

(၁) ဝမ်ပုံ– ကောင်းပျက်မြေသားလမ်း ၄ မိုင်

(က) မိုင်းပျဉ်းမြို့နယ်ဝမ်ပုံကျေးရွာမှ ကောင်းပျက်ကျေးရွာသို့ ဆက်သွယ် သည့်လမ်းသည် Class Aဦးစားပေး အဆင့် (၁) လမ်းဖြစ်ပြီး ကျေးရွာ ၄ ရွာ အိမ်ခြေ ၁၄၂ အိမ်၊ လူဦးရေ ၁၁၄၃ ဦးတို့ကို အကျိုးပြုပါတယ်။ လမ်းအရှည်စုစုပေါင်း ၅ မိုင်အနက် ကျောက်ချောလမ်း ၁ မိုင် ဆောင်ရွက်ထားပြီးဖြစ်ရာ ကျန်ရှိ ၄ မိုင်အား ကျောက်ချောလမ်း အဖြစ်ဖောက်လုပ်ပါက ခန့်မှန်းကျပ်သန်း ၅၈ဝ ခန့်ကုန်ကျနိုင်ပါတယ်။

(ခ) ကျောက်ချောလမ်း ၂ မိုင် နှင့် လိုအပ်သော Box Culvert ၄ စင်း တည်ဆောက်ပေးနိုင်ရေးအတွက်၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ်၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။

(၂) ပန်မော်– ဝမ်ကန် မြေသားလမ်း ၁၇ မိုင် ၆ ဖာလုံ

(က) မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စု ပန်မော်– ဝမ်ကန် ကျေးရွာချင်းဆက်လမ်း ၁၇ မိုင် ၆ ဖာလုံသည် Class A ဦးစားပေး (၁)လမ်းဖြစ်ပြီး ကျေးရွာ ၃၀ရွာ၊ အိမ်ထောင်စု ၁၁၁၂ စု၊ လူဦးရေ ၅၅၉၉ဦး အကျိုးပြုပါတယ်။အဲဒီလမ်းပေါ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန DRD ကမြေသားလမ်းများကို ၂၀၁၃–၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ၃ မိုင် ၆ ဖာလုံ၊ ၂၀၁၄– ၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၄ မိုင် ဖောက်လုပ်ထားပေးခဲ့ပြီးဖြစ်ပါတယ်။

( ခ) ၁၇ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပါကခန့်မှန်းကျပ် ၂,၅၇၃ သန်း ခန့်ကုန်ကျနိုင်ပါတယ်။ ဌာန၏သတ်မှတ်မြေသားလမ်းတွင် ကျောက်ရောမြေ ၄ လက်မထု အပေါ်ယံလွှာပါရှိသည်ဖြစ်ရာ သတ်မှတ်စံမီ ၃၀ ပေအကျယ် မြေသားလမ်း ၄ မိုင်နှင့်လိုအပ်သော Box Culvert ၂ စင်း တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ် ၉၁ သန်း ထည့်သွင်း လျာထားတောင်းခံထားပြီးဖြစ်ပါတယ်။

(၃) စွန်တောင်း– နားခေါ်မြေသားလမ်း ၂ မိုင် ၂ ဖာလုံ

(က) မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ စွန်တောင်းရွာနှင့် နားခေါ်ရွာ ရွာချင်းဆက်လမ်းသည်အရှည် ၄ မိုင် ရှိပြီး Class A ၊ ဦးစားပေး (၁)လမ်း ဖြစ်ပါတယ်။

(ခ) လမ်းဦးစီးဌာနမှစီမံခန့်ခွဲသော မိုင်းပျဉ်း– မိုင်းပုအွန်– မိုင်းဆတ်လမ်းနှင့် ချောင်းရိုးလယ်ကွင်းများခြား၍ တောင်မြောက်ယှဉ်လျက်တည်ရှိပါတယ်။ ထိုလမ်းပေါ်၌ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ ကျပ် ၁၁၃.၄ သန်းဖြင့် ကတ္တရာလမ်း ၄.၃၉၂၂ ဖာလုံ ဆောင်ရွက်ပေးထားခဲ့ပြီးဖြစ်ပါတယ်။

( ဂ) မိုင်းပျဉ်း– မိုင်းဆတ်လမ်း၏ မိုင်းပျဉ်းမြို့အနီး တပ်ဌာနချုပ်များ တည်ရှိနေသည့် လမ်းအပိုင်းတွင် ပြည်သူများ အချိန်မရွေးသွားလာနိုင်ရန် ကန့်သတ်ချက်များရှိနေသောကြောင့် လည်းကောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံအတွက်လည်းကောင်း၊ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ ယမ်းမိုင်ရွာအနီး လယ်ကွင်းနှင့် ချောင်းကို ဖြတ်သန်းသည့် လမ်းပိုင်းငယ်နှင့် ချောင်းကူးတံတား တည်ဆောက်၍ မိုင်းဆတ်–မိုင်းပျဉ်းလမ်းအား စွန်တောင်း– နားခေါလမ်းနှင့် ဆက်သွယ်ပေးကာ မိုင်းပျဉ်းမြို့သို့ သွားရောက်နိုင်သော လမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးနိုင်ရေးကို လေ့လာစီမံဆောင်ရွက်လျက်ရှိပါတယ်။

(၄) ယန်းမိုင်–ပိန်းမုံမြေသားလမ်း ၃ မိုင်

(က) ယန်းမိုင်–ပိန်းမုံလမ်းသည် အရှည် ၃ မိုင်ရှိ Class A ဦးစားပေး (၁)လမ်းဖြစ်ပြီး ကျေးရွာ ၂၀ ၊ အိမ်ခြေ ၈၆၈ အိမ် ၊ လူဦးရေ ၄၇၄၄ ဦး တို့ကို အကျိုးပြုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန DRD က ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၃မိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန DRRD က ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် Box Culvert ၄ စင်း တို့ကို တည်ဆောက်ထားပေးခဲ့ပြီး ဖြစ်ပါတယ်။

( ခ) ယန်းမိုင်– ပိန်းမုံလမ်းတွင် ကျောက်ချောလမ်း ၁ မိုင် ၀.၂၂ ဖာလုံ ခင်းခြင်းလုပ်ငန်းအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။

(၅) လုဝိုင်–ဝမ်ကတ် မြေသားလမ်း ၅ မိုင် ၄ ဖာလုံ

(က) ဆင်မောင်းကျေးရွာအုပ်စုနှင့် လွယ်လုံကျေးရွာအုပ်စုတို့ကို ဆက်သွယ်ပေးထားသော ၆ မိုင် ၄ ဖာလုံ ရှည်လျားသည့် Class A ဦးစားပေး (၂)လမ်း ဖြစ်ပါတယ်။ ကျေးရွာ ၂၇ ရွာ၊ အိမ်ခြေ ၆၂၆ အိမ်နှင့်လူဦးရေ ၃၂၆၁ ဦးတို့ကို အကျိုးပြုပါတယ်။ မိုင်းပျဉ်းမြို့နယ်မှ ပူးပေါင်းရေးဆွဲထားသည့် ၁၃ နှစ်စီမံကိန်းအတိုင်း ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘဏ္ဍာငွေမှ တင်ပြတောင်းခံခဲ့သော်လည်း ရရှိခြင်းမရှိခဲ့ပါ။

(ခ) အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တည်ဆောက်ပါက ပေ ၈၀ တံတား ၂ စင်း ၊ Box Culvert ၂ စင်းတို့ အပါအဝင် ခန့်မှန်းကျပ် ၁,၁၂၆ သန်းခန့် ကုန်ကျနိုင်ပါတယ်။

(၆) ၁၆ မိုင်–ဖာလုံမြေသားလမ်း ၅ မိုင်

(က) အရှည် ၅ မိုင်ရှိပြီး ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၃၈၄ အိမ် ၊ လူဦးရေ၂၁၆၄ ဦးတို့အား အကျိုးပြုသည့် Class A ဦးစားပေး (၁)လမ်းဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန DRD က ၂၀၁၅– ၂၀၁၆ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၅ မိုင် ဖောက်လုပ်ပေးခဲ့ပါတယ်။

( ခ) အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပါက ခန့်မှန်းကျပ် ၄၇၅ သန်းခန့် ကုန်ကျနိုင်ပါတယ်။

(၇) ဟွေဟင်(ဗုဒ္ဓ)စံပြလမ်း ၁.၉၆ ဖာလုံ ကွန်ကရစ်လမ်း

(က) မိုင်းပျဉ်းမြို့နယ်၊ တာကော်ကျေးရွာအုပ်စု၊ ဟွေဟင်(ဗုဒ္ဓ)စံပြရွာသွားလမ်းသည် Class A ဦးစားပေး(၂)ဖြစ်ပြီး လူဦးရေ ၃၇၀ အား အကျိုးပြုပါတယ်။

( ခ) အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းခင်းမည်ဆိုပါက ခန့်မှန်း ကျပ် ၄၄ သန်း ကျော်ခန့်ကုန်ကျနိုင်ပါတယ်။

(၈) MTKT လမ်း(၉)မိုင်တံတားမှ ခမ်းမိုက်ဆော့– မိန်းကောက်– မိုင်းမော်–ကတ်ကွန်– ပန်မုန် မြေသားလမ်း ၄ မိုင်

(က) ကျေးရွာ ၇ ရွာ ၊ အိမ်ခြေ ၁၇၃ အိမ် ၊ လူဦးရေ ၈၉၄ ဦးကို အကျိုးပြုသည့် Class A ဦးစားပေး (၂) လမ်း ဖြစ်သော်လည်း အကျယ် ၃ ပေခန့် လူသွားလမ်းသာ ရှိနေသေးပါတယ်။

( ခ) ဌာနမှသတ်မှတ်တဲ့ စံမီမြေသားလမ်း ဖောက်လုပ်ပါက ကျပ်သန်း ၁၂၀ ခန့် ကုန်ကျနိုင်တာဖြစ်ပါတယ်။

မေးခွန်းတွင်ပါရှိသော လမ်း ၈ လမ်းအနက် လမ်းကွန်ရက်စီမံဆဲ စွန်တောင်း–နားခေါ လမ်းမှအပ ကျန်လမ်း ၇ လမ်းအား အဆင့်မြှင့်တင် တည်ဆောက်မည်ဆိုပါက အထက်တွင် တင်ပြထားခဲ့သည့် ခန့်မှန်းတန်ဖိုးများအတိုင်း စုစုပေါင်း ကျပ် ၅,၂၀၃ သန်းခန့် ကုန်ကျနိုင်ပါတယ်။ ရှမ်းပြည်နယ်အတွင်းဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မြို့နယ်အလိုက် အဆိုပြု

ချက်များ လျာထားရာတွင် မိုင်းပျဉ်းမြို့နယ်၏ ပျမ်းမျှပါဝင်မှု အချိုးမှာ ၂.၁၄% ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေချထားပေးမှုအနေဖြင့် လက်ရှိနှစ်များတွင် ပျမ်းမျှကျပ် ၁၇၂ သန်းခန့် ရရှိနိုင်ပါတယ်။

မိုင်းပျဉ်းမြို့နယ် ရရှိနိုင်သော ဘဏ္ဍာရန်ပုံငွေပမာဏနှင့် မြို့နယ်တွင် ဆောင်ရွက် လိုသော ဦးစားပေးလုပ်ငန်းများ၊ လုပ်ငန်းတန်ဖိုးတို့အရ စိစစ်ချင့်ချိန်၍ မြို့နယ်မှ ၂၀၂၀-၂၀၂၁ (သို့မဟုတ်) သင့်လျော်သည့်ဘဏ္ဍာနှစ်တွင်ထည့်သွင်းလျာထား တင်ပြလာပါက ပြည်နယ် သို့မဟုတ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများမှ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဖယ်ခုံမြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ကွင်းအမည် (ကွမ်လုံကွင်းပြင်)၊ ဦးပိုင်အမှတ် (၁၉)၊ ဦးပိုင်အမှတ် (၃၇)တို့တွင် မြေစာရင်းပုံစံ-၇များ မမှန်မကန် ထုတ်ပေးထားမှုတို့အား ပြန်လည် စိစစ်အရေးယူဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းမမေးမြန်းခင်မှာ ဒီမေးခွန်းနဲ့ဆက်စပ်ပြီးတော့ အနည်းငယ် တင်ပြခွင့်ပြုပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားသော ကော်မတီများ၏ ကွင်းဆင်း စိစစ်ဆောင်ရွက်ပြီးသည့် တိုင်ကြားစာများ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ လာမှုအပေါ် ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာမှာ ယခုမေးမြန်းမည့် ဦးကီးဒိုနှင့် ဦးဂေးဘီ တို့အမှုတွဲ ပါပါတယ်ရှင်။ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ ကွင်းဆင်း ထားတာလည်း ထည့်သွင်းထားပါတယ်။ ဒါပေမဲ့ ဆောင်ရွက်ပြီးစီးမှုအခြေအနေကတော့ လွှတ်တော်သို့ ပြန်ကြားထားတဲ့အချိန်မှာ ၃၁.၈.၂၀၁၈ ရက်နေ့ထဲက ရှမ်းပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဆုံးဖြတ်ချက်ဆိုတာ ထည့်သွင်းထားတာ တွေ့ရပါတယ်။ မြေပြင်အခြေ အနေမှာ ၉.၇.၂၀၁၉ ရက်နေ့ကတည်းက ပြည်နယ်ကို ရောက်ပြီးတော့မှ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် မူလတောင်သူများကို ပုံစံ-၈ နဲ့ ငြင်းပယ်

ပြီးပါပြီ။ ဒါတစ်နှစ်ကျော်ကြာပြီးဖြစ်တဲ့ ဒီအနေအထားကို လွှတ်တော်ကိုယ်စားလှယ်ဆီသို့ ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်မှုအခြေအနေဆိုတာ အစီရင်ခံစာထဲမှာ ထည့်ထားတာ တွေ့ရှိရတာ ဖြစ်ပါတယ်။ ကျွန်မတင်ပြလိုတာက ဒီလတ်တလောဖြစ်နေတဲ့အခြေအနေကို လွှတ်တော်ပုံမှန်အစည်းအဝေးနဲ့ သိပ်မခြားတဲ့အချိန်မှာ တင်ပြပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒီမေးခွန်းနဲ့ ပုံစံ-၇ မမှန်မကန်ထုတ်ပေးထားမှုထဲမှာ ဦးကီးဒိုနှင့် ဦးဂေးဘီတို့အပြင် Father ပီတာသန်း၊ ဒေါ်ထွေးဇာ၊ ဦးမောင်ညာ၊ ဦးပီတာဖေပါ (၃)ဦးတို့ အလားတူမြေအငြင်းပွားမှု ပြဿနာများရှိတယ်ဆိုတာလည်း ဦးစွာပထမ တင်ပြလိုပါတယ်။

မြေစာရင်းပုံစံ-၇များ မမှန်မကန် ထုတ်ပေးထားမှုတို့အား စိစစ်အရေးယူမည်ဖြစ်ကြောင်းကို ၂၀၁၉ ခုနှစ်၊ မေလ(၃၀)ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှကျော်မှ ပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမှလည်း သက်ဆိုင်ရာဒေသရှိ မမှန်မကန် မြေစာရင်းပုံစံ-၇များ ထုတ်ယူထားတာရှိလျှင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနအထိရောက်အောင် အသိပေးတိုင်ကြားရန် (၁.၆.၂၀၁၈)ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ပြောကြားချက်အား ပြည်တွင်းသတင်းတွင် ပြည်သူများသိရှိရန်အတွက် ဖော်ပြခဲ့ပါတယ်။ ထိုကိစ္စရပ်နှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းလိုသည်မှာ-

(၁) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ ကွင်းအမည်(ကွမ်လုံကွင်းပြင်)၊ ဦးကီးဒို၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧက (၅.၃၀)ဧကနှင့် ဦးဂေးဘီ၊ ဦးပိုင်အမှတ်(၃၇)၊ မြေဧက(၂.၉၄)ဧက၊ မြေဧက စုစုပေါင်း(၈.၂၄)ဧကကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်မှ ကြက်ဆူစီမံကိန်းစိုက်ပျိုးရန်သိမ်းယူခဲ့ပြီး စီမံကိန်းအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ သိမ်းယူထားသော မြေတွင် ၂၀၀၉ ခုနှစ်တွင် ဖယ်ခုံမြို့ရှိ တပ်မတော်ခ.မ.ရ(၄၂၁)တပ်မှ အရာခံ ဗိုလ်ကျော်မြင့်နှင့် တပ်မတော်သားများမှ သရက်ပင်များစိုက်ပျိုးနေသည်ကိုတွေ့ရှိရပြီး မူလသိမ်းဆည်းခံရသော တောင်သူများက တပ်မတော်မှ လိုအပ်လို့ ဆက်လက်သိမ်းယူခဲ့သည်ဟု ထင်မှတ်ခဲ့ပါတယ်။ အဆိုပါ သိမ်းယူခံခဲ့ရသောမြေကို အသုံးမပြုပါက မူလပိုင်ရှင်သို့ ပြန်လည်ပေးရမည်ကို အဆိုပါအချိန်ကာလက လယ်ယာမြေဥပဒေတွင် ဖော်ပြပါရှိသော်လည်း သိမ်းယူသည့်မြေမှာ နိုင်ငံတော်နှင့်တပ်မတော်အတွက် အသုံးပြုရန်အတွက် မဟုတ်ဘဲ ယခုတင်ပြလိုသည့် တောင်သူ(၂)ဦး၏ မြေ(၈.၂၄) ဧကကို ဗိုလ်ချုပ်နှင့် ဗိုလ်မှူးများက ရယူသွား

ခြင်းဖြစ်ပြီး ယခုအခါတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရဟုဆိုကာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စစ်ဆေးဆုံးဖြတ်ရာတွင် လက်ရှိမြေရယူထားသူကိုသာ ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်းမှာ မည်သို့သော စစ်ဆေးဆုံးဖြတ်ထားသည်ကို သိရှိလိုပါတယ်။

(၂) မူလတောင်သူများထံမှ ၂၀၀၄- ၂၀၀၅ ခုနှစ် သိမ်းယူရာတွင်လည်း အဆိုပါအချိန်က လယ်ယာမြေဥပဒေနှင့်အညီ သိမ်းယူခဲ့ခြင်းမရှိသဖြင့် မူလရည်ရွယ်ချက်အတိုင်း သိမ်းဆည်းထားသောမြေကို အသုံးမပြုပါက မူလပိုင်ရှင်ထံပြန်လည်ပေးအပ်ရမည်ကို အဆိုပါအချိန်က ဥပဒေများကို လစ်လျူရှုပြီး သိမ်းယူလုပ်ဆောင်ခဲ့ခြင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို အကြောင်းပြု၍ လယ်ယာမြေအငြင်းပွားမှု ဖြေရှင်းရာတွင်လည်း မေးခွန်း(၁)ပါ တင်ပြခဲ့သည့်အတိုင်း ယခင်ပိုင်ဆိုင်ခဲ့သည့် ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်တို့ကို ပြောင်းလဲ၍ မူလမြေပိုင်ရှင် (၂)ဦးတို့ ကိုယ်စီကိုယ်စီ ပိုင်ဆိုင်ခဲ့ကြသော မြေကေများကို ခွဲခြမ်းစိတ်ဖြာမြေကွက်(၅)ကွက် ဖော်ထုတ်ပြီး ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်အသစ်များရေးဆွဲကာ မြေစာရင်းပုံစံ(၁၀၅)၊ ပုံစံ(၇)များကို ဗိုလ်ချုပ်နှင့် ဗိုလ်မှူး ၎င်းတို့မှတစ်ဆင့် ရောင်းချထားသူတို့က ပိုင်ဆိုင်မှုများထုတ်ပေးရရှိသွားခြင်းဖြစ်ပြီး၊ သူတို့နှင့် မူလမြေပိုင်ရှင်တို့ မြေယာအငြင်းပွားမှု စစ်ဆေးမှုတို့မှာ မှန်ကန်မှုမရှိသော စစ်ဆေးမှုမျိုးကို မည်သို့ပြန်လည်စစ်ဆေးပေးနိုင်မည်ကို သိရှိလိုပါတယ်။

(၃) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ သိရှိထားသော်လည်း အဆိုပါမြေကိစ္စနှင့်ပတ်သက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် မြေရရှိသွားသောသူများ၏ မြေစာရင်းပုံစံ(၁၀၅)၊ ပုံစံ(၇)တို့ကိုသာ ဖျက်သိမ်းသွားသော အမိန့်ဖြစ်နေပြီး မည်သူ့ကို လုပ်ပိုင်ခွင့်ပေးသည်ဟု ဆုံးဖြတ်ချက် ရှင်းလင်းပြတ်သားစွာ မတွေ့ရှိရပါသဖြင့် ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်တစ်ရပ် ပြန်လည်ပြင်ဆင်ချမှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ်။

(၄) ဤသိမ်းဆည်းမြေကိစ္စနှင့် ပတ်သက်၍ စစ်ဆေးဆုံးဖြတ်မည်ဆိုပါက ယခင်ထုတ်ပြန်ခဲ့သော ဥပဒေများကိုလည်း သိမ်းဆည်းခဲ့သောခုနှစ်များက ဥပဒေများကိုလည်း ထည့်ဝင်သုံးသပ်မှသာ မှန်ကန်သော စစ်ဆေးဆုံးဖြတ်မှုမျိုးဖြစ်စေမည်၊

ယခင်က ဥပဒေမဲ့သိမ်းဆည်း လွှဲပြောင်းခြင်းကို ပယ်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို အကြောင်းပြု၍ မြေကို တစ်ဆက်တစ်စပ်တည်း နှစ်ပေါင်း (၄၊ ၅၊ ၁၀)နှစ် စိုက်ပျိုးနေသည့်သူများကိုသာ အနိုင်ပေးမည်ဆိုလျှင် တရားမျှတသော မြေအငြင်းပွားစစ်ဆေးမှု မဟုတ်တော့ဘဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို အသုံးချပြီး ယခင်မမှန်မကန် ရယူပိုင်ဆိုင်ခဲ့ခြင်းများကို အတည်ပြု၍ ပိုင်ဆိုင်မှုအသစ်များ ထုတ်ပေးသော ဥပဒေမျိုး မဖြစ်ရလေအောင် မြေယာအငြင်းပွားမှုများ ဖြေရှင်းရာတွင် သိမ်းဆည်းခံခဲ့ရသော ခုနှစ်က လယ်ယာမြေဥပဒေကိုလည်း ထည့်ဝင်စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်။

(၅) ယခင် ရှိပြီးသော ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်၊ မြေဧရိယာတို့ကို ခွဲခြမ်းစိတ်ဖြာ သိမ်းဆည်းခံရသောမြေကို မူလမြေပိုင်ရှင်သို့ အသိပေးအကြောင်းကြားခြင်းမရှိဘဲ ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်၊ မြေကေများ ခွဲခြမ်းစိတ်ဖြာ၊ မြေကြီး၊ မြေပုံ၊ မြေနေရာများ ကွဲလွဲ၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပုံစံ(၁)အပြိုင်လျှောက်ခိုင်းခြင်းတို့ကို (၂)ကြိမ်တိုင်တိုင် လုပ်ဆောင်ခဲ့ပြီး မူလမြေပိုင်ရှင်အား ပုံစံ(၈)ဖြင့် ငြင်းပယ်ကြောင်း မမှန်မကန် ကြိုတင်ကြံစည်လုပ်ဆောင်နေမှုများဖြင့် သဘောရိုးမဟုတ်ဘဲ ဥပဒေကို လက်တလုံးခြားအာဏာအလွဲသုံးစားပြုလုပ်၍ ဦးပိုင်မျိုးကိုကိုပါ (၅)ဦး ထုတ်ယူထားသောမြေစာရင်းပုံစံ(၁၀၅)၊ ပုံစံ(၇)များ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပြီး မရှိပါက မည်သည့်အကြောင်းကြောင့်ဆိုသည်ကို သိရှိလိုပါသဖြင့် ဒေသခံမူလတောင်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာပေးပို့အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး

အပိုင်း(၅)ပိုင်းတင်ပြသွားမှာဖြစ်ပါတယ်။ အပိုင်း(၅)ပိုင်းကို တစ်ပိုင်းချင်း ရှင်းလင်းဖြေကြား ပေးသွားမှာဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

၂၀၀၄- ၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်မှ ကြက်ဆူစီမံကိန်းစိုက်ပျိုးရန် သိမ်းယူခဲ့ပြီး စီမံကိန်းအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ သိမ်းယူခံခဲ့ရသော မြေကို အသုံးမပြုပါက မူလပိုင်ရှင်သို့ ပြန်ပေးရမည်ကို အဆိုပါအချိန်ကာလ လယ်ယာမြေဥပဒေတွင် ဗိုလ်ချုပ်နှင့် ဗိုလ်မှူးများက ရယူသွားခြင်းဖြစ်ပြီး ယခုအခါတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရဟုဆိုကာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စစ်ဆေးဆုံးဖြတ်ရာတွင် လက်ရှိမြေရယူထားသူကိုသာ ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်းမှာ မည်သို့သော စစ်ဆေးဆုံးဖြတ်ထားသည်ကို သိရှိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ အငြင်းပွားသည့် မြေတွင်အငြင်းပွားသည့်နှစ်မတိုင်မီ ဦးပိုင်အမှတ်(၂၅၊၂၆၊၂၇)တို့တွင် နှစ်ရှည်သရက်ပင်များကို အနည်းဆုံး (၅)နှစ်အထက် စိုက်ပျိုးထားရှိသည်ဟု ခန့်မှန်းသိရှိရပါတယ်။ ၎င်းမြေတွင်လက်ရှိအသုံးပြုခွင့်ရရှိသူများသည် လယ်ယာမြေဥပဒေပုဒ်မ ၆(က) အရ အကျုံးဝင်သူများဖြစ်ပြီး လယ်ယာမြေဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူများဖြစ်ကြောင်း၊ အငြင်းပွားသည့်မြေတွင် ဦးကီးဒို နှင့် ဦးဂေးဘီတို့သည် ၂၀၁၅ ခုနှစ်တွင် တပ်မှသိမ်းယူသွားခဲ့သည်ဟုဆိုသော်လည်း ၎င်းမြေပေါ်တွင် ၂၀၁၂ ခုနှစ်မှစ၍ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ နှစ်ရှည်သီးနှံစိုက်ပျိုးမြေ လုပ်ပိုင်ခွင့်မြေနေရာချထားခြင်းဆောင်ရွက်သည်အထိ ၎င်းမြေသည် ချုံနွယ်များဖြင့်သာ မြေလပ်အဖြစ်သာတည်ရှိနေ၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ၁၉၆၃ ခုနှစ် သီးစားချဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် ချထားခဲ့ခြင်းဖြစ်ကြောင်းကို စိစစ်သုံးသပ်ရရှိပါတယ်။ ၎င်းအပြင် လက်ရှိလုပ်ကိုင်နေသော ဦးပိုင်မျိုးကိုကိုပါ(၄)ဦး ဝင်ရောက်လုပ်ကိုင်ခြင်းကိုလည်း တားမြစ်ခြင်း၊ ကန့်ကွက်ခဲ့မှုမရှိခဲ့ခြင်း၊ ဦးပိုင်မျိုးကိုကိုပါ (၄)ဦးအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိပြီးနောက် ၂၀၁၆ ခုနှစ်ရောက်မှ မူလမြေယာမှုခင်း ဖွင့်လှစ်ခဲ့ရခြင်းမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၃ အရ ပြန်လည်တောင်းခံခြင်းဖြစ်ကြောင်းကို သုံးသပ်ရပါကြောင်း၊ ရပ်/ ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေအရ သိမ်းဆည်းခဲ့သည်ဟုဆိုသော်လည်း စီမံကိန်းလုပ်ငန်းအတွက် သိမ်းဆည်းထားသည့် မြေမဟုတ်ကြောင်း၊ တပ်မှလည်း သိမ်းဆည်းမြေ မဟုတ်ကြောင်း တရားဝင်တင်ပြထားသည့် မြေဖြစ်ရာ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် လွဲမှားနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဦးကီးဒိုသည် မိဘများထံမှ အမွေရပြီး ၂၀၀၅ ခုနှစ်အထိ လည်းကောင်း၊ ဦးဂေးဘီ ၂၀၀၂ ခုနှစ်အထိလည်းကောင်း စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ် နောက်ပိုင်းမှသာ ၎င်းမြေဖြစ်ကြောင်း တင်ပြတောင်းခံခဲ့ခြင်းအပေါ်

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ယခင်သီးစားချထားရေးဥပဒေအရသော်လည်းကောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရသော်လည်းကောင်း အကျုံးဝင်ခြင်းမရှိသောကြောင့် မူလလက်ငုတ်အဖြစ်သော်လည်းကောင်း၊ လက်ရှိလက်ငုတ်သော်လည်းကောင်း သတ်မှတ်၍ မရသည်ကို စိစစ်တွေ့ရှိရပါသဖြင့် လက်ရှိလုပ်ကိုင်သူ ဦးပိုင်မျိုးကိုကိုပါ(၄)ဦးကို ဆက်လက်လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သိရှိရပါတယ်။

ယခင်ပိုင်ဆိုင်ခဲ့သည့် ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်တို့ကို ပြောင်းလဲ၍ မူလမြေပိုင်ရှင် (၂)ဦးတို့ ကိုယ်စီကိုယ်စီပိုင်ဆိုင်ခဲ့ကြသော မြေကေများကိုခွဲခြမ်းစိတ်ဖြာ မြေကွက် (၅)ကွက်ဖော်ထုတ်ပြီး ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်အသစ်များ ရေးဆွဲကာ မြေစာရင်း ပုံစံ(၁၀၅)၊ ပုံစံ(၇)များကို ဗိုလ်ချုပ်နှင့်ဗိုလ်မှူး ၎င်းတို့မှတစ်ဆင့် ရောင်းချထားသူတို့က ပိုင်ဆိုင်မှုများ ထုတ်ပေးရရှိသွားခြင်းဖြစ်ပြီး သူတို့နှင့် မူလမြေပိုင်ရှင်တို့ မြေယာအငြင်းပွားမှုစစ်ဆေးမှု၊ မှန်ကန်မှုမရှိသော စစ်ဆေးမှုမျိုးကို မည်သို့ပြန်လည်စစ်ဆေးပေးနိုင်မည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်း၍ ယခင်ပိုင်ဆိုင်ခဲ့သော ကွင်းအမှတ်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်များ ပြောင်းလဲရခြင်းမှာ အဆိုပါနေရာများသည် ယခင်က ကွင်းဖွဲ့တိုင်းတာခြင်းမရှိသည့် နေရာများဖြစ်သဖြင့် ကွင်းပြင်ပစိုက်ပျိုးမှုအတွက် သီးနှံခွန်မြေစာရင်း ပုံစံ(၈)ဖြင့် သီးနှံခွန်စည်းကြပ်ခဲ့ခြင်းသာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကွင်းဖွဲ့တိုင်းတာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြောင်းလဲသွားခြင်းဖြစ်ကြောင်း အဆိုပါကိစ္စနှင့်ပတ်သက်၍ ဌာနမှဝန်ထမ်းများအား လုပ်မှားကိုင်မှားမှုအတွက် ပါဝင်ပတ်သက်သော ဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ပြီး ဦးကျော်ထွန်းဝင်း၊ လက်ထောက်ဦးစီးမှူးအား နှစ်တိုးတစ်ကြိမ်ရပ်ဆိုင်းခြင်း၊ ဦးကိုကိုလွင်အား မြေတိုင်း(၄)မှ မြေတိုင်း(၅)သို့ ရာထူးအဆင့်လျှော့ချသော ပြစ်ဒဏ်များကို ချမှတ်ခဲ့ပါကြောင်းနှင့် အဆိုပါမြေကိစ္စနှင့် ပတ်သက်ပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၂၈-၉-၂၀၁၈) ရက်နေ့တွင် မြေယာအယူခံမှုအား အပြီးသတ်အမိန့်ချမှတ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေအရ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု သိရှိထားသော်လည်း အဆိုပါကိစ္စနှင့် ပတ်သက်၍ မြေရရှိသွားသောသူများ၏ မြေစာရင်းပုံစံ(၁၀၅)၊ ပုံစံ(၇)တို့ကိုသာ ဖျက်သိမ်းသွားသော အမိန့်ဖြစ်နေပြီး မည်သူ့ကို လုပ်ပိုင်ခွင့်ပေးသည်ဟု ဆုံးဖြတ်ချက် ရှင်းလင်းပြတ်သားစွာ မတွေ့ရှိရပါသဖြင့် ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်တစ်ရပ် ပြန်လည်ပြင်ဆင်ချမှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ဆိုသည့်မေးခွန်းနဲ့ပတ်သက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏

ပြည်နယ်လယ်ယာမြေ အယူခံမှုအမှတ်၊ ၅/မယ/၂၀၁၇-၂၀၁၈ (ဖယ်ခုံ)တွင် အောက်ပါအတိုင်း သုံးသပ်ချက်ချမှတ်ထားခဲ့ပါသည်-

(၁) ဦးကီးဒိုနှင့် ဦးဂေးဘီတို့သည် အချင်းဖြစ်မြေများကို ယခင်ကစိုက်ပျိုး လုပ်ကိုင်လာခဲ့သည်ဟုဆိုသော်လည်း မြေအနားပေးသည့်စနစ်ဖြင့် အလှည့်ကျ စိုက်ပျိုးလာခဲ့ခြင်းသာဖြစ်ကြောင်း၊ မြေတန်ဖိုးကြီးမြင့်လာမှုအရ အချင်းဖြစ် မြေများကို တပ်မတော်မှ သိမ်းဆည်းခဲ့သည်ဟုထင်၍ ပြန်လည်တောင်းခံသည့် သဘောဖြင့်တင်ပြတောင်းခံခြင်းဖြစ်ကြောင်း သုံးသပ်ရရှိခြင်း၊

(၂) ဦးပိုင်မျိုးကိုကိုပါ (၄)ဦး၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လွှာထုတ်ဆင့်မှုကို သတ်မှတ်ရက် ပြည့်ရန်(၂)ရက် အလိုမှသာ သိရှိရသောကြောင့် ဦးကီးဒိုနှင့် ဦးဂေးဘီတို့ အနေဖြင့် ကန့်ကွက်လွှာတင်ပြနိုင်ခဲ့ခြင်း မရှိကြောင်း သုံးသပ်ရရှိခြင်း၊

(၃) ဦးပိုင်မျိုးကိုကိုပါ (၄)ဦး၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) လျှောက်ထားမှုနှင့်ပတ်သက်၍ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်များ ပြည့်စုံစွာပါဝင်မှု မရှိကြောင်း သုံးသပ်ရရှိခြင်း၊

(၄) ဦးပိုင်မျိုးကိုကိုပါ (၄)ဦးအား ထုတ်ပေးထားသည့် ပုံစံ(၇)များကို ပြန်လည် ဖျက်သိမ်း၍ ဦးပိုင်မျိုးကိုကိုပါ(၄)ဦးနှင့် ဦးကီးဒိုနှင့် ဦးဂေးဘီတို့အား ကျေးရွာ အဆင့်မှစ၍ အပြိုင်လျှောက်ထား ဆောင်ရွက်စေပြီး ကန့်ကွက်ကြော်ငြာစာအား သက်ဆိုင်သူများအားလုံး သိရှိရေး ပွင့်လင်းမြင်သာစွာ ထုတ်ဆင့်ဆောင်ရွက် သင့်ပါကြောင်း သုံးသပ်ထားရှိပါတယ်။ အဆိုပါ သုံးသပ်ရရှိမှုများကြောင့် ပြည်နယ်လယ်ယာမြေ အယူခံမှုအမှတ်၊ ၅/မယ/ ၂၀၁၇-၂၀၁၈ (ဖယ်ခုံ)အား အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါတယ်-

(က) နောင်လိုင်ကျေးရွာအုပ်စု၊ ဖယ်ခုံမြို့နယ်နှင့် တောင်ကြီးခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်သည်၊

(ခ) ဦးပိုင်မျိုးကိုကိုပါ (၄)ဦးအနေဖြင့် ၎င်းတို့အား ထုတ်ပေးထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များကို မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ရက်ပေါင်း (၃၀)အတွင်း ပြန်လည်အပ်နှံသွားရန်၊

(ဂ) ကာယကံရှင်များမှ သတ်မှတ်ထားသည့်ရက် ကျော်လွန်သည်အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို ပြန်လည်အပ်နှံ

လာခြင်းမရှိပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) ဖျက်သိမ်းခြင်းကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၂/ လယ-၂၅(၀၀၄/၂၀၁၆)ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်များအား အသိပေးအကြောင်းကြားသွားရန်၊

(ဃ) ဦးပိုင်မျိုးကိုကိုပါ (၄)ဦးနှင့် ဦးကီးဒိုနှင့် ဦးဂေးဘီတို့အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရရှိရေးအတွက် လျှောက်လွှာပုံစံ-၁ ဖြင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ အပြိုင်လျှောက်ထားဆောင်ရွက်သွားရန်ဟု အပြီးသတ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အရ နှစ်ဦးနှစ်ဖက်မှ ပုဂ္ဂိုလ်များသည်ကျေးရွာ အုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ဦးပိုင်မျိုးကိုကိုပါ (၄)ဦးမှ (၁၉-၁၀-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ ဦးကီးဒိုနှင့် ဦးဂေးဘီတို့ (၂)ဦးမှ (၂၅-၁၀-၂၀၁၈) ရက်နေ့တွင်လည်းကောင်း ပုံစံ(၁)ဖြင့် အပြိုင်လျှောက်ထားခဲ့ကြပါတယ်။ နှစ်ဦးနှစ်ဖက်မှလည်း ကန့်ကွက်လွှာများအပြိုင် တင်ပြကြပါတယ်။ ကျေးရွာအုပ်စုနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ စိစစ်ပြီး (၂၈-၄-၂၀၁၉)ရက်နေ့တွင် အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ပြီး (၁၆-၅-၂၀၁၉)ရက်နေ့တွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အမှုတွဲများ ပေးပို့တင်ပြခဲ့ပါတယ်။ (၂၆-၆-၂၀၁၉) ရက်နေ့တွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုအမိန့်စာအကြောင်းကြားခဲ့ပါတယ်။ အကြောင်းကြားစာအရ ဦးကီးဒိုနှင့် ဦးဂေးဘီတို့အား (၉-၇-၂၀၁၉) ရက်နေ့တွင် ပုံစံ(၈)ဖြင့် ငြင်းပယ်သော အကြောင်းကြားစာအား ထုတ်ပေးခဲ့ပြီး ဦးပိုင်မျိုးကိုကိုပါ (၄)ဦးအား ပုံစံ-၇ များ ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

ဤသိမ်းဆည်းမြေကိစ္စနှင့်ပတ်သက်၍ စစ်ဆေးဆုံးဖြတ်မည်ဆိုပါက ယခင်ထုတ်ပြန်ခဲ့သော ဥပဒေများကိုလည်း သိမ်းဆည်းခဲ့သော ခုနှစ်များက ဥပဒေများကိုလည်း ထည့်ဝင်သုံးသပ်မှသာ မှန်ကန်သော စစ်ဆေးဆုံးဖြတ်မှုမျိုး ဖြစ်စေမည်ဖြစ်ပြီး ယခင်က ဥပဒေမဲ့ သိမ်းဆည်းလွှဲပြောင်းခြင်းကိုပယ်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို အကြောင်းပြု၍မြေကို

တစ်ဆက်တစ်စပ်တည်း နှစ်ပေါင်း (၄၊ ၅၊ ၁၀)နှစ် စိုက်ပျိုးနေသည့်သူများကို အနိုင်ပေးမည် ဆိုလျှင် တရားမျှတသော အငြင်းပွားစစ်ဆေးမှု မဟုတ်တော့ဘဲ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေကို အသုံးချပြီး ယခင်မမှန်မကန်ရယူ ပိုင်ဆိုင်ခဲ့ခြင်းများကို အတည်ပြု၍ ပိုင်ဆိုင်မှု အသစ်များထုတ်ပေးသော ဥပဒေမျိုး မဖြစ်ရလေအောင် မြေယာအငြင်းပွားမှုများ ဖြေရှင်းရာ တွင် သိမ်းဆည်းခံခဲ့ရသောခုနှစ်က လယ်ယာမြေဥပဒေကိုလည်း ထည့်ဝင်စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းချက်နှင့် ပတ်သက်ပြီး ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်များ ရှင်းတမ်းအပိုဒ်(၈)တွင် လက်ရှိလက်ငုတ် တစ်ဦးသည် အချင်းဖြစ်မြေ၌ အကယ်၍ (၅)နှစ် တစ်ဆက်တည်း လုပ်ကိုင်လာသူဖြစ်ပါက ယခင်လုပ်ကိုင်ခဲ့ဖူးသူ ပင်ရင်းလက်ငုတ်ကို မစဉ်းစားသင့်က မစဉ်းစားဘဲ ထားနိုင်ပါတယ်။ ထို့ကြောင့် အမှုတိုင်းလို လက်ရှိလက်ငုတ် သို့မဟုတ် ပင်ရင်းလက်ငုတ်ဟူ၍ တသဘောတည်းထားရှိကာ တရားသေမကျင့်သုံး အပ်ပေဟု ဖော်ပြပါရှိပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အခန်း(၂) ပုဒ်မ ၆-က(၂)တွင် “လယ်ယာမြေကိုအသုံးပြုခွင့်ရရှိထားသော ထိုအိမ်ထောင်သားစု အကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေ ပြဋ္ဌာန်း အတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လက်ရှိ လက်ငုတ်လုပ်ကိုင်နေသူ ဖြစ်ရမည်” ဟု ပြဋ္ဌာန်းထားရှိသည့်အတွက် လက်ရှိလက်ငုတ်လုပ်ကိုင်နေသူများအား ပုံစံ(၇) ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခင်ရှိပြီးသော ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်၊ မြေဧရိယာတို့ကို ခွဲခြမ်း စိတ်ဖြာသိမ်းဆည်းခံရသောမြေကို မူလမြေပိုင်ရှင်သို့ အသိပေးအကြောင်းကြားခြင်းမရှိဘဲ ဦးပိုင်အမှတ်၊ ကွင်းအမှတ်၊ ကွင်းအမည်၊ မြေဧကများ ခွဲခြမ်းစိတ်ဖြာ၊ မြေကြီး၊ မြေပုံ၊ မြေနေရာများ ကွဲလွဲ၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပုံစံ(၁)အပြိုင် လျှောက်ခိုင်းခြင်းတို့ကို (၂) ကြိမ်တိုင်တိုင် လုပ်ဆောင်ခဲ့ပြီး မူလမြေပိုင်ရှင်အား ပုံစံ(၈)ဖြင့် ငြင်းပယ်ကြောင်း မမှန်မကန် ကြိုတင်ကြံစည်လုပ်ဆောင်နေမှုများဖြင့် သဘောရိုးမဟုတ်ဘဲ ဥပဒေကို လက်တစ်လုံးခြား အာဏာအလွဲသုံးစား ပြုလုပ်၍ ဦးပိုင်မျိုးကိုကိုပါ (၅) ဦး ထုတ်ယူထားသော မြေစာရင်း ပုံစံ(၁၀၅)၊ ပုံစံ(၇)များပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၁၃ အရ “ဤဥပဒေ အာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုအရှုပ်အရှင်း ဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်ခွင့်ရှိ သည်”ဟု ပြဋ္ဌာန်းထားရှိပြီးသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရလိုကြောင်း လျှောက်လွှာ ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ-၈)ရသူသည် ကျေနပ်မှုမရှိပါက ကျေးရွာအုပ်စု

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမြေယာမှုခင်း ဖွင့်လှစ်ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ လယ်ယာမြေနည်းဥပဒေ အပိုဒ် ၅၉ တွင် "လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်းနှင့် ကြားနာခြင်းတို့ကို ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားရှိသည့်အတွက် ပုံစံ(၈)ဖြင့် ငြင်းပယ်ခံရသူ ကာယကံရှင်သည့် ကျေနပ်မှုမရှိပါက ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် အယူခံဝင်ရောက်နိုင်ပြီး ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ၂၅(ဂ)အရ အပြီးအပြတ် ဖြစ်စေရမည်ဟုပြဋ္ဌာန်းထားရှိသည့် အတွက် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၂၅(ဂ)အရ အပြီးပြတ်ဖြစ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်တင်သွင်း လျှောက်ထားနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စာချွန်တော် ဆင့်ခေါ်မှုများပြုလုပ်ပါက အဆိုပါ မှတ်ကျောက်တင်ထိန်းသိမ်းထားသော အမှုတွဲအား ပေးပို့၍ သက်ဆိုင်ရာတရားရေးအဖွဲ့၏ အဆုံးအဖြတ်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)သို့ ကြွရောက်လာသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆရီးကျေးရွာမှ နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားသော လမ်းနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်ခမ်း- နမ့်ဆရီးလမ်းသည် နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာမှ နမ့်ခမ်းမြို့သို့ တိုက်ရိုက်ဆက်သွယ်ထားသော ကုန်စည်စီးဆင်းတဲ့ လမ်းမကြီးဖြစ်ပါတယ်။ လမ်းအရှည်သည် ၃ မိုင် ရှည်လျားပါတယ်။ မူလလမ်းသည် မြေသားလမ်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃- ၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်း ၁ မိုင်နှင့် ၂၀၁၄- ၂၀၁၅ ခုနှစ်၊ ဘဏ္ဍာ ရေးနှစ်တွင် ၁ မိုင် စုစုပေါင်း ၂ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ပါတယ်။ ၎င်းလက်ရှိ ကတ္တရာလမ်းသည် နမ့်ခမ်းမြို့နယ်မှ ပန်စံကျေးရွာအထိ ကတ္တရာလမ်းခင်းပြီး ဖြစ်ပါတယ်။ နမ့်ဆရီးကျေးရွာအထိ မြေသားလမ်း ၁ မိုင် ကျန်ရှိ သေးပါတယ်။ ကျန်ရှိသည့်မြေသားလမ်း ၁ မိုင်အား ကတ္တရာလမ်းအဆင့်သို့ ဆက်လက် ဆောင်ရွက်ပေးရန် ကျေးရွာရှိပြည်သူများမှ တင်ပြတောင်းဆိုလာပါတယ်။ အဆိုပါလမ်းသည် နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာ၊ ပန်စံကျေးရွာ၊ နမ့်ဟွမ်ကျေးရွာ၊ လွယ်မွန်း ကျေးရွာနှင့် မန်လုံကျေးရွာအုပ်စုမှ ကောင်းခေကျေးရွာ စုစုပေါင်းကျေးရွာပေါင်း (၅)ရွာမှ အိမ်ခြေ(၄၅၆)အိမ်၊ လူဦးရေ (၂၂၁၃)ဦးကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်သို့ လူမှုရေး၊ စီးပွားရေးကဏ္ဍများအတွက် များစွာအထောက်အကူပြုသော လမ်းမကြီး ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ ကျန်ရှိသောမြေသားလမ်း ၁ မိုင်အား ကတ္တရာလမ်းအဆင့်မြှင့်တင် ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နမ့်ခမ်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းတဲ့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာ၊ ပန်စံကျေးရွာ၊ နမ့်ဟွမ်ကျေးရွာ၊ လွယ်မွန်းကျေးရွာနှင့် မန်လုံကျေးရွာအုပ်စု၊ ကောင်းခေကျေးရွာ၊ စုစုပေါင်း ကျေးရွာ ၅ ရွာမှ နမ့်ခမ်းမြို့သို့ တိုက်ရိုက်ဆက်သွယ်ထားသော မူလမြေသားလမ်း ၃ မိုင် အနက် ကျန်ရှိသည့်မြေသားလမ်း ၁ မိုင်ကို အဆင့်မြှင့်တင်ပေးနိုင်ပါရန် ရှမ်းပြည်နယ်

အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊ နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာ၊ ပန်စံကျေးရွာ၊ နမ့်ဟွမ် ကျေးရွာ၊ လွယ်မွန်းကျေးရွာနှင့် မန်လုံကျေးရွာအုပ်စု၊ ကောင်းခေးကျေးရွာ၊ စုစုပေါင်းကျေးရွာ ၅ ရွာမှ နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားသည့် ကောင်းဆာ– နမ့်ဆရီးလမ်းသည် လမ်းအရှည် ၃ မိုင် ၃ ဖာလုံရှိပါတယ်။ ကတ္တရာလမ်း ၂ မိုင်၊ ကျောက်လမ်း ၁မိုင် ၃ ဖာလုံရှိသော လမ်းဖြစ်ပြီး ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာ ၅ရွာ၊ အိမ်ခြေ ၄၅၆ အိမ်၊ လူဦးရေ ၂၂၁၃ ဦး အကျိုးပြုပြီး လမ်းအဆင့် Class A ဦးစားပေးအဆင့်(၂) ရှိသောလမ်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားရှိသော ကျန်ရှိမြေသားလမ်း ၁ မိုင်အား ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ပါရန်ကိစ္စနှင့် စပ်လျဉ်း၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးချက်အရ လက်ရှိမြေပြင်တွင် ကျေးလက်လမ်းအရှည် ၁မိုင် ၃ ဖာလုံရှိပြီး ၎င်းလမ်းအား သတ်မှတ်စံချိန်စံညွှန်း လမ်းအင်္ဂါရပ်နှင့်ညီညွှတ်သော ကတ္တရာလမ်း အဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၁၈၈.၃၇၅ သန်းကုန်ကျမှာ ဖြစ်ပါ တယ်။

ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မြို့နယ်များအလိုက် အဆိုပြုချက်များ လျာထား ရာတွင် နမ့်ခမ်းမြို့နယ်၏ ပျမ်းမျှပါဝင်မှုအချိုးမှာ ၁.၄၅ % ဖြစ်ပြီး နမ့်ခမ်းမြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နှစ်အလိုက်ပျမ်းမျှ ကျပ်၁၃၀ သန်းခန့်သာ ရရှိသော်လည်း ၂၀၁၉– ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်မှတောင်းခံထားသည့် ကျပ် ၃၅၉.၁၆ သန်းတွင် ယခု မေးခွန်းပါလမ်းသည်ပါဝင်ခဲ့ခြင်း မရှိသေးပါကြောင်း တွေ့ရှိရပါတယ်။

မြို့နယ်စီမံကိန်းများရေးဆွဲရေးကော်မတီက သင့်လျော်ရာ ဘဏ္ဍာရေးနှစ်တွင် မိမိ မြို့နယ်ရရှိနိုင်သည့် ရန်ပုံငွေပမာဏအရ ဦးစားပေးအလိုက် တင်ပြလာပါက ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်း တင်ပြဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်

လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုရှိ ဖိုင်မောင့်ရေလွှဲဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုရှိ ဖိုင်မောင့်ဆည်သည် ကွင်းအမှတ် (၁၇၂/က)၊ စိုက်ဧက (၁၁၀)ခန့်ရှိ တောင်သူပေါင်း(၃၃)ဦးတို့က ကိုယ်ထူကိုယ်ထစနစ်ဖြင့်မျောရိုက်၊ ကျောက်ဖြည့်ဆည်အမျိုးအစားဖြစ်သောကြောင့် နှစ်စဉ်နှစ်တိုင်း ချောင်းရေကြီးသည့်အချိန်တွင် မျောတိုင်များကျိုး၍ ကျောက်များ မျောပါသွားခြင်း၊ ချောင်းကမ်းပါးများတိုက်စားခံရခြင်းတို့ကြောင့် တောင်သူများ နှစ်စဉ်အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြတောင်းခံအပ်ပါတယ်ရှင်။ Power Point တွင် တင်ပြထားသည့်ပုံများမှာ နမ့်ပန်ချောင်းအနီးရှိ ဖိုင်မောင့်ရေလွှဲဆည် တည်နေရာနှင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားပြီး ပြန်လည်ပြင်ဆင်ထားသည့် မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဖိုင်မောင့်ရေလွှဲဆည်တည်ဆောက်ပေးဖို့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့စွဲပါစာအမှတ်၊ ၀၀၆/ လတကရ ဖြင့် (၁)ကြိမ်၊ သိန္နီမြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီကလည်း ၂၀၁၈- ၂၀၁၉နှင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တို့တွင် (၂)ကြိမ်တိုင်တိုင် စီမံကိန်းရေးဆွဲတင်ပြပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ဆည်အလျား ၇၀ ပေ၊ အမြင့် ၅ ပေ၊ တူးမြောင်းအလျား ၂၀၀ ပေခန့်ရှိသော ဖိုင်မောင့်ဆည်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် တောင်သူလယ်သမားများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြတောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဆက်လက်ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုလုပ်ထားသော မျောရိုက်၊ ကျောက်ဖြည့်ဆည်မှာ နှစ်စဉ်နှစ်တိုင်း ချောင်းရေကြီးသည့် အချိန်တွင် မျောတိုင်များ ကျိုး၍ ကျောက်များမျောပါသွားခြင်း၊ ချောင်းကမ်းပါးများ တိုက်စားခံရခြင်းတို့ကို ကြုံတွေ့နေရပါသဖြင့် အဆိုပါဆည်အား အလျား ၇၀ ပေ၊ အမြင့် ၅ ပေ၊ တူးမြောင်း အလျား ၂၀၀ ပေ ခန့်ရှိသော ဖိုင်မောင့်ရေလွှဲဆည်အဖြစ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုသည်နှင့် စပ်လျဉ်း၍ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စု၊ ဖိုင်မောင့်ကျေးရွာအနီး၊ နမ့်အူချောင်းပေါ်တွင် တည်ရှိသော ကိုယ်ထူကိုယ်ထ မျောရိုက်၊ ကျောက်ဖြည့်ဆည်အား အလျား (၇၀) ပေ၊ အမြင့် (၅) ပေ၊ တူးမြောင်း ပေရှည် ၂၀၀ ပေခန့်အား အခိုင်အမာ ပြန်လည်ပြုပြင်တည်ဆောက်မည်ဆိုပါက သဲထုတ် ရေတံခါးအပါအဝင် သံကူကွန်ကရစ်ကျောက်ဖြည့်ရေလွှဲဆည်အတွက် ကျပ်သန်း (၁၁၀) ခန့်နှင့် ရေယူအဆောက်အဦနှင့် ချောက်ကမ်းပါးများ တိုက်စားခြင်းကာကွယ်ရန်အတွက် တူးမြောင်းအတွင်း သဲ၊ နုန်းဆယ်ခြင်း၊ ကျောက်လိုင်နင်စီခြင်းလုပ်ငန်းများအတွက် ကျပ်သန်း ၉၀ ခန့်၊ စုစုပေါင်းငွေကျပ်သန်း(၂၀၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ရေလွှဲဆည်တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေ (၁၁၂)ဧကခန့်အား ရာသီမရွေး ရေပေးဝေနိုင်မည် ဖြစ်ပါတယ်။

ဖိုင်မောင့်ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် မြေမျက်နှာသွင်ပြင်ညီညာပြန့်ပြူးသည့် လယ်ယာစိုက်ပျိုးမြေဧရိယာ နည်းပါးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်စေတတ်ခြင်း၊ မျောရိုက်၊ ကျောက်ဖြည့်လက်ရိုက်ဆည်ဖြစ်သောကြောင့် နှစ်စဉ်နှစ်တိုင်း ပြန်လည်ပြုပြင်နေရခြင်းကြောင့် သစ်တောများ ပြုန်းတီးစေခြင်း၊ သဲနုန်းပို့ချခြင်းများဖြစ်ပေါ်စေခြင်းတို့ကို ကာကွယ်ပေးနိုင်ရန်အတွက် R.C Concrete ရေလွှဲဆည် အခိုင်အမာပြုပြင်ပေးခြင်းဖြင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်မှုဖြစ်စေခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေ၍ ဆည်ရေသွင်း၊ ရေထုတ်ကောင်းမွန်စေမည် ဖြစ်ပါတယ်။

ဆည်တည်ဆောက်ပေးခြင်းဖြင့် ဆည်တန်ဖိုးကုန်ကျငွေနှင့် အကျိုးဖြစ်ထွန်းမည့်ကေကို အချိုးချကြည့်ပါက ဆည်တန်ဖိုးကုန်ကျငွေမှာ ပိုများသည်ဟု ယူဆရသော်လည်း ဆည်ကိုမှီခိုနေသော တောင်သူများ၏ မိသားစု ၁၀၊ စားဝတ်နေရေး ဖူလုံစေမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းအား ပြည်နယ်အတွင်းဦးစားပေး အစီအစဉ်များအရ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေထည့်သွင်းတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆောင်ရွက်

သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့အစည်းအဝေးသို့ ကြွရောက်ပေးပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လေ့လာသူကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ လဲချားမြို့နယ်နှင့်နမ့်စန်မြို့နယ်၊ မြို့နယ်ချင်းဆက် လမ်းတစ်ခုဖြစ်သည့်လဲချားမြို့နယ်၊ ပုံတိုက်- နားမန်း- နမ့်စန် မြေသားလမ်း (၂၈)မိုင်အနက် ကျန်လမ်းပိုင်း(၂၁)မိုင် ကျော်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လဲချား- ပုံတိုက်- နားမန်း- နမ့်စန်လမ်းသည် လဲချားမြို့နယ်နှင့် နမ့်စန်မြို့နယ်ချင်းဆက် လမ်းဖြစ်ပြီး ၎င်းမြို့နယ်များ အတွင်းရှိ ကျေးရွာအုပ်စုများအတွက် အရေးပါလှသည့်လမ်းပိုင်း ဖြစ်ပါတယ်။ မြို့နယ်(၂) မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၃၀)ခန့်နှင့် အိမ်ခြေ ၁၁၀၀ ကျော်၊ လူဦးရေ ၆၁၀၀ ဦးကျော် ခန့်ကို အကျိုးပြုစေမည့်အပြင် မြို့နယ်(၂)မြို့နယ်၏ ကုန်စည်စီးဆင်းမှုနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုများစွာကို အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းသည် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဆောင်ရွက်ပိုင်ခွင့်ရှိသော လမ်းပိုင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နတလ)မှ ဆောင်ရွက်ပိုင်ခွင့်ရှိသော လမ်းပိုင်းဟူ၍ နှစ်ပိုင်းခွဲထားသည်ဟု သိရှိရပါတယ်။ လမ်းမိုင်အနေဖြင့် စုစုပေါင်း(၂၈)မိုင် ခန့်ရှိပြီး နမ့်စန်မြို့နယ်လမ်းပိုင်းမှ ၉ မိုင်ကျော်နှင့် လဲချားမြို့နယ်လမ်းပိုင်းမှ ၁၈ မိုင်ကျော် ခန့်ရှိပါတယ်။ ၎င်းလမ်းပိုင်းအား ဘတ်ဂျက်နှစ်အလိုက် စုစုပေါင်းကတ္တရာလမ်း ၄ မိုင် ကျော်နှင့် ကျောက်ချောလမ်း ၂ မိုင်ခန့် ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရပါတယ်။ ကျန်သည့် လမ်းပိုင်းများမှာ အများအားဖြင့် နတလမှ လုပ်ပိုင်ခွင့်ရှိသည့် လမ်းပိုင်းများဖြစ်နေပြီး ၎င်းလမ်းပိုင်းကိုလည်း PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)နှင့် ကျေးရွာပြည်သူလူထု တို့မှ ပေ(၃၀)အကျယ် မြေသားလမ်း ဖောက်လုပ်ထားရှိပြီးဖြစ်သည်ဟု သိရှိရပါတယ်။ လမ်းမိုင်စုစုပေါင်း(၂၈)မိုင်ခန့်ရှိသည့်အနက်မှ ဆောင်ရွက်ပြီး ကတ္တရာလမ်း/ ကျောက်ချော

လမ်းမပါဘဲ ကျန်လမ်းပိုင်း(၂၁)မိုင် ကျော်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား လာမည့်အနီးဆုံးဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ရှိသေလေးစားစွာဖြင့် မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ လဲချား မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ မေးမြန်းထားတဲ့ လဲချားမြို့နယ်နှင့် နမ့်စန်မြို့နယ်၊ မြို့နယ်ချင်းဆက် လမ်းတစ်ခုဖြစ်သည့် လဲချားမြို့နယ်၊ ပုံတိုက်– နားမန်း– နမ့်စန် မြေသားလမ်း ၂၈ မိုင်အနက် ကျန်လမ်းပိုင်း ၂၁ မိုင် ကျော်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လာမည့်အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါ တယ်။

လဲချားမြို့နယ်နှင့် နမ့်စန်မြို့နယ်ဆက်သွယ်ထားသော ပုံတိုက်– နားမန်း– နမ့်စန် လမ်းသည် လဲချားမြို့နယ်အပိုင်းတွင် မြို့မကျေးရွာအုပ်စု၊ ပုံတိုက်ကျေးရွာအုပ်စု၊ နားမန်း ကျေးရွာအုပ်စုနှင့် နမ့်စန်မြို့နယ်အပိုင်းတွင် လွယ်ယဲကျေးရွာအုပ်စု ၄ ခု သို့ ဆက်သွယ် ထားသည့် လမ်းအရှည် ၂၈ မိုင်ခန့်ရှိသော လမ်းကြောင်းဖြစ်ပါတယ်။ ကျေးရွာ ၃၄ ရွာ၊ အိမ်ခြေ ၂၅၅၃ အိမ်နှင့် လူဦးရေ ၁၄၅၅၃ ဦး အကျိုးပြုသည့်လမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာ ကျေးလက်လမ်း၊ တံတားများကို တာဝန်ယူဆောင်ရွက်နိုင်ဖို့ နယ်မြေခွဲဝေ သတ်မှတ်ဆောင်ရွက်ရန် ညှိနှိုင်းသဘောတူညီချက်အရ လမ်းအရှည် ၂၈ မိုင်ကို အောက်ပါ အတိုင်း စီမံခန့်ခွဲဆောင်ရွက်ရန် သတ်မှတ်ထားရှိပါတယ်–

(၁) **လဲချားမြို့နယ်**

(က) မြို့မကျေးရွာအုပ်စု၊ ဟိုနောင်လုံကျေးရွာမှ နားမန်းကျေးရွာအုပ်စု နောင်ခမ်းကျေးရွာအထိ ၈မိုင်၄ဖာလုံကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ လမ်းအဆင့်အတန်း Class A2 အဖြစ်သတ်မှတ်ထားပါတယ်။

( ခ) နားမန်းကျေးရွာအုပ်စုရှိ နောင်ခမ်းကျေးရွာမှ နမ့်တွန်ကျေးရွာအထိ ၁၀ မိုင်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။

(၂) **နမ့်စန်မြို့နယ်**

(က) လွယ်ယဲကျေးရွာအုပ်စု၊ ထင်းရှူးမြိုင်ကျေးရွာမှ တိုင်းကောင်- လွိုင်ချို- နားတုံလုံ့- တင်ပစ်ရွာအထိ ၉ မိုင် ၄ ဖာလုံကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းအဆင့်အတန်း Class A2အဖြစ် လည်းကောင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လဲချားမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဧရိယာအတွင်း မြို့မကျေးရွာအုပ်စု၊ ဟိုနောင်လုံကျေးရွာမှ နားမန်းကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာအထိ ၈ မိုင် ၄ ဖာလုံအနက် ကတ္တရာ လမ်း ၂ မိုင်နှင့် ကျောက်ချောလမ်း ၂ မိုင် ၆.၄၄ ဖာလုံ၊ စုစုပေါင်း ၄ မိုင် ၆.၄၄ ဖာလုံ ဆောင်ရွက်ပြီးဖြစ်ရာ မြေသားလမ်း ၃ မိုင် ၅.၅၆ ဖာလုံဆောင်ရွက်ရန်ကျန်ရှိပါတယ်။ အဆိုပါ မြေသားလမ်း ၃ မိုင်ကျော်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၄၈၄.၂၇ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး လဲချားမြို့နယ်အနေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ မြို့နယ်အလိုက် အဆိုပြုချက်များ လျာထားရာတွင် ပျမ်းမျှပါဝင်မှု အချိုး ၁. ၀၉% ရှိရာ ရန်ပုံငွေခွဲဝေချထားမှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ကျပ် ၈၉.၂၄ သန်းခန့်ရရှိပါတယ်။ လဲချားမြို့နယ်အတွင်း လဲချား- ဆီကုန်း- ဝမ်ဝေါင်- နားမန်း-ဟတ်လိလမ်းပိုင်းရှိ ကျောက်လမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ၆.၃၁၆ ဖာလုံ၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၉၈.၆၈ သန်းဖြင့် ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း တွင်လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။

လဲချားမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရိယာအတွင်း ဖြစ်ပါတယ်။ နားမန်းကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာမှ နမ့်တွန်ကျေးရွာအထိ ၁၀ မိုင်သည် လမ်းပိုင်းအရှည် ၂၈ မိုင်၏ အလယ်တွင်ကျရောက်လျက်ရှိသဖြင့် လဲချားမြို့နယ် (သို့မဟုတ်) နမ့်စန်မြို့နယ်လမ်းပိုင်း ၁ ခုအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အပြီးသတ်ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည့်အနေအထားဖြစ်ပြီး တစ်ဆက်တည်းအသုံးပြုနိုင်မည်ဖြစ်ပါတယ်။ လမ်းပိုင်း ၂၈ မိုင်အနက် ကျောက်ချောလမ်း/ ကတ္တရာလမ်းဆောင်ရွက်ပြီး ၇ မိုင် ၂ ဖာလုံမပါ ကျန်လမ်းပိုင်း ၂၀ မိုင် ၆ ဖာလုံအား ပအိုဝ်းပြည်သူ့စစ် (ဌာနေ)အဖွဲ့နှင့် လွယ်ချယ်နဂါး၊ ပတ္တမြားနဂါး သတ္တုတူးဖော်ရေးကုမ္ပဏီများမှ ပေ ၃၀ အကျယ်ရှိ မြေသားလမ်းဖောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ

(နတလ)မှ ဝင်ရောက်ဆောင်ရွက်မည်ဆိုပါက လမ်းကြောင်းအား တစ်ဆက်တစ်စပ်တည်း အသုံးပြုနိုင်ခြင်း မရှိသဖြင့် ဒေသအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးစေမည်ဖြစ်ပါသော ကြောင့် လဲချားမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ရန် ကျန်ရှိသည့် မြေသားလမ်း ၃ မိုင် ၅.၅၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင်တင် ဆောင်ရွက်ပြီးမှသာ (နတလ)မှ ကျောက်ချောလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ပေး နိုင်မည် ဖြစ်ပါတယ်။

နမ့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဧရိယာအတွင်း ထင်းရှူးမြိုင်ရွာမှ တိုင်းကောင်– လွိုင်ချို– နားတုံလုံ့– တင်ပစ်ရွာအထိ ၉ မိုင် ၄ ဖာလုံအနက် ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံအား ကတ္တရာလမ်းအဖြစ် (နတလ)မှ ဆောင်ရွက်ပြီးဖြစ်ရာ မြေသားလမ်း ၇ မိုင် ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ အဆိုပါမြေသားလမ်း ၇ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၉၁၇.၁၁၂ သန်းကုန်ကျ မည်ဖြစ်ပြီး နမ့်စန်မြို့နယ်အနေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ မြို့နယ်အလိုက် အဆိုပြုချက်များ လျာထားရာတွင် ပျမ်းမျှပါဝင်မှုအချိုး ၂.၁၈ % ရှိရာ ရန်ပုံငွေခွဲဝေချထားမှု အနေဖြင့် တစ်နှစ်လျှင်ပျမ်းမျှ ကျပ် ၁၇၈.၅ သန်း ခန့်ရရှိပါတယ်။ နမ့်စန်မြို့နယ်အတွင်း တိုင်းကောင်– လွိုင်ချို– နားတုံလုံ့– တင်ပစ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ၆.၆ ဖာလုံအား ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၆၀ ဖြင့် ၂၀၁၉– ၂၀၂၀ခု ဘဏ္ဍာနှစ်၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဆက်လက်ပြီး ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းကတော့ လဲချားမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်သည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လဲချား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအတွက် မြို့နယ်ဦးစီးမှူး ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိ ပါတယ်။ ယခုလက်ရှိ မြို့နယ်ဦးစီးမှူးရုံးသည် ဌာနပိုင်ရုံးနှင့် ဌာနပိုင်ရုံး မြေနေရာမဟုတ်ဘဲ ဌာနမှ အခကြေးငွေ တစ်လလျှင် ငွေကျပ်ငါးသောင်းနှုန်းပေးကာ ငှားရမ်းထားသည့်ရုံး ဖြစ်ပါ

တယ်။ ဌာနမှ တစ်လလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့်သာ ပံ့ပိုးပေးနိုင်ပြီး ကျန်ငွေကျပ်သုံးသောင်းအား ဝန်ထမ်းများမှ လစဉ်စိုက်ထုတ်ပေးနေရပါကြောင်း သိရှိရပါတယ်။ ထို့ပြင် ငှားရမ်းပေးသည့် အိမ်ရှင်မှလည်း ထပ်မံငှားရမ်းလိုခြင်းမရှိဖြစ်သည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အဆိုပါအိမ်သည်လည်း သက်တမ်းအားဖြင့် ကြာမြင့်လှပြီဖြစ်သည့်အတွက် ယိုယွင်းပျက်စီးနေလျက်ရှိပါတယ်။ ထို့ကြောင့် ရုံး၏ အရေးကြီးသည့် မြို့နယ်၏ အချက်အလက်နှင့် စာရွက်စာတမ်းများလည်း လုံခြုံမှုမရှိတော့သည်ကို မြင်တွေ့နေရပါတယ်။ ရုံးခန်းအတွင်း ကျဉ်းကျပ်မှုကြောင့် ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများနှင့် ရုံးသို့လာရောက်ကြသော ပြည်သူများမှလည်း နေရာထိုင်ခင်းကိစ္စ လုံးဝအဆင်မပြေနေသည်ကို တွေ့မြင်ရပါတယ်။

ထို့ပြင်လက်ရှိဌာနရုံးတွင် ပြည်သူများအတွက် ဝန်ဆောင်မှုပေးနေသည့်ဝန်ထမ်း (၉)ဦး ရှိနေပြီးၾင်းဝန်ထမ်းများသည်လည်း ဝန်ထမ်းအိမ်ရာမရှိသည့်အတွက် အခြားသောနေရာများတွင် အခကြေးငွေဖြင့် ငှားရမ်းနေထိုင်နေကြရပါတယ်။ ထို့ကြောင့် ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးအနေဖြင့် လဲချားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအတွက် မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား လာမည့်အနီးဆုံးဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးသင့်ပါကြောင်းနှင့် ဆောက်လုပ်ပေးမည်ဆိုပါက ဆောက်လုပ်ရန် ဌာနပိုင်မြေနေရာလည်းရှိပါကြောင်း တင်ပြအပ်ပါတယ်။ လိုအပ်လျက်ရှိသော အဆိုပါမြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်းလေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျမှ မေးမြန်းလာတဲ့ လဲချားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတွင် လိုအပ်လျက်ရှိသော မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား လာမည့်အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးသည် ဌာနပိုင်မြေနေရာ ရရှိပြီးဖြစ်သော်လည်း ရုံးအဆောက်အအုံဆောက်လုပ်နိုင်ခြင်းမရှိသေးဘဲ တစ်လလျှင် ကျပ် ၂၀,၀၀၀/- နှုန်းဖြင့် ငှားရမ်းဖွင့်လှစ်ထားရှိသောရုံးဖြစ်ပြီး အိမ်ရှင်မှ တစ်လလျှင်ကျပ် ၅၀,၀၀၀/- တိုးမြှင့်ကောက်ခံရန် စီစဉ်လျက်ရှိပါကြောင်း သိရှိရပါတယ်။ လက်ရှိငှားရမ်းအဆောက်အအုံမှာ သက်တမ်းကြာမြင့်ပြီဖြစ်သည့်အတွက် ပျက်စီးယိုယွင်းလာသည့်အပြင် အိမ်ရှင်မှ ဆက်လက်ငှားရမ်းလိုစိတ်မရှိခြင်းနှင့် တစ်နှစ်ထက်တစ်နှစ်များပြားလာသည့် မှတ်တမ်းများကို ထိန်းသိမ်းရသည့် မှတ်တမ်းခန်းမရှိမဖြစ်လိုအပ်ခြင်းတို့ကြောင့် အင်ဂျင်နီယာ၏ တွက်ချက်မှုအရ ရုံးအဆောက်အဦပုံစံနှင့် ဆောက်လုပ်မည့် ခန့်မှန်းကုန်ကျစရိတ် ကျပ် ၂၄,၇၀၀,၀၀၀ နှင့် လျှပ်စစ်မီတာတပ်ဆင်ခ ကျပ် ၆၂၅,၀၀၀၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၂၅,၃၂၅,၀၀၀ ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ပုံငွေမှ ခွဲဝေချထားပေးပါရန် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃၀၂/ ထ-၂/ ၂၃၇၂/ ထပရဖြင့် တင်ပြထားရှိပြီးဖြစ်သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရုံးအဆောက်အအုံ ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေချထားလာခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ လဲချားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် အဆောက်အအုံပုံစံနှင့် အင်ဂျင်နီယာတွက်ချက်များနှင့်အတူ အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျက တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ကျွန်တော်ရဲ့ တတိယမေးခွန်းကတော့ လဲချားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းအား ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါကျောင်းသည် (၅.၄.၁၉၆၅) ရက်နေ့တွင် နိုင်ငံတော်မှ ခရစ်ယာန်

သာသနာပြုကျောင်း (Divine Providence School) ကို ပြည်သူပိုင်သိမ်း၍ ပြည်သူပိုင် အစိုးရ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာရေးဌာနမှ ၂၀၁၆ ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော (၆၀×၃၀)ပေ တစ်ထပ်ဆောင် (၁)ဆောင်နှင့် ၁၉၆၅ခုနှစ်တွင် ပြည်သူပိုင်သိမ်းစဉ်က ပါလာခဲ့သော (၁၂၀×၃၀)ပေ အုပ်ညှပ် (၂)ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင်(၂)ဆောင်သာ ရှိပါတယ်။ အဆိုပါ(၂) ဆောင်သည် နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် မျက်နှာကျက်နှင့်အခင်းများမှာ အနည်းငယ် ပျက်စီးလျက်ရှိကြောင်းတွေ့ရပါတယ်။ ယခုပညာသင်နှစ်တွင် ကျောင်းသားအင်အား(၆၀၇)ဦး ခန့်ရှိလာပြီး စာသင်ခန်းပေါင်းမှာ (၁၀)ခန်းသာရှိသည့်အတွက် စာသင်ခန်းနှင့် ကျောင်းသား အချိုးအရ(၁:၆၀)ဖြစ်နေပါသောကြောင့် စာသင်ဆောင်အသစ် ထပ်မံလိုအပ်လျက်ရှိနေပါတယ်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းသို့ အလယ်တန်းအဆင့်နှင့် မူလတန်း အဆင့် သင်ယူလိုသော ကျောင်းသားအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ်များပြားလာသည့် အတွက် ကျောင်းအဆောက်အအုံအသစ်ကို အနီးဆုံးဘတ်ဂျက်တွင် အလေးထားဆောင်ရွက် ပေးစေလိုကြောင်းနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ ကိုလည်း ဖြေကြားပေးပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လဲချားမြို့နယ်မဲ ဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၏ လဲချားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ ဝမ်ပန်ကျေးရွာအုပ်စု၊ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံ ပညာအလယ်တန်းကျောင်းသည် ကျောင်းပိုင်မြေ (၁.၅၀၉)ကေရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင်များမှာ အဆောင်(၁)(၉၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် RC နှစ်ထပ်ဆောင် (၇)ခန်း၊ အဆောင်(၂)(၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၃)ခန်း ရှိပါတယ်။ ကျောင်းသားဦးရေမှာ KG ၅၅ဦး၊ ပထမတန်း ၄၅ဦး၊ ဒုတိယတန်း ၆၅ဦး၊ တတိယတန်း ၈၁ဦး၊ စတုတ္ထတန်း ၆၁ဦး၊ မူလတန်းအဆင့် ကျောင်းသား စုစုပေါင်း(၃၀၇)ဦး၊ တန်းခွဲ(၆)ခု ရှိပါတယ်။ ပဉ္စမတန်း ၁၀၃ဦး၊ ဆဋ္ဌမတန်း ၇၄ဦး ၊ သတ္တမတန်း ၇၀ဦး၊ အဋ္ဌမတန်း ၅၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား စုစုပေါင်း (၃၀၀)ဦး၊ တန်းခွဲ(၄)ခု ရှိပါတယ်။ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား စုစုပေါင်း (၆၀၇)ဦးနှင့် တန်းခွဲ(၁၀)ခု ရှိပါတယ်။

စနစ်သစ်ပညာရေးတွင် လိုအပ်လာမည့် စာသင်ခန်းများအတွက် ရည်ရွယ်၍ (၉၀x၃၀)ပေ တစ်ထပ်စာသင်ဆောင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လဲချားမြို့နယ် စီမံကိန်းတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ရန်ပုံငွေခွင့်ပြုပေးလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ဝမ်းနည်းကြောင်း အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း”** အဆိုဖြစ်ပါတယ်။ ဒီအစီအစဉ်များကို ဆောင်ရွက်တဲ့အခါ လက်ခုပ်မတီးဖို့ သတိပြုစေလိုပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁ နည်းဥပဒေခွဲ(က) အရ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။

(၁၅.၈.၂၀၁၉)ရက်နေ့၊ နံနက်ပိုင်းမှာ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အတွင်းရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဂုတ်တွင်းလုံခြုံရေးစခန်း၊ တိုးဂိတ်နှင့် မူးယစ်ဆေးဝါး စစ်ဆေးရေးဂိတ်၊ တပ်ဌာနချုပ်တစ်ခုအား မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူ မဟာမိတ်အဖွဲ့များက (၃၁.၈.၂၀၁၉)ရက်နေ့အထိ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရရှိပြီး အဆောက်အဦများ၊ ယာဉ်စက်များနှင့်တံတားများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရ

သဖြင့် အဆိုပါ မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူ မဟာမိတ်အဖွဲ့များ၏ လုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းရပါကြောင်း အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့တပ်မတော်အနေနဲ့ သဘောထားကြီးစွာဖြင့် တိုင်းရင်းသားပြည်သူလူထု၏ လိုလားချက်ကို အလေးထားပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များအား လုပ်ဆောင်ခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးက လိုလားတောင့်တခဲ့ကြသည့် ဒီမိုကရေစီနိုင်ငံတော်အားတည်ဆောက်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်မဆို ၎င်းတို့၏ လိုအင်ဆန္ဒများကို ဒီမိုကရေစီ နည်းလမ်းတကျသာ တောင်းဆိုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းစဉ်၏ ဆန့်ကျင်ဘက်ဖြစ်သောလက်နက်စွဲကိုင်လျက် တောင်းဆိုခြင်းများကြောင့်ဖြစ်ပေါ်လာသည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းနိုင်ရေးသည် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းမှသာဖြစ်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက် နေသူများအားလုံးယုံကြည်မှုမြင့်မားစွာဖြင့် ဆောင်ရွက်သွားမှသာ ငြိမ်းချမ်းရေးလမ်းစဉ်အောင်မြင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိဘဲ တိုးတက်မှုအခြေအနေ ရောက်ရှိနိုင်မှာ မဟုတ်ပါဘူး။ တိုင်းပြည်တိုးတက်စေရန် ငြိမ်းချမ်းရေးကို အရင်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး တပ်မတော်အနေဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအားလုံးကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့အထိ တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်၊ မေလ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ တစ်ကြိမ်၊ တစ်ဖက်သတ်အပစ်အခတ် ရပ်ဆိုင်းပေးခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမှာဖြစ်ကြောင်း ထပ်မံကြေညာခဲ့ပါတယ်။ တပ်မတော်က ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေသည့်အချိန်မှာ သောင်းကျန်းသူများအနေဖြင့် ယခုလိုအကြမ်းဖက်လုပ်ဆောင်မှု ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို များစွာထိခိုက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူမဟာမိတ်အဖွဲ့များရဲ့ (၁၅.၈.၂၀၁၉) ရက်နေ့မှ (၃၁.၈.၂၀၁၉) ရက်နေ့အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့

ပြည်သူများ သေဆုံးဒဏ်ရာရပြီး အဆောက်အဦများ၊ ယာဉ်စက်များ၊ တံတားများပျက်စီးဆုံးရှုံးမှုများကို တင်ပြပါမယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ယခုပြသထားတာကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ တိုက်ပွဲဖြစ်ပွားခဲ့တဲ့ မြေပုံ၊ ကောင်းကင်မြေပုံဖြစ်ပါတယ်။ ယခုပြသထားတာကတော့ (၁၅.၈.၂၀၁၉) ရက်နေ့၊ နံနက်(၀၅:၃၀)နာရီအချိန်မှာ အမှတ်(၉/ ၈၄) ဂုတ်တွင်းတံတား အလျား(၁၉၀)ပေ၊ အနံ(၂၄)ပေ ဖောက်ခွဲဖျက်ဆီးခံရပုံ၊ (၁၇.၈.၂၀၁၉)ရက်နေ့ တံတားအမှတ် (၄/၁၆) နမ်တုံဆို တံတားအလျား (၃၂)ပေ၊ အနံ(၂၉) ပေ တံတားဖျက်ဆီးခံခဲ့ရပုံ၊ (၁၇.၈.၂၀၁၉) ရက်နေ့နှင့် (၂၇.၈.၂၀၁၉)ရက်နေ့မှာ တံတားအမှတ် (၆/၃၁) ညိပိုင်းတံတားအလျား(၅၀)ပေ၊ အနံ(၃၆)ပေ တံတားဖျက်ဆီးခံထားရပုံ၊ (၁၇.၈.၂၀၁၉) ရက်နေ့က (၄၁)မိုင် တံတားအလျား (၈၀)ပေ၊ အနံ (၃၀)ပေ တံတားဖျက်ဆီးခံထားရပုံနှင့် တံတားတွေ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေပြပုံတွေ ဖြစ်ပါတယ်။ ယခု ပြသထားတာကတော့ မော်တော်ယာဉ်နဲ့ ယန္တရားများ မီးရှို့ဖျက်ဆီးခံထားရပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဖျက်ဆီးခံထားရသော စုစုပေါင်းတံတား (၄)စင်း၊ ပျက်စီးမှုတန်ဖိုး ကျပ် ၉,၈၁၅ သန်းဖြစ်ပြီး မော်တော်ဆိုင်ကယ်ပျက်စီးမှုများမှာ ဆိုင်ကယ် (၃)စီး၊ မော်တော်ယာဉ် (၂၀)စီး၊ ထော်လာဂျီ (၁)စီး၊ ပေါင်း(၂၄)စီး၊ ပျက်စီးမှု တန်ဖိုးစုစုပေါင်း ကျပ် ၂,၈၇၉ သိန်း ဆုံးရှုံးခဲ့ရကြောင်းသိရှိရပါတယ်။ အရပ်သားများ သေဆုံးဒဏ်ရာရှိမှုစာရင်းမှာ နောင်ချိုမြို့နယ်တွင် သေဆုံး (၂)ဦး၊ ဒဏ်ရာရ (၁၃)ဦး၊ ကျောက်မဲမြို့နယ်တွင် သေဆုံး(၁)ဦး၊ ဒဏ်ရာရ(၂)ဦး၊ လားရှိုးမြို့နယ်တွင် သေဆုံး (၄)ဦး၊ ဒဏ်ရာရ(၆)ဦး၊ သိန္နီမြို့နယ်တွင် သေဆုံး(၃)ဦး၊ ဒဏ်ရာရ (၂)ဦး၊ ကွတ်ခိုင်မြို့နယ်တွင် သေဆုံး (၇)ဦး၊ ဒဏ်ရာရ (၂၃)ဦးရှိခဲ့ပြီး စုစုပေါင်းသေဆုံး (၁၇)ဦး၊ ဒဏ်ရာရ (၄၅)ဦးရှိခဲ့ကြောင်း သိရှိရပါတယ်။

ယခုလို ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်အား နှောင့်ယှက်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားများအား ဖျက်ဆီးခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ထိခိုက်အောင် ဆောင်ရွက်လာသော ယခုမြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူ မဟာမိတ်လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းရပါကြောင်း အဆိုတင်သွင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာသူများ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။

ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်းတင်သွင်းတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မြောက်ပိုင်း မဟာမိတ်အဖွဲ့လုပ်ရပ်အား ပြင်းထန်စွာရှုတ်ချကြောင်းနှင့် ဖြစ်စဉ်အတွင်းမှာ နိုင်ငံပိုင် အဆောက်အဦ၊ လမ်း၊ တံတားများ ဖျက်ဆီးခံရပြီး ပျက်စီးဆုံးရှုံးမှု၊ အများပြည်သူနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများ၊ မော်တော်ယာဉ်များ ဖျက်ဆီးမီးရှို့ခံခဲ့ရမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ ပြည်သူလူထုများ ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့မှုအပေါ် များစွာဝမ်းနည်းမိ ပါကြောင်း အဆိုကို အလေးအနက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါ တယ်။ ယခု ဒီအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁၊ နည်းဥပဒေခွဲ(ခ) နှင့်အညီ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုမှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဝမ်းနည်းကြောင်းအဆိုကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် **“ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း”** အဆိုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို (၆)ရက်တိုင်တိုင် ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၅၉)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦး တင်သွင်းသော အဆို (၁)ခုအား အတည်ပြုနိုင်ခဲ့သလို ဝမ်းနည်းကြောင်းအဆို(၁)ခုကိုလည်း လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ခဲ့ပါတယ်။

ဥပဒေကြမ်းအနေနဲ့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုနိုင်ခဲ့ပါတယ်။ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (စတုတ္ထနေ့)မှာ အတည်ပြုခဲ့တဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ဌာန/ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ ထိရောက်စွာ အကျိုးရှိစေရန် အသုံးပြုဖို့လိုမှာ ဖြစ်ပါတယ်။ ထို့အတူ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ပါ စီမံကိန်းများနှင့် လုပ်ငန်းများအရ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုသဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထား ဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များက ဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်ဟု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄နှင့်အညီ မိမိတို့ မဲဆန္ဒနယ်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် စောင့်ကြည့် ထိန်းညှိခြင်းတာဝန်များကို ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းများအနက် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)ကို

အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဤဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေးမှာ အဆုံးအဖြတ်ရယူနိုင်ဖို့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီက ကျင်းပတဲ့ ကော်မတီအစည်းအဝေးမှာ သက်ဆိုင်ရာဝန်ကြီး အပါအဝင် သက်ဆိုင်ရာဌာနများနှင့် အကြိမ်ကြိမ် စိစစ်သည်သာမက သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနအထိ တင်ပြညှိနှိုင်းဆောင်ရွက်ရတဲ့အတွက် များစွာအချိန်ယူရတာ ဖြစ်ပါတယ်။ ဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းနိုင်တာနဲ့အမျှ ယင်းဥပဒေကြမ်းကို လက်တွေ့အသုံးပြုနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းဥပဒေများကို ဆက်လက်ရေးဆွဲဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)မှ ယခု (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ (၂)လကျော် ကာလအတွင်းမှာ ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်တွင်းပြည်ပ NGO ၊ INGO များနှင့်ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် နှီးနှောဖလှယ်ပွဲများ စုစုပေါင်း (၁၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယခု ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောက်ပါအဖွဲ့အစည်းများက တက်ရောက်လေ့လာပါကြောင်း မှတ်တမ်းတင်ပြောကြားလိုပါတယ်-

(၁) Golden Future Organization မှ (၈)ဦး၊

(၂) Shan Women Action Network မှ (၁၆)ဦး၊

(၃) ဦးစံခိုင်နှင့်အဖွဲ့ (၇၅)ဦး၊

(၄) မိုင်းတုံမြို့နယ်မှ (၁)ဦး၊

(၅) UNICEF မှ ကိုယ်စားလှယ် (၉)ဦး၊

(၆) ဦးမောင်ထူးနှင့်အဖွဲ့ (၄၈)ဦး၊

(၇) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊စုစုပေါင်း(၁၅၈)ဦး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ သက်တမ်း (၃)နှစ်ခွဲကျော်ကာလအထိ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုနိုင်ခဲ့သော အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေများကို ပြန်ကြည့်မယ်ဆိုရင် -

(၁) ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊

(၂) ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ၊

(၃) ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ၊

(၄) ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ၊

(၅) ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေနှင့်

(၆) ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေဖြစ်ပြီး ယခုအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ရေးဆွဲပြီး လွှတ်တော်က အတည်ပြုသော ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ အပါအဝင် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ(၇)ခု ရှိကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းများထဲကပြည်သူတွေ အတွက် လိုအပ်သော ဥပဒေများကို ကျွန်တော်တို့ လွှတ်တော်က ဆက်လက်ရေးဆွဲပြုစုနိုင်ဖို့ လိုပါတယ်။ ပြည်သူတွေအတွက် ပြဋ္ဌာန်းထားသော ဥပဒေကို ပြည်သူတွေ လိုက်နာနိုင်အောင် အသိပညာပေးဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များက ပြည်သူတွေလက်ခံနိုင်သော၊ ပြည်သူတွေလိုက်နာနိုင်သော၊ ပြည်သူကိုရှေးရှုဗဟို ပြုသောဥပဒေများကိုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေး ရပ်နားတဲ့ကာလမှာ မိမိတို့ မဲဆန္ဒနယ်မြေဖွံ့ဖြိုးရေးအတွက် အစီအမံ ကောင်းကောင်းနဲ့ အကျိုးရှိအောင်ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများအားလုံး လုံခြုံအေးချမ်းဥမကွဲသိုက်မပျက်ရှိစေရေးအတွက် ကြိုးပမ်းနိုင်ကြပါစေ၊ နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးမှာ ယခုလိုပဲ စုံစုံညီညီ ပြန်လည်ဆုံတွေ့ကြပြီး လွှတ်တော်တာဝန်များကို ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးဆောင်ရွက်ကြပါစို့ နှုတ်ခွန်း ဆက်သရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဌမနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဌမနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်မှ တော်သလင်းလပြည့်ကျော် ၁၁ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစက်တင်ဘာ လ ၂၄ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များ

**ပထမနေ့ (၁၇- ၉- ၂၀၁၉) အင်္ဂါနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

**ဒုတိယနေ့ (၁၈- ၉- ၂၀၁၉) ဗုဒ္ဓဟူးနေ့**

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမြှင့်တင်ရန်နှင့် ရိုးရာဓလေ့ ပွဲလမ်းသဘင်များကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်း တွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေး"** အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**တတိယနေ့(၁၉- ၉- ၂၀၁၉) ကြာသပတေးနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ(၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို အစည်းအဝေး (တတိယနေ့)၌ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**စတုတ္ထနေ့ (၂၀- ၉- ၂၀၁၉) သောကြာနေ့**

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၁၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြု မှတ်တမ်း တင်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အစည်းအဝေး (စတုတ္ထနေ့)၌ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ပဉ္စမနေ့ (၂၃- ၉- ၂၀၁၉) တနင်္လာနေ့**

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၄)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြု မှတ်တမ်း တင်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဥပဒေ ပြုရေးဆိုင်ရာကော်မတီမှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဥပဒေ(မူကြမ်း)ကို အစည်းအဝေး (ပဉ္စမနေ့)၌ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆဋ္ဌမနေ့ (၂၄- ၉- ၂၀၁၉) အင်္ဂါနေ့**

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၂၀)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ **"ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း"** အဆိုတစ်ရပ်အား အတည်ပြုမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ"** အား ရှင်းလင်းတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။